ဖြုတော ပုတီးစိပ်နည်း
အရှင်စန္ဒောဘာသ
ကန် - ပရဟိတ -

၁၃၂၄၁

ဖျာပုံမြို့နယ် ကနိကျေးရွာ

**မဟာဘုံစံကျောင်းတိုက်**

နှင့်

"ပရဟိတ" လူငယ်ဖွံ့ဖြိုးရေးဂေဟာ 'ဦးဆောင်မထေရ်'

# အရှင်စန္ဒောဘာသ ကနိပရဟိတ

ပြုစုရေးသားသော

# ဂုဏ်တော်ကွန်ချာ၊ အမြုတေ

## ပုတီး စိပ်နည်း




ဂုဏ်တော်ကွန်ချာ ပြန့်ပွားရေးအသင်း
မန္တလေးကျောင်း' ဒုတိယလမ်း ဖျာပုံမြို့။

# ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၉၆၇၅)


အပုံးပန်းချီ- မောင်ငွေထွန်း

ဘလောက်- သောင်းလှ

ဘလောက်- နယူးဘားမား



၁၃၃၉-ခုနှစ် ဝါခေါင်လ

၁၉၇၇-ခုနှစ် စက်တင်ဘာလ

ပထမအကြိမ် စာအုပ်ရေ ၂၀၀၀


## မမ္မဒါန


အရှင်စန္ဒောဘာသ

ကနိပရဟိတ ပရဟိတ ဌာနခွဲ

ဒုတိယလမ်း၊ မန္တလေးကျောင်း၊ ဖျာပုံမြို့မှ

ဘာသာရေး ကင်းလွတ်ခွင့်အမှတ်(၀၃၉၄၄)ဖြင့် ထုတ်ဝေ၍

မင်းထွန်းပိုးပုံနှိပ်တိုက်(၀၂၂၆၈)ဦးဘိုးဟန် အမတ် ၆၈၊ ၁၆၅လမ်း၊

ရန်ကုန်ကပုံနှိပ်သည်။

# ကျေးဇူးတော်ရှင်

ချမ်းသာရ ဆရာတော်ဘုရားကြီး

ဂုဏ်ကျေးဇူးကို
ဤကျမ်းစာဖြင့်
ပူဇော်ပါ၏။

# ကိုယ်ရောစိတ်ပါ

ခြေသုတ်ပုဆိုး
မြေစွယ်ကျိုးသ့ဲ
ကိုယ်ကျိုးဖယ်ရှား
ကျွင်ကြီးပွားလျက်
အမှားရှိက
ခွင့်လွှတ်ကြရန်
"စ"ကောင်းပန်၏။

# မာတိကာ

## ဂုဏ်တော်ကွန်ချာ အမြုတေပုတီးစိပ်နည်း


| ဦးရေ | | | |
|---|---|---|---|
| | အကြောင်းအရာ | | စာမျက်နှာ |
| ၁။ | အာဝေစရ ပဏာမ | .... | ၁၁ |
| | ညွှန်ပြ စေတနာ | .... | ၁၂ |
| | ညွှန်ပြ သိစေလွှာ | .... | ၁၅ |
| | သိစေချင်သည် | .... | ၁၈ |
| ၂။ | စကားချီးနှိုဒါန်း | .... | ၂၅ |
| | ဘုန်းတော်ရှစ်ပါး | .... | ၄၆ |
| | ရှင်တော်ဘုရား ဘုန်းတော်မျှား | .... | ၅၇ |
| | ချီးကျူးမကုန် ဗုဒ္ဓဂုဏ် | .... | ၅၇ |
| | ပူဇော်ထိုက်က ပူဇော်ကြ | .... | ၅၇ |
| ၃။ | ပူဇော်ခြင်းအစ ရှိသေရ | .... | ၆၃ |
| | ကြည်ညိုမှုအား အလွန်မျှား | .... | ၇၉ |
| | သူမ၏ သတ္တိစွမ်းအင် | .... | ၈၀ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄။ | ဗုဒ္ဓါနုဿတိ စွမ်းအားရှိ | .... | ၈၃ |
| | အတ္တ ပရ နှစ်ဝအကျိုး | .... | ၉၂ |
| | ဂုဏ်တော်မြတ်ကျေးဇူးဂုဏ် | .... | ၉၇ |
| | ဂုဏ်တော်အစွမ်းသတ္တိ | .... | ၉၉ |
| | သမထ စွမ်းအင် ဝိပဿနာတင် | .... | ၁၀၄ |
| ၅။ | ဂုဏ်တော်ပွားလျှင် မဂ္ဂထင် | .... | ၁၀၆ |
| ၆။ | ပုတီးသမိုင်းစဉ်သိစေချင် | .... | ၁၁၁ |
| | ပုဟီးလုံးသင်္ချာသိစရာ | .... | ၁၁၃ |
| | ဂြိုဟ်သက်ပေါင်းစစ် တရားရှစ်သံပေါက် | .... | ၁၁၅ |
| | တရားရှစ်နဝင်း ဖြစ်ပေါ်ခြင်း | .... | ၁၁၆ |
| | တရားရှစ်ဖြာ ကိလေသာ | .... | ၁၁၇ |
| | တရားရှစ်ယောက် ထုတ်နုတ်ကောက် | .... | ၁၁၈ |
| | တရားရှစ်ကွက် စက်လက္ခဏာ | .... | ၁၁၉ |
| | တရားကိုးလုံး နည်းယူသုံး | .... | ၁၂၄ |
| ၇။ | စိပ်ပုတီးအကြောင်း သိကောင်းစရာ | .... | ၁၂၅ |
| | အကျမ်းတဝင် ရှိခဲ့စဉ်က | .... | ၁၂၈ |
| | အဘိညာဉ်တရား လွန်ထူးခြား | .... | ၁၃၁ |

| ခေါင်းစဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၈။ | ကွန်ချာ ကွန်ရက် သိစေချက် | .... | ၁၃၃ |
| | သခ်ျာနည်းအရ ရှင်းလင်းပြ | .... | ၁၃၈ |
| ၉။ | ဂုဏ်တော်ကိုးသွယ် ကြည်ညိုဘွယ် | .... | ၁၄၁ |
| ၁၀။ | ပုတီးစိပ်လျှင် လိုက်နာရမည့်ကျင့်စဉ်များ | .... | ၁၄၈ |
| | အရဟံ ဂုဏ်တော်ကွန်ချာ အပုံး | .... | ၁၄၉ |
| | ဘဂဝါ ဂုဏ်တော်ကွန်ချာ အထဲ | .... | ၁၅၆ |
| | ပဌမဆင့်ဂုဏ်တော်ကွန်ချာ အခြေခံ | .... | ၁၅၇ |
| | အဓိဋ္ဌာန်ဝင်နည်း | | |
| | ဒုတိယဆင့် ကွန်ချာနည်းအရ ရှင်းလင်းပြ | ... | ၁၅၈ |
| | ဆရာ့စကား နားဝယ်ကြား | ... | ၁၆၁ |
| ၁၁။ | ဂုဏ်တော်ဇက်ခွ အဓိပ္ပါယ်ပြ | .... | ၁၆၅ |
| | ဂုဏ်တော်ကိုးပါး အကျိုးများ | .... | ၁၆၉ |
| ၁၂။ | ဂုဏ်တော်ကိုးပါး ပုံစံ နမူနာများ | .... | ၁၇၁ |
| ၁၃။ | ဂုဏ်တော်ကိုးပါး အဓိပ္ပါယ်များ | .... | ၁၇၁ |
| | တရားဂုဏ်တော် ကြည်ညိုဘွယ် | .... | ၂၀၃ |
| | သံဃဂုဏ်တော်ကြည်ညိုဘွယ် | .... | ၂၀၄ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၄။ | ပြဟွစိုရ ပွားများကြ | .... | ၂၀၇ |
| | ဗုဒ္ဓါနုဿတိနှင့် မေတ္တာ | ... | ၂၁၁ |
| ၁၅။ | ဂုဏ်စတော်၏တန်ခိုးသတ္တိ အမျှားသီ | .... | ၂၁၂ |
| | ကိုယ်တော်အနည်းငယ် | ... | ၂၁၆ |
| | ထက်မြက်သည့်သတ္တိ | .... | ၂၁၈ |
| | သီလ သမာဓိ သစ္စာ အဓိဋ္ဌာန် မေတ္တာ | .... | ။ |
| | အလိန်သတ္တုမင်း သီလ တန်ခိုး | .... | ။ |
| | သစ္စာအမှန် | .... | ၂၁၉ |
| | အဓိဋ္ဌာန်ပြုသည်ဆိုခြင်းမှာ | .... | ။ |
| | မေတ္တာ တန်ခိုးတော် | .... | ၂၂၀ |
| | မိဖုရားစောလုံ၀တ္ထု | .... | ၂၂၀ |
| | ဦးအောင်ဇေယျအလောင်းမင်းတြား | .... | ၂၂၁ |
| | ကွမ်းဇော်မင်း သတင်းဂုဏ် ကြိုင်သင်းထုံ | .... | ၂၂၂ |
| | စစ်နိုင်ဘုရင် စလင်းစည်သူကျော်ထင် | .... | ၂၂၃ |
| | မဌကုဏ္ဍလီ | .... | ။ |
| | ဝဏ္ဏလိအမျိုးသား | .... | ။ |
| | ဝေဿမိတ္တာမိဖုရားကြီး | .... | ။ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | ရုဇာမင်းသမီး အဓိဋ္ဌာန်ပြုခြင်း | .... | ၂၂၅ |
| | မဟာသုတ သောမမင်း ကတိသစ္စာ | .... | ။ |
| | စန္ဒာဒေဝီ မိဖုရား သစ္စာဆိုခန်း | .... | ၂၂၆ |
| | တက္ကာဒီပ ရသေ့သစ္စာ | .... | ။ |
| | ကိုယ်ရေးကြုံလာ မေတ္တာပါကူ | .... | ၂၂၈ |
| ၁၆။ | **ယောဂီကျင့်စဉ် (ဝိပဿနာ)** | .... | **၂၃၀** |
| | ရှေလရောင် ဘုရားပင် | .... | ၂၃၁ |
| | ကန်တော့ခန်း | .... | ၂၃၃ |
| | သီလယူခန်း | .... | ။ |
| | သတိပဋ္ဌာန် ပွားများပုံ | .... | ၂၃၈ |
| | ဓမ္မဂီတ ကဗျာများ | .... | ၂၄၁ |
| | မဟာဒတ္တ နတ်သားဝတ္ထု | .... | ၂၄၃ |
| ၁၇။ | **ဓမ္မစကြာသုတ်တော်လာ** | | |
| | ဥယျောဇန ကထာ | .... | ၂၅၁ |
| | မဇ္ဈိမဒေသ ဗုဒ္ဓပွင့်ရာ အမွန်းတင်စာ | .... | ၂၅၃ |
| | ဣသိပတန သီကြလူရှင် | .... | ၂၅၆ |
| | ဓမ္မစကြာ ဇီနဝိဟာရ | .... | ၂၅၉ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | ဓမ္မစကြာ ပါဋိတော် | .... | ၂၆၃ |
| | အနတ္တလက္ခဏသုတ် ပါဋိတော် | .... | ၂၇၅ |
| | ဓမ္မစကြာ နိသျှ | .... | ၂၈၃ |
| | ဓမ္မစကြာ စာတော်ပြန်ပွဲ ဆင်ကာနှဲ | .... | ၃၀၇ |
| | ဓမ္မစကြာ ဘုရားပင့် | .... | ၃၁၀ |
| | ရှိခိုးပူဇော်ကြရန် ကန်တော့ခန်း | .... | ၃၁၄ |
| | ဓမ္မစကြာ အမှန်းတင် ကဗျာ | .... | ၃၁၈ |
| | အောင်ပွဲသဘင် ပိုဒ်စုံရတု | .... | ၃၂၂ |
| ၁၈။ | **အန္တရာယ်ကင်း သုတ်တော်များ** | | |
| | ဓါရဏ ပရိတ်ပါဋိတော် | .... | ၃၂၅ |
| | ပရိမိဘွဇာလသုတ် ပါဋိတော် | .... | ၃၂၉ |
| | ဆဒိသာပါလသုတ် ပါဋိတော် | .... | ၃၃၃ |
| ၁၉။ | **အန္တရာယ်ကင်း ဂါထာတော်များ** | | |
| | ကပ်ကျော်-သမ္မုဒ္ဓေ-ဂါထာ-ပါဋ္ဌအနက် | .... | ၃၃၇ |
| | သိရသို့ဂါထာတော် ။ | .... | ၃၄၀ |
| | ဥက္ကလုံမွေရှင်ထော် အဖုံး ဂါထာ | .... | ၃၄၂ |
| | ဥက္ကလုံမွေရှင်တော် အထဲ ။ | .... | ၃၄၃ |
| | ဇလွန်ပြည်တော်ပြန်ဘုရား စမ္မခဏ်ဂါတာ | .... | ၃၄၅ |

| ဦးရေ | ဇကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | သံကွန်ချာဂါထာ ပါဠိအနက် | .... | ၃၄၉ |
| | ကိုယ်ပျောက်ဂါထာ ။ | .... | ၃၅၀ |
| | ဓဘးဒုက္ခမှ ကင်းလွတ်ရ ။ | .... | ၃၅၂ |
| | လက်နက်လွင့်စင် ပန်းအသွင် ။ | .... | ၃၅၃ |
| | အသက်သမျှ အားကိုးရ ။ | .... | ၃၅၅ |
| | လာဘသိဒ္ဓိ ဂါထာတော် ။ | .... | ၃၅၆ |
| | ပိုယသိဒ္ဓိ ဂါထာတော် ။ | .... | ၃၅၈ |
| | အကာအကွယ် ဂါထာတော် ။ | .... | ၃၅၉ |
| | သံရှစ်ချက် ဂါထာတော် ။ | .... | ၃၆၀ |
| | ၄-ကိုးချက် ဂါထာတော် ။ | .... | ၃၆၁ |
| | အသက်အန္တရာယ် မငြိကွယ် ။ | .... | ၃၆၂ |
| | စိန္တာမဏိဗုဒ္ဓဝန္ဒနာ ဂါထာ ။ | .... | ၃၆၃ |
| | စိန္တာမဏိ အောင်ဂါထာ ။ | .... | ၃၆၅ |
| | အရံအတား စည်းချရန် | .... | ၃၆၈ |
| | ၂၄-ပစ္စည်း စည်းချရန် ပုံစံ(ဂ)မျက်နှာ | .... | ၃၆၉ |
| | စည်းချသော အကျိုးကျေးဇူးများ | .... | ၃၇၃ |
| ၂၀။ | ရှင်သီဝလိ ပူဇော်ရန်နည်း | .... | ၃၇၅ |
| | ရှင်သီဝလိ(၁၀)ဂါထာ ပါဠိအနက် | .... | ၃၇၇ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁။ | **ရှင်ဥပဂုတ်မထေရ် သပိတ်တော် စမပုံ** .... | ၃၀၃ |
| | ရှင်ဥပဂုတ်မထေရ် ပူဇော်ရန်ဂါထာတော် .... | ၃၀၃ |
| ၂၂။ | **အန္တရာယ်ကင်း မန္တာန်တော်များ** | |
| | ကိုယ့်ရဲအန္တရာယ် ဆီးတားပယ် .... | ၃၀၅ |
| | အကာအကွယ် မန္တာန်တော်များ .... | ၃၀၆ |
| | စက်ကြိုးတဆယ့်သုံးပါး .... | ၃၉၄ |
| ၂၃။ | **စန္ဒောဘာသ ပုတ်စုပဒေသာ** .... | ၃၉၇ |
| ၂၄။ | **စန္ဒောဘာသနိုတိ** .... | ၄၁၅ |
| ၂၅။ | **နောက်ဆက်တွဲစေတနာ** | |
| | ပရကျိုးတွက်ရှေ့ရှုလျက် | ၄၂၁ |
| | လူငယ်များရှေ့ရေး ဦးဆောင်ပေး | ၄၂၃ |
| | စိတ်ထားကိုမြင့် ပြုပြင်သင့် | ၄၂၀ |
| | အိမ်ထောင်ပြုစု လိုက်နာကြ | ၄၃၄ |
| | ထပ်ဆင့်သစ္စာ ဆိုရပါ | ၄၃၀ |
| | ကိုယ့်ကိုယ်ကို အားကိုးပါ | ၄၄၀ |
| | ဂရုဓမ္မ အမေးအဖြေ | ၄၄၁ |
| ၂၆။ | **နိဂုံး** | |
| | ဆုတောင်းပတ္ထနာ | ၄၄၆ |
| | မြန်မာကဗျာ | ၄၄၇ |
| | ကျမ်းပြီးနှစ် သက္ကရာဇ် အချိုးကဗျာ | ၄၄၀ |

# ဂုဏ်တော်ကွန်ချာ ပွားနည်းမှာ

o ချမ်းသာမည်ခေါ် ထေရ်ဘုန်းမော်
ထုတ်ဖော်မိန့်ဟ မြွက်ခဲ့သည်။
o သမထစွမ်းအင် ယူရာတွင်
ကျင့်စဉ်သီလ မြဲရမည်။
o သဒ္ဓါတရား ဖြန့်ကာပွား
တအားတက်ကာ ယူရမည်။
o ဝိရိယတွင် ထိပ်ဆုံးတင်
တွင်တွင်လုလ္လ စိုက်ရမည်။
o ပညာရှေ့ထား ဗိုလ်ငါးပါး
စဲ့ထားခိုင်မာ ရှိရမည်။
o သို့မှသာလျှင် ဂုဏ်တော်ထင်
စွမ်းအင်သမထ တက်လိမ့်မည်။
o ဂုဏ်တော်ကွန်ချာ ပွားများရာ
လိုက်နာစည်းကမ်း ရှိရမည်။
o တရာ့ရှစ်လုံး ပုတီးဆုံး
'စိပ်'ထုံးပုံစံ ကြည့်ရမည်။
o လုံးပို လုံးကျ မရှိရ
တိကျမှန်တာ ဖြစ်ရမည်။
o လောကတလွှား ဂုဏ်တော်ပွား
ဘေးများအန္တရာယ် ကင်းလိမ့်မည်။
o သံသရာတွင်း ဒုက္ခကင်း
လိုရင်းနိဗ္ဗာန် ရောက်လိမ့်မည်။

ဂုဏ်တော် ပွားမျိုး ပုတီး စိပ်ခြင်းသည်
ပဋ္ဌိပတ် အကျင့်မြတ်ဖြစ်၏။

× ယုံကြည်မှု သဒ္ဓါ

× ကျင့်သုံးမှု သီလ

× ကြည်ညိုမှု ပသာဒ

× တရားတော်ကို သိမြင်မှု ဓမ္မဒဿန

အသိဉာဏ်နှင့်ယှဉ်၍ ဂုဏ်တော်ပွားများသူသည် ပဋ္ဌိပတ် အကျိုးဝင်၍ အထက်မဂ်နှင့် ယှဉ်သောအခါ ချမ်းသာကိုရနိုင်၏။

(မဟာဝဂ္ဂသံယုတ် ဗြဟ္မာစရိယောဂဓ သုတ်။)

သိဉာဏ်ယှဉ်ထာ ပွားများဂုဏ်တော် သိစေသော်။
ပဋ္ဌိပတ်လမ်း အစွမ်းထုတ်ဖေါ် ဘာဝနာ ခေါ်။
သမာဓိ အား ဖြည့်ထားပါနှော် မဂ်ဉာဏ် ပေါ်။
ပုတီး စိပ် နှစ်သိမ့်ကြစေသော် မြတ်ဂုဏ်တော်။

(မြန်မာကဗျာ ၁၁ လုံးဘွဲ့)

ဝိမလာဘိ၊ ကဝိဇေ၊ သီရိပဝရ၊ ပညာလင်္ကာရ၊ သဒ္ဓမ္မသူရ
သာသနာပြု တဆိပ်တော်ရ

ကမ္ဘီ- ချမ်းသာရ ဆရာတော်ဘုရားကြီး
သက်တော် ၈၀၊ ဝါတော် ၆၀၊ ရှိစဉ်ပို
၁၂၃၀ ခုနှစ်၊ တန်ခူးလွှုပ် ၉-ရက်၊ ဗုဒ္ဓဟူးနေ့ ဘွားမြင်သည်။

# ကျေးဇူးရှင် ကနိုင်းမြို့
# ဂိုဏ်းချုပ် ချမ်းသာရ ဆရာတော်ဘုရားကြီး၏
## ဂုဏ်ကျေးဇူးကို ပူဇော်ကန်တော့ပါသည်

**အာစေရ ပဏာမ**

သီလ ပညာယ သမ္ပန္နံ၊
သီတ ကထာယ သိဿကံ။
ဟိတ ကာရော-သမ္မောဝါဒံ၊
ပကာ သေတိ နမာ မဟံ။

ဟိတကာရော၊ လောကုတ် လောကီ နှစ်လိုတိုးပွားအကျိုးမျှော်ကို ညွှန်ကြားသမှု ကောင်းစွာပြုတော်မူတတ်ပေသော။ ယော အာစေရော၊ အကြင်ကျေးဇူးရှင် အောင်မြေချမ်းသာရ ဆရာတော်ဘုရားကြီ သည်။ သိဿကံ၊ ကြီ ငယ် သောင်းပြောင်း တပည့် တကာ တကာမ အပေါင်းတို့ကို။ သမ္မောဝါဒံ၊ ကောင်းမြတ်မှန်ကန် ဆီလျှံ ရှဲရှဲ နက်နဲဆန်းကြယ် အသွယ်သွယ် အသုံးချဘို့ အဆုံး အမ သြဝါဒကို။ ပကာသေတိ၊ ထင်စွာမသွေ ဟောပြတော်မူတတ်ပါပေ၏။ သီလပညာယ၊ နှစ်ရာ့ နှစ်ဆယ် ခုနှစ် သွယ် သီက္ခာ သုံးဖြာ ပိပ္ပကတ် ပညာရပ်နှင့်ရင်း။ သိတကထာယ၊ ဒေါသ အာဃာဘယ်ခါမရှု ချမ်းအေးသမှု ရှေ့သွားပြု၍ နူးညံ့သောအမိန့် စကားဖြင့်ရင်း။ သမ္ပန္နံ၊ ညီညွတ်လောက်လုံ ကောင်းစွာ ပြည့်စုံတော်မူသော။ တံ အာစေရံ၊ ထိုအောင်မြေချမ်းသာရ ဆရာတော်ဘုရားကြီး၏ ကျေးဇူးဂုဏ်ကို။ အဟံ၊ရုပ်နာမ်ခန္ဓာ နှစ်ဖြာတွင်ခေါ် ဘုရားတပည့်တော်သည်။ နမာမိ၊ လေးမြတ်ရိုကျိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏။ ဝါ မြင့်မိုရ်တောင် မက ကျေးဇူးတော်အနန္တ ဂါရဝအဋ္ဌလိ တင်ချီကာ မျှော်မှန်းပြီး ကန်တော့ပန်း ဆင်လိုက်ပါသည် ကျေး ဇူး တော် သ ခင် အရှင်မြတ်ဘုရား။

# ညွှန်ပြုစေတနာ

## ညွှန်ပြုစေတနာ

၁၃၃၃ ခုနှစ်၊ဖျာပုံမြို့ ပါဠိ ပဌမပြန်စာပြန်ပွဲကြီး နှစ်ဆယ့်ငါးနှစ်မြောက် "**ငွေ့ရတုသဘင်**" ကျင်းပနိုင်ရန် ကြိုတင်စီစဉ်မှုများကို ဆောင်ရွက်နေစဉ် ကျင်းပနိုင်ရေးအတွက် လိုအပ်သော ဆောင်ရွက်ချက်ကို စေခိုင်းရန် မျှော်လင့်နေချိန် ကနိပရဟိတ **အရှင်စန္ဒောဘာသ** ကို အသင့်တွေ့သဖြင့် မမျှော်လင့်ဘဲ ဝမ်းသာမိသည်။

## အာသာဆန္ဒ

ဖျာပုံမြို့ ဓမ္မဝိနယ ပါဠိပဌမပြန် ဆွမ်းကျွေးအသင်းကြီး "၂၅" နှစ်မြောက် "**ငွေ့ရတုသဘင်**"အောင်မြင်ရန် လိုအပ်သော မြို့နယ်သွားလာမှုစီရင်ရေးအတွက် ကူညီရန် မေတ္တာရပ်ခံရာ စေတနာ လိုက်လျောစွာ ကူညီသဖြင့် သာဓုခေါ်မိပါသည်။

**ကနိ ပရဟိတ** စေတနာရှင် ရေးသားသော ဂုဏ်တော်ကွန်ချာ အမြုတေ ပုတီးစိပ်နည်းစာမူကို ကြည့်ရှု၍ အမှာစကား ရေးသားပါရန် လျှောက်ထားသဖြင့် "**ငွေ့ရတုသဘင်**" ဆောင်ရွက်နေချိန်မှာပင် အားလပ်ခွင့်အချိန်ယူ၍ အမှာစကား ရေးသားလိုက်သည်။

## တန်ခိုးဂုဏ်သတ္တိ

ဂုဏ်တော်ကွန်ချာ ပုတီးစိပ်အားထုတ်ပုံစာမူမှာ ဗုဒ္ဓ၏ဂုဏ်တော်ပွားများအားထုတ်နည်းဖြစ်သည်။ "**ဗုဒ္ဓါနုဿတိ**" ကမ္မဋ္ဌာန်းဖြစ်၍ ဂုဏ်တော်ကွန်ချာ အစအဆုံး ကြည့်သောအခါ အထူးပင် စိတ်ဝင်စားမိသည်။

ဂုဏ်တော်မြတ်၏ တန်ခိုး သတ္တိတို့ ကြောင့် အ ပါယ် ဘေး ဆိုးမှ ကင်းဝေး၍ ယဉ်လောလောဆယ် တွေ့ကြုံရကြသော လောကဇံတရားတို့မှ ကင်းဝေးပုံများကိုပါ အသေးစိတ်ရေးထားသည်မှာ စုံလှပေ၏။

**စေတနာရှင်၏** ဂုဏ်တော်ကွန်ချာ ပဋ္ဌမအဆင့် အဓိဋ္ဌာန်ဝင်၍ သစ္စာဆိုပုံ၊ ဒုတိယဆင့် ဂုဏ်တော်ကွန်ချာနည်းအရ လှည့်ပတ်ပုတီး စိပ်ပုံတို့မှာ 'သမာဓိ' အားစွမ်းယူရန်ဖြစ်သည်။ဗုဒ္ဓါနုဿတိပွားများအားထုတ်ခွင့်ရကြကုန်သော ယောဂီများ အထူးအားထုတ်သင့်ပါသည်။ ဘဝ သမ္ပတ္တိ အကျိုးပေးသန်လှသည်ဖြစ်၍ ရအပ်ရထိုက်သော ဂုဏ်တော်မြတ်အကျိုးများ ခံစားကြမည်မှာ အမှန်ဖြစ်ပါသည်။

(၁) ဂုဏ်တော်ပွားများခြင်းကြောင့် ဘဝသမ္ပတ္တိပြည့်စုံမည်။
(၂) ပစ္စုပ္ပန် သံသရာ နှစ်ဖြာ အကျိုးခံ စားရမည်။
(၃) ရာဂ စသော တဆယ့်တမီးငြိမ်း၍ ဒေါ်ပေါင်း ရန်စွယ် အန္တရာယ်ဟူသမျှ ဘေးပမည်။

ဤကဲ့သို့ အကျိုးကျေးဇူးများလှသော ဂုဏ်တော်မြတ်ကို တခမ်းတနား ကျမ်းတဖွဲ့တစောင်ရေးသား၍ အကိုး အကားများတို့ပါ စုံလင်စွာကြည့်ရှု ရသဖြင့် အားရမိပါသည်။

ဂုဏ်တော်မြတ်ကို ပွားများအားထုတ် ရရှိသော အကျိုးများကားကြီးကျယ်စွာ ခံစားရပါသည်။ လတ်တလောအနေဆိုးမှ ဘေးပ၍ မြေမည်။

ဂုဏ်တော်မြတ်ကို အဖန်တလဲလဲ ပွားများအားထုတ်သော သူသည် ဘုရားကိုယ်တော်၏ ဂုဏ်တော်မြတ် ဂုဏ်တော်လွှမ်းခြုံလျက်ရှိသည်ကို အာရုံတင်လာသော ဗုဒ္ဓါရမ္မဏာ ပီတိ လွှမ်းခြုံနေသော ပုဂ္ဂိုလ်ဖြစ်သည်။ ဇမ္ဗူဒိပ်တကျွန်းလုံးကိုအစိုးရသည်ထက်ထူးမြတ်ကြောင်းကျမ်းဂန်များ၌မိန့်ပါသည်။

ဗုဒ္ဓေါတိ ကိတ္ထယန္တဿ
ကာယေ ဘဝတိ ယာပီတိ
ဝရမေဝ ဟိ သာပီတိ
ကသိဏေနာပိ ဇမ္ဗု ဒိပဿ

အပါဒါန်ပါဋ္ဌိတော်

ဗုဒ္ဓဒေသနာတော်အရ ရတနာမြတ် သုံးပါးတို့ကို အခိုက် အတန့်မျှ ရွတ်ဘတ်ပွားများ အားထုတ်အောက်မေ့သောသူသည် ဇမ္ဗူဒိပ် တကျွန်း လုံးကို အစိုးရသောမင်းထက် အကျိုးကြီးမြတ် လှပေသည်ဟု ဆိုပါလျှင် "နှစ်နှစ်ချိုက်ချိုက်" ဂုဏ်တော်မြတ်ကို ပုတီးစိပ်ပွားများ အားထုတ်ပါက "သမာဓိ" စွမ်းအားကြောင့် မိမိတို့လိုရာ ပေါက်ရောက်ပါလျက် အဘယ် ဆိုဘွယ်ရာရှိသနည်း။

"သမထ" နည်းမှတဆင့် ဝိပဿနာဉာဏ်ကူနိုင်ရန်ကိုလည်း ဖော်ပြ ထားသဖြင့် ပိုသင့်မြတ်တော်မှန်သော တရားအရသာ ကြုံတွေ့ပေသည်။

မိမိတို့လိုရာဆန္ဒ ပြည့်စုံကြမည့် **စေတနာရှင် ကနိပရဟိတ အရှင် စန္ဒောဘာသ** ရေးသား ညွှန်ပြသထားသော ဂုဏ်တော်ကွန်ချာပုတီးစိပ်နည်း သည် အာရုံ မပြတ်မလပ် အာရုံစိပ်သော နည်းဖြစ်သည်။ အာရုံပျံ့ စိတ်လွတ် လျှင် အမှားဝင်လာသည်။ ဤကွန်ချာ ပုတီးစိပ်နည်းသည် သမာဓိ အား ကောင်းသည်ကို တွေ့ရမည်။

ယင်း ဗုဒ္ဓါနုဿတိ ဂုဏ်တော်ကွန်ချာ ပွားများ နည်းသည် အဖန်ဖန် အားထုတ်ပါက လောဘ ဒေါသ မောဟ စသော နိဝရဏ တရားချုပ်ငြိမ်း၍ နိဗ္ဗာန်ပေါက်ရပေမည်။

လောက၌တွေ့ကြုံခံစားနေကြရသော လောကဘေးဆိုး ကပ်ဆိုးတို့မှ ကင်းလွတ်ကြမည်ပြင် မိမိတို့လိုလားတောင့်တ ကြသောဆန္ဒ ပြည့်ဝကြမည် ဖြစ်ကြောင်း အားထုတ်ကြပါလို့ တိုက်တွန်းကြောင်း။

တရားတော်မြတ် ပြန့်ပွားပါစေ၊အားလုံးသောသတ္တာများ ကျန်းမာ ချမ်းသာစေသော်။

**ဆရာတော် ဦးဝမ္မစက္က**
တိုက် သစ် ကျောင်း ဖျာ ပုံ မြို့

# ညွှန်ပြသိစေလွှာ

ဤဂုဏ်တော်ကွန်ချာ စာစောင် "မူ"ကို ဖန်ဆင်းသူ ကနိပရဟိတ စေတနာရှင် အရှင်စန္ဒောဘာသ ထံမှ ကောင်းမွန်စွာ ရရှိ ကြည့်ရှု သုံးသပ်မိ သမျှ နှင့်စပ်၍ ထင်ဟပ်ဖေါ်ညွှန်းလိုချက်မှာ-

အပိုင်းကဏ္ဍတိုင်းလိုပင် "အခါအားလျော်စွာ" အကျဉ်း ချုပ်မှု ထုတ်ပြပုံတွေသာ တွေ့ရပေသည်။ ဂုဏ်တော် အရသာ ရှိလှပါပေသည်။

သို့ရာတွင် စာ သားတိုင်းလိုပင် တိုရှင်းစိနှင့် လိုရင်းမိ စကားအဓိပ္ပါယ်များဖြင့် တန်ဆာဆင်ထားပုံ အာရုံပြုမိသည် အားလျော်စွာ တခါတခေတ်မှာ အလာသစ်သလို ဗမာစနစ် ဗမာ့ဟန်အသွင်ဓာတ်ကို ထင်ဟပ်နေစေဘိအလား။

ရှေးရှေးအတိတ် ပဏ္ဍိတ်ဂိုဏ်းဝင်သူတော်စင်များ၏ လက်သုံးပင်မ အကျင့်စာရိတ္တကို ဖော်ပြသောအားဖြင့်-

(၁) သရဏဂုဏ် ကွန်ချာဖြင့် ထုံထားမှု
(၂) အဓိဋ္ဌာန်တခု မြောက်စေမှု
(၃) သစ္စာ ဓမ္မ လက်ကိုင် ရစေမှု

ဆိုတဲ့ ပဓာန အချက်ကြီးသုံးချက်ကို လေးနက်စွာ ဖော်ညွှန်းထားသည့်အပြင် အထင်အမြင်မှောက်ပြီး အားကိုးရာလမ်းပျောက်လောက်အောင် ခေတ်နောက်ပိုင်း အချိန်ကာလနှင့်အံဝင်ဂွင်ကျ ရှုမိသူတိုင်း သဘောမှုစရာ ဟုလည်း ယုံကြည်ယူဆမိလေသည်။

**မှန်လှ၏။**

**တေံ ခေါ သရဏံ ခေမံ။**

အားကိုးရာ ထင်သမျှတွင် ဤဂုဏ်တော်သည်သာ သန့်ရှင်း၍ တကယ် အားကိုးရာဖြစ်သည်။

**တေံ သရဏံ မုတ္တမံ**

ဤအားကိုးရာ ဂုဏ်တော်သည်သာ တကယ်ကျင့်သုံးရန် လမ်းမှန် ဖြစ်၏။

**တေံ သရဏ မာဂမ္မ**

**လဗ္ဗ ဒုက္ခာ ပဝုစ္စတိ။**

ဤအားကိုးရာ ဂုဏ်တော်စစ် သရဏဂုဏ် ကို အကြောင်းပြု၍ မျက်မှောက်လောက ဒုက္ခတွေ့ရာ သာမန်သာမက ကြီးမားလှသည့် ဘဝဒုက္ခ ဘေးရန်များမှပင် ကေန္တလွတ်မြောက်နိုင်ရ၏ဟူ၍-

ဗုဒ္ဓရှင်တော် ပွင့်ပေါ်လာချိန်မှစပြီး ကမ္ဘာသားတို့၏ အားကိုးရာ အစစ်အမှန်ကိုအတန်တန်ဖော်ထုတ်ညွှန်ပြလျက် သတိ ရစေမှုမျိုးအသွယ်သွယ်မှာ နိကာယ်ငါးရပ်တွင် မလပ်အောင်ပင် ပေါ်ထင်နေစေခဲ့သည် မဟုတ်ပါလား။

သူတော်ကောင်းတို့အတွက် မျှော်ကိုးပြီး ကိုယ်ကျိုးမလစ် အားကုန်နှစ်၍ ညွှစ်ယူစမ်းသပ် သုံးစားကြည့်ပါလေတော့ဟူ၍သာ အကျဉ်းချုပ် ညွှန်းရင်း တိုက်တွန်းလိုပါသတည်း။

သုခကာမာ ဟိဓ သတ္တာ
ပိဋ္ဌန္ဓန္တု ဣမံ သဒါ
ကေန္တ နာထိကာ ဟောန္တု
သစ္စာဓိဋ္ဌာန ဘူသိတာ တိ။

ဟိ-နောက်ဆုံး တိုက် တွန်း ပြ ညွှန် လိုက် ပါရ စေ။ ဣဓလောကေ၊ ကမ္ဘာမြေပြင် ဤလောကတခွင်၌။ သတ္တာ၊ ဇီဝိန်မကင်းတင်ထင်းများစွာ သတ္တဝါတို့၏။ သုခကာမာ၊ ကိုယ်စိတ်နှစ်ဖြာ မြတ်ချမ်းသာကို ကောင်းစွာ အလိုရှိကြပါကုန်၏။ (တနည်း ဟိယသ္မာ)

တသ္မာ၊ ထိုသည် သဘာဝ သုခ နှစ်ဖြာ လိုအပ်ရာ ဖြစ်ခဲ့ကြပါလျှင် ဝါ-အတ္တ ပရ ဟိတ ပွားမှု တကယ် အားထားပြုကြ ရလျှင်။ ဣမံ၊ မူလ ဂုဏ်တော် ပေါ်ထက်ပေါ်အောင် ထုတ်ဖော်လမ်းပြ ဤကွန်ချာဂုဏ်ပန်းအလှကို။ သဒါ၊ အခါမလွဲ အမြဲမကွာပင်။ ပိဋ္ဌန္ဓန္တု၊ ဆန်းသမျှ မှန်းဆဖွေ တမ်းတ ချေ စုံလင်စွာနှင့် ခုံတမင် ပန်ဆင်နိုင်ကြပါစေကုန်သတည်း။

သစ္စာဓိဋ္ဌာနဘူသိတာ၊ လေးမြတ်သစ္စာ လို ရာ ဓိ ဋ္ဌာန် အဘိုးတန် အဆင့်အတန်းဖြင့် တင့်ဆန်းဖုံဖုံ တန်းဆာဆင် ထား အပ်ကုန်သည် ဖြစ်၍။ ကေန္တနာထိကာ၊အားကိုးမူမှန် ဟန်ပန်မခြယ် တကယ်ပင်မြတ်နိုးစွာအားကိုး ရာ ရှိထားကြကုန်သည်။ ဟောန္တု၊ အလုပ်သက်ဖြင့် အဟုတ်မသွေ ဖြစ်ကြပါစေကုန်သတည်း။

ဦးဇနိန္ဒာဘိဝံသ
မြို့ဗိ မာန် ဆ ရာ တော်
မဟာရန်ကုန်
၂၄၊ ၃၊ ၇၁

# သိစေချင်သည်

ချောင်းတချောင်းတည်းကို လူတယောက် နှစ်ခါမ ဆင်းနိုင်ဟု အနောက်တိုင်း ဒဿန ဆရာများကဆို၏။ ချောင်းမှတက်ပြီး နောက်တကြိမ် ပြန်ဆင်းလျှင် ချောင်းကလဲ ယခင် ချောင်းမဟုတ်တော့။ လူကလဲယခင်လူ မဟုတ်တော့။ ထို့ကြောင့် လူတယောက် ချောင်းတချောင်းကိုနှစ်ခါဆင်း၍ မရခြင်းဖြစ်သည်။

ဤသို့သော မတည်မြဲသော မခိုင်ခန့်သော တရားသေ သတ်မှတ်၍ မရသော သဘောများ လောကအတွေးအခေါ်ပညာရှင်များ တခါတရံ အတွေးပေါက်တတ်သည်။

ကျွန်ုပ်တို့၏ အသိ အမြင်များသည် တံလျှပ်ကို ရေထင်သော အထင် မျိုးဖြစ်နေတတ်၍ မမှန်သည်ကများသည်။ ယခင်က ကောင်းသည်၊လှသည်၊ ချမ်းသာသည်၊ မြဲသည်ဟု ထင်ရသော အရာများသည် အမြဲတန်းကောင်း နေမည်၊ လှနေသည်၊မြဲနေသည်မဟုတ်ပေ။

ယခင်ကမှန်နေသော သီဝရီ များသည် နောက်ဆုံးတွေ့ရှိချက် သီဝရီ များအရ မမှန်တော့ချေ။ [အိန်စတိန်း၏ သီဝရီ အော့ဖ်ရလေးတန်ဗတိ] သို့သော် လူတို့၏အားနည်းချက်မှာ မကောင်းမှန်း သိလျက် နောက်တခု ကျလျှင် ကောင်းနိုးနိုးထင်လျက် အသစ် အသစ်ရှာချင်သော သဘောကို မလွန်ဆန်နိုင် မတွန်းလှန်နိုင်ခြင်းဖြစ်သည်။ တတြံ တတြံ အဘိနန္ဒိနိ တဏှာ ကို မတော်လှန်နိုင်ကြ။ တဏှာကျေးကျွန်များ တဏှာ၏ သားကောင်များ ချည်း ဖြစ် ဖြစ်သွားကြရသည်။ ထိုသို့ပဖြစ်ကြရန် အမြင်သစ် ဝိပဿနာ ရှာရမည်။

**ထိုအမြင်သစ်မှာ....**

နိစ္စသုဘ သုခ အတ္တဟု ထင်နေသောအထင်အမြင်မှ တပါးသော အမြင်ဖြစ်သည်။ထို့ကြောင့် ဝိပဿနာကို အမြင်သစ်ဟု မြန်မာပြန်ချင်သည်။

မြင်နေကျရိုးရာအမြင်မှ ပြောင်းပြန် အမြင် ဖြစ်သည်။ မြင်နေကျအမြင်က အမှားမြင် (ကြိုးကိုမြွေထင်) ဖြစ်သည်။ ကြိုးကို မြွေမထင် အမှန်အတိုင်း ကြိုးဟု မြင်ခြင်းသည် ဝိပဿနာဖြစ်သည်။

လှဒေဝီ တယောက်ကို မြင်းတပြေးက နေကြည့်မှု မီးအလင်းအမှောင် နှင့် ဇာတ်ခုံ အပြင် အဆင် ကာလဒေသ အကူအညီဖြင့် လှနေခြင်းဖြစ်သည်။ သည်အကူအညီ ပစ္စည်းများ ဖယ်ပစ်လျှင် လှတော့မည်မဟုတ်ပေ။

တဖန် ယင်းဝဏ္ဏပဘာကိုပင် အရုပ်ကလေးများလို တပိုင်းတစစီ ဖြုတ်ကြည့်လျှင် "အမလေး ဘုယ်မလဲဟဲ့ လှတာ"ဟု မေးရမည့်အခြေသို့ ရောက်သွားပေမည်။

ထို့ကြောင့် ဝန်ဆိန္ဒထ မာရ်ကွံ ဝနတော ဇာယတေ ဘယံ-ဟု ဓမ္မပဒ ၂၁၂ ၌ ဟောတော်မူပါသည်။

သစ်ပင်များကိုပေါင်း၍ အပေါင်းပုံသဏ္ဌာန် ပေါ်လာသောအရိပ် အယောင်ကို တောဟုခေါ်သည်။ သစ်ပင်တပင်စီမှ အလွတ်၌တောမရှိပေ။ စုပေါင်းဖွဲ့စည်းပြီးမှ ရလာသော ပုံသဏ္ဌာန် အရိပ် နိမိတ် တို့က လှတယ် ထင်အောင်ဖန်တီးပြီး လူတွေကို ဒုက္ခ ပေးနေခြင်းဖြစ်သည်။ ထို့ကြောင့် သစ်ပင်တပင်စီ မသတ်နှင့်၊ တောဟုထင်ရသော အရိပ်နိမိတ်ကိုသာ ဖျောက်ဟု တင်စားဟောတော်မူခြင်းဖြစ်သည်။

ယင်းအစ္စနာလာသောအမြင်ဟောင်းကို လွယ်လွယ်ကား ဖျောက်၍ ရမည်မဟုတ်။ တော်တော်ကြီးမားသော ပြုစု ပျိုးထောင် မှု ပြုလုပ်ရမည် ဖြစ်သည်။ ယင်းကြီးမားသော ပြုစုပျိုးထောင်မှုသည် နည်းလမ်း မှန်ရမည်။ စနစ်ကျနရမည်။ အဆင့်ဆင့် တဆင့်ပြီးတဆင့် တက်ယူရသော လမ်းစဉ် လှေကားရှိရမည်။ မမြင်ရသော သစ်ပင်ကြီးတက်ဖို့ မရှိတော့ လှေကားကို ထောင်ပြီး သီဝရီ အဆိုအမိန့်တွေနဲ့ ချည်းပြီးမည်မဟုတ်။

တကယ်တန်း လုပ် ကြ တော့ မည် ဆိုလျှင် ဝိပဿနာဉာဏ်အမြင် ပေါက်ဖို့ သမာဓိ စိတ်တည်ငြိမ် စူးစိုက်မှု ရအောင် ကြိုးပမ်းရမည်။ သမာဓိ ထူထောင်နိုင်ရန် အကျင့်သီလ(ကိုယ် နှုတ် စိတ် စောင့်ထိန်းမှု) ရှိရဦးမည်။

မြတ်စွာဘုရားပင် ဘုရားဖြစ်ရန် ပါရမီတော်များကို ဖြည့်ကျင့်တော်မူရာ ဒါနပါရမီမှစရသည်။ ဒါနအလုပ်ထက် သီလက ပိုရှိလက်ဝင်သည်။ ပေးရ ကမ်းရ လွယ်သလောက် အရက်မသောက်ပဲ နေရန် တခုတည်းပင် ခဲယဉ်းသော ပုဂ္ဂိုလ်များ ရှိပါသည်။ ယင်း ဒါန သီလ အလုပ်ထက် ရင့်သန်သော အဓိဋ္ဌာန်ပါရမီ သစ္စာဓိဋ္ဌာန်ပြုခြင်း ဆုံးဖြတ်ဆောက်တည်မိအောင် ကြိုးစားခြင်းနှင့် နိက္ခမပါရမီ ကာမအာရုံတို့မှ ရှုန်းထွက်ရသောအလုပ်တို့မှာ ပိုရှိ ခဲယဉ်းပါသည်။

ဤခဲယဉ်းသောအလုပ်များကို လွယ်လွယ်ကူကူ လုပ်ချင်လာအောင် သွေးဆောင်ရပါမည်။(မိမိဖာသာ မိမိစိတ်ကို သွေးဆောင်ရမည်)။

သွေးဆောင်နည်းက မိမိလိုချင်သော အရာ တခုခုနှင့် မြှားခြင်း၊ ဖြားယောင်းခြင်းပင်ဖြစ်သည်။ ညီတော်မင်းနန်ကိုပင် နတ်သမီးအာရုံဖြင့် ဖြားယောင်းရသေးသည်။

ဤဒါန သီလ အမှုမှ တဆင့်တက်၍ ယူရသော ဘာဝနာ အမှုအပါအဝင် အလုပ်ကိစ္စများမှာ စိတ်ကိုတက်ကြွရှင်လန်းလာအောင်ချီ.မြှောက်ပေးဘို့လိုပါသည်။

သမာဓိ လွန်သော်ပျင်းရိတတ်၏။ ဝိရိယလွန်သော် (ဆန္ဒစောသော်) ပျံ့လွင့်တတ်၏။ ဝိရိယနှင့် သမာဓိ မျှတစွာထိန်းလျက် ဥပေက္ခာလမ်းသို့ လိုက်ရန် နိမိတ်သုတ်(အ ၁-၂၅၈)တွင် ညွှန်ကြားတော်မူပါသည်။

ပျံ့လွင့်သောစိတ်ကို နှိပ်သင့်၏။ တွန့်ဆုတ်သောစိတ်ကို မပျင်းအောင် ချီးပင့်သင့်၏။ မြှောက်ပေးသင့်၏။

သီတိဘာဝသုတ် (အ ၂၊ ၃၇၉)

စိတ်ကို ရှင်လန်းနှစ်သက် အားတက်လာအောင်လုပ်နည်းအမျိုးမျိုး ရှိ၏။ သံဝေဂဝတ္ထုဖြင့် ချီးပင့်ရသောအခါရှိသလို ဘုရားအာရုံဖြင့် ရှင်လန်းအောင်လုပ်ရသောအခါလည်းရှိ၏။

ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်နေသည် နုန်းချိ ရိ နာ နေ့မည် ဆိုလျှင် ဘာအလုပ်ကိုမျှလုပ်၍ရတော့မည်မဟုတ်။

ဓမ္မာနု ဓမ္မပဋိပတ် ဘုရား အကြိုက် အကျင့်ကို ကျင့်နေကြသော သူတော်ကောင်းအပေါင်းတို့။ မိမိတို့၏ကိုယ်စိတ်နှစ်ပါး ပင်ပန်းအောင်လုံးဝ အားမထုတ်သင့်ကြပေ။ မည်သည့်တရားကိုအားထုတ်သည်ဖြစ်စေ၊ အားထုတ်ကြိုးစားဆဲခဏ၌ ကိုယ်စိတ် ရှင်လန်းချမ်းမြေ့ရန် အလွန်လို အပ်ပါသည်။

နှစ်သက်"ပီတိ"မှ ရှင်လန်းမည်။ ရှင်လန်းမှချမ်းသာမည်။ ချမ်းသာမှ ငြိမ်းအေးမည်။ငြိမ်းအေးမှတည်ကြည်မည်။ တည်ကြည်မှ လုပ်လိုရာအလုပ်ကို စူးစိုက်နိုင်မည်။ ခွန်ပြည့်အားပြည့်ဆောင်ရွက်နိုင်မည်။

သည်နေရာမှာ တိသရဟန်းကြီးပေါင်ကျိုးပြီး အနာတရဖြစ်အောင် နှိပ်စက်ပြီးမှ တရားအားထုတ်ပေါက်ရောက်သည်မဟုတ်ပါလောဟု ဆင်ခြေတက်လိုသူတို့အား "ထေရဿ ဝေဒနံ ဘိက္ခမ္ဘိတ္ဘာ ပစ္စဝေက္ခတော ပရိသုဒ္ဓံ သီလံ နိဿယ ပီတိ ပါမောဇ္ဇံ ဥပဇ္ဇဝ"ဆိုသော မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာစာကို ညွှန်ပြလိုပေသည်။

ယင်းသို့ ရှင်လန်း တက်ကြွအောင် လုပ် နည်း အ မျိုး မျိုးတို့ တွင် အဂုံတွာရအဋ္ဌကထာက ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဖြင့် ရှင်လန်းတက်ကြွ ထက်သန်ရအောင်လုပ်ရန် တိုက်တွန်း ညွှန်ကြားထားသည်။

ဗုဒ္ဓါနုဿတိ၌ ဗုဒ္ဓအရ ဗုဒ္ဓဂုဏ်တော် တခုတည်းကို မယူဘဲ ဂုဏ်တော်အားလုံးကို ယူရမည်။ ၁ ၃ ၂ ၄ ၁

ဗုဒ္ဓန္တီ ယေ ဂုဏေ ဥပါဒါယ ဘဂဝတိ
ဗုဒ္ဓေါတိ ပညတ္တိ တေဂုဏေ ကေဇ္ဈံဂဟေတ္ဘာဝုတ္တံ။
မဟာဋီကာ ပ၊ ၂၁၈

ယင်းသို့ ဗုဒ္ဓါနုဿ်တိဖြင့် စိတ်ကို ရှင်လန်းချမ်းမြေ့အောင် ချီးပင့်ရာတွင် ပုတီးစိပ်နည်းအမျိုးမျိုးလည်းပါဝင်ရာ ယင်းနည်းများအနက် ယခုကျမ်း၌ ဖော်ပြသည့် ကွန်ချာ ပုတီးစိပ်နည်းသည် စိတ်ကို မလွင့်အောင် ထိန်းနိုင်သောသတ္တိထက်မြက်မှုပိုပါသည်။

ကျမ်းပြုဆရာသည် မိမိဆရာ မန္တလေးမြို့ မိုးကောင်းတိုက် အလယ်တိုက် ရှေကျောင်းကြီး နာယက ဝိမလာဘိ ကဝိဇေ သီရိပဝရ ပညာလင်္ကာရ သဒ္ဓမ္မသူရ တကျိပ်နှစ်ပါး သာသနာပြုတံဆိပ်တော်ရသည့် ကနိရွာ ငါးမြို့ ဂိုဏ်းချုပ်ဆရာတော်မှ အာစရိယ ပရပ္ပရ သိဿာနူ သိဿ အဌယ်ပပျက် ဆက်လက်ယူဆောင်လာသော ရှေးဟောင်း နည်းကောင်း တလက်လည်းဖြစ်သည်။ မိမိတို့အသက်စည်းစိမ်ရာထူးဂိုဏ်သိရ်အတွက် တိုးတက်တည်မြဲရန် မမြော်မှန်းရဘူးဟု မပြောလိုသော်လည်း အောက်ပါ အကျိုးတရားများ ကေန်ရမည်ဟုကား ရဲရဲကြီးတာဝန်ယူပါသည်။

(၁) နကလေ သပရိယုဋ္ဌံ စိတ္တံ ဥဇူကတမေဝစ
ဗုဒ္ဓေသဂါရဝေါ ဟောတိ သဒ္ဓါတိ ဝိပုလော ဘဝေ။
လောဘစိတ်မဖြစ် ဖြောင့်မတ်သောစိတ်သာဖြစ်၍ ဘုရား၌ ရိုသေခြင်း ကြီးသည်ဖြစ်၍ သဒ္ဓါစသော တရား ပြန့်ပြောများပြားလာမည်။

(၂) ပီတိပါမောဇ္ဇ ဗဟုလော ဒုက္ခံသဟတိ ဘေရဝံ
စေတိယယ ရသသိသော သဟဝါသောစ သတ္တုနာ။

နှစ်သက်ဝမ်းမြောက်မှုများ၏။ ဆင်းရဲနှင့် ဘေးအန္တရာယ် အားလုံးကို မတုန်မလှုပ်သည်းခံနိုင်၏။ စေတီအိမ်နှင့် တူ၍ အပူဇော်ခံထိုက်၏။ မြတ်စွာ ဘုရား နှင့် အမြဲ အတူနေရာ ရောက်၏။

(၃) ဟိရောတ္တပ္ပမုပဋ္ဌာတိ နာမတေ ဗုဒ္ဓဘူမိယံ ဥဒ္ဓမပ္ပဋ္ဌိ
ပဋ္ဌဉ္ဉာ ဒေသာသုဂတိ ပရာယဏော။
ဘုရားနှင့်အမြဲနီးစပ်နေ၍ မကောင်းမှု ပြုသည်မှာ ရှက်တတ် ကြောက်တတ်လာ၏။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးလို မိမိလဲ့ သူတပါးအကျိုး သည်ပိုး ရှက်ဆောင်လိုစိတ် "ဗုဒ္ဓဘူမိ" ညွှတ်လာ ဖြစ်လာပေါ်လာနိုင်၏။ သည်ဘဝမှာ သစ္စာလေးချက်အထက်တရားကို ထိုးထွင်း၍ မသိနိုင်တောင်မှ အောက်ထစ် ဆုံး လူ့ဘုံနတ်ရပ် မြတ်သောသုဂတိသို့ ရောက်မည်ကျိန်းသေ၏။

ဤဂုဏ်တော်ကွန်ချာကျမ်းပြုဆရာသည် ကိုယ်ခန္ဓာလို့သေး၍အမြဲပင် ဝေဒနာတခုခု ကပ်ရောက်နှိပ်စက်ခံနေရတတ်သူဖြစ်သော်လည်း ထိုပုဂ္ဂိုလ်၏ ဝိရိယအား ဉာဏ်အားကို မချီးကျူးဘဲမနေနိုင်ပါ။ ပူးတွဲပါကျမ်းစာများ အရ အမြဲကြိုးစားအားထုတ်နေသူဖြစ်ကြောင်းထင်ရှားပါသည်။

အစာအိမ်ရောဂါစသော အနာတမျိုးမျိုး ဖိစီးခံနေရသည့်ကြားမှ ကျုံ့ရုန်း၍ စာရေးခြင်း၊ ကဗျာစပ်ခြင်း စသည်အမှု မပြတ် ပြုတတ်သည်။ မကျန်းမာသည့်ကြားမှာပင် လူသာမန်တို့ ပြုနိုင်ခဲသော ပရဟိတ အမှုများ ကိုလည်း အမြဲမပြတ် တရစပ်လုပ်ဖြစ်အောင် လုပ်လိုက်သေးသည်။

မကျန်းမာခြင်း၊ပရဟိတ အလုပ်များက ပိနေခြင်းစသောအကြောင်း များကြောင့် စာကောင်းကောင်းမကြည့်နိုင်ပါ။ စာရေး လို၍ မှ တနာရီ ကြာအောင် မထိုင်နိုင်သည့်ကြားထဲက စာအုပ်တွေထွက်ထွက်လာသည်။

စိတ်ကူးရှိသည်၊ရေးကွက်ရှိသည်၊စိတ်သွားတိုင်း ကိုယ်မပါနိုင်အောင် အနှောင်အဖွဲ့တခုခုရှိနေတတ်သည်။ အချက် အလက် တ ခုခုကို အထောက် အထား ဒေါက်တခုပါမှ ဆိုရမည့် အခါမှာ စ ာမ ကြည့် နိုင် သော ဒဏ် ခံရတော့သည်။

သို့နှင့်ပင် စာတအုပ် ဖြစ်မြောက် ရေး ကို စာ အ ရေး အ သား ကျမ်းအကိုးအကား အထားအသိုများကား ကျမ်းပြုဆရာ ဓမ္မတာအတိုင်း ဘယ်တော့မှအားရတင်းတိမ်ခြင်းမရှိဘဲ ပုံနှိပ်လိုက်ရ"လက်လွှတ်လိုက်ရ"ခြင်း ဖြစ်နိုင်ပါသည်။

အရှင်တေဇောဘာသာဘိဝံသ"ဘီ-အေ၊"

ရွာလည်ကျောင်း ဆရာတော်၊ ဖျာပုံမြို့။

---

ဂုဏ်တော်ကွန်ချာ နည်းယူခါ ပှန်ဝွာ အားထုတ်ပါ

နဝနပါ ဂုဏ်ဟိုးဖြာ

ဧကာ အာဒိပေါင်း

ကနေ ကိုးခါရွတ်ဆိုပါ

ဇုဆွာ လိုပြည့်ကြောင်း။

လယ် တီ ဆ ရာ တော်

## စကား အချီး

လူ တဦး တယောက်
လူ အများ ကမ္ဘာသူ ကမ္ဘာသားအားလုံး
သတ္တဝါအားလုံး မှန်သမျှ အသချေ်ယ ဝေနေယျ

သတ္တလောက ရှိရှိသမျှသော လူနတ်ဗြဟ္မာသတ္တဝါတို့၏ အသိဉာဏ် ထက်မြက်လှသည်၊ စူးရှလှသည်၊ သိပ္ပံခေတ် အဆန်းတကြယ် ကောင်းကင် ဝေဟင် ရေပြင်မြေပြင် စသည်တို့တွင် စက်ယန္တရားအတတ် တဘက်ကမ်းခတ် တတ်သဖြင့် လက်နက်ဆန်းများ အပြိုင်အဆိုင် လုပ်ကိုင်ဆောင်ရွက် လာကြသည်။

ကြီးနိုင်ငယ်ညှဉ်းဆဲ ဝါဒ ဆိုးများ ထွန်းကားလာချေသည်။

အားလုံးသော ကမ္ဘာသူကမ္ဘာသားတို့၏ ကောင်းကျိုး ဆိုးကျိုး အမျိုးမျိုးကို ဒွန်တွဲလျက် ပြန့်နှံ့လာပေသည်။ သတ္တဝါတို့၏ မကောင်းသော ကံကြမ္မာဆိုးသည် အားများလာသည်။

ကြောက်စရာ တုန်လှုပ်စရာ ထိတ်စရာ ဖြစ်ပါသည်။

ဉာဏ်ဖြင့်ချင့်ချိန် ဇီဝိတိန်ကို
ဆိန္နကရ လူလောကဝယ်
ဒုက္ခ မြားမြောင် မီးသင့်လောင်နှင့်
မီးလောင် ပေါက်ကွဲ ရောဂါစွဲ၍
စစ်ပွဲ များကြိမ် တားမငြိမ်ဘူး

ဂရဲ ဓမ္မ ပျို့

ကမ္ဘာလူသားတို့ ဒုစရိုက် များများ လွန်ကြူးခြင်း တို့ကြောင့် မီးတောင်ပေါက်ခြင်း ရေလွှမ်းမိုးခြင်း ရောဂါထူပြောခြင်း စစ်ပွဲ မကြာခဏ ဖြစ်ခြင်း ကြုံရလေသည်။

အသိပညာရှင် အတတ်ပညာရှင်များ ထွန်းကားလာသည်။

အကျင့်သူတော်စင်များကား နည်းပါးလှပေသည်။

ထို လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့ထက် သိန်းသန်း ကုဋေကုဋာ ထက်မြက်စူးရှသော ဉာဏ်ပိုင်ရှင်ကား ဗုဒ္ဓပင်ဖြစ်ပါသည်။

ဗုဒ္ဓရှင်သည် သဗ္ဗညုတ ဉာဏ်တော်ရှင်မို့ တန်ခိုးဣဒ္ဓိပါဒ် အရာ ပြိုင်ယှဉ်တုဘက်သူမရှိ။ တဆူတည်းသော ဉာဏ အနန္တပိုင်ရှင်သည် ဘုရား ရတနာပင်ဖြစ်ပါသည်။

ရှင်တော်မြတ်ဘုရားဟောကြားဆိုဆုံမှုသော သုတ် ဝိနည်း အဘိဓမ္မာ ကြည့်ရှုဘွယ်ရာ၊ ကျင့်ကြံစရာ၊ အားထုတ်စရာ အဖြာဖြာတို့သည် ဓမ္မ ရတနာ ပင် ဖြစ်ပါသည်။

ဓမ္မ အမေ့ ခံယူသင်အံ့လေ့ကျက် ဆည်းပူး အားထုတ်ကြသော သီလ ဝန္တပုဂ္ဂိုလ် အရှင်မြတ်များသည် သံဃ ရတနာပင် ဖြစ်ပါသည်။

တေ သရဏ မာဂမ

သဗ္ဗ ဒုက္ခာ ပမုစ္စတိ

ဓမ္မ ပဒ ပါဠိတော်

ဤကဲ့သို့ ရတနာမြတ်သုံးပါးကို ဆည်းကပ်ကိုးကွယ် အားထုတ်ကြ သော ရဟန်းရှင် သူတော်စင်အပေါင်းတို့သည် ထို ရတနာမြတ် သုံးပါးကို အစဲ့ပြု၍ ဂုဏ်တော်ပွားများ အောက်မေ့ခြင်းတို့ကြောင့် ခပ်သိမ်းသော ဒုက္ခအပေါင်းတို့မှ ကင်းလွတ်ရကြပေသည်။

ဒုတိယ ကမ္ဘာစစ်မှ ယခုမျက်မှောက်ကာလ ဝိပပဿီ ခေတ်အထိ အမျိုး မျိုးသော စစ်ဘေးစစ်ဒဏ်တို့ကြောင့် သခင်ရဓမ္မ အမျိုးမျိုး မြင်တွေ့ ခဲ့ကြ ရလေသည်။

(၁) သေစေတတ်သော အဆိပ်လက်နက် မျိုးစုံများဖြင့် မေတ္တာမဲ့ကင်း သက်ဖြတ်ညှဉ်းဆဲခြင်းခံကြရသော သတ္တဝါရကပ်ဘေး။

(၂) အဆန်းတကြယ်သော ရောဂါဆိုးကပ်ဆိုး အသေ ဆိုးနှင့် ရင်ဆိုင်ခံစားနေကြရသော ရောဂါရကပ်ဘေး။

(၃) အဆိပ်အတောက်စသည် မသမာသော နည်းမျိုးစုံတို့ဖြင့် ဖန်တီးထားသော အစာအာဟာရ သီးနှံတို့ အဆီသြဇာ ပျက်ပြားခြင်း၊ ရှားပါးငတ်မွတ်ခြင်းကို ခံစားနေကြရသော ဒုဗ္ဘိက္ခရကပ်ဘေး စသည်ဖြင့် ကမ္ဘာသူ ကမ္ဘာသားတို့၏ ကံကြမ္မာဆိုးများသည် တနေ့တခြား များပြားလှပေသည်။

လူသားတို့၏ ကိုယ်ကျင့်သီလ ဖောက်ပြန် ကြမ်းကြုတ်မှုတို့ကြောင့် လူတဦးတယောက်က လူအများတို့၏ အသက်ခန္ဓာ စည်းစိမ်ဥစ္စာတို့ကို မင့်ကွက်ဘဲ သက်ဖြတ်ညှဉ်းဆဲမှု မတရားမှုတို့ကို တွေ့ကြုံ နေ ခဲ့ ကြ ရ သ ဖြင့် တချို့သတိသံဝေ ရလာကြသော်လည်း တချို့ ပိုမိုဆိုးသွမ်းလာသည်မှာ ဆုတ်ကပ် လူတို့၏ ကိုယ်စိတ်နှစ်ပါး ဖေါက်ပြန်သော ဝိပတ္တိကာလ ဓမ္မတာ ဖြစ်ပါသည်။

(၁) အ ဓမ္မ ရာဂ မှားယွင်းသော ကာမအကျင့် ဖေါက် ပြန် မှု များခြင်း။

(၂) ဝိ သမ လောဘ မတရားအမြတ် စီးပွားရှာလာကြခြင်း။

(၃) မိစ္ဆာ ဓမ္မ လွဲမှားသောအယူ သည်းမှုများ ပေါ်လာခြင်း။

ယင်းသို့သော အဓမ္မ အယုတ်တရားဆိုးများ တနေ့တခြား ဖုံးလွှမ်းလာခြင်း၊ လူတို့ကိုယ်ကျင့် သီလ ပျက်ပြားလာခြင်း၊ မတော်မတရားပြုကျင့်ခြင်း၊ စားဝတ်နေမှု ဖေါက်ပြန်မှုတို့ကြောင့် ဘေးဆိုးကပ်ဆိုး အန္တရာယ် အမျိုးမျိုးတို့နှင့် ရင်ဆိုင်ကြရပေသည်။

ထိမ်ဝှံက် ခိုးလု အကျိုးပြုကာ
ရတု ယောက်ယက် သီးနှံ ပျက်သည်
စားလျက် မဝ ငတ်စက် ကြသည်။

ဂရှ ဓမ္မ ပျိုး

ကမ္ဘာသူ ကမ္ဘာသားတို့၏ မကောင်းမှု ဒုစရိုက် တို့ကြောင် စိတ်မချမ်းမြေ့စရာ စိတ်တုန်လှုပ်စရာ စိတ်ဆင်းရဲစရာများ တွေ့ကြရသောအခါ သံဝေဓမ္မရကြ၍ မိမိတို့ အားကိုးအားထားရာ ဂုဏ်တော်များ ပွားများ လာကြသည်။ ထိုကုသိုလ်အကျိုးဆက်တို့ကြောင့် ကောင်းသော ချမ်းသာ ရကြပေသည်။

(၁) လောကတွင် အသေဆိုး အနေဆိုး အငတ်ဆိုး ဘေးမှ လွတ်ကင်း၍ ချမ်းသာကို လိုကြ ရှာကြသည်။

(၂) အပါယ်ဒုက္ခသံသရာမှ လွတ်မြောက်၍ နိဗ္ဗာန်သုခ ခံစား လိုသည်၊ ကျင့်ကြံအားထုတ်ကြသည်။

ဒီပါနာထာ ပတိဋ္ဌာစ
တာဏာ လေဏာစ ပါဏီနံ
ဂတီဗန္ဓု မဟ ဿာသာ
သရဏာစ ဟိတေသိ နော

ပွင့်တော်မူပြီးကုန်သော ဘုရားရှင်တို့သည် အားလုံးသော လူနတ် ဗြဟ္မာတို့၏ အားကိုးရာ အားထားရာ ဖြစ်တော်မူသည်။

သဘ္တဝါတို့၏ ကျွန်းကြီးပမာ မှီခိုရာလည်းဖြစ်တော်မူကြကုန်၏။
ကိုးကွယ် အားထားရာလည်း ဖြစ်တော်မူကြကုန်၏။

ထောက်တည်ရာလည်း ဖြစ်တော်မူကြကုန်၏။
ဝဋ္ဌဒုက္ခမှလည်း ကယ်ဘင်စောင့်ရှောက်တော်မူကြကုန်၏။
ဒေါးမဇရာက်အောင် တိမ်းရှောင်ပုန်းအောင်းရာလည်း ဖြစ်တော်
မူကြ၏။
နတ်လူအများ အားထားချဉ်းကပ်ရာလည်းဖြစ်တော်မူကြကုန်၏။
မိတ်ကောင်း ဆွေကောင်းလည်း ဖြစ်တော်မူကြကုန်၏။
ထူးမြတ်သော ထောက်တည်မှီခိုရာလည်း ဖြစ်တော်မူကြကုန်၏။
ဆင်းရဲဒုက္ခကို ဖျက်ဆီးတော်မူကြကုန်၏။
အကျိုးစီးပွားကိုသာ ရှာမှီးတော်မူလေ. ရှိကြပေကုန်၏။

အာဠာနာဋိယသုတ်

ဤကဲ့သို့ မဟာအာဠာ နာဋိယ သုတ်တော်ကို ဟောတော် မူထား သဖြင့် အားလုံးသော ပုဂ္ဂိုလ်သတ္တဝါ မှန်သမျှတို့သည် မိမိတို့လိုရာလိုရာ မှီခို အားထားရာ အာသာဆန္ဒရှိသမျှ ရည်မှန်း၍ ဂုဏ်တော်ပွားများခြင်း ပုတီး စိပ်ခြင်းကိုလည်း ပြုကြပါသည်။ ဆုမွန်မြတ်ကိုလည်း တောင်းကြပါသည်။

(၁) သီလ စောင့်ထိန်းခြင်း
(၂) အလှူဒါန ပြုခြင်း
(၃) ဘာဝနာ ပွားများခြင်း
(၄) ဂုဏ်တော် ပုတီးစိပ်ခြင်းများ ပြုကြပါသည်။

အထူးတလည် ရေးသားဖော်ပြရပါလျှင် တွေ့ကြုံခံစားနေကြရသော လောကဓံတရား ဘေးခပ်သိမ်း ရန်ခပ်သိမ်းတို့မှ ကင်းဝေးလိုမှု ချမ်း သာယာမှု အတွက် အားထုတ်ကြခြင်းဖြစ်ပါသည်။

ချစ်သားတို့ ငါဘုရားကို ကြည့်ရှုကြည်ညိုခြင်းထက် ငါဘုရား၏ ဂုဏ်တော်များ၊ တရား၏ ဂုဏ်တော်များ၊ သံဃာတော်တို့၏ ဂုဏ်တော်များ၊ တရား၏ ဂုဏ်တော်များကို အာရုံပြု၍ ပွားများ အားထုတ် ကြ ကုန် လော ဗုဒ္ဓနုဿတိ ကမ္မဋ္ဌာန်းစီးပြန်းကြဟု မိန့်တော်မူသည်။

ဗုဒ္ဓ၏ ဂုဏ်တော်များ ပွားများခြင်း
ပရိတ် အရ အတားများကို ရှုတ်ဘတ်ခြင်း
အန္တရာယ်ကင်း ဂါထာများ ရှုတ်ဘတ်ခြင်း

ပုတီးကိုတွင်တွင်စိပ်လျက် ဘုရားကိုအာရုံပြုခြင်း၊ ဝိပဿနာရှုခြင်း ဤသို့သော အားဖြင့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲဒုက္ခကင်းလွတ်ရာ၊ မိမိမှီခိုရာ၊ အားထားရာ ရှာကြလေလေဖြစ်ပါသည်။

ဂုဏ်တော်မြတ်၏ တန်ခိုးတော်ကြောင့် လောလောဆယ် မိမိအပေါ် ကျရောက်မည့် ဘေးဥပါဒ် အန္တရာယ် ရန်အသွယ်သွယ်တို့သည် ထိုဂုဏ်တော်မြတ်အားထုတ်မှ ပုတီးစိပ် မှုတ်ကြောင့် ဘေးခပ်သိမ်း ရန်ခပ်သိမ်း ငြိမ်း၍ လောက သံသရာ နှစ်ဖြာသော ချမ်းသာမှုကို ရကြလေသည်။

အပါယ်ဒုက္ခဝင့်ဆင်းရဲတို့မှလည်း ကင်းဝေး၍ ငြိမ်းရာမှန်မြတ်နိဗ္ဗာန်ကို ရောက်ကြရန် ဆုပန်ကြလေသည်။

ဘာဝနာတရား အားထုတ်ကြလေသည်။ အထူးအားဖြင့် သမထကို အားပျှော်၍ ဂုဏ်တော်ပွားများကြသည်။ ထို့နောက် တဆင့် ဝိပဿနာအားပြုကြသည်။ အားပြု အားထုတ်ကြရန်ကို ဗုဒ္ဓက အဖန်ဖန်ထပ်တလဲလဲတိုက်တွန်းစကား မိန့်ကြားသည်။

ခ္ဂစ်ဆ ားရဟန် တို့

နတ်တို့အရှင်သခင်များ ဖြစ်ကြကုန်သော သိကြားမင်း၊ ပဇာပတိနတ်မင်း၊ ဝရုဏနတ်မင်း ဤသာနနတ်မင်းတို့၏ အလံတော်ထိပ်ဖျားကို မော်၍

ကြည့်ကြကုန်သော နတ်အပေါင်းတို့သည် ဖြစ်ပေါ်လာသော ကြောက်ခြင်း၊ ကိုယ်တုန်လှုပ်ခြင်း၊ ကြက်သီးထခြင်းတို့ကို ပယ်ဖျောက်နိုင်ခြင်းလည်းရှိသည်။ မပယ် ဖျောက်နိုင်ခြင်းလည်းရှိသည်။ ကြိမ်းသေပယ်နိုင်သည်ဟု အာမ မခံနိုင်။

အဘယ် ကြောင့်ဆိုသော် နတ်တို့သေနင်း သိကြားမင်းတို့ ကိုယ်တိုင် ကြောက်တတ်သူ ဖြစ်သောကြောင့်ဖြစ်သည်။ အာသဝေါမကင်း သေးခြင်း ကြောင့်ဖြစ်သည်။

**ချစ်သားရဟန်းတို့**

ငါဘုရားဟောတာနှားထောင်ကြ၊ သင်တို့သည် တောအရပ်မှာဖြစ်စေ၊ သစ်တပင်ရင်း ဝါးတပင်အောက်မှာဖြစ်စေ၊ ဆိတ်ငြိမ်ရာမှာဖြစ်စေ၊ သင်တို့အား ကြောက်လန့်ခြင်း၊ ကိုယ်တုန်လှုပ်ခြင်း၊ ကြက်သီးထခြင်းမျှားသည် အကယ်၍ဖြစ်ပြားအုံ့။

ထိုအခါ ငါဘုရားကိုသော်လျှင် အဖန်ဖန်တလဲလဲ အောက်မေ့ကြကုန်လော၊ ငါဘုရား၏ဂုဏ်တော်ကိုသာလျှင် အဖန်ဖန် အထပ်ထပ် အောက်မေ့အပ် ပွားမျှားအပ်ကုန်လော ဟူသည်။

တ ဇဋ္ဌ သုတ်

**ဘုရားဂုဏ်တော် ကိုးပါး ပွားမျှား၍ပုတီးစိပ်ခြင်းပင်ဖြစ်သည်**

ကျွန်ုပ် ရေးသားညွှန်ပြလိုရင်းမှာ သက်ရှိသတ္တဝါ မှန်သမျှ တို့သည် အာသဝေါမကင်းကြသဖြင့် ထိတ်လန့်တုန်လှုပ်ခြင်း၊ကြောက်ခြင်း၊ကြက်သီးထခြင်းမျှားရှိကြသည်။ နေ့စဉ်နေ့တိုင်း အတိုင်းမသိ လောဘမီး ဒေါသမီး
F.4 လောင်မြိုက် ခံစားနေကြရသည်။

လောကဓံတရား အမျာ အပြား တွေ့ကြုံခံစားကြသည်မှာ အမှန်ပင်ဖြစ်ပါသည်။

ဆင်းရဲခြင်း အစ ချမ်းသာခြင်း အဆုံး
မသိလျှင် အစ သိလျှင် အဆုံး
ဇာတိ အစ မရဏ အဆုံး

လူသားတိုင်း မိမိတို့၏ ဘာသာအယူအဆအရ လူကျင့်ဝတ်များရှိကြသည်။ လူသည်ဆင်းရဲခြင်းက စလျှင် ချမ်းသာခြင်းဆုံးရသည်။ ဒုက္ခနှင့်သုခပင်ဖြစ်သည်။ မသိတာအဝိဇ္ဇာနှင့်စလျှင် သိတာဝိဇ္ဇာနှင့်သာ ဆုံးရပေသည်။ ဇာတိ ပဋိသန္ဓေကစပါလျှင် မရဏသေခြင်းအဆုံးသတ်မည်။ဤသည်တို့သည် ကား ဒွန်တွဲလျက်ရှိကြပါသည်။

## အသိဉာဏ်သာ ပဓာန

လူသားတိုင်း အသိဉာဏ်နှင့်စေတနာ မူတည်ကြသည်။ အချို့အသိဉာဏ်နည်းပါးမှု မိုက်မဲမှုတို့ကြောင့်ဆင်းရဲဒုက္ခဘေးအပေါင်းတို့နှင့် ကြုံတွေ့ကြရသည်။ထုံနားပင်းခံကြသည်။ ဘာအားကိုးရမှန်းပသိ။

တချို့ဘုရား တရား သံဃာမှန်း သိကတ်သည်။ နူးညံ့သည်။ မိမိအပေါ်ကျရောက်မည့် အကုသိုလ်ကံ အပါယ်လေးပါး ဘေးဆိုး ကပ်ဆိုးများနှင့် လောလောဆယ်တွေ့ကြုံခံစားကြရပည်သိရှိသောအခါ အားထားရာ လက်ကိုင်တခုရှိမြဲဖြစ်သည်။

ရေ၊မီး၊မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူစသောရန်ဆူးရန်ညှောင့်ဘေးအန္တရာယ်များကို ကာကွယ်နိုင်ရာမှာ မိမိအားထားသော ဂုဏ်တော်ကွန်ချာများနှင့် သစ္စာ သမာဓိ မေတ္တာ တရားတို့ပင်ဖြစ်ပါသည်။

ကတိ သစ္စာ မှန်သောခါ
သစ္စာလေးနက် ပေါ်ထွန်းထွက်
နွယ် မြက် သစ်ပင် ဆေးဘက်ဝင်။

ဒုတိယကမ္ဘာစစ်ကြီး မြန်မာပြည်သို့ ပျံ့နှံ့လာပါပြီ။ ဖျာပုံ မြို့နယ် တာဝိုက် ခေါ်ပြ သူခိုးတို့ စိုးမိုးဆူပူလာချိန်၊ နိုင်ငံရေးပဋိပက္ခများ ပြင်းထန်ချိန်ဖြစ်ပါသည်။

မိမိ၏ဆရာတော်ဘုရားသည် မိမိအပေါ် အမျိုးမျိုး နှိပ်ချ ပြောဆိုသည်။ ကြိမ်းမောင်းသည်။ မိမိက ပြန်၍ မပြော၊ ဆရာအပေါ် ပြုစုနေကျ နိစ္စပဘာ်များကို နေ့စဉ်မှန်မှန်ပင်ပြုစုသည်။ မိမိအား ဇဲ့သတ္တိစိတ်နေစိတ်ထား များကို စမ်းသည်။

"မောင်ပဉ္စင်းလာစမ်း။ ငါ ကျက်ခိုင်းထားသောစာ မူလသိက္ခာနှင့် ကခ်ါအဋ္ဌကထာနိဒါန်းရပြီလား။ရလျှင်ငါစာများ ကြည့်ညိုလိုသည်။ဝါတွင်း နေ့စဉ် စာလာပြန်ရမည်" ပါဠိတော်များကိုလည်း ပို့ချသင်ကြားပေးပါသည်။ မိမိဆရာတော်ဘုရားသည် ဝိနည်းကိုရှိသေလေးစားသည်။ လောကီ လောကုဘုရာ နှစ်ဖြာတာဘက်ကျမ်းပါသည်။

တနေ့သော် မိမိကိုခေါ်၍ ပြုံးရွှင်စွာ ကြည့်ပြီးလျှင် "ငါဆိုတာ လိုက်သို့"နှုတ်တိုက် ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်းကိုလည်း သင်ပေးပါသည်။ ရပြီလား၊ ရလျှင် အဲ့ဒီအတိုင်း သံပုံးထဲသို့ ခဲ့၊သဲ၊ ရေများထည့်၍ စနစ်တကျ မန်းခိုင်းသည်။ ရွတ်ခိုင်းပါသည်။ သမာဓိ အားကောင်းအောင် စနစ်တကျ လေ့ကျင့်အားထုတ်ခိုင်းပါသည်။

ထိုနည်းအတိုင်း နှစ်ဆယ့်လေးပစ္စည်းပဌာန်းပါဠိတော်ကိုဂုဏ်တော် ကွန်ချာနည်းအရ ခဲ့၊သဲ၊ရေများကို ထပ်မန်းခိုင်းသည်။ ပြီးလျှင် ကျောင်း

ဝိုင်းနှင့် ကျေးရွာနယ်နိမိတ်များကို ခဲစည်း၊သဲစည်း၊ ရေစည်းချခိုင်းပါသည်။ အဲဒါ မသေမချင်းမှတ်၊ သစ္စာမြဲမြဲထား မေတ္တာပို့ပါ။ သမာဓိဝိုင်ဝိုင်ထား ဘေးဆိုးကပ်ဘိုးကင်းသည်"ဟုမိန့်ပါသည်။

ရောဂါဆိုးများ ကျရောက်သောအခါ ဂါထာ မန္တရားများကိုလဲ သင်ပေးပါသည်။ ရွတ်ဖတ် သရဇ္ဈာယ်နည်းများကိုပါ သင်ပေးပါသည်။

မှန်လှပေသည်။ ဆရာတော်ဘုရား၏ သီလသမာဓိဂုဏ်များနှင့် ရွတ်ဖတ်ပွားများအားထုတ်ကြသော ဂုဏ်တော်မြတ်တို့၏ တန်ခိုးအာနိသင်များကြောင့် ခေတ်ပျက် ကာလပျက် ကနိကျေးရွာသည် မပျက်မစီ.ဘဲ ယနေ့တိုင် ရပ်တည်နိုင်ခဲ့ပါသည်။

ဂုဏ်တော်ကွန်ချာနှင့်ပတ်သက်လို့ တျမ်းစာ ရေးသားသူ၏ ဆရာတော်ဘုရားကြီးအကြောင်းကိုပါ အနည်းငယ်ဖော်ပြမှသာ ပြည့်စုံပေမည်။

ဆရာတော်ဘုရားသည် စစ်ကိုင်းမြို့နယ် ဆားတောင် ကျေးရွာ အနောက်ဘက် သူဌေးရွာ သာစည်ဇာတိ ဆူးတွင်းပစ်ဆရာတော် အရှင်မဟာနာဂိတဆရာတော်၏ ဇာတိရွာ သူဌေးအမျိုးအဆက်အနွယ်တို့မှဖြစ်ပါသည်။

၁၃၃၀ ခု တန်ခူးလပြည့်ကျော် ၉ ရက် ဗုဒ္ဓဟူးနေ့၌ ဦးသာပိုင် ဒေါ်ကွန်တို့မှ စတုတ္ထမြောက်မွေးဖွားသော သား ဦးရှေနွယ်ဖြစ်ပါသည်။ သူ၏ဆရာတော်ဦးမာလာက မင်းဆရာ ဘုရင့်သမားတော်ဖြစ်ရန် ဝေလာကီပညာအတတ်များကိုသင်ပေးပါသည်။ သိပေါပင်းပါတော်ပုဗ္ဗသုဒ္ဓ ဂုဏန်းတော်ဘောင်သို့ ဦးဝိပလဘွဲ့တော်အမည်ဖြင့် တက်ရောက်ခဲ့ပါသည်။

ထို့နောက် ပရိယတ္တိ စွယ်စုံသင်ယူရန် မန္တလေးမြို့ အနောရထာပြင် မိုးကောင်းတိုက် မဟာဝေယံဘုံကျောင်တက္ကပ်နှစ်ပါး သာသနာပြု ဘွဲ့တံဆိပ်

တော်ရဆရာတော် ဦးနာဂိန္ဒလက်ထက်တော်နှင့် ဆရာတော်ဦးဇာဂရ တကျိပ်နှစ်ပါးသာသနာပြု တံဆိပ်တော်ကို သီပေါမင်း ရတနာဂီရိ ရှင်ပြုတွင်ရသည်။ထိုနောက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရသော ဆရာတော်၏ တပည့်ရင်ဖြစ်ပါသည်။

မစိုးရိမ်ဆရာတော် အဘိဓဇ မဟာရဋ္ဌ ဂုရု ဆရာ တော် ဘုရား နှင့် အနောက်ပြင် မိုးကောင်းအလယ်တိုက် အတူနေ စာသင်ဘက်ဖြစ်ပါသည်။

ကနိဆရာတော်ဘုရားသည် ထိုအချိန်က အမျိုးသား စံသာနုစိတ်ပြင်းပြသဖြင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ကို မယူ သော ကြောင့် တကျိပ်နှစ်ပါးသာသနာပြုအဖွဲ့မှ ဝိမလဘိ ကဝိဓဇ သီရိပဝရ ပညာ လင်္ကာရ သဒ္ဓမ္မ သူရ တံဆိပ်တော်ရသည်။ထို့နောက် မိုးကောင်းတိုက်ဆရာတော် ဦးဇာဂရအမိန့်ဖြင့် ဖျာပုံမြို့နယ် ကနိကျေးရွာ ငါးမြို့ဂိုဏ်းချုပ်ခန့်၍ ကျောင်းထိုင် သာသနာပြုရန်လွှဲအပ်တော်မူသည်။

သူ၏ငယ်ဆရာတော်ဘုရားသည် သီပေါ အရေး အခင်းတွင် တပည့်တကျိပ်ကျော်တို့အား ကုလားဖြူလက်တွင်း ချုပ်ထားသည်ကို တံခါးဖွင့်ထုတ်၍ နှုတ်ယူခဲ့ပါသည်။ ဂုဏ်တော်ကွန်ချာနည်းအရ ဂုဏ်တော်၉ပါးစလုံးကိုထုံ၍ သမာဓိစွမ်းအား ယူပြီးလျှင် တပည့်များကိစ္စ ဆောင်ရွက်ခဲ့ကြောင်း မိန့်ဘူးပါသည်။

ဂုဏ်တော်မြတ်၏ တန်ခိုးသတ္တိတို့ကြောင့် အခြား အောင်မြင်သော ကိစ္စအကြောင်းအရာများကို အကျယ်ချဲ့၍မရေးလိုတော့ပါ။

ကျွန်ုပ်ဆက်လက်ထမ်းဆောင်ရသော သာသနာရေး တာဝန်များနှင့် ပရဟိတ လုပ်ငန်း၊ လူငယ်ပြုပြင်ရေး၊ ကျေး ရွာ စည်ပင် သာယာရေး လုပ်ငန်းများတွင် အောင်မြင်၍ ဘေးဆိုး ကပ်ဆိုးတို့ ကင်းဝေးခဲ့သည်မှာ ယင်းဂုဏ်တော် ကွန်ချာ၏ သတ္တိထူးများကြောင့် ဖြစ်ပါသည်။

ယင်းသို့ အနန္တဂိုဏ်းဝင် ဆရာသခင် ကျေးဇူးရှင် ဖြစ်တော်မူသော ဝိမလဘိ ကဝိဓဇ သမ္ဘဝရ ပညာလက္ခဏရ သဒ္ဓမ္မသူရ ငါးမြို့ ဂိုဏ်းချုပ် ချမ်းသာရ ဆရာ တော် ထံတွင် နည်းယူစဉ်က ငယ် ရွယ်သူ မို့ ဂုဏ်တော် ထက်မြက်ပုံ အကြောင်းစုံတို့ကို အသေးစိတ်မသိခဲ့ပါ။

စစ်တွင်းကာလ ကျေးရွာသို့ လာရောက် ခိုလှုံ နေကြ သော မြို့နေ လူကြီးလူကောင်းများနှင့် ကျေးရွာရှိလူအများတို့က မိမိအပေါ် ယုံကြည် အားကိုးကြသည်။

မိမိက ငယ်သူ ရဟန်းငယ်မို့ စိတ်တက်ကြွကာ ဓား၊ လှံ၊ သေနတ် ပြီးဆေးလိုချင်လှသည်။တတပ်တဖိုလ်လုပ်ချင်လိုသည်။ ဖိုနောက် ပယောဂ များ ကုသချင်လှသည်။ အစွမ်းပြချင်သည်။

မိမိ တာ်သိသော ဂုဏ်တော်များဖြင့် အမျိုး မျိုး သော အင်းအိုင် လက်ဖွဲ့ ဂါထာ မန္တရားများဖြင့် စီရင်သည်ကို ဆရာတော် သိသောအခါ ဝါနှစ်ဆယ်အထိ .လောကီမှုတို့ကိုမလုပ်ရန် ကတိတောင်းသည်။ မိမိလည်း ကတိပြုလိုက်ရပါသည်။

မိမိထံမှ ကတိရလျှင်"မောင်ပဉ္စင်းရယ် လက်နက် စား(ဝ) ပြီ.တယ်။ ပယောဂနိုင်တယ်ဆိုတာ အလွယ်နဲ့ မရဘူးကွ။"ကတိသစ္စာနှင့် သီလပေးပါဝိ" စွမ်းအားယူ မေတ္တာပွားရှိ ဂုဏ်တော်အားထုတ်ပါ။ အလိုလို ရှုံ့ ပြုမ်း ရှိ လက်နက် ပယောဂတို့က မိမိ ခြေကို ဦးတိုက် လာမည်၊ ဦးချမှပီးတာကွ ပီးတာကွ"ဟုမိန့်ပါသည်။

"မောင်ပဉ္စင်းရယ်၊ ဆရာ့စကား နားထောင် ကတိတည်ပါလေ။ နောင်အခါ အကျိုးပေး ထက်သန်ရှိ ကြီးပွားလာပည်"ဟု ပြောဆိုကာ

ပျံတော်မူသည်။ ယခုတိုင် ဆရာတော့်စကားနှင့် ဆရာတော့် ရုပ်ပုံတော် မကြာခဏ အာရုံမပြတ်ထင်ပါသည်။

"ကြည့်လေ၊ သန္တတိအမတ် မေတ္တာကြောင့် ရန်နိုင်သည်မဟုတ်လား။ မဟာသုတ သောမ မင်း ကတိကြောင့် အသက်မသေ၊ ရုဇာမင်းသမီး စန္ဒာ ဒေဝီ သစ္စာကြောင့် သား သတ်မည့်ဆဲဆဲ မသေဘဲ ရန်သူ အောင်တယ် မဟုတ်ပါလား။ သုဝဏ္ဏသာမဇာတ်ဟာ အများကြီးဘဲ၊ကတိသစ္စာကွ၊ ကတိ သစ္စာ"ဟု မိန့်သည်။

ဆရာတော်ဘုရား မရှိသည့်နောက် အားလုံးသောကျောင်း တိုက် တာများ ဦးဆောင်နာယကအဖြစ် တာဝန်ယူ ထမ်းဆောင်ရသော အခါ မိမိအားကိုးရာ အားထားရာသည် ဂုဏ်တော်သာ ဖြစ်ပါသည်။

မြို့နယ်နှင့် ကျေး ရွာ အလိုက် နိုင်ငံရေးပဋိပက္ခမှုတို့ကြောင့် မိမိပါ အထင်လွဲ အမြင် လွဲကာ မကောင်းမှု လက်နက် အမျိုး မျိုးတို့ ဖြင့် ချိမ်း ချောက်၍ သေကြောင်းကြံစည်ခြင်း၊ ပစ္စည်း ပျက်စီးအောင် ကြံစည်ခြင်း စသော မကောင်းသောဘေးဒဏ် ကင်းဝေးရန် အဓိဋ္ဌာန် ၈၁ ရက် ဝင်၍ သစ္စာဆိုကာ ဂုဏ်တော်ကွန်ချာပုတီးစိပ်သောကြောင့် ဘေးရန်ငြိမ်းခဲ့သည်။ ဂုဏ်တော်သည်သာ အထိရောက်ဆုံးအားထားစရာ အားကိုးစရာဖြစ်ကြောင်း ဝန်ခံပါသည်။

ကိုယ်တွေ့စိတ်ကြိုက် ဂုဏ်တော် ကိုးပါး ကိုးကဏ္ဍစလုံး ရက်ပေါင်း ၇၂၉ ရက်ထိ အားထုတ်ရသဖြင့် ပို၍ အသိဉာဏ် ပွင့်သည်။ ရှေ့တဆင့် တိုး ပွားများရန်အတွက် အသေးစိတ် ဂုဏ်တော်ကွန်ချာနည်းအရ ဂုဏ်တော် အသေးစိတ်တပါးစီ သဲသဲ ကွဲကွဲ သိလာပါသည်။ သမာဓိစွမ်းအား ပိုရမါ သည်။ စိတ်တန်ခိုးထက်မြက်လှာသည်။

မိမိလုပ်ဆောင်သမျှ လောက လူသားတို့၏ အကျိုးစီးပွားအတွက် ပရဟိတ လုပ်ဆောင်ရာ အသက်ပေါင်းများစွာ ကယ်နိုင်ခဲ့သည်။ ကြီးပွားခဲ့သည်။ ဂုဏ်တော်ကွန်ချာပုတီးစိပ်ခြင်း၏ ရလာဒ်များဖြစ်ပါသည်။

## "အ" သေ "ဘ" သေ

တကယ်လို့ ပေါက်ရောက်အောင် အားထုတ်လိုသော ပဂ္ဂိုလ်များသည် အာရုံ မပျံ့လွင့်နိုင်သော နည်း ကောင်း နည်း မှန် မှာ ဂုဏ်တော်ကွန်ချာပုတီးစိပ်နည်းဖြစ်ပါသည်။

## "အ" စ "အ" ဆုံး

အရဟံ ဂုဏ်တော်ကစ၍ တရာ့ရှစ်လုံး ပုတီးဆုံးအောင် စိပ်လျှင် "အရဟံ"ပင်ဆုံးရမည်။အဲ့ဒါကို(အ)စ(အ)ဆုံး ဂုဏ်တော် ကွန်ချာ(အဖုံး) ဖြစ်ပါသည်။အဖုံးဟုခေါ်သည်။

## "ဘ" စ "ဘ"ဆုံး

ဘ-ဂ-ဝါ ဂုဏ်တော်ကစ၍ တရာ့ရှစ်လုံး ပုတီးဆုံးအောင်စိပ်လျှင် ဘ-ဂ-ဝါ ပင် ဆုံးရမည်။ အဲ့ဒါကို (ဘ)ဝ(ဘ)ဆုံး ဂုဏ်တော်ကွန်ချာ (အထဲ)ဖြစ်ပါသည်။"အထဲ"ဟုခေါ်သည်။

ကျွန်ရှိသော အတွင်းရှိ ဂုဏ်တော်များကို ပြ ထား သော ပုံစံပါ အတိုင်း ဂုဏ်တော်ကွန်ချာနည်းအရ ပုတီးစိပ် ပွားများကြရန်ဖြစ်ပါသည်။

နောက်ပိုင်း အသေးစိတ် အသေအချာညွှန်ပြထားသည်ကို ရေလည်အောင်ဖတ်ပါ။ကြည့်ရှုမှတ်သားပါ။ ပွားများကြပါရန် သတိပေးပါသည်။

အကျွန်ုပ်သည် ပုတီးဂိုဏ်း ဆရာလဲ မဟုတ်ပါ။
ပုတီးအကြောင်းပြု၍ စီးပွားရှာသူလဲမဟုတ်ပါ။
ပုတီးအားကိုးပြု၍ အနိုင်ကျင့်သူလဲမဟုတ်ပါ။

ဗုဒ္ဓ၏ဂုဏ်တော်သည် ဘာဝနာ တကာ တို့ထက် အထက်မြက်ဆုံး ဖြစ်၍ နည်းမှန် လမ်းမှန်ကို အများပြည်သူတို့ သိရှိပွားများအားထုတ်စေ ခြင်းအကျိုးငှာ အကျွန်ုပ် စိတ်ကြိုက် ဂုဏ်တော်ကွန်ချာ သုံးခဲ့သောနည်း နိသျများကို ဖြန့်ဝေပါသည်။ လှူဒါန်းပါသည်။

အကျွန်ုပ် အားထုတ်ရန် ဆရာတော်၏ မိန့်မှာချက်တနည်းမှာ အသုဘ ကမ္မဋ္ဌာန်း စီးဖြန်းရန်ဖြစ်ပါသည်။

မှန်ပါသည်။ ကျွန်ုပ်က လောကလူများ အကျိုးစီးပွားဆောင်ရွက်ရ သဖြင့် ပရိသတ်အချို့ အနု အရင့်များစွာဖြင့် ဆက်ဆံရသည်။ ဒါကြောင့် ပျက်စီးမှာ စိုးရိမ်စွာဖြင့် မှာခြင်းဖြစ်ပါသည်။ အသုဘကမ္မဋ္ဌာန်းသည် မိမိ အတွက် အကောင်းဆုံးဖြစ်သည်။

မိမိကိုယ်ကို အသုဘသညာထင်နေပါက လောဘ၊ ဒေါသ၊မောဟ၊ တဏှာ၊ မာန ငြိမ်းနေပေသည်။ သေဘေးကြောက်သဖြင့် တုန်လှုပ်သံဝေ ရပေသည်။ဝိပဿနာပွားလိုစိတ်ပေါ်လာသည်။ကိုယ်ပိုင် ပစ္စည်းဥစ္စာအားလုံး မမက်တော့ပါ။ ဒါကြောင့် ပုတီးစိပ်သဖြင့် ကြီးပွား ချမ်းသာသုခပြည့်ဝသူ များသည် ပုတီးစိပ်ရုံသာမက မိမိကိုယ်ကို "အသုဘ သညာ" ဝင်စားနိုင် အောင် ကြိုးစားအားထုတ်ကြပါရန် တိုက်တွန်းပါသည်။

အကျွန်ုပ် တာဝန်ကား ပရဟိတလုပ်ငန်း ဖြစ်၍ အတ္တဟိတတော့ မလုပ်တော့ဘူးလားမေးစရာရှိပါသည်။ လောကီ ကိုယ်ကျိုးစီးပွါးမလုပ်ပါ။ ကိုယ်အတွက် တရားဘာဝနာ ကမ္မ ဋ္ဌာန်း စီး ဖြန်း ပါသည်။ အားထုတ် ပါသည်။ လိုအပ်လျှင် တခါတလေ ဂုဏ်တော်ကွန်ချာ ပွါးများပါသည်။ အများအကျိုးဆောင်ရသဖြင့် အတ္တမဖက် ပရအတွက် အကန့်ထား၍ အား ထုတ်ပါသည်။

မိမိခန္ဓာကိုယ် ကျန်းမာရေးအတွက် ဖျာပုံမြို့ပေါ်ရှိ ပရဟိတ ဌာနခွဲ မန္တလေးကျောင်း တွင် အနားယူရန် ပင်ငေးကြီး ဆရာတော် ဘုရား က ဟိုက်တွန်းအမိန့်ရှိသည်။ လောကီပညာကိုလည်း သင်ပေးသည်။ မိမိ၏ဆရာ တော်ကိုယ်စား အားထားကြည်ညိုသဖြင့် တပည့်အဖြစ်ခံယူ၍ အမိန့်နာယူ ခဲ့ပါသည်။ လေးစားမိပါသည်။

## တရားဝမ္မ-ပေးဝေ

ကျန်းမာရေးအတွက် အနားယူနေစဉ် ဂုဏ်တော်ကွန်ချာ ပြန့်ပွားရေးကို အလိုရှိကြသောဦးဗသိန်း၊နယ်ပိုင်ဝန်ထောက်၊ ယခု "မြန်နယ်ဦးစီးမှူး" ဦးသန်စင်၊ ဇတ်လုံတော်ရုံ၊ ရှေ့နေ၊ ယခု "နိုင်ငံတော်အစိုးရ ဗဟိုပြည်သူ့ တရားသူကြီးအဖွဲ့ဝင်" စသော ဆရာတကာရင်း ဖြင့်ကြသည့် ပုဂ္ဂိုလ်များက ဂုဏ်တော်ကွန်ချာ အခြေခံ ပုတီးစိပ်နည်းကို အများပြည်သူတို့ ပွားများ အားထုတ်နိုင်ရန် ရေးသားပြီးဝိုးသောမူကို ပုံနှိပ်ဝေဝင့် ပေးဝေ၊ နေပြုရန် လျှောက် ထား ကြပါသည်။

အခွင့်အာဝါ ပသင့်သဖြင့် ပုံနှိပ်ရန် မဆောင်မြင်ခဲ့ပါ။

မိမိကျန်းမာရေးကို စေတနာထက်သန်စွာ တာဝန်ယူ၍ ကူညီပေး ကြသော "ဆရာဝန်ကြီးဦးမောင်၊ဆရာဝန်ဒေါ်ငရိုက်" စကားပျားများ ပြောခြင်း၊ တရားဟောခြင်းများ နည်းပါးနိုင်သလောက် နည်းရုံ လျှောက် ထားကြသည်။ သူတို့လဲ ဂုဏ်တော်ကွန်ချာ ပွားများအားထုတ်ကြပါသည်။ စာမူကူးပြီ ဝေဝင့်လှုဒါန်းသည်။

ထိုအထဲတွင် ဂုဏ်တော်ကွန်ချာ ပုတီးစိပ် အားလုပ် နေသော တကာရင်းဦးထွန်းလင်း ပြည်သူ့သစ်ဆိုင် မန်နေဂျာ က အရှင် ဘုရားအား ပေးမြန်း လျှောက်ထားရတာ အားနာလှပါသည် ဘုရား။

စကား ပြောဟောစရာမလို အတိုချုပ်အမြန်ဆုံး လူတိုင်း သိနိုင်အောင်ထုတ်နိုင်သော ဂုဏ်တော်ကွန်ချာ အခြေခံ ပဌမဆင့် ပုံစံကို ထုတ်ဝေ ဓမ္မဒါန ပြုရန် ခွင့်တောင်းသဖြင့် ခွင့်ပြုလိုက်ပါသည်။

ထိုအခြေခံ ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်း ပြန့်ပွားလာလျှင် အဓိပ္ပါယ် မရှင်းမလင်းသော အချက်အလက်များ အမြှုပ်မြှုပ်မှုစာဖြင့်ဆက်သွယ် မေးမြန်းခြင်း၊ လူကိုယ်တိုင်လာ၍ လျှောက်ထားခြင်း ပြုကြသည်။ တချို့လဲ ကိုယ်တိုင်လာရောက် အားထုတ်နည်းယူကြပါသည်။

ထိုနောက် စာမူအခြေခံများကို ဖြည့်စွက်လျက် မိမိမွေးနွေအတွက် သုံးကြိမ်တိုင်တိုင် စာကူးစက်ဖြင့် ကူး၍ ဓမ္မဒါနပြုခဲ့သည်။

အားလုံးသော တပည့် တကာ တကာမများ၏ လိုအင်ဆန္ဒကား မပြည့်စုံကြသေးပါ။ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ရန် ပြန့်ပွားရန် နောက်ထပ် မန္တလေးမြို့ ရွှေနဂါးကြက်သွန်ကြော်၊ ဦးဘမောင် ဒေါ်ခင်စိန်၊ ရန်ကုန်မြို့မှ ဦးစန်းလှိုင် တို့က ဆက်လက် ဓမ္မဒါန ပြုကြပါသည်။

ချမ်းသာရ ဆရာတော်ဘုရားထံ ဝန်ခံကတိကား အနှစ်နှစ်ဆယ်ပြည့်ခဲ့လေပြီ။ ကျွန်ုပ်တာဝန်ကား အောင်ခဲ့လေပြီ။ ထိုဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်းကို တကိုယ်ကောင်းအနေဖြင့် ထားပါက တိမ်မြုပ်နေမည်။ ကွယ်ပျောက်သွားမည်။ အများပြည်သူတို့ အကျိုးစီးပွား အကျိုးငှာ အာရုံပြု၍ မိမိအားထုတ်၍ သိရှိသော အသေးစိပ် ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်းကို အသေးစိပ် နည်းပေးလမ်းပြကာ အားထုတ်နိုင်ကြရန် ပညာ အလှူပေးဝေငှပါသည်။

မြတ်ဂုဏ်တော်

ရတနာသည် လောကီ ရတနာ
လောကုတ္တရာ ရတနာ ဟူ၍ နှစ်မျိုးရှိပါသည်။

လောကီရတနာသည် လူတို့၏ အသုံးအဆောင် တန်ဆာ အရာ ဝတ္ထု ပစ္စည်းများဖြစ်ပါသည်။ ရတနာ ခုနစ်ပါးကို ဆိုလိုပါသည်။

လောကုတ္တရာ ရတနာကား ဘုရားရတနာ၊ တရားရတနာ၊ သံဃာ ရတနာ ထိုအမြတ်သုံးပါး၏ ဂုဏ်တော်မြတ်ဖြစ်ပါသည်။ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာ ဘုရားရှင်၏ ဂုဏ်တော်ပွားနည်း ကွန်ချာနည်းဖြစ်ပါသည်။

## အ မြ တ

အမြတ်ဘေဆိုသော ဝေါဟာရစကား အဓိပ္ပါယ်သည် "အ မ တ" ဟူသော မြန်မာစာ အသုံးအနှုန်း၏ ပရိယာယ်တခုဖြစ်ရာ "အ မ ရ တ" တနည်းအားဖြင့် "အ မ တ"ဟူသော သတ္တဝဏ္ဏနှင့် ပါဠိဘာသာတို့မှ တဆင့် ကူးယူ ပုံသွင်းထားသော စကားဖြစ်ချေသည်။

**မသေနိုင် မကြေနိုင် ဟူသော အနက်အဓိပ္ပါယ်ကိုဆောင်သည်။**
**တွဲ စပ် သော အ ခါ....**

ဂုဏ်တော်ကွန်ချာ အမြတ်ကေသည် ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်ကြသောပုဂ္ဂိုလ်များကို မသေနိုင်ရာဖြစ်သော၊မြတ်သော၊နိဗ္ဗာန်သို့ ပို့ဆောင်နိုင်သော ဗုဒ္ဓ ဂုဏ်တော် ပွားများနည်းဟု အဓိပ္ပါယ် ကောက်ယူ ရပါသည်။

## ဂုဏ် တော် အား ထား သဒ္ဒါ ပွား

ဂုဏ်တော်ပွားများအောက်မေ့ခြင်းသည် "ဗုဒ္ဓါနုဿတိ"ကမ္မဋ္ဌာန်း အားထုတ်ခြင်းပင်ဖြစ်သည်။ ပုတီးစိပ်၍ ဘုရားအာရုံပြုခြင်းပင် ဖြစ်သည်။

ပဋ္ဌိပတ် ကျင့်မြတ်ဖြစ်ကြောင်းကို နောက်ပိုင်း စုံလင်စွာ ရေးသားဖော်ပြ ထားပါသည်။

ဂုဏ်တော် ပွားခြင်းသည် အကျင့်မြတ် ဖြစ်သည်

ယုံကြည်မှု သဒ္ဓါ

ကျင့်သုံးမှု သီလ

ကြည်ညိုမှု ပသာဒ

တရားတော်ကို သိမြင်မှု ဓမ္မဒဿန

ယင်းသိမှု အသိဉာဏ်နှင့် ပြည့်စုံကြသော ဂုဏ်တော် ပွားများ အားထုတ်ကြသော ပုဂ္ဂိုလ်မြတ် တို့သည် အကျင့်မြတ် ပဋ္ဌိပတ္တိ ကျင့်စဉ် အတွင်းသို့ ဝင်၍ တည်သော "အထက် မဂ်နှင့် ယှဉ်သော" ချမ်း သာ သို့ သင့်တော်သော အခါ စင်စစ်အားဖြင့် ရောက်နိုင်ကုန်၏။

မဟာဝဂ္ဂသံယုတ်၊ ဗြဟ္မာစရိ ယောဂဓသုတ်

ဤကဲ့သို့ ထူးကဲသော မြင့်မြတ်သော ကျင့်စဉ် ပဋ္ဌိပတ် ဂုဏ်တော် မြတ် ကွန်ချာ ပုတီးစိပ်နည်းကို အားပါးတရ ပွားများ အားထုတ်ကြပါရန် တိုက်တွန်းပါသည်။

မှန်ကန်သော ပုတီးစိပ်ကွန်ချာနည်းကို နည်းမှန်လမ်းမှန် ညွှန်ပြသ ပါသည်။

ဂုဏ်တော်ပွားများအားထုတ်ကြသော ပုဂ္ဂိုလ်ယောဂီ သူတော်စင်တို့၏ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနတို့တွင် တွေ့ကြုံရမည့် သံသရာ ဘေးဒုက္ခများနှင့် လောကီလူသားတိုင်း နေ့စဉ်နေ့တိုင်း တွေ့ကြုံခံစားနေကြရသော ဘေးဆိုး ကပ်ဆိုး အန္တရာယ်အမျိုးမျိုးတို့မှ ကင်းလွတ်၍ လိုရာနိဗ္ဗာန်ခစန်း တက်လှမ်းနိုင်ကြပါစေ။

ကိုယ်ကျင့် သီလ ပြည့်ဝပါစေ ပြည်သူတွေ
ဂုဏ်တော်ပွားကြ များလှဝေနေ ချမ်းသာစေ
ကပ်ဆိုးဘေးမှ ကင်းပရန်တွေ အောင်ပါစေ
နိဗ္ဗာန်ပေါက် ဆိုက်ရောက်ကြပါစေ မေဘာဝေ။

## ပြန်မာကဗျာ "၁၁" လုံးဘဲ

ဒုက္ခ ပတ္တာစ နိဒ္ဒုက္ခာ
ဘယ ပတ္တာစ နိဗ္ဘယာ
သောက ပတ္တာစ နိသောကာ
ဟောန္တု သဗ္ဗေပိ ပါနိနော

ဆင်းရဲခြင်း ဆိုက်ရောက်ကုန်သော သတ္တဝါတို့သည် ဆင်းရဲခြင်းမရှိကြပါစေကုန်သတည်း။

ဘေးအန္တရာယ် ဆိုက်ရောက်ကြကုန်သော သတ္တဝါတို့သည် ဘေးအန္တရာယ်မရှိကြပါ စေကုန်သတည်း။

စိုးရိမ်ပူဆွေးခြင်း ဆိုက်ရောက်ကြကုန်သော သတ္တဝါတို့သည် စိုးရိမ်ပူဆွေးခြင်းမရှိကြပါစေကုန်သတည်း။

"ပုဗ္ဗ ဏ သုတ်"

ကမ္ဘာသူ ကမ္ဘာသားများနှင့် သတ္တဝါ မှန်သမျှတို့သည် အသေဆိုး အနေဆိုး ဘေးဆိုးကပ်ဆိုး အန္တရာယ်အမျိုးမျိုးတို့မှ ကင်းဝေးရှိ ချမ်းသာသုခ ရကြပါစေသတည်း။

ဂုဏ်တော်ကွန်ချာ အမြတ်တော စာအုပ်ကို အစ အဆုံး ဝိုင်းဝန်း ကူညီသုံးသင်ပြုပြင်ပေးသော ဖျာပုံမြို့ ရှာလည် ကျောင်း ဘုန်းကြီး ဦးတေဇော ဘာသာဘိဝံသ နှင့် ဂုဏ်တော်ကွန်ချာ ပြန်ပွားရေးအတွက် ဓမ္မဒါနပြုကြသော တကာ တကာမတို့အား အထူးပင်ကျေးဇူးတင်ပါသည်။

**အောင် စန္ဒာဘာသ**

ကနီ ပရဟိတဌာန တာဝန်ခံ

ဖျာပုံမြို့နယ် ကနီ ကျေးရွာ။

၁၃၃၈ခု၊ တပိုလတ္တဆန်း ၈ ရက်၊ မွန်.နေ့။

# ဂုဏ်တော်ကွန်ချာ
# အမြုတေပုတီးစပ်နည်း

## နမောတ သ

ဘုန်းတော်ရှစ်ပါး
အဏိမာ၊ လဃိမာ၊ ပတ္တိ
ပါကမ္မ၊ မဟိမာ၊ တထာ
ဣသိတာစ ဝသိတာ စ
ယတ္တ ကာမာ ဝသာ ယိတာ
ဣဿရိယ ဂုဏောပေတံ
ဝန္ဒေ အပ္ပဋိ ပုဂ္ဂလံ။

**အဏိမာစ။** ။အနုမြူ သဖွယ် သေးငယ်ပုံဟန် ဖန်နိုင်စွမ်းဘိ "အဏိမာ"ခေါ် ရှေဘုန်း တော်သည် လည်း ကောင်း။

**လဃိမာစ။** ။လေဝယ်လွင့်ပါး ဝါဂွမ်းလားသို့ ငှက် မျှား ပုံသွင် ထက်ကောင်းကင်၌ ခြေလျင်လျင်လျား ကြွသွားနိုင်ဘိ အစွမ်း ရှိသည် လဃိ မာ ခေါ် ရှေဘုန်းတော်သည်လည်းကောင်း။

ပတ္တိစ။ ။အဓိဋ္ဌာန်ဖြင့် စိတ်ကြံတိုင်းသာ လိုရာဒေသ မှန်သမျှသို့ မကြာရလျှင်း ခဏချင်းပေါက်ရောက်နိုင်စွမ်းဘိ ပတ္တိ ဆိုခေါ် ရွှေ ဘုန်း တော်သည်လည်းကောင်း။

ပါကမ္မံစ။ ။ရှင်မြတ်စိတ်တွင် ဖြစ်စေချင်သည် ပုံသွင်စသည် အလီလီကို လိုသလိုဖန် စီမံသမျှ ပြီးစီးရသည် ပါကမ္မခေါ် ရွှေဘုန်းတော်သည်လည်းကောင်း။

မဟိမာစ။ ။ကိုယ်တော်မြတ်ကို ကြီးလိုသမျှ ရူပပုံဟန် ဖန်နိုင်စွမ်းဘိ မဟိမာ ခေါ် ရွှေ ဘုန်း တော် သည်လည်းကောင်း။

တထာ။ ။ဘုန်းတော်ဆိုသမျှ မလိုရအောင် ထိုမှတပါး။

ဤသိတာစ။ ။နတ်လူဗြဟ္မာ သတ္တဝါကို လိုရာလိုရာ အပါဆောင်ကြဉ်း စိုးပိုင်ခြင်းဟု နိုင်နင်းသတ္တိ ဤသိတာခေါ် ရွှေဘုန်းတော်သည်လည်းကောင်း။

ဝသိတာစ။ ။ဣဒ္ဓိဝီခေါ် ဝသီဘော်၌ ပြိုင်ဖော်မရှိ စွမ်းနိုင်ဘိသည် ဝသိတာခေါ် ရွှေဘုန်းတော်သည်လည်းကောင်း။

ယတ္ထကာမာဝသာယိတာစ။ ကောင်းကင်ပျံရိုး မြေလျှိုး စသည် အလီလီရှမှုအဝဝ ပြုသမျှတွင် ပြီးစေချင်သော် မတင်မကျ မရှိရပဲ လုံးဝမသွေ ပြီးစေနိုင်ဘိ အစွမ်းရှိထ ယတ္ထကာမဝသာယိတာ ခေါ် ရွှေ ဘုန်းတော်သည်လည်းကောင်း။

ဣတီ။ ။ဤသို့။

ဣဿရိယ ဂုဏပေတံ။ ။အရာရာမျိုး အစိုးတရ ဣဿရိယဟု ရှစ်ဝအစုံ ရှေ့ဘုန်းတော်ဂုဏ်နှင့် ပြည့်စုံတော်မူသော။

အပ္ပ ဋီ ပုဂ္ဂလံ။ -ပြိုင်ဘက်ရည်တူ မရှိမူ၍ လူထက်လဲမြတ် နတ်ထက်လဲသာ ဗြဟ္မာဦးညွှတ် ထွတ်ဖျားသခင် ရှင်တော်မြတ်ဘုရားကို။

ဝန္ဒေ ဝန္ဒာမိ။ ။ထူးမြတ်ရှစ်စုံ တန်ခိုးဂုဏ်တွင် အာရုံထားကာ ပွားသဒ္ဓါဖြင့် များစွာမြတ်နိုး ဦးညွှတ်လျှိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

## ရှင်တော်မြတ်ဘုရား ဘုန်းကံများ

ဘုန်းရှိသောသူကို ဘုန်းရှင် ဥာဏ်ရှိသော သူကို ဥာဏ်ရှင် ကံရှိသော သူကို ကံရှင်များက လေးစားမြဲ ဓမ္မတာ ဖြစ်သည်။

ဘုန်းရှင် ဥာဏ်ရှင် ကံရှင်ဖြစ် တော် မူသော ဘုရာ ရှင်သည် ဘုန်းတော်အနန္တ ဥာဏ်တော်အနန္တ ကံတော်အနန္တ တို့ဖြင့် ပြည့်စုံတော်မူခြင်းကြောင့် လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ မှီခိုအားထားရာဖြစ်သော သမ္မာ သမ္မုဒ္ဓ ဘုရားစင်စစ် ကေန်ပင်ဖြစ်သည်။ အားရှိသူကို အားမဲ့သူက အားကိုးရမြဲဖြစ်ပါသည်။

အတ္တာယ ဟိတာယ သုခါယ

ဒေဝ မနုဿာနံ ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇတိ။

အဂုတ္တိုရ် ၁၊ ၂၁

ဘုရားရှင်သည် လူနတ်ပြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ ပွင့်တော်မူရသည်။ ဘုရားအဖြစ်ကို လွယ်လွယ်ရမည် မဟုတ်၊ အတ္တအကျိုးထက် ပရကျိုးတွက် ပိုမိုမြတ်နိုးသည်။ ဘဝပေါင်း အသက်ခန္ဓာ စွန့်လွှတ်ကာ အများအကျိုးအတွက် ပါရမီတော် ဖြည့်ကျင့်တော်မူသဖြင့် ဘုရားအဖြစ်ရရှိတော်မူသည်။

## ဗုဒ္ဓ၏ ဘုန်းတော်များ

(၁) လောကီအရာ၌ စိတ်ကိုအစိုးရသော ဘုန်းတော်။

(၂) လောကုတ္တရာအရာ၌ စိတ်ကိုအစိုးရတော်မူသောဘုန်းတော်။

(၃) အခြံအရံပရိသတ်တို့နှင့် ပြည့်စုံတော်မူသော ဘုန်းတော်။

(၄) တရာ့ရှစ်ကွက် စက်လက္ခဏာ ကြက်သရေ အဖြာဖြာ ဖြင့် ပြည့်စုံတော်မူသော ဘုန်းတော်။

(၅) စိတ်အလိုရှိသမျှ အောင်မြင်တော်မူသော ဘုန်းတော်။

(၆) ကြီးမားမြင့်မြတ်သော ဝိရိယဖြင့် ပြည့်စုံတော် မူသော ဘုန်းတော်။

ဘုန်းထော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရားသခင်၏ ဂုဏ်တော် ကျေးဇူးတော်တို့သည်ကား ချီးကျူးသြဘုံ နိုင်ဘွယ်ရာ မရှိပါ။

ထိုရှင်တော်မြတ်ဘုရား၏ ဘုန်းတော် ခြောက်ပါး ဘုန်းတော် ရှစ်ပါး ကြည်ညိုဘွယ်ရာအသွယ်သွယ် မျှားပြားလှပေသည်။ သူမတူအောင် မျှားပြားလှသောကြောင့် ဘုန်းတော်ရှင်ဖြစ်ရပါပေသည်။

သဗ္ဗ ဒသ ဗလူပေတာ

အလုံးစုံသော ဘုရားရှင်တို့သည်
ဉာဏ်တော်ဆယ်ပါး ဘုရားရှင်တို့၏
စွမ်းအားနှင့် ပြည့်စုံတော်မူကြကုန်၏။

ဉာဏဒေရှင် ဖြစ်တော်မူသော ဘုရားရှင်သည် ဉာဏ်တော် ဆယ်ပါး၊ အားတော်ဆယ်ပါးနှင့်တကွ ဝေသာရဇ္ဇ ဉာဏ်တော်တို့ပါ ပြည့်စုံခြင်း၊ ထူးခြားမြင့်မြတ်ခြင်း တို့ကြောင့် ဘုရားစင်စစ် ဖြစ်တော် မူသည်ကို ဝန်ခံတော်မူသည်။

မူလ ပဏ္ဏာသ၊ မဟာ သိဟနာဒသုတ်

ဉာဏ ဗလ ဉာဏ်တော် ဆယ်ပါး

(၁) အကြောင်း ဟုတ်သည် မ ဟုတ်သည်ကို သိသောဉာဏ်။
(၂) ကံအကျိုးကို သိသောဉာဏ်။
(၃) တိုထိုဘဝနှင့် နိဗ္ဗာန်ရောက်ကြောင်း သိသောဉာဏ်။
(၄) ဓာတ်သဘာဝ အမျိုးမျိုးကို သိသောဉာဏ်။
(၅) သတ္တဝါတို့၏ နှလုံးသွင်းဓာတ်ခံကို သိသောဉာဏ်။
(၆) သတ္တဝါတို့၏ ဣန္ဒြေ အထက်အနှိမ့်ကို သိသောဉာဏ်။
(၇) စျာန်ဝင်သည်တို့၏ ဆုတ်ယုတ်မှု တိုးတက်မှုကိုသိသောဉာဏ်။
(၈) ရှေ့ဘဝအပြစ်ကို သိသောဉာဏ်။
(၉) သတ္တဝါတို့၏ စုတိပဋိသန္ဓေကို သိသောဉာဏ်။
(၁၀) အာသဝ ကုန်ရာ နိဗ္ဗာန်ကို သိသော အရဟတ္တမဂ်ဉာဏ်။

ဘုရားရှင်တို့၏ "အား" တော်အရာ၌ "တထာ ဂတ ဗလ" ဆိုထား သဖြင့် ကာယ ဗလ အားဆယ်ပါးကိုလည်း ထို့အတူ ဆိုထားပါသည်။

မူလပဏ္ဏာသ မဟာသီဟနဒသုတ်

စေတနာ ဟံ ဘိက္ခဝေ ကမ္မံဝဒါမိ
စေတယိတ္ဝာ ကမ္မံ ကရောတိ
ကာယေန ဝါစာယ မနသာ
နိဗ္ဗေဓိကသုတ် အံ-၂-၃၆၃

သဗ္ဗေသတ္တာ ကမ္မသကာ ကမ္မဒါယာ
ကမ္မယောနိ ကမ္မ ပဋိသရဏာ
စူဠကမ္မဝိဘင်္ဂသုတ် မ-၃-၂၄၃

စေတနာသည်ပင် ကံ၊ကံ သည်ပင်လျှင်စေတနာ။ ကံ သည်အမှုကိစ္စ ဖြစ်သည်။ ကံ သာလျှင်အမှီ၊ ကံသာလျှင်အဖ၊ ကံ သာလျှင် အဆွေဝင်ပွန်း၊ ကံ သာလျှင် အားကိုးရာ၊ အားထားရာ၊ မှီခိုရာ၊ ကိုးကွယ်ရာဖြစ်သည်။

ကံသည် မိမိပြုသော ကောင်းမှုကံ၊ မကောင်းမှုကံ ဖြစ်ပါသည်။ လူသာမန်တို့ထက် အစစအရာရာ ထူးကဲမြင့်မြတ်စွာ လုလ္လဝိရိယ ဉာဏ်စွမ်း သတ္တိနှင့် ပြည့်စုံသည်။ ဘဝ အသခ်ေ့ ရေမတွက်နိုင် သူမတူအောင် အသက် ခန္ဓာ စတေး၍ လှုခဲ့သည်။

သီလ စောင့်ထိန်းခဲ့သည်။ ဒါနပြုခဲ့သည်။ ပရ အကျိုးယည်ပိုးဆောင် ရွက် ဖြည့်ကျင့်ခဲ့သော ပါရမီကုသိုလ်က ကြီးမားသောကြောင့် ဘုန်းတော် ရှင် အနန္တ၊ ကံတော်ရှင် ဖြစ်ရပေသည်။ အချောင်ရသော ဘုန်းကံမဟုတ်။

သဗ္ဗေ ဗုဒ္ဓါ သမသမာ
သဗ္ဗေ ဗုဒ္ဓါ မဟိဒ္ဓိကာ

ဘဒ္ဒန္တနာဠန္ဒာယသုတ်

အလုံးစုံသော ဘုရားရှင်တို့သည် ယှဉ်ပြိုင်နိုင်သူ ရည်တူမရှိ။သို့ရာတွင် ရှေ့ဘုရားရှင်တို့နှင့်ကား တူတော်မူကြကုန်၏။ အလုံးစုံသော ဘုရားရှင်တို့သည် ကြီးမြတ်သော တန်ခိုးတော်ရှိကြကုန်၏။

သမ သမောတိ သမောယေ၀
ဟုတ္ဝာသမော

သီလကွန် ဦးကာဟောင်း၊ ၃၁၉။

ကုဋ္ဌေကဠာပေါင်း မျိုးစုံကုန်သော ဘုရားရှင်တော်မြတ် တို့နှင့် အတူ ဘုန်းသမ္ဘာရှင် ဥာဏ်တော်ကဲ့ရှင် ဖြစ်တော်မူသော မြတ်စွာဘုရား သခင်သည် ကြီးမြတ်သော တန်ခိုးသတ္တိ ထူးစွာရှိသည်။ ဒါကြောင့် "ယှဉ်ပြိုင်နိုင်သူ ရည်တူသူမရှိ"ဟု ဆိုထားပါသည်။

ထိုရှင်တော်မြတ်ဘုရားကို သဗ္ဗ၀ါအပေါင်းတို့သည် မှီခိုအားထား ဆည်းကပ်ကိုးကွယ်ကြသည်။ ဘုရားရှင်တော်မြတ်သည် ထူးကဲ စွာသော အတ္တဟိတ သမ္မတ္တိ၊ မိမိအတွက် ဖြည့်တော်မူ၍ ပရဟိတ၊ ပဋိပတ္တိ၊သူတပါး အတွက် ကျင့်ကြံတော်မူခဲ့သည်။ ပါရမီတော်တို့ကား သူမတူ နိုင်သော ဘုန်းရှင် သမ္ဘာရှင်ဖြစ်ကြောင်း၊ ဤဗုဒ္ဓစရိယ ကျင့်စဉ်မြတ် ဖြစ်ပါသည်။

ဦးစွာ ပဌမ ဆုပန်သ

အလောင်းတော်ရသေ့မြတ်သည် အမရ၀ေတီ မင်းနေပြည်တော်ဝယ် သူဌေးမျိုးရိုး အစဉ်အဆက်မှ ဆင်းသက်လာသော သတ္တိသားတယောက် ဖြစ်ပါသည်။

သူ၏အမည်ကို သုမေဓာလို့ ခေါ်ပါသည်။ သုမေဓာသည် မိဘဘိုးဘေး အစဉ်အဆက်က ရထားသော အမေ့ပစ္စည်း အမျိုးမျိုးတို့ကို ကိုယ်ကျိုးအတွက် မသုံးဆောင်ဘဲ ပရဂျိုးအတွက် သုံးစွဲရန်ကြံစည်တော်မူလေသည်။

သူ၏ စိတ်ကူးအတွေးအခေါ် ကောင်းလှပေသည်။ မိမိ ပိုင်ဆိုင်သော ပစ္စည်းဥစ္စာ ရတနာရွှေငွေ အထွေထွေကို အိုမင်းမစွမ်းရှိကြကုန်သော အဘိုးအို၊ အဖွားအိုများနှင့် ဆင်းရဲနွမ်းပါးသော ကလေးသူငယ် ဒုက္ခသည် အပေါင်းတို့၏ အကျိုးစီးပွားများအတွက် အသုံးပြုရန် စွန့်ကြဲလေသည်။ "ပရဟိတ" လုပ်သည်။

တိုင်းပြည်နှင့်လူမျိုးတို့၏ ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာတို့ တိုးတက် ကြီးပွားအောင် စွန့်ကြဲပေးကမ်း၍ ရသော ရဟန်း ပြုတော်မူလေသည်။

တနေ့သောအခါ 'ဒီပင်္ကရ' မြို့တော်စား ဘုရား ရှင်သည် "ရမ္မာ"မင်းနေပြည်တော်သို့ သံဃာပရိသတ်အခြံအရံများဖြင့်ကြွတော်မူသည်။ မြို့သူမြို့သား လူအများအပြား လမ်းခင်းနေကြစဉ် လိုအင်သောတနေရာကို မိမိခန္ဓာကိုယ်အား အလျားစင်း၍ တံတားခင်းကာ ပရဟိတ သူတပါးအကျိုးအတွက် ဆောင်ရွက်နိုင်ရန် ဒီပင်္ကရာဘုရားရှင် ခြေတော်ရင်းဝယ် နိယတ ဗျာဒိတ်ပန်းဆင်မြန်းတော်မူသည်။

| | | |
|---|---|---|
| မိမိပိုင်ငြား | အများဥစ္စာ | စွန့်ကြဲခါ |
| ဘိုးဘွားအိုများ | သနားငဲ့ညှာ | စွန့်ကြဲခါ |
| ဆင်းရဲသူပေါင်း | ထောင်သောင်းများစွာ | စွန့်ကြဲခါ |
| ရသေ့မြတ် | ဆုလာဘ်ပန်ဆင်ကာ | စွန့်ကြဲခါ။ |

ဒီပင်ဗုဒ္ဓ မြန်းကြွအလာ ဆုပန်ရှာ
ခန္ဓာကိုယ်အား တံတားခင်းကာ ဆုပန်ရှာ
နိယတဗျာဒိတ် ခပ်နှိပ်သေချာ ဆုပန်ရှာ
ပါရမီဖြည့် ရသေ့သုမေဓါ ဆုပန်ရှာ။

မြန်မာကဗျာ"၁၁"လုံးဘဲ့ နည်းယူရန်

## အသက် ခန္ဓာ ပေးလှူပါ

အလောင်း တော် ရသေ့မြတ်သည် ဆုပန်သည့် နေ့မှ စ၍ ဘဝ အသခေါ်ပေါင်းများစွာ မိမိ၏ခန္ဓာကိုယ်၊ မျက်စိ၊နား၊နှာခေါင်း၊ အသွေး အသား သားနှင့်မယား စသည်တို့အပြင် ဥစ္စာပစ္စည်း ဆင်မြင်းရထားနှာတို့ ပါ ပေးလှူခဲ့သည်။ ပရကျိုးအတွက် ကနဦးအစ ဒါန ပါရမီ ကုသိုလ်ပင် ပြုခဲ့သည်။ သူမတူအောင် အားထုတ်လှူခဲ့သည်။

သီလတော်မြတ်ကိုလည်း အသက်ပေးကာ မကျိုးမပေါက် မပြောက် ပကျားအောင် စောင့်ရှောက်ကျင့်ကြံအားထုတ်တော်မူခဲ့သည်။

သီလကွန်အဌကထာ

သခေါ်ဘဝ သီလစုံညီ ပါရမီ
စွန့်ခြင်းငါးဝ ပြည့်လုတလီ ပါရမီ
ပြဟ္မာလူနတ် ဆည်းကပ်ကူညီ ပါရမီ
ဦးယှဉ်ကြ တုပလုမ်းပမှီ ပါရမီ။

ဘဝပေါင်းများစွာ အတွက်ကို စွန့်ပယ်၍ ပရကျိုးဖြည့်ကျင့်ဆည်းပူးခဲ့သော ပါရမီအဟုန်တို့ကြောင့် ဗုဒ္ဓစင်စစ် ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ဘုရားအဖြစ်သို့ရရှိတော်မူသောအခါ တုနှိုင်းမယှဉ်နိုင်သော အနန္တ ဘုန်းရှင် ဥာဏ်ရှင်ဖြစ်တော်မူသည်။ တို့ဘုရားရှင်၏ ဂုဏ် တော် များ သည် ချီးကျူးလို့မကုန်နိုင်၊ အံ့ဩလို့မကုန်နိုင်၊ ဗုဒ္ဓဂုဏ် ရွတ်ဘတ်သရဇ္ဈာယ်လို့ မနိုင် ပွားများအားထုတ်လို့မကုန်နိုင်ဖြစ်ပါသည်။

ဗုဒ္ဓဝင်ပါဠိတော် ၃၀၆
ဌင်းအဋ္ဌကထာ ၈၅

ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘာသေယျဝဏ္ဏံ
ကပ္ပမ္ပိ စေ အညမဘာသမာနော
ခိယေထ ကပ္ပေါ စီရဒိဃမန္တရေ
ဝဏ္ဏော နခိယေထ တထာဂတဿ။

သိလက္ခန် အဋ္ဌထာ ၂၅၇

ဗုဒ္ဓေါပိ၊ အခြား ဘုရားတဆူက။ ဗုဒ္ဓဿ၊ အခြား ဘုရားတဆူ၏။ ဝဏ္ဏံ၊ဂုဏ်ကျေးဇူးတော်ကို။ ကပ္ပမ္ပိ၊ မ ဟာ ကပ် တကပ်လုံးကြာအောင်။ အညံ၊ဂုဏ်တော်မှပါး အခြားစကားကို။ အဘာသ မာနော၊ မပြောမဆိုဘဲ (တကပ်လုံးလုံး ဂုဏ်တော် ချည်း ကိုသာ)။ စေ ဘာသေယျ၊ အကယ်၍ပြော ဟောအံ့။ စီရဒိဃမန္တရေ၊ အတိဒီဃ သမယံ၊ အလွန်ရှည်စွာသော ကာလ၌။ ကပ္ပေါ၊မဟာကပ်ကြီးသည်။ ခိယေထ၊ ကုန်မူကုန်ရာ၏။ တထာဂတဿ၊ မြတ်စွာဘုရားရှင်၏။ ဝဏ္ဏော၊ ဂုဏ်ကျေးဇူးတော်သည်။ နခိယေထ၊ မကုန် နိုင်ရာ။

အဘူတ ပရိကပ္ပနာ စကားဟု ဋီကာက ဖွင့်သည်
ဗုဒ္ဓါနံ ဟိ ဘဝင် ပရိဝါသော လဟုကောဟောတိ။

မူလပဏ္ဏာသ အဋ္ဌကထာ ဒု ၁၉၃

ရိုးရိုးလေး တပည်ရှတ်ဆိုချိန်ပဲ ရှင်ဘာနန္ဒာက ပုဒ်ပေါင်းများစွာ ရွတ်ဆိုနိုင်သည်။

ရှင်ဘာနန္ဒာယင်း ဘုရား ကိုယ်တော်တိုင်က နှုတ်လျှာ ပိုသွက်၍ ပိုပြီးမြန်မြန်ရွတ်ဆိုနိုင်သည်။

ယင်းသို့ ရွတ်သိုဘာသာသုံ့လှည့်သောဘုရားတဆူက အခြားသောဘုရားတဆူ၏ ဂုဏ်တော်ကျေးဇူးမျှော်မျှားကိုချီးကျူးရာ၏။

အချိန်ကာလအားဖြင့် ကြာမြင့်ပြီးမှ ယင်းဂုဏ်တော်များ ကွန်ဆုံးမည်ကို အတိအကျပြောပြနိုင်ပါ။

ပဟာ ကပ်ကက်လိုပြောင်ယောင် ထိုင်ရှိ ချီးကျူးဟောပြောပါစေ၊ ပဟာကပ်ကြီးသာ ကွန်ဆုံးသွားပြီ။ ဂုဏ်ပေါ်၌ ကျေးဇူးတော်များကား ကွန်ဆုံးဘွယ်မရှိပါ။

ဤမျှပင် ဂုဏ်ပေါ်များ၏ ကျေးဇူးတော် ဂုဏ်တော်များကြီးမား လွန်းလှပါသည်။ များပြားလှပါ၏။ [illegible] ကုန်ဆုံးနိုင်ဘွယ်မရှိပါ။

ဂုဏ်တော် တရားတော်[illegible]ပါ ယင်းများလုလည်း နက်နဲသိမ်မွေ့လှပါသည်။[illegible] သိနိုင်ဖို့ ခဲယဉ်းလှပါသည်။ နက်ရှိုင်းလှပါသည်။

သဝဏ္ဏရေတွင် [illegible] ရှိသ ကဲ့သို့ အထိသာ လူများက ဘုရားရှင်၏ဂုဏ်တော်ကျေးဇူးပေါ်များကိုသိနိုင်သည်။

## မြန်မာ "၁၁" လုံးဘွဲ့ကဗျာ

သာပန်လူများ ရွတ်ဖွားတာ ထိုချိန်ပဲ
အာဘုန္ဒာက များလှစွာ ပိုပည်သာ
ကိုယ်ထင်ကဲ့သို့ သွက်လှုပ်လျှာ မြတ်ဗုဒ္ဓါ
ဂုဏ်ပေါ်များ ရွတ်ဖွားမဆုံးပါ ဒုံးသြပါ။

## ချီးကျူးမကုန် ဗုဒ္ဓဂုဏ်

ဥပါလိသူကြွယ်သည် ဘုရားရှင်၏ တရားတော်ကို နာကြားရသဖြင့် ဗုဒ္ဓတပည့်အဖြစ် ခံယူသည်။

ထိုအခါ နိဂဏ္ဌနာဋပုတ္တ တိတ္ထိဆရာကြီးသည် တပည့်ဖြစ်သူဥပါလိသူကြွယ်ထံ သွားရောက်မေးမြန်းသည်။

"အိုတပည့်ကြီး ဥပါလိသူကြွယ်၊ သင့်ကိုဘုရင်မင်းနှင့်တကွ အများပြည်သူတို့က ငါတို့၏ တပည့်ကြီးဟု အသိအမှတ်ပြုခဲ့ကြသည်။ ယခု သင် ဘယ်ယူ့တပည့်ဟု မှတ်ရမလဲ"

ထိုအခါ ဥပါလိသူကြွယ်က ဘုရားရှင်၏ တပည့် ကြီး ဖြစ်ကြောင်း ဂုဏ်တော်ပေါင်းများစွာကို ဂါထာများသီကျူး၍ ချီးကျူးပြပါသည်။

တိတ္ထိဆရာကြီး။ ။"အို-သင်ယနေ့မှပင် ဂေါတမတပည့်ဖြစ်သည်။ ဘယ်တုန်းကများ ရဟန်းဂေါတမ၏ဂုဏ်တွေ စုရုံးသီကုံးထားသလဲ"

ပန်းမျိုးစုံသောပန်းပုံကြီးရှိနေလျှင် ပန်းသည်မှာ သီကုံးဘို့ မခက်တော့ပါ။ လွယ်ကူစွာ လိုရာ လိုရာကို ကောက်ကာငင်ကာ သီကုံးခဲ့ဆိုနိုင်သကဲ့သို့ ဗုဒ္ဓရှင်တော်ဘုရားမှာ ဂုဏ်တော်ပေါင်းများစွာရှိနေရာ ထိုဘုရားရှင် ဂုဏ်တော်များကို စုရုံးသီကုံးဘို့ အခက်အခဲမရှိ၊ လွယ်လွယ် ကူကူ ရှိပါသည်။

ချီးမွမ်း ချီးကျူးထိုက်သော ပုဂ္ဂိုလ်ကို မချီးမွမ်း မချီးကျူးဟု မရှိပါ။ ချီးကျူးရပေမည်။ ဂုဏ်ပြုရပေမည်။

မဏ္ဍိမပဏ္ဏာသ၊ဥပါလိသုတ်

## ပူဇော်ထိုက်က ပူဇော်ကြ

ဗုဒ္ဓရှင်တော်မြတ်၏ အတိုင်းအဆမရှိသော ဂုဏ်တော် ကျေးဇူးတော်များကို တလုံး-တပါဒ တဂါထာ စသည်တို့ဖြင့် တတ်အား သမျှ

အသီးသီးဖွဲ့ဆို ပူဇော်ကြသည်။ ဂါထာပေါင်းများစွာဖြင့် ဖွဲ့ဆိုသီးကုံးနိုင်သော ပုဂ္ဂိုလ်များသည်ကား ထူးကဲသော ပါရမီရှင်များ ဖြစ်ပါသည်။

ပါရမီရှင် ဥပါလိသူကြွယ်မှာ ဗုဒ္ဓ၏ဂုဏ်တော်များကို ကြည်ညိုသူဖြစ်သည့်အတိုင်း ဗုဒ္ဓအယူဝါဒကို နှစ်သက်သဖြင့် ဗုဒ္ဓတပည့်အဖြစ်ခံယူကာ ထက်မြက်သော ဉာဏ်ပညာတို့ဖြင့် ဗုဒ္ဓ၏ ဂုဏ်တော်ပေါင်း များစွာတို့ကို ဂါထာပေါင်း များစွာတို့ဖြင့် သီကုံး ရွတ်ဆိုပြသခြင်းမှာ တိတ္ထိဆရာကြီးတို့ အားကျသိရှိစေရန်နှင့် မိမိသည် ဗုဒ္ဓ တပည့် ဖြစ်ကြောင်း သိရှိလို၍ ရွတ်ဆိုပြသခြင်း ဖြစ်ပါသည်။

ပူဇော်အရဟန္တာတိ ပူဇနေယော

ပူဇော်၊ ပူဇော်ခြင်းကို
အရဟန္တာ၊ ထိုက်ကုန်၏။
ဣတိ၊ ဤသို့ပူဇော်ထိုက်သည် အဖြစ်ကြောင့်
ပူဇနေယော၊ ပူဇော်ရာ မည်၏။

ဗုဒ္ဓသည် "အနန္တ ဂုဏ သမ္ပန္နသ" ဟူသော ဂျီးကျူးမ်ား မကုန်နိုင်သော ဂုဏ်ပုဒ်ကြောင့် ဂျီးကျူး ဂုဏ်ပြုထိုက်ဒသာ ပုဂ္ဂိုလ် ပဲနှာ်လူ သတ္တဝါ ကျွတ်ထက် ပူဇော်အထူးကို ခံတော်မူထိုက်သောကြောင့် "ပူဇော် ထိုက်သော သူတို့ထက် အထူးသဖြင့် ပူဇော် ထိုက်သော ပုဂ္ဂိုလ်ဖြစ်ပါသည်။"

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် ကမ္ဘာသူ ကမ္ဘာသား တို့အား ဝိုးတက်ကြီးပွား အကျိုးများစေသော မင်္ဂလာတရား ဖြစ်ပါသည်။

ဘုရားရှင်၏ ဂုဏ်ကိုရည်မှန်း၍ ပူဇော်ကြသော သူများမှာ အပါယ်ဒုက္ခဘေးမှ ကင်းလွတ်၍ လောကမှာ ကြက်သရေမင်္ဂလာ အပေါင်းတို့နှင့် ပြည့်စုံ၍ အများ ပူဇော်မှုကိုလည်း ခံစားရပါသည်။ သေသော အခါ နတ်ပြည် သုဂတိသို့ ရောက်ရမည်။

ယေကေစိ ဗုဒ္ဓသရဏံ ဂတာသေ
နံ တေဂမိဿန္တိ အပါယဘူမိံ
ပဟာယ မနုဿံ ဒေဟိ
ဒေဝကာယံ ပရိပူရေဿန္တိ။

သံယုတ်ပါဠိတော် သံ ၁၊ ၂၅

ဗုဒ္ဓပုံတော် ရုပ်ပွားတော် စေတီပုထိုးစသည်များကို ကြည်ညိုသဒ္ဓါ ပွားများကြသော ပုဂ္ဂိုလ်များသည် ကိုယ်စား ရုပ် ပွားတော် များထက် ဘုရားရှင်ဂုဏ်တော်ကို အာရုံပြု ကြည်ညိုပွားများအားထုတ်ပူဇော်ကြရမည် ဖြစ်ကြောင်း။

(၁) ဓမ္မပူဇာ- အကျင့်မြတ်ဖြင့် ပူဇော်ခြင်း။
(၂) အာမိသပူဇာ - ဝတ္ထုပစ္စည်းဖြင့်ပူဇော်ခြင်း။
ဟူ၍ပူဇော်ကြသည့်နေရာမှာ နှစ်မျိုးနှစ်စားသိရှိလိုပါသည်။
(က) ပဋိပတ္တိပူဇာကို "မေမ္ပူဇာလို့" ဆိုပါသည်။
အကျင့်မြတ်ဖြင့် ပူဇော်ရာတွင် ဘုရားရှင်တော်၏ဂုဏ်တော်များကို အလေး အမြတ် ပြု၍ မြတ်နိုးစွာ ရှိခိုးခြင်းလည်း ပါဝင်ပါသည်။

ဓမ္မနုဓမ္မပဋိပတ္တိယာ အကျမ်းဝင်ပါသည်။

(ခ) အာမိသပူဇာ သည် ဆွမ်းခဲဘွယ် ပန်းရေချမ်း ဆီမီးစသော အာမိသဖြင့် ပူဇော်ခြင်းဖြစ်ပါသည်။ အပူဇော်ခံပုဂ္ဂိုလ်အား ရိုသေ လေး စား သော အားဖြင့် ခြေဆုပ်လက်နယ် ပြု၍ ပူဇော်နိုင်ပါသေးသည်။

အကျင့်ပဋိပတ္တိကဲ့သို့ စိတ်ထားကြည်လင်ပူဇော်ခြင်းပင်ဖြစ်ပါသည်။
ပူဇိတော ပူဇနေယျာနံ စသော
သံယုတ် ၁၇၇

ပူဇာရဟေ ပူဇာယတော စသော
အပါဒါန်ပါဠိတော် ပ၊ ၁၄၇

## ပူဇာတိသက္ကာရ ဂရုဏာဝရမာနာန ဝန္ဒနာ

ပူဇာတိ။ ။ပူဇော်ခြင်းဟူသည်
သက္ကာယဂရုဏာဝရ။ ။အရိုအသေ အလေးအမြတ်ပြုခြင်းပင်
မာနန။ ။မြတ်နိုးခြင်းပင်
ဝန္ဒနာ။ ။ရှိခိုးခြင်းပင်ဖြစ်သည်။

ဗုဒ္ဓရှင်တော်ဘုရား၏အစ အလယ် အဆုံး သုံးပါးလုံးစုံ ပဋိပတ္တိဂုဏ်ကို လိုက်နာ ကျင့်သုံး ကျင့်ကြံ သူသည် ဘုရားကို ကောင်းစွာပြုခြင်း အလေးအမြတ် ပြုခြင်း၊ မြတ်နိုးခြင်း၊ ပူဇော်ခြင်းမည်ပါသည်။

ဒေဝဟိက ပုဏ္ဏာ သည် မြတ်စွာဘုရားကို ရေနွေးတခွက် ကပ်လှူဒါန်းသည်နှင့်ပတ်သက်လို့ ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊ အရိုအသေ ပြုခြင်း၊ မြတ်နိုးခြင်း၊ ရှိခိုးခြင်းဟူသည် အကျင့်မြတ် ပဋိပတ် ဖြစ်တဲ့အကြောင်း ကို ဟောပါသည်။

ဒေဝဟိကသုတ် သဂါထာဝဂ် သံယုတ်ပါဠိတော်

ယော ခေါ အာနန္ဒာ ဘိက္ခုဝါ ဘိက္ခုနီဝါ
ဥပါသ ကောဝါ ဥပါသိ ကာဝါ
ဓမ္မာနု ဓမ္မပဋိပန္နော ဝိဟရတိ
သာမိစိ ပဋိပန္နော အနု ဓမ္မ စာရိ
သော တထာဂတံ သက္ကာ ရောတိ
ဂရု ကရောတိ မာနေတိ ပူဇေတိ
အပစိယတိ ပရမာယံ ပူဇာယ

ဒိဃနိကာယ်-၁၁၄

ချစ်သား အာနန္ဒာ ရဟန်းယောကျ်ား၊ရဟန်းမိန်းမ၊ လူဥပသကာ ဥပသိကာမများ ကျင့်ကြံအားထုတ်ကြသော လောကုတ္တရာ တရားကိုးပါး အား လျော်သော အကျင့်မြတ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်များသည် ငါဘုရား ကို....

ပူဇော်ခြင်း
အရိုအသေ အလေးအမြတ်ပြုခြင်း
မြတ်နိုးခြင်း
ရှိခိုးကန်တော့ခြင်း မည်၏။

ဝန္ဒနာ အရ ရှိခိုးပူဇော်ခြင်းကို သိရန်လိုပါသည်။

ဝန္ဒနာသည် "ဂုဏနိန္ဒတာ" ဂုဏ်တော်၌ ညွှတ်ကိုင်းခြင်း ဖြစ်၍ အကျင့်မြတ် ကျင့်သူမှာ ဘုရားဂုဏ်တော်မြတ်ကို ညွှတ်ကိုင်း ရိုသေ လေး စားခြင်းပင် ဖြစ်ပါသည်။

တရားကျင့်သူများ ဘုရားဂုဏ်ကို အာရုံပြု၍ အကျင့်ဖြင့် ရှိခိုးခြင်းတမျိုးပင် ဖြစ်ပါသည်။

## ဝန္ဒနာဟူသည်—

(က) လက်အုပ်ချီမိုး ရှိခိုးခြင်း "ကာယဝန္ဒနာ"
(ခ) ရှိခိုးပါ၏ဟူ၍ နှုတ်မြွက်ဆိုခြင်း "ဝစီဝန္ဒနာ"
(ဂ) စိတ်အစဉ် အာရုံပြုအောက်မေ့ခြင်း "မနောဝန္ဒနာ"
(ဃ) ပဋိပတ္တိပူဇောကို ဝန္ဒနာ ဟု ဆိုရပေမည်။

ဘုရားရှင် ဂုဏ်တော်များကို ရွတ်ဆိုလျက် ရှိခိုး ပူဇော် ကြသည့် အကြောင်းအရာများကို သုတ်တော်များစွာရှိပါသည်။

## ဦးညွှတ်လေးစား ကြည်ညိုပွား

ဗြဟ္မာဟုထင်ပေါ်ကျော်ကြား လူသိများသော ဗြဟ္မာဏ ပါမောက္ခ ဆရာကြီးသည် တပည့်ဖြစ်သူ ဥတ္တရလုင်ထံမှ ဗုဒ္ဓ၏ ဂုဏ်တော် ကျေးဇူးများကိုကြားသိရလျှင် အလွန်ပင် သဒ္ဓါ ကြည်ညိုထက်သန်စွာဖြင့် ဘုရားရှင် ရှိရာအရပ်သို့ မျက်နှာမူလျက် ရှိခိုးကန်တော့သည်၊ "ကာယဝန္ဒနာ"

မဏ္ဍိမပဏ္ဏာသ ဗြဟ္မာယုသုတ်

ဗြဟ္မဏ ပါမောက္ခ ဆရာကြီးသည် တပည့်ဖြစ်သူ ဥတ္တရလုလင် အကြောင်းပြု၍ ဗုဒ္ဓရှင်အား ကြည်ညိုသဒ္ဓါ ထက်သန်သူဖြစ်သည်။ဘုရားရှင် ဂုဏ်တော် အာရုံပြု ရှိခိုးသည်ဖြစ်ကြောင်း။

**သတိရစွာကန်တော့ပါ....**

ဗုဒ္ဓရှင်ကို ကြည်ညိုအားကိုးသော ဘာရဒ္ဒါဇပုဏ္ဏားကြီး၊ အိမ်သူ ဓနဥာနိပုဏ္ဏားမသည် မိမိခင်ပွန်းသည် ပုဏ္ဏားကြီးစားသုံးရန် ထမင်း ဟင်းလျှာများကို သွားရောပို့ရာ အခန့်မသင့် ချော်လဲသောအခါ ဘုရားရှင်ကို တသသတိရ၍ "နမောတဿ"ဟု သုံးကြိမ်နှုတ်ဖြင့်ဆိုကာ ကန်တော့သည်။ "ဝစီဝန္ဒနာ" အရှိအသေပြုသည်။

သဂါထာဝဂ္ဂ- ဗြဟ္မဏသံယုတ်

ဂုဏ်တော်များကို အာရုံပြု၍ ပူဇော်ကန်တော့ကြသော ပုဂ္ဂိုလ်များသည် တနည်းအားဖြင့် "ပရိတ္တ"သုတ်တော်များ၊ အရံအတားအဖြစ် ရှတ်ဆိုသည့်အခါ ဂုဏ်တော်အာရုံပြု ရှတ်ပါက လောကဓမ္မ နှစ်ဝ အကျိုးကျေးဇူးကို အားပြုသည့် သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ ကျေးဇူးပြုခြင်းသည် ဂုဏ်တော်တန်ခိုးတော် သတ္တိထူးပင်ဖြစ်သည်။

ဤသို့ "ဗုဒ္ဓ-ဓမ္မ-သင်္ဃပတ္တိ" ကျင့်စဉ်တွင် သွတ်သင်း ယူထားခြင်းကြောင့် ဂုဏ်တော် ပွားများအားထုတ်သော ပုဂ္ဂိုလ်တို့သည် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး စသည်မှ ကင်းလွတ်၍ နိဗ္ဗာန်ရောက်သည်။ ဘဝသံသရာ ကျင်လည်ရာတို့တွင် အာယု ဝဏ္ဏ သုခ ဗလ စသော အကျိုးတရားများ ခံစား စံစားကြရသည်မှာ ဗုဒ္ဓ၏ဂုဏ်တော်သတ္တိ အာနုဘော်တို့၏ အာနိသင်မြတ် ဖြစ်သည်ဟု ဆိုပါသည်။

**အပြတ်ဂုဏ်တော်**

ရှိခိုးပူဇော် "ဂုဏ်တော်အပေါင်း"ရှတ်ဆိုလျက် ဗုဒ္ဓကို အောက်မေ့ကြသည်။ သဒ္ဓါတရားအလျောက် ပူဇော်ဘွယ် အမျိုးမျိုး ပူဇော်ကြသည်။

ငဂါတမိထေရိမသည် အယူသီလ တူမျှသော သာဝကဗုဒ္ဓကို ကျေမြင်ရလျှင် အမြဲရှိခိုးချင်သည်ဟု ဆိုပါသည်။

သမ္မာသမ္ဗုဒ္ဓသာဝက ဗုဒ္ဓတို့၏ လောကုတ္တရာ ခံမှတရားမြတ်ကို တွေ့သိရလျှင် ထိုဗုဒ္ဓတို့၏ ဓမ္မဂုဏ်ညွှန်ကိုင်းချင်သည် ဟု ဆိုပါသည်။ ဤကား ဝန္ဒနာ အရသိရပါ။ အမြတ်တနိုး ရှိခိုးကော်ရော်ပူဇော်ခြင်း ဂုဏ်တော်ကို အာရုံပြု ရှိခိုးရန်ဖြစ်သည်။

## ကောင်းသောပူဇော်ခြင်း

ပရိနိဗ္ဗာန်စံဝါနီး နတ်ဗြဟ္မာ အပေါင်းတို့ လွန်လွန်ကဲကဲ ပူဇော်ကြသည်ကို မြင်သောအခါ "ချစ်သား အာနန္ဒာ ငါဘုရားကို ဤမျှလောက် ပူဇော်ခြင်းဖြင့် ပူဇော်သည် မမည်သေးပါ။

လောကုတ္တရာ တရား ကိုးပါး ရကြောင်း တ ရား ကောင်း ကို ကျင့်ခြင်းဖြင့် ပူဇော်မှသာ အကောင်းဆုံး ပူဇော်ခြင်းမည်ကြောင်း" ဟော တော်မူ၏။

ဒီဃနိကာယ် ၂-၁၁၄

ဤအချက်များကို ထောက်ချင့်သောအားဖြင့် မဂ်ဖိုလ် ကိုရခြင်း၊ နိဗ္ဗာန်ကို ကိုယ်တွေ့မြင်ရခြင်းသည် ရှိခိုးပူဇော်ခြင်းတို့တွင် အ မြက် ဆုံး အကောင်းဆုံးဖြစ်သော အကျင့်မြတ်ဖြင့် ရှိခိုးပူဇော်ခြင်းများ၏ အကျိုး အမြတ် ဖြစ်သည်ဟု သိရပါသည်။

ကာရကပါလီ အမည်ရှိသောပုဏ္ဏားနှင့် ပိဂ်ဂိယာနီ အမည်ရှိသော ပုဏ္ဏားနှစ်ဦးတို့ ဆွေးနွေးမေးမြန်းကြပုံကို ဖော်ပြပါအုံးမည်။

ကာရဏပါလီ= အိုအဆွေ ပိဏ္ဍိယာနီ ဘယ်ကပြန်လာသလဲ။

ပိဏ္ဍိယာနီ = အကျွန်ုပ် ရဟန်းဂေါတမထံမှ ပြန်လာခဲ့ပါတယ်။

ကာရဏ = အဆွေ ရဟန်းဂေါတမအကြောင်း ဘယ်လိုသိသလဲ။ ပညာရှင်တဦးထင်ပါရဲ့။

ပိဏ္ဍိ = အကျွန်ုပ်က ဘယ်လိုလူမို့လဲ၊ ဘယ်လောက်တော်တဲ့လူမို့ ရဟန်းဂေါတမ၏ ပညာစွမ်းကို သိနိုင်ရမှာလဲ။

ရဟန်းဂေါတမ၏ ပညာစွမ်းကို သိနိုင်သောသူမှာ ရဟန်းဂေါတမလို ပညာရှိပုဂ္ဂိုလ်မျိုးသာ ဖြစ်ရမှာပေါ့။

ကာရဏ = အဆွေက ရဟန်းဂေါတမအား ကောင်းမြတ် မွန်ရည်သော ချီးမွမ်းခြင်းဖြင့် ချီးမွမ်းသည်။

ဘယ်လိုအကျိုးထူးကိုမြင်၍ ဤမျှ ကြည်ညိုလေးစားရပါသလဲ။

ပိဏ္ဍိ = အကျွန်ုပ်သိသမျှ ပြောရမည်ဆိုပါက—

(က) အကောင်းဆုံးသော အရသာဖြင့် ဝအီနေသောသူသည် မကောင်းသော အရသာကို မလိုလား မနှစ်သက်ပါ။ ထို့အတူ ရဟန်းဂေါတမတရား နာရသောသူသည် ထိုတရားမှတပါး အခြား သာမဏ ဗြဟ္မဏဝါဒ မနှစ်သက် မလိုလားပါ။

(ခ) ပျားအုံကို ဘယ်နေရာမှာ လျက်လျက် ချိုသောအရသာကို ရနေသည်သာ ဖြစ်၏။

ထိုအတူ ရဟန်းဂေါတမတရားကို ဘယ်လိုနာရနာရ ထိုတရားမှ နှစ်သက်ခြင်းကို ရနေသည်။ စိတ်အစဉ်ကြည်လင်ခြင်းကို ရနေသည်။

(ဂ) စန္ဒကူးဘုံးကို "အရင်း အဖျား အလယ်" ကြိုက်ရုနမ်းပါ၊ ငမ္ဘားကြိုင်သော ရနံ့ကိုရလျက်သာ ရှိပါသည်။

ထို့အတူ ရဟန်းဂဂါတမတရားဘယ်ပုံနာရနာရထိုတရားမှ ဝမ်းမြောက်ခြင်း ခံရလျက်သာ၊ စိတ် ရှင်ပျခြင်းရလျက်သာ ရှိပါသည်။

(ဃ) ပြင်းထန်သော ရောဂါ ဝေဒနာ စွဲကပ်သော လူနာကို ကျွမ်းကျင်သော ဆေးဘက္ကသည် တခဏခြင်း ရောဂါ ပျောက်ငြိမ်းစေသကဲ့သို့—

ထို့အတူ ရဟန်းဂေါတမတရားသည် စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊စိတ်ဆင်းရဲခြင်းများကို ငြိမ်းပျောက်စေပါသည်။

(င) ဒေဒအပူဒဏ်ကြောင့် ရေဆာ လောင်သော သူသည် ကြည်လင် ချိုမြိုသော ရေကိုသောက်သုံးရသော် အပူအပန်း မှုန်သမျှ ပြေငြိမ်းသကဲ့သို့။

ထို့အတူ ဘယ်ပုံ ဘယ်နည်းဖြင့် ဟော သည် မဆိုနာရပါမူ ထိုတရားတော်မြတ်ကြောင့် သောကအပူမှုန်သမျှ ငြိမ်းစေပါသည်။

ပိဂီယာနိုထံပှုဒ္ဓဂုဏ်တော်အပေါင်းကို နာ ကြား ရ သော အခါ တာရဏာပါလိသည် နေရာမှထကာ လက်ဝဲပုခုံးထက် ကိုယ်ရုံတဖက် တင်လျက် လက်ျာဒူးကို မြေကြီးထောက်ပြီးလျှင် ဘုရားရှိရာ လက်အုပ်ချီ၍ "နမောတဿ" ဟုသုံးကြိမ်ဦးညွှတ်ကန်တော့လေသည်။

ဤသည်လျှင် ဗုဒ္ဓဂုဏ်တော်များကို ချီးကျူးကာအာရုံပြုကန်တော့ခြင်းဖြစ်ပါသည်။

(တာရဏာပါလိသုတ် အံ၂၊ ၂၀၆)။

## ပူဇော်ခြင်း အစ ရှိသေရ

ပူဇော်ခြင်းဟူသည် အရှိအသေပြုခြင်းပင်ဆိုထိုက်သည်။

အပူဇော်ခံထိုက်သောပုဂ္ဂိုလ်ကား ပုဗ္ဗေစ ကတပုညတာ မိမိဆည်းပူး အားထုတ်ခဲ့သော ပါရမီကုသိုလ်ထူးတို့ကြောင့် ဝါ ဘုန်းရှင် သမ္ဘာရှင်ဖြစ်သော ဘုရားရှင်ပင်ဖြစ်ပါသည်။

ဘုရားကိုပူဇော်ခြင်း အရှိသေ ပြုခြင်းတို့သည် ပူဇာစ ပူဇနေယျာနံ အရ ပူဇော်ထိုက်သော ပုဂ္ဂိုလ်မြတ်ကို ထင်စွာ အထူးသဖြင့် ပူဇော်ခြင်းမြတ်နိုးခြင်းဖြစ်ပါသည်။

လူနတ်ဗြဟ္မာ သတ္တဝါတို့ထက် အဆပေါင်းများစွာ သိန်းသန်းကုဋေကုဋာ မရေတွက်နိုင်အောင် ထူးကဲမြင့်မြတ်သော တန်ခိုးဂုဏ်သတ္တိထူးရှိသော ပုဂ္ဂိုလ်ကား ဗုဒ္ဓ သမ္မာသမ္ဗုဒ္ဓ ဖြစ်ပါသည်။ ဗုဒ္ဓ၏အဆုံးဒေသဖြစ်သော တရားတော်မြတ်နှင့် သံဃာတော်မြတ်တို့လည်း ပါဝင်ပါသည်။

ထို့နောက် သီလ သမာဓိ ပညာရှိသောပုဂ္ဂိုလ် အမိ အဘ ဆရာ သမား ဘိုးဘွားတို့အား ပူဇော်ခြင်းသည်လည်း အရှိအသေ ပြုခြင်းပင်ဖြစ်ပါသည်။

ဤသို့ ထူးဆွေဆန်းပြား ပူဇော်ကြရာဝယ် ဝိသေသ ဂုဏ်တော်ကျေးဇူးတော်တို့ကို အမှန်းတင်၍ ရေးသားရံလျှင် ဗုဒ္ဓလောင်းလျှာများ ဖြစ်လာသည့်နေ့မှစ၍ ဘုရား အဖြစ် ရတော်မူသည် အထိ တန်ခိုးဂုဏ်တို့ကြောင့် ပူဇော်ကြသည်။ အလောင်းတော် ငယ်စဉ်ကပင် ပူဇော်အထူးကို ခံရသည်မှာ ထူးသောဘုန်းသမ္ဘာရှင်ဖြစ်ကြောင်း။

အတိ ဇာတ အဖထက်မြတ်သော သား
အနု ဇာတ အဖနှင့်တန်းတူ ညီတူဖြစ်သော သား
အဝ ဇာတ အဖထက် ယုတ်နိမ့်သော သား

ဤသား သုံးပါးတို့တွင်—

အဖထက်မြတ်သော သားထူးသားမြတ်ပေမို့ မွေးစကပင် လူနတ်ဗြဟ္မာ သတ္တဝါတို့ ကောင်းချီးသြဘာ ချီးကျူး ထောပနာပြုကာ ကန်တော့သည်များမှာ အံ့စရာပင်မဟုတ်ပါလား။

သုဒ္ဓေါဓနမင်း၏နန်းတော်သို့ ဒေဝီဌရသေ့မြတ် ကြွတော်မူသည်။ ထိုအခါ ဖခင်မင်းကြီးက သားတော်လေးအား ရသေ့မြတ်ကို ရှိခိုးကန်တော့ရန်ခိုင်းရှာသည်။

အလောင်းတော်သားမြတ်သည် ခြေမှ အစုံ ပျံတက်တော်မူလျက်နေသည်ကို အများမြင်ကြရသောအခါ အံ့သြဘွယ် ဖြစ်ကြရလေသည်။ ဝမ်းမြောက်စွာချီးကျူးကြလေသည်။

ထိုအခါ ရသေ့မြတ်သည် သူ၏ဥာဏ်တော်ဖြင့် ကြည့်ရှုလျက် ဘုရားဝင်စစ် ကေန်ဖြစ်ပည့်သူမို့ ရှိခိုးပူဇော်လေသည်။ ဤ အခါမှ စ၍ "လူနတ်ဦးခိုက် ပူဇော်ထိုက်သည်" ဟု ဆိုကြသည်။

## မြန်မာကဗျာ(၁၁)လုံးဘွဲ

၁။ သုဒ္ဓေါဓန နန်း ပ ဘုံ လယ် အံ့ရာ ဘွယ်
ရှင်ဒေဝီဌ လှမ်းကြွ လာတယ် ပူဇော်ကွယ်
သားတော်ယုယ ဦး ချ ပါ ကွယ် ခိုင်းရှာတယ်
ရသေ့ပြုံး ရှေးဘုန်းကြီးလှတယ် ဆန်းတကြယ်။

၂။ လောင်းတော်သားမြတ် စျာန်ခ၁တ်ကိုဝင် ဦးထိပ်တင်
ရသေ့ ဦး ထက် လှမ်းတက်ကြွစဉ် ဦးထိပ်တင်
အုံ့ ဘွယ် ထူး စ ဦးချတဲ့ရှင် ဦး ထိပ် တင်
မြတ်ဘုရား ဖြစ် ငြား ၉ ကန် ပင် ဦးထိပ်တင်။

ထို့နောက် သုဒ္ဓေါဓနမင်းကြီးသည် လယ်ထွန်မင်းလာပွဲတော် ပြုနေစဉ် အထိန်းတော်များက သားတော်လေးအား သပြေပင်ရိပ် သိပ်ထားခဲ့ပြီး လယ်ထွန်မင်းလာပွဲသို့ကြည့်ရှုနေကြသည်။ မင်းကြီးသည် သားတော်လေးအား သတိရသဖြင့်ကြည့်ရှုရန်ခေါ်ခိုင်းသည်။

အထိန်းတော်များသည် သားတော်လေး ပေ့ ချီ ရန် အလာ အလောင်းတော်သားမြတ်သည် ကောင်းကင်ပြင်ဝယ် တင် ပလ္လင် ခွေလျက် ပထမစျာန်ဝင်စားနေသည်ကို တွေ့မြင်ကြရသဖြင့် အထူးပင် အုံ့သြရပြန်လေသည်။

မင်းကြီးသည် ဒုတိယအကြိမ် သားတော်ကလေးအား လက်အုပ်ချီလျက် ကန်တော့ရပြန်လေသည်။ တိုင်းပြည်အတွက် လယ်ထွန်မင်းလာပွဲ ဆင်နွှဲရသည်ထက် ထူးကဲလှသော သားမြတ်သားထူးပူဇော်ရသဖြင့် ဝမ်းသာမဆုံး ပီတိပုံးလွှမ်းခဲ့လေသည်။

မယ်တော် မာယာ ဝမ်းတိုက်မှ မွေးဖွားစ သုံး ခွန်း သော စကားကြိမ်းဝါးတော်မူသည်။ ပါရမီရင့်ကျက်သူ ဘုန်းရှင် သမ္ဘာရှင်မွေးရသည့် သားတော်အတွက် ဂုဏ်ယူမဆုံးဖြစ်ရလေသည်။

အဂ္ဂေါ ဟ မသ္မိ လောကဿ
ဇေဋ္ဌော ဟ မသ္မိ လောကဿ
သေဋ္ဌော ဟ မသ္မိ လောကဿ။
သီလက္ခန် အဋ္ဌကထာ ၆၀။

အလောင်းတော်သည် မယ်တော် မာယာ ဝမ်းတိုက်မှ မွေးဖွားစ မြောက်သို့မျက်နှာမူလျက် ခုနစ်ဖဝါးလှမ်းကာ "လောကဌ် ငါသာလျှင် အမြတ်ဆုံး၊ ငါသာလျှင် အကြီးဆုံး၊ ငါသာလျှင် အ ချီး မွမ်း ခံ ရ ဆုံး" စသည် စကားသုံးခွန်းကြိမ်းဝါးတော်မူသည်။

မှန်လှပါသည်။ ဘွားတော်မူသည် အချိန်ခါ အုံ့ဘွယ်ထူးခြားသော အချက်များကြောင့် လောကဓာတ်တသောင်း တုန်လှုပ်ခြင်းစသော အုံ့ဘွယ်များက အလောင်းတော်သားမြတ်၏ အပူဇော်ခံထိုက်သော ဂုဏ်တော်ထူးများကို ထုတ်ဖော်ပြသနေပေသည်။ အလောင်း တော် သည် သာမန် လူ ပုဂ္ဂိုလ်များထက် ထူးကဲမြင့်မြတ်သောပုဂ္ဂိုလ်မို့ ဖွားတော်မူသောအခါ ထူး ခြားလှပါသည်။

၁။ မယ်တော်ဖွားမြင်ပြီး တုသိတာနတ်ပြည်၌ ဖြစ်ခြင်း

၂။ ဖွားမြင်သောအခါတွင် ရပ်လျက်သာ ဖွားခြင်း

၃။ မြေသို့မကျ နတ်မင်းကြီး လေးပါးတို့က ခံယူ၍ အလောင်း တော်ဖွားကြောင်း ကြေးကြော်ခြင်း

၄။ အညစ်အကြေး မလူးလဲဘဲ သန့်စင်စွာ ဖွားမြင်ခြင်း

၅။ သုံးသပ်ရန် ရေများ ကောင်းကင်မှကျလာခြင်း

၆။ မွေးဖွားစ ခုနစ်လှမ်းလှမ်း၍ သုံး ခွန်း သော စ ကား များကို ကြိမ်းဝါးတော်မူခြင်း

ဤသို့ စသည်တို့ဖြင့် လောကဓာတ် တိုက်အပေါင်း နတ်လူဗြဟ္မာ သတ္တဝါတို့အားထားရာ အမြတ်ဆုံးဘုရားအဖြစ် မရောက်ခင်မှပင် ထူးခြား အုံ့ဘွယ်များကြောင့် ရသေ့မြတ်နှင့် ဖခင်သုဒ္ဓေါဓနမင်းမြတ်မှစ၍ ပူဇော် ခံရသည်မှာ ထူးခြားလှသော ပါရမီအဟုန်တို့ကြောင့် ဖြစ်ပါသည်။

အလောင်းတော် သိဒ္ဓတ္ထ မင်းသားသည် တောထွက်တော်မူကာ ဒုက္ကရစရိယာကျင့်တော်မူသဖြင့် ဘုရားဖြစ်တော်မူသည်။ ပါရမီရင့်ကျက်သူ ဖြစ်၍ လောကခေတ်တိုက်အပေါင်းမှ လူနတ်ဗြဟ္မာ သတ္တဝါတို့ ပူဇော် အထူးကို ခံတော်မူသည်။

ဂုဏ်တော်များ၏ တန်ခိုးတော် အာနုဘော်စသည်တို့ကို ချီးကျူးလို့ မကုန်နိုင်ကြောင်းရေးသားခဲ့လေပြီ။

၁။ ဗုဒ္ဓါနုဿတိ-ဘုရားဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့ခြင်း၊ ပုတီးစိပ်ခြင်း။

၂။ ပဋိပတ္တိပူဇာ- အကျင့်မြတ်ဖြင့် ပူဇော်ခြင်း။

၃။ အာမိသပူဇာ- ဝတ္ထုပစ္စည်းဖြင့် ပူဇော်ခြင်း။

၄။ ဗုဒ္ဓဝန္ဒနာ- ဘုရားကို ရှိခိုးပူဇော်ခြင်း။

အကျင့်မြတ်ဖြင့် ဂုဏ်တော်ကို အောက်မေ့ခြင်းသည် "ဓမ္မာနု ဓမ္မ ပဋိပတ္တိ" ကျင့်စဉ်တမျိုးဖြစ်၍ အထူးတလည် အားထုတ်ထိုက်ပါသည်။

ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် "အစ အလယ် အဆုံး" သုံးပါးလုံးစုံ ဟောကြားခဲ့သော အဆုံးအမ ဒေသနာများသည် သာသနာတော်ဖြစ်သည်။ သာသနာသုံးရပ်ကို မှီ၍ ကျင့်ကြံ အားထုတ် ကြသော အမျိုးကောင်း သားသမီးများသည် လူ့ဝိနည်း၊ ရဟန်းဝိနည်း၊ ဗုဒ္ဓဓမ္မ ဟူသမျှကို ကျင့်စဉ် ပဋိပတ် အားထားရာ ဖြစ်ပါသည်။ အားထုတ်ရန် ဖြစ်ပါသည်။

ကြင်းကျန်ရစ်သော ဗုဒ္ဓ၏ သရီရဓာတ်တော် မွေတော်များနှင့် ရုပ်ပွားတော်စေတီ ပုထိုး စသည်တို့ကို ရှိခိုးပူဇော် ကန်တော့ကြခြင်း၊ ဂုဏ်

တော်ပွားများ ပုတီးစိပ်ခြင်းကို ယနေ့တိုင်သူတော်စင်မြတ်တို့အား ကောင်းသော သဒ္ဓါကြည်ညိုမှုကြောင့် ကျောင်းကန်ဘုရား စေတီများတွင် အစဉ်မပြတ် အားထုတ်လျက်ရှိပါသည်။

ဗုဒ္ဓရုပ်ပွား ကြည်ညိုအားထား ပွားများခြင်းကြောင့် လောကရော တမလွန်ရော အကျိုးစီးပွား ခံစားရကြောင်းတို့ကို ဖော်ပြရေးသားရန် လိုအပ်ပါသည်။

ဓာတုစေတီ = အရိုးဓာတ်တော် မွေတော်သရီရဓာတ်

ဓမ္မစေတီ = ဓမ္မခန္ဓာပေါင်း ရှစ်သောင်း လေးထောင် စာပေကျမ်းဂန်။

ဥဒ္ဒိဿစေတီ= ရုပ်ပွားရုပ်ထု ဆင်းတုတော်များ။

ပရိဘောဂစေတီ= ဘုရားရှင်၏ အသုံးအဆောင် သပိတ်သင်္ကန်း ပရိက္ခရာများ။

ဗုဒ္ဓ၏ကိုယ်စား ကြည်ညိုအားထား ပွားများစေခြင်းငှာ ဘယ်ပုံ ဘယ်နည်းနဲ့ဘဲ ဖြစ်ဖြစ် "ဗုဒ္ဓ ဓမ္မ ပဒီပတ္တိ" ကျင့်၊ ဉ်အရ ဘုရားဂုဏ်တော်များကို သက်တော်ထင်ရှား ရှိသကဲ့သို့ အာရုံပြုကာ ပူဇော်ခြင်း၊ ရှိခိုးခြင်း၊ ဂုဏ်တော်ပွားများ အောက်မေ့ခြင်း၊ ပုတီးစိပ်ခြင်းများ ကိစ္စ ပြုသည်ကို ဗုဒ္ဓါနုဿတိ ဘာဝနာပွားများသည်ဟု ထိုထာ့ခြင်းကြောင့် အားထုတ်သင့်ပါသည်။

ဘုရားရုပ်ပုံတော် ရုပ်ပွားတော်များကို ကြည်ညို သဒ္ဓါပွားများရန် အိမ်မှာဖြစ်စေ၊ ကျောင်းမှာဖြစ်စေ၊ ဇရပ်မှာဖြစ်စေ ဆည်းကပ် ကိုးကွယ်သောသူသည် မိမိ၏စိတ်အစဉ် ကြည်လင် စေခြင်း၊ နှစ်သက်သော ပီတိအဟုန်များခြင်း၊ တဏှာ ရာဂ စသောတရားများ ချုပ်ငြိမ်းခြင်း၊ မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာသုခရခြင်း စသော အကျိုးများ ရနိုင်ပါသည်။

ဗုဒ္ဓ ရုပ်ပွား၊ ကိုယ် စား စေ တီ
ဂုဏ်တော်ထပ်ပွား၊ မှတ်သားတလီ
သမာဓိလမ်း၊ ဖြောင့်တန်းအညီ
သောကသိမ်း၊ ဘေးငြိမ်းရလေပြီ။

လောကတွင် ချက်ချင်း လက်ငင်း အကျိုးပေးသော သာဓက မျှားပြားလှပါသည်။ ဘုရားရှင်လက်ထက်မှစ၍ ယနေ့တိုင် ဗုဒ္ဓ၏ ဂုဏ်တော်သတ္တိထူး၊ တန်ခိုးတော်ထူးတို့ကြောင့် ဘေးခပ်သိမ်း ရန်ခပ်သိမ်း ကင်းငြိမ်း၍ မြင့်မြတ်သည်။ လက်တွေ့ ချမ်းသာ သုခခံစားရသည်မျှားကို ဖော်ပြပါမည်။

## အယူဝါဒ-ယှဉ်ပြိုင်ကြ

### ဗုဒ္ဓဝါဒ အယူရှိကြသော သူမျှားနှင့်

### မိစ္ဆာဝါဒ အယူ ရှိကြသောပုဂ္ဂိုလ်မျှားသည်

မိမိကိုးကွယ် ဆည်းကပ်ကြသော ဘုရား ရုပ်ပွား ဂုဏ်တော်မျှားကို ပူဇော်ကျင်းပသည့် ပွဲတော်မှအစ အချင်းချင်း ဝါဒယှဉ်ပြိုင် လာကြသည်။

အချင်းချင်းငြင်းခုံကြသည့် အကြောင်းမျှားကို သီဟာဠဒီပသာမှ မြန်မာပြန်ဆို ရေးသားထားသော "မဓုံရသဝါ ဟိနီ ဝတ္ထုတော်မှ တိဂုဏသာရလုင်" အကြောင်းတွင် တွေ့ရပါသည်။

လက်ဘဒီပ သီဟိုဠ်ကျွန်း - ယခု သီရိလင်္ကာနိုင်ငံ
ဘတ္တိသရိယမြို့ ဘတ္တိသရိယမင်း
တိရင်ကျေးရွာ

ဝါဒယှဉ်ပြိုင်သူများ....

မိစ္ဆာအယူရှိ ပိဿနိုးနတ် ကိုးကွယ်သူများနှင့်တိဂုဏသာရ ဗုဒ္ဓဝါဒကို ကိုးကွယ်သူ။

နံက်အရုဏ်ကျင်း၍ အလင်းသို့ ရောက်စပြုလာလေပြီ၊ မိစ္ဆာအယူ တူညီမျှကြသော တိရင်္ဂ ရွာသူရွာသားများသည် ဣဿရဘတ္တိက အမည်ရှိ သော ပိဿနိုးနတ်ရုပ်ကို ပူဇော်ကြရန် စီစဉ်အားထုတ်ကြသည်။ ပြင်ဆင် ကြသည်။

ထိုပိဿနိုးနတ်ရုပ် ခြေရင်းတွင် ဗုဒ္ဓရုပ်ပွား ရုပ်ထုတော် တဆူနှင့် အခြား နတ်ရုပ်များကိုထားလျက် ပိဿနိုးနတ်ရုပ်တွင် ပူဇော်ဟန်စီမံပြုလုပ် ထားကြသည်။

ပရိသတ်ကလဲ့ တဖြေးဖြေးနှင့် များပြားလာလေပြီ၊ ဗုဒ္ဓအယူရှိသော တိဂုဏသာရလုင်သည် ရေဆိပ်မှ ရေချိုးအပြန် ပိဿနိုး နတ် ပူ ဇော် ပွဲသို့ ဝင်ရောက်ကြည့်ရှုလေသည်။

ပိဿနိုးနတ်ရုပ်ခြေရင်းတွင် ဗုဒ္ဓရုပ်ပွားတော်ထားသည်ကိုတွေ့ရလျှင် ထိပ်လန့်တုန်လှုပ်သွားသည်။ "နမော ဗုဒ္ဓဿ" မြတ်စွာဘုရားအား အကျွန်ုပ် ရှိခိုးပါ၏ဟု ဆိုကာ အော်ဟစ် ငိုကြွေးလေသည်။ "မင်းတို့ ဒီလို လုပ်တာ မကောင်းပါဘူး။ ဒို့ကိုးကွယ်တဲ့ဘုရားကို ဒီလိုမလုပ်ပါနှင့်" ဟု ပြောဆို ငိုကြွေးလေသည်။

မိစ္ဆာအယူသည်းသူများက တိဂုဏသာရကို အပြင်သို့ နှင်ထုတ်ကြ သည်။ပရိသတ်တို့သည် အုတ်အုတ်ကြွက်ကြွက်လှုပ်ရှား၍သူ့ ဘက် ကိုယ့် ဘက် အုပ်စုဖွဲ့လျက် ငြင်းခုံစ ပြုလာကြလေပြီ၊ အငြင်းပွားမှု ပြင်းထန်လာကြသည်။ ထိုအခါ မင်းကြီးကို အကြောင်းကြားလေသည်။ ဘတ္တိဿရိယ မင်းကြီးသည် နှစ်ဘက်သော ဝါဒရှင်တို့အား ခေါ်ယူလျက် ပြောဆိုလေသည်။

**အိုအချင်းတို့....**

သင်တို့ ကိုးကွယ်ဆည်းကပ်ကြသော ရုပ်ထုတော်မြတ်သည် ငါနှင့်တကွ ပရိသတ်တို့ကြည်ညိုနိုင်အောင် အထူးထူးသော တန်ခိုးတော်ပြပါစေ၊ တန်ခိုးပြနိုင်သော ရုပ်ထု ရုပ်ပွားတော်မြတ်ကို ငါနှင့်တကွ ပရိသတ်တို့ ကိုးကွယ်ဆည်းကပ် ပူဇော်ပါမည်ဟု ဝန်ခံစကား ပြောကြားလေသည်။

ထိုအခါ မိစ္ဆာ အယူရှိကြကုန်သော တိရင်္ဂရ ရွာသူရွာသားများသည် ပိဿနိုးရုပ်ကို အမျိုးမျိုးလှအောင်ဆင်၍ အသီးသီး ပူဇော်ရန် ကြွေးကြော်ကြလေသည်။

၁။ မိစ္ဆာဓမ္မ ဂီတ သံပြိုင်ဆိုလျက် ပူဇော်ကြသည်။
၂။ ပန်း ဆီမီး စားဖွယ် သစ်သီးမျိုးစုံဖြင့် ပူဇော်ကြသည်။
၃။ တူရိယာငါးဖြာတို့ဖြင့် တီးမှုတ်ပူဇော်ကြသည်။

ဤကဲ့သို့ အထူးထူးအဆန်းဆန်းတို့ဖြင့် နတ်ရုပ်အား ပူဇော်သော်လဲ မည်သည့်တန်ခိုးတော်မှ မပြနိုင်သဖြင့် မိစ္ဆာဝါဒရှိသူများ ညှိုးငယ်ကြရလေသည်။ အရှက်ရကြလေသည်။

ဗုဒ္ဓအယူရှိသူတို့၏ ပူဇော်ရန်အလှည့်ရောက်လာချေပြီ။ တိဂုဏသာရသည် ဗုဒ္ဓရုပ်ပွားရှေ့တော်တွင် ပဆစ်ဒူးတုပ်ထိုင်လျက် သိလတော်မြတ်ခံယူ၍ မှန်ကန်သောစကားတို့တိုင်တည်၍ ဂါထာပေါင်း များစွာတို့ဖြင့် ပူဇော်လေသည်။

**မှန်ကန် သစ္စာစကား ဆိုငြာ တွင်တွင်**

(၁) ရှင်တော်မြတ်ဘုရား ရှင်တော်ဘုရားသည် သတ္တလောက လူနတ်ဗြဟ္မာ သတ္တဝါတို့၏အကျိုးစီးပွားအလို့ငှာ အတ္တမဖက်

ပရကျိုးသက်သက်ဖြင့် ကျင့်တော်မူသဖြင့် သဗ္ဗညုတ ဘုရား အဖြစ်ရသည်မဟုတ်ပါလားဘုရား။

(၂) ရှင်တော်မြတ်ဘုရားသည်ခန္ဓာကိုယ်နှင့်တကွ သားမယား၊ ဆင်မြင်းရတနာတို့ကို စွန့်ကြဲပေးကမ်းခဲ့သည်မဟုတ်ပါလားဘုရား။

(၃) ရှင်တော်မြတ်ဘုရားသည် ဆဒ္ဒန်ဆင်မင်းဘဝတုန်းက စွယ်ဘော်ဖြတ်လှူခြင်း၊ သိဝိမင်းဖြစ်စဉ်က မျက်လုံးတော် ဖေါက်လှူခြင်း၊ ခန္တီဝါဒ ရသေ့ဖြစ်စဉ်က ခန္ဓာကိုယ်အစိတ်အပိုင်းများ ဖြတ်တောက်သည်ကို သည်းခံသည်မဟုတ်ပါလားဘုရား။

(၄) ရှင်တော်မြတ်ဘုရားသည် ကိုယ်ဝန်ရှိသမင်မလေး သတ်မည့်ဆဲဆဲမိမိကိုယ်ကို အစားထိုး အသတ်ခံခဲ့သည်မဟုတ်ပါလားဘုရား။

(၅) ရှင်တော်မြတ်ဘုရားသည် ငရန့်မင်းနှင့် ငုံးမင်းဖြစ်စဉ်က သစ္စာတော်ဆိုသဖြင့် အားလုံး ချမ်းသာခဲ့သည်မဟုတ်ပါလားဘုရား။

(၆) ရှင်တော်မြတ်ဘုရားသည် အလွန်ပင် ကြမ်းတမ်းသော အာဋ္ဌာဝက နတ်ဘီလူး၊ ဗကဗြဟ္မာကြီး၊ နာဋ္ဌာဂီရိဆင်၊ အင်္ဂုလိမာလစသည့် လူကြမ်းနတ်ကြမ်းတို့ကို နိုင်ခဲ့သည်မဟုတ်ပါလားဘုရား။

(၇) ရှင်တော်မြတ်ဘုရားသည် အားလုံးသော လူနတ်ဗြဟ္မာသတ္တဝါတို့၏ ဆရာတဆူဖြစ်တော်မူ၍ အပူဇော်ကို ခံတော်မူထိုက်သော ဘုရားစင်စစ်ဖြစ်ပါသည်ဘုရား။

ဆိုခဲ့ပြီးသည့်အတိုင်း မှန် ကန်သော သစ္စာ စကားကို အကျွန်ုပ်ဆိုရခြင်းကြောင့် ရုပ်တုတော်ရှင်တော်မြတ်ဘုရားသည်

အမျိုးမျိုးသော ပါဋိဟာရိယဟူသော, တန်ခိုး ပြာဋိဟာကို ပြုတော်မူပါ အရှင်ဘုရား။

တိဂုဏသာရသည် ပရိသတ်အလယ် တင့်တယ်စွာ သစ္စာဆိုသည်ခဏ မြတ်စွာဘုရားရုပ်တုတော်သည် တင့်တယ်စံပယ်စွာ ကောင်းကင်သို့ ကြွချီ၍ တန်ခိုးပြာဋိဟာတို့ကို ပြတော်မူသည်။ ရောင်ခြည်တော် ခြောက်သွယ် လွှတ်တော်မူသည်။ အားလုံးသောမင်းနှင့်တကွ ပရိသတ်တို့၏ ကောင်းချီးအနုမောဒနာပြုသော အသံ တို့ သည် ကား သောင်း တိုက် စကြဝဋ္ဌာ တုန်လှုပ်သကဲ့သို့ဖြစ်ပါသည်။

၁။ ဂုဏသေဋ္ဌ ပုဗ္ဗင်္ဂမ ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းပူဇော်ခြင်း

၂။ မုခမင်္ဂလိက နှုတ်မင်္ဂလာစကားကို ပူဇော်ကြခြင်း

၃။ ပဋ္ဌဝိဓ တူရိယ သင်္ဃာတ တူရိယာငါးဖြာဖြင့်ပူဇော်ကြခြင်း

၄။ မဟာဇန လူအပေါင်းတို့၏ ခါး ဝ တ် ပု ဆိုး စသည်တို့ကို မြောက်၍ပူဇော်ကြခြင်း

၅။ ဓမ္မ ပူဇာ တရားတော်မြတ် အသံတို့ဖြင့် ပူဇော်ခြင်း ပြုကြပါသည်။

ဘတ္တိဿရိယမင်းကြီးသည် ပရိသတ် အခြံအရံနှင့်တကွ အံ့ဘွယ်ရာဖူးမျှော်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်၍ ဗုဒ္ဓအယူကို ခံယူပါသည်။ ထိုနေ့မှစ၍ ဗုဒ္ဓဘတ္တိဿရိယမင်းဟူ၍ ထင်ပေါ်ကျော်ကြားသည်။

တိဂုဏသာရ လုလင်ကို ပရိသတ် ရှေ့ တော် မှာ ချီးကျူးစကား ပြောကြားပြီး အမတ်ရာထူးပေးသနားတော်မူသည်။

လူပရိသတ်တို့ကလည်း ငွေရွှေ ပစ္စည်းများဖြင့် တိဂုဏသာရအား ချီးမြောက်ကြသည်။ ထမ်းပိုး၍ပူဇော်ကြသည်။

ဗုဒ္ဓဘတ္တိဿရိယမင်းသည် ဗုဒ္ဓရုပ်တုတော်ကို ရွှေထမ်းစင်ဖြင့် နန်းတော်သို့ပင့်ကာ ပူဇော်သည်။ ထိုနှေ့မှ လက်ာဒီပ သီဟိုဠ်ကျွန်း ဘတ္တိဿရိယ တမြို့လုံး ရန်ငြိမ် ချမ်းသုခရကြသည်။

၁။ ဗုဒ္ဓတန်ခိုးတော် ဂုဏ်တော်တို့ကြောင့်
တိုင်းပြည် ချမ်းသာယာစွာ ရန်ဘေးငြိမ်းလေသည်။

၂။ ပြည်သူတို့၏ အကျိုးစီးပွား စပါး ဆန်ရေ များ တိုးတက်လာသည်။

၃။ ပြည်သူတို့ သောကကင်းဝေး အယူဝါဒ ပြိုင်ဆိုင်ခြင်းမှ ငြိမ်း၍ ဗုဒ္ဓအယူဖြောင့်မှန်စွာယူကြသည်။

၄။ နိုင်ငံပြည်သူတို့ ကပ်ဆိုး ဒေးဆိုးမှ ကင်းဝေး ချမ်းသာယာသည်။

၅။ သေသော် ကောင်းရာသုဂတိသို့လားကြကုန်သည်။

အထက်ပါ ဗုဒ္ဓရုပ်ပွားတော်မြတ်၏ တန်ခိုးသင့်တို့ကြောင့် မင်းနှင့် ပရိသတ် အယူမှန်ရကြသည်။ တိဂုဏသာရလုလင်သည် ဇူထူး ဌာနများ ရခြင်း၊ တိုင်းပြည်ရှိ သီလဝန္တပုဂ္ဂိုလ်မြတ်တို့၏ချီးကျူ ပူဇော်ခြင်းကိုလည်း ခံရခြင်း၊ ပရိသတ်တို့က ပစ္စည်း ဥစ္စာ တို့ဖြင့် လည်း ပူဇော်ကြသည်မှာ ဘုရားဂုဏ် ကျေးဇူးတော်မြတ်ဖြစ်ပါသည်။

(သီဟာဠဘာသာမှ၊ ပြန်ဆိုထားသောမရေသဝါမိနိဝတ္ထု)

ရုပ်ပွားဆင်းတုတော် ကိုးကွယ်ရခြင်း အကျိုးကျေးဇူး

ဗုဒ္ဓဗိမ္မံ ကရာ ယေတေ
နာဓိဂစ္ဆန္တီ ဒုဂ္ဂတိံ

မဇ္ဈိမ ဒေသေ နာယန္တိ
ဗုဒ္ဓ ဗိမ္ဗိသိ ဒံဖလ။

မဟာရာဇာ၊ မြတ်သော ပသေနဒီ ကောသလမင်းကြီး။ သုဏောဟိ၊ နာလော့။ ယေနိရာ၊အကြင်သူတို့သည်။ ဗုဒ္ဓဗိမ္ဗံ၊ မြတ်စွာဘုရား၏ကိုယ်စား ရည်ရော် ရုပ်တုတော်ကို။ကရာ၊ ရေသွန်ထုလုပ် ကိုးကွယ်ခြင်းကိုပြုကြကုန်၏။ တေနရာ၊ ထိုသူတို့သည်။ ဒုဂ္ဂတိံ၊ ငရဲ တိရစ္ဆာန်ပြိတ္တာအသူရကာယ် အပါယ် လေးဘုံသို့။နာဓိဂစ္ဆန္တိ၊ မလား မကပ်ရကုန်။ မဇ္ဈိမဒေသေ၊ ဘုရားဖြစ်ရာ မဇ္ဈိမဒေသအရပ်၌။ ဇာယန္တိ၊ဖြစ်ရကုန်၏။ ဣဒံ၊ဤသို့ဖြစ်ရခြင်းသည်ကား။ ဗုဒ္ဓဗိမ္ဗိသ၊မြတ်စွာဘုရား၏ ကိုယ်စားရည်ရော် ရုပ်တုတော်ကို ပူဇော်ကိုး ကွယ်ခြင်း၏။ဖလံ၊အကျိုးကျေးဇူးပါပေတည်း။

ပသေနဒီ ကောသလမင်းဟော၏။

## ကြည်ညိုမှုအား အလွန်များ

လက်ာဒီပသီဟိုဋ္ဌ်ကျွန်းသည် ဗုဒ္ဓပွင့်တော်မူချိန်မှာ ကြမ်းတမ်းသော အယူဝါဒလွမ်းမိုးလျက်ရှိသည်။သီရိမ္မောသောကမင်းလက်ထက် သီဟိုဋ္ဌ်ကျွန်း တွင် ဒေဝါနံပိယတိဿမင်းနှင့် အနုဌာဒေဝီမိဖုရားတို့စိုးစံကြသည်။

ထိုအခါ အိန္ဒိယပြည် ဗုဒ္ဓဂါယာတွင် ဘုရားပွင့်သည်ဟုအသံကြား ရသဖြင့် မှန်းဆကာ "ဗုဒ္ဓ ဗုဒ္ဓ ဘုရား"ဟု အာရုံပြုကာမျှဖြင့် ဒေဝါနံပိယ တိဿ မင်းမိဖုရားတို့ တိုင်းပြည်တွင် ဝါးရုံမှဝါးမျှစ်စို့များ ရွှေရောင်အတိ ဖြစ်ရသည်မှာ ဗုဒ္ဓ၏တန်ခိုးသတ္တိ ဂုဏ်တော်မြတ်တို့ကြောင့် ဖြစ်ပါသည်။

## ထူးခြား တင့်တယ် ဂုဏ်ရှိတယ်

ယနေ့ကမ္ဘာ့နိုင်ငံများတွင် ထင်ပေါ် ကျော်ဇောသော သိရိလက်ာ နိုင်ငံသည် ယခင်က သီဟိုဋ္ဌ်ကျွန်းဖြစ်ပါသည်။

သိရိလင်္ကာနိုင်ငံတော်ဝန်ကြီးချုပ် သီရိမာဗို ဘဒ္ဒရာနိုက်ကေးသည် ဗုဒ္ဓဂုဏ်တော်ကို ယုံကြည်အားထားသည်။ သူမ၏ လင်တော်မောင် ဝန်ကြီးချုပ်ဖြစ်သူ "မစ္စတာ အက်(စ်) ဒဗလျူအာ (ရ်)ဒီ ဘဒ္ဒရာနိုက်ကေး"ကလဲ အသက်ပေး၍ ဘုရားကြည်ညိုသွားသည်။ ဝန်ကြီးချုပ် သီရိမာဗိုသည် သူ မယှဉ်နိုင်အောင်နိုင်ငံရေးနှင့် ဘာသာရေးတဲ့လျက် ဆောင်ရွက်သွားသည်မှာ ချီးကျူးအံ့သြလို့မကုန်နိုင်ပါ။ တကဲ့မိန်းမမြတ် အာဇာနည်ဖြစ်ပါသည်။

## သူမ၏ သတ္တိ ဝိုမ်းအင်

ကမ္ဘာကြီး ငြိမ်းချမ်း သာယာရေးနှင့် လူသားတို့၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရန် ကြားနေနိုင်ငံပေါင်း ရှစ်ဆယ်ကျော်ကို ဝန်ကြီးချုပ် သီရိမာဗို ဘဒ္ဒရာနိုက်ကေးက ဦးဆောင်လျက် ကမ္ဘာ့ထိပ်တန်း ခေါင်းဆောင်များနှင့်အတူဘက်ပလိုက်နိုင်ငံများ အစည်းအဝေးကို ၁၉၇၆ ခု၊ သြဂုတ်လ (၉)ရက်နေ့မှ(၁၉)ရက်အထိ ကိုလံဘိုမြို့တွင် အောင်မြင်စွာ ကျင်းပခဲ့သည်။ နိုင်ငံတကာက ချီးကျူးကြသည်။

## သူ၏ မေတ္တာ

ဤကဲ့သို့ ကမ္ဘာ့နိုင်ငံများ အကျိုးအတွက် ဆောင်ရွက် နိုင်သော ဝိုမ်းအင်ကြောင့် ကမ္ဘာ့လူသားတို့က ချစ်ခင်လေးစား လာကြပေသည်။ ယုံကြည်အားကိုးလာကြပေသည်။ကုလသမဂ္ဂအဖွဲ့ကြီးကလဲ ဂုဏ်တင်ချီးကျူး ကြလေသည်မှာ သူမ၏ယုံကြည်ချက်၊ ဗုဒ္ဓ အယူ သိလ သဟာဒိ အစုမ်းအား ပင် မဟုတ်ပါလော။

## လုပ်ရဲသည် ပါ'ရမီရှင်

ဘက်ပလိုက်နိုင်ငံများ အစည်းအဝေးမဏ္ဍာပ်ရှေ့တွင် ကမ္ဘာထိပ်တန်း ခေါင်းဆောင်ကြီးများနှင့် နိုင်ငံအရပ်ရပ်မှ ပုဂ္ဂိုလ်များ၊ အလေးတမူ ဂါဝရ

ပြုစေရန် အယူဝါဒ တူညီမျှသော ပုဂ္ဂိုလ်များ ဖူးမျှော် ကန်တော့ကြရန် ဗုဒ္ဓ ရုပ်ပွားတဆူကို တည်ထားလေသည်။

သီရိလင်္ကာ ပဌမ နှစ်ပတ်လည် မေ "၂၂-၅-၇၇" နေ့သည် သီရိလင်္ကာ သမ္မတနိုင်ငံ တည်ထောင်သည့် ငါးနှစ်မြောက်နေ့တွင် သြကာ ကရှိ ရှေးဟောင်းရုပ်ပွားတော်အား ဖူးမျှော်နိုင်ကြရန် ရုပ်ပုံတော်အား ဖော်ပြလေသည်။

နိုင်ငံရေး အတိုင်းအတာထက် ဘာသာရေး အတိုင်းအတာ ကထက်မြက်သဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ဆုမွန်တောင်းလျက် အားကိုးသမှု အာရုံပြုကာ ကြိုတင်၍ ဗုဒ္ဓ ပူဇော်ပွဲ ကျင်းပနိုင်သည်။အောင်မြင်မှုရခဲ့သည်။

ကြီးပမ်းချက် အထေ့ထေ့ အောင်ပါစေ ဆုမွန်မြတ်ဖြင့် ပါရမီ ရင့်ကျက်သူ ဝန်ကြီးချုပ် သီရီမာဗို ဘန္ဒရာနိုက်ကေးသည် ဆထက်ထမ်းပိုး သည်ပိုးနိုင်ခြင်းမှာ ဗုဒ္ဓဂုဏ်တော်မြတ်၏ အကျိုးပေးပင် ဖြစ်ပါသည်။

၁။ ဝန်ကြီးချုပ် သီရိမာဗို့အား နိုင်ငံတကာက ချီးကျူးဂုဏ်ပြု ကြသည်။

၂။ ဘွဲ့ထူးဂုဏ်ထူးပေးကြသည်။ ကုလသမဂ္ဂတွင် ဂုဏ်ပြုကြသည်။

၃။ သီရိလင်္ကာနိုင်ငံ အေးချမ်းသာယာမှု၊ ကမ္ဘာ့အလယ် တင့်တယ်မှု ရသည်။

၄။ ဘက်မလိုက်နိုင်ငံများ အစည်းအဝေး တည်ရာဌာန ရှေ့ ဗုဒ္ဓရုပ်ပွားတော် ကမ္ဘာချင်းအောင် တည်ထားသည်။

၅။ နိုင်ငံတော် စီးပွားရေး ကြီးပွားရေး၊ ဘက်စုံ တိုးတက်မည်။

၆။ ဝါဒဆိုး ဘေးဆိုး ကပ်ဆိုးမှ ကင်းဝေးမည်။

ဤကဲ့သို့ ဗုဒ္ဓ ရှေးပွား တန်ခိုးတော်မြတ်၏ ဂုဏ်သည် အနာဂတ်တွင် နိုင်ငံသူနိုင်ငံသားကို၏ အားကိုးအားထားရာ အစစ် အမှတ်တရဖြစ်မည်မှာ ထင်ရှားလှပေသည်။

ဂုဏ်တော်မြတ် တန်ခိုးတော် သဘ္ဘိထူးမြတ်ကား ဆန်းကြယ်လှပါပေ၏။

## ရှေ့က နှစ်နိုင်ငံ ချစ်ကြည်လေးပြတ်ပုံ

ရှေ့က သိဟိုဠ်နိုင်ငံနှင့် မြန်မာနိုင်ငံ ဘာသာရေး အလေးထားပုံ ရေးသား ကြပါအုံးစို့။

မြန်မာနိုင်ငံ သမိုင်းတွင် နှစ်ပေါင်း ခုနစ်ရာကျော်က တဦးတည်းသော "ဒကရိ ဘုရင်ပကြီး ရှင်စောပု" သည် နိုင်ငံတော်၏ အကျိုးစီးပွားဆောင်ရွက်ခဲ့သည်။ ပြည်သူတို့၏ အပေါ် သနားကြင်နာစိတ်ထားရှိသည်။

ထို့ထက် ဘာသာရေး အလေးထားသော ဘုရင်မကြီး ဖြစ်သည်။

ခရစ်သက္ကရာဇ် ၁၄၆၈ ဧနှစ်၊ သက်တော် ၆၆ နှစ် ရှိသ ဖြင့် သားမက်ခေတ် ဓမ္မစေတီမင်းအား ဟံသာဝတီကို ထီးနန်း လွှဲအပ်ခဲ့သည်။

မိဖုကားကြီးသည် ရှေတိဂုံအနောက်ဘက် ယာယီ နန်းတည်ကာ ဒဂုံဆံတော်ရှင်မြတ်အား ကိုယ်အလေးချိန် ရွှေ ၂၅ ပိဿာကို လှူသည်။ ဘုရားပစ္စယံ အာဝင်းစသည်များ မွမ်းမံရန်ဖြစ်သည်။

ထိုနောက် သံတိုင်ရံအတွက် သစ်လုံး ၅၀၀ လှူဒါန်းသည်။ ရာဟုဒေါင့် ဗုဒ္ဓဂုဏ်ဟား စေတီဘဆူ တည်ထား ကိုးကွယ်ထားသည်မှာ အများပြည်သူတို့၏ ကြည်ညိုနိုင်ရန်ဖြစ်သည်။

သားတော် ဓမ္မစေတီမင်းသားသည် သီဟိုဠ်မင်းနှင့် ဆက်သွယ်ကာ သီဟိုဠ်တွင် မြန်မာသံဃာတော်များ သိမ်ဝင်စေ၍ မြန်မာပြည်သို့ ပင့်ကာ "ပဲခူးကလျာဏီသိမ် သမုတ်ခဲ့သည်" မဟာစေတီ စသည်များ တည်ထားကိုးကွယ် ဆည်းကပ်ကြသဖြင့် ပြည်သူတို့ အေးငြိမ်း သာယာဝပြောစွာ ချမ်းသာ သုခ ရသည်မှာ ဗုဒ္ဓ ဂုဏ်မြတ်ပင် ဖြစ်ပါသည်။

ယနေ့ ကမ္ဘာနိုင်ငံများခြားတွင် ဗုဒ္ဓ အယူဝါဒရှိကြသော နိုင်ငံချင်း အယူ ဝါဒတူညီမျှသူ ပုဂ္ဂိုလ်များ၊ ဗုဒ္ဓရှင်၏ ဂုဏ်တော်များကို ကြည်ညိုအားထားကြသော သူတော်စင်များသည် ရှေ့က တည်ထားကိုးကွယ်ကြသော ဗုဒ္ဓ ရုပ်ပွားစေတီများကား အမေရိကရ ပူဇော်ပွားများ အားထုတ်နိုင်ကြသည်မှာ အားရစရာဖြစ်ပါကြောင်း၊ ဗုဒ္ဓဂုဏ်တော် ပွားများနိုင် အားထုတ်နိုင်ရန် ဆုတောင်းရပါသည်။ ဘာသာရေး ယဉ်ကျေးမှု အမွေအနှစ် ထိန်းကြပါ၊အားထုတ်ကြပါရန်။

## ဗုဒ္ဓါနုဿတိ စွမ်းအားရှိ

ဗုဒ္ဓ ဓမ္မ ဘုရားရှင်၌ မမ္မသဒ္ဓါသည် ဂုဏ်တော်ဟောဖြစ်၍ ဘုရားရှင်၏ ဂုဏ်တော်များသည် အခြားပုဂ္ဂိုလ်များ မရနိုင်သော ဂုဏ်တော်များ ဖြစ်ပါသည်။

ဗုဒ္ဓါနံယော ဓမ္မဂုဏာ
နု အညေ သန္တိ ဗုဒ္ဓ ဓမ္မာ။

အခြားသောပုဂ္ဂိုလ်များ မရနိုင်သော တသီးတခြား ဂုဏ်တော်များ ဖြစ်၍ "အဝေဏိက ဂုဏ်တော်များ" ဖြစ်ပါသည်။

ပါဌိက သင်္ဂီတိသုတ်ဋီကာ၊ ဒီ-ဋီ ၃-၁၉၇

ထိုနောက် ဗုဒ္ဓဂုဏ်တော် ပွားများအားထုတ်ခြင်းသည် "ဗုဒ္ဓါနုဿတိ ဘာဝနာ" ကမ္မဋ္ဌာန်းကို စည်းဖြန်းခြင်းဖြစ်ပါသည်။ ကမ္မဋ္ဌာန်း စည်းဖြန်း ပွားများ အားထုတ်သောပုဂ္ဂိုလ်သည် ဦးစွာဘုရားရှင်၏ ဂုဏ်တော်(၉)ပါး ဂုဏ်တော် (၁၀) ပါး စသည်တို့ကို ကြည်ညိုပွား နိုင်ရန် သိထား အပ်ပါသည်။

**အနုဿတိ**

ကမ္မဋ္ဌာန်း (၁၀)ပါးတို့တွင် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ရှေးဦးစွာ ပြထားပေသည်။ ဤကဲ့သို့ ဦးစွာပထမ ပြထားခြင်းသည် ဗုဒ္ဓ၏ ဂုဏ်တော် ထူးခြားချက်များကို အာရုံပြု၍ အဖန်တလဲလဲ ပွားများနိုင်ရန် ဖြစ်ပါသည်။

ထိုကြောင့် ဂုဏ်တော်အပေါ် သိအပ်သိထိုက်သော ဂုဏ်တော်ပုဒ်များ ကြည်ညိုအားထားဖွယ်ရာများကို လေ့လာပြီး ဂုဏ်တော် တပါးစီ ဖြစ်စေ၊ ထိုထက် စိတ်အစဉ် ထက်မြက်ပါက ဂုဏ်တော် (၉) ပါးစလုံးဘဲ ဖြစ်စေ၊ အဖန်တလဲလဲ အားထုတ်ခြင်းကို ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း အားထုတ်သည်ဟု ဆိုပါသည်။

**သရဏံ သတိ အန အနုသတိ အနုဿတိ**

သရဏံ = အောက်မေ့ခြင်း။

သတိ = အောက်မေ့ခြင်း။

အနု အနု = အဖန်တလဲလဲ။

သတိ = အောက်မေ့ခြင်း။

အနုဿတိ = အဖန်တလဲလဲ အောက်မေ့ခြင်း။

သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသား အမျိုးကောင်းသီး တို့သည် "သဒ္ဓါပဗ္ဗဇိတ" အဖြစ်ခံယူလျက် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို အဖန်တလဲလဲ အဖန်ဖန် အထပ်ထပ် အားထုတ်ခြင်း၊ စည်းဖြန်းခြင်း၊ ပွားများခြင်း၊ ပုတီးစိပ်ခြင်းများ ဖြစ်ပါသည်။

ယင်းကဲ့သို့ စည်းဖြန်းအားထုတ်သောအခါ သတိအရ ဗုဒ္ဓ၏ ဂုဏ်တော်များကိုသာ အောက်မေ့နှလုံးသွင်းရမည်။ စိတ်မပျံ့လွင့်ရန် စိတ်ကို ထိန်းရမည်။ စိတ်ပျံ့လွင့်ပါက ဗုဒ္ဓဂုဏ်အာရုံပြု၍ သတိ ကြီးစွာ ထားရန် အားထုတ်ရန် ဖြစ်ပါသည်။

ဗုဒ္ဓါနုဿတိ အားမထုတ်မိရှေ့အဖို့၌ မိမိပြုအပ်ပြုထိုက်သော အမှုကိစ္စတို့ကို ပြုရမည်။ ပြီးစီးပါက ဗုဒ္ဓဂုဏ်တော်များကို အားထုတ်နိုင်ရန် ဘုရားရှေ့တော်တွင် ငါးပါး ဆယ်ပါး စသော သီလတော်မြတ်ကို စောင့်ထိန်းရမည်။ ပြီးစီးပါက မိမိအားထုတ်လိုသော ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းရမည်ဖြစ်ကြောင်း။

ဗုဒ္ဓံ အာရဗ္ဘ ဥပ္ပန္နာ အနုဿတိ ဗုဒ္ဓါနုဿတိ။

ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဥပ္ပန္နာ၊ဖြစ်ပေါ်လာသော။ အနုဿတိ၊ အဖန်တလဲလဲ အောက်မေ့ခြင်းတည်း။

ဗုဒ္ဓါနုဿတိ၊ ဘုရားကိုအာရုံပြု၍ ဖြစ်ပေါ်လာသော ဂုဏ်တော်များကို အဖန်တလဲလဲ ပွားများ စီးဖြန်းခြင်းဖြစ်ပါသည်။

သဒ္ဓါတရား ထက်သန်သည်အားလျော်စွာ အားထုတ်သောပုဂ္ဂိုလ်သည် မနားမနေ ဘုရားရှင်၏ဂုဏ်တော်များကို သတိရှိစွာ ဇွဲသန်သန်ဖြင့်

အဖန်ဖန် ပွားများအားထုတ်ရပေသည်။ ရှိခိုးပူဇော်ခြင်း၊ အာရုံပြုခြင်းတို့သည်လည်း "ဗုဒ္ဓါနုဿတိ"၌ အတွင်းဝင်ပါသည်။

(၁) ဘုရားဂုဏ်ကို အဖန်တလဲလဲ ရွတ်ဆိုခြင်း။
(၂) စိတ်ဖြင့်အာရုံပြု၍ ပွားများအားထုတ်ခြင်း။

ယင်းနှစ်မျိုးတွင် တမျိုးမျိုးကို မိမိ၏အသိစိတ် အသိဉာဏ် ထက်သန် ရင့်သန်သလို ကျင့်ကြံပွားများအားထုတ်နိုင်ပါသည်။

စေတနာ ထက်ထက်သန်သန် အားထုတ်သည်နှင့်အမျှ ပစ္စုပ္ပန်ယခုလောက တွေ့ကြုံခံစားရသော လောကဓံတရားများနှင့်နိဝရဏတရားများ ချုပ်ငြိမ်းနိုင်သည်။ ဘေးအပေါင်းတို့မှ ကင်းလွတ်မည်။

ဘဝသံသရာတွေ့ကြုံခံစားရမည့် အပါယ်ဒုက္ခဘေးတို့မှ ကင်းဝေး၍ နိဗ္ဗာန်သုခ ခံစားကြရမည်။ လောကဓမ္မနှစ်ဝအကျိုးပေးမည်ဖြစ်ကြောင်း။

အားထုတ်ပုံ သမထနည်းမှန်လမ်းမှန်ရောက်အောင်အားထုတ်ပါလျှင် သမာဓိစွမ်းအားကြောင့် ဝိပဿနာ အခြေခံစခန်းသို့ ဆိုက်ရောက်ကြမည်။ မိမိတို့လိုချင်တောင့်တသော မဂ် ဖိုလ်သို့ ဆိုက်ရောက်ရပေမည်မှာ ကေန်မလွဲပါ။

ဘုရားရှင်မြတ်၏ဂုဏ်ကို အဖန်တလဲလဲ ပွားခြင်း၊ စီးဖြန်းခြင်းသည် တနည်းအားဖြင့် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို နှလုံး သွင်း ခြင်း ဖြစ်သည်။ လောလောဆယ် ကိုယ်စိတ်နှစ်ပါး ချက်ချင်းလက်ငင်းချမ်းသာသုခအကျိုး ခံစားရပေသည်။

(၁) စိတ်ရှင်လန်း ချမ်းမြေ့ခြင်း။
(၂) ဝိပဿနာ အခြေခံတရား ရခြင်း။

အမြတ်တေ ပုတီးစိပ်နည်း ၈၃

ခဏချင်းအားဖြင့် ဂုဏ်တော်၏ အကျိုးကျေးဇူးခံစားရသည်မျှားကို အကျယ်တဝင့်ရေးသားလို့ကုန်နိုင်မည်မထင်ပါ။

(၁) ဗုဒ္ဓါရမ္မဏ - ပီတိကြောင့် ကာယသုခ စိတ္တသုခဖြစ်သည်။
(၂) သုခကြောင့် ပဿဒ္ဓိ ငြိမ်းခြင်း ဖြစ်သည်။
(၃) ငြိမ်းခြင်းကြောင့် သမာဓိ စိတ်တည်ကြည်ခြင်းဖြစ်ရသည်။
(၄) တည်ကြည်ခြင်းကြောင့် ယထာဘူတ ဉာဏဒဿန ဟုတ်မှန်သောအတိုင်းမြင်သော ဉာဏ် ဖြစ်သည်။
(၅) ယင်းဉာဏ်ကြောင့်ပင် ဝိမုတ္တိ· သုခကို လှလှကြီး ခံစားနိုင်ကြောင်းဖြစ်ပါသည်။

ဗုဒ္ဓါနုဿတိ ဗုဒ္ဓဂုဏ်တော် ပွားများအားထုတ်သူများ အသေးစိတ်သိလိုပါက အဂုံတ္ထိုရ်အဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြည့်ပါ။

## ကြားနာတရား ဆင့်ဆင့်ပွား

ပုတီးစိပ် ဂုဏ်တော် ပွားများ အားထုတ်ကြကုန်သော ပုဂ္ဂိုလ်များသည် မိမိအားထုတ်လိုသော ပဋိပတ်ကျင့်စဉ်ကို အလေးအားထားပြုရမည်။

အားထုတ်ရာတွင် နာကြား၍ ရရှိပြီးသောတရားတော်မြတ်ကို နှုတ်ဖြင့် လေ့ကျင့်ရမည်။

ထိုနောက် စိတ်ဖြင့်ကြံဆ၍ ဆင်ခြင်သုံးသပ်ရမည်။

ထိုမှတဖန် အသိဉာဏ်ဖြင့် အနက် အ ဓိ ပ္ပါယ် မျှား ကို ထိုးထွင်းပေါက်ရောက်အောင် အားထုတ်ရမည်။ သတိရှေ့ ပွားများရမည်။

သောတာနုဂတာနံ ဘိက္ခဝေ ဓမ္မာနံ
ဝစသာ ပစိတာနံ အနုသာန နုပေက္ခိတာနံ
ဒိဋ္ဌယာ သုပ္ပဋိ ဝိသုဒ္ဓါနံ စတ္တာရော
အာနိသံသာ ပါဋိကင်္ခါ။

သောတာနုဂတသုတ် မဟာဝဂ် စတုကဂုံတ္ထိုရ်

**ချစ်သားရဟန်းတို့....**

(၁) နားသို့အစဉ်အတိုင်းရောက်ကုန်ပြီးသော (၀၊)ကြားနာအပ်ကုန်ပြီးသော။
(၂) နှုတ်ဖြင့်လေ့ကျင့်အပ်ကုန်ပြီးသော။
(၃) စိတ်ဖြင့် ကြံဆ ရှုဆင်ခြင်အပ်ကုန်ပြီးသော။
(၄) အနက်အဓိပ္ပါယ်ကို သိစွမ်းနိုင်ပြီးသော။

ဥာဏ်ဖြင့် ထိုးထွင်း ပေါက် ရောက် အပ်ကုန်ပြီးသော တရားတို့၏ အကျိုးအာနိသင်မျှားကို အလိုရှိအပ်ကုန်၏။ ပွားမျှားအပ်ကုန်၏။

ယင်းသို့သော ပရိယတ် ပဋိပတ် ဆောင် ပုဂ္ဂိုလ်မျှားသည် ပရိယတ္တိ ဓမ္မ ပဋိပတ္တိဓမ္မနှင်ပါ:အနက် တပါ ပါ: အား:ထုတ်ပွား:မျှား:သောသူသည် လေ:ပါ:သောတရား:စဉ်ကို သိပွား:ဂမည်ဟု ဟောပါသည်။

ဥပမာ ဘုရား:ရှင်၏ဂုဏ်တော်"အရဟံအစ ဘဂ၀ါ အဆုံ:"ရှိ ဂုဏ်တော်မျှား:ကို အား:လုံ:ဘဲ ဖြစ်စေ၊ တပါ:ပါ:ဖြစ်စေ ပွား:မျှား:လိုသော

သူသည် ထိုဘုရားဂုဏ်တော်မြတ်ကို နာကြားရလျှင် ထိုဂုဏ်မြတ်ကိုနှုတ်ဖြင့် လေ့ကျက်ရမည်။လေ့ကျင့်ရမည်။

တဖန် ထိုဂုဏ်တော်ကို စိတ်ဖြင့် ကြံဆပွားများရမည်။ ထိုနောက် ဂုဏ်တော်ကိုအသိဉာဏ်ဖြင့် အဓိပ္ပါယ်ပြည့်စုံအောင် ပေါက်ရောက်အောင် မှတ်သား၍ပွားများရမည်ဟုဆိုပါသည်။ ထိုမှသာ ပွားများအားထုတ်သော ပုဂ္ဂိုလ်သည် ဘာဝနာ၏ အကျိုးကျေးဇူးခံစားရမည်ဖြစ်ကြောင်း။

၁။ နားသို့ အစဉ်အတိုင်း ကြားနာရအပ်သောတရားကို

၂။ နှုတ်ဖြင့်ရွတ်ဆိုလေ့ကျက်ရမည်။

၃။ စိတ်ဖြင့်ကြံဆဆင်ခြင်ရမည်။

၄။ အနက် အဓိပ္ပါယ်ကို သိစွမ်း နိုင်သော ဉာဏ်ဖြင့် ထိုးထွင်း ပေါက်ရောက်အောင် အားထုတ်ရမည်။ မိမိအားထုတ်လိုချင် သောဂုဏ်တော်မြတ်ကို အထက်ပါသောတာနုဂတာသုတ်အရ အကျိုးတူတရားလေးပါးခံစားရပါသည်။

## အကျိုးတူ တရား လေးပါး

(၁) သတိမေ့လျော့လျက် သေရသည့်တိုင်အောင် အောက်ထစ်ဆုံး နတ်ဖြစ်မည်။ နတ်ဖြစ်သောအခါ မိမိကိုယ်ကို နတ်ဟု သိသည်က နှေးသေး၏။ (တဿတတ္ထ သုခိနော ဓမ္ပ ပဒါ ပလဝန္တိ) တရားထူးကို ချမ်းချမ်းသာသာနဲ့ လျင်စွာရ၏။

(၂) နတ်ပရိသက်တို့၌ တန်ခိုးအဘိညာဉ်ရသော ရဟန်းတပါး၏ တရားကို နာရသောအခါ တရားထူးရနိုင်မည်။

(၃) နတ်တပါး၏တရားကို နာရသောအခါ ချက်ချင်း သဘောပေါက်နားလည်သည်။
(၄) ဥပပတ်နတ်သည် မိမိ၏ ဥပပတ်အဖြစ်ကိုဆင်ခြင်မိသောအခါ တရားထူးများရနိုင်သည်။

အင်္ဂုတ္ထိုရ် ၁၊ ၅၀၅။

## ဂုဏ်တော် အကျိုးပေးပုံ

ဂုဏ်တော်ပွားများအောက်မေ့သော ကုသိုလ်၏ အကျိုးပေးပုံများသည် အလွန်ဆန်းကြယ်လှပါသည်။ အလွန်အကျိုးထူးသဖြင့် ကြီးကျယ်ခမ်းနား အားရ ပါးရ ခံစား စံစားရသောအရှင်သုဘူတိမထေရ်အကြောင်းရေးသာရန်လိုအပ်ပါသည်။

အရှင်သုဘူတိပထေရ်အလောင်းတော် နန္ဒရသေ့မြတ်သည် ပဒုမုတ္တရဘုရားရှင်တော်၏ ခြေတော်ရင်းဝယ် ဗျာဒိတ်ပန်းဆင်မြန်းလျက် ဘုရားရှင်၏ အဆုံးအမတော်ကိုခံယူခဲ့ပါသည်။

နန္ဒရသေ့မြတ်သည် "ဘာဝနာ တကာတို့ထက် လွန်ကဲ မြင့်မြတ်သော" အကျင့်မြတ်ပဋိပတ္တိဥာဏ်နှင့် ပြည့်စုံသော ဗုဒ္ဓါနုဿတိဘုရားရှင်၏ ဂုဏ်တော်ကို နေ့စဉ်နေ့တိုင်း စိတ်အစဉ်မပြတ်အောက်မေ့ပွားများခဲ့သည်။ အားထုတ်တော်မူခဲ့လေပြီ။

ထိုပွားများ အားထုတ်တော်မူသော ဗုဒ္ဓါနုဿတိ ကုသိုလ်အကျိုးဆက်ကြောင့် ဘဝပေါင်း များစွာ လူ့စည်းစိမ် နတ်စည်းစိမ် တို့ကို အကြိမ်ကြိမ်အဖန်ဖန် ခံစား စံစား၍ အပါယ်ဒုက္ခ အပါယ်ငရဲတို့မှ လွတ်ကင်း၍ ရဟန္တာဖြစ်ရပေသည်။ ထိုအခါ အောက်ပါအတိုင်းဂါထာတို့ဖြင့် တန်ဆာဆင်ပြောပြတော်မူသည်။

ငါသည် ဂုဏ်တော်များကို အောက်မေ့ ပွားများရသော ကုသိုလ်ကံတို့ကြောင့် တာဝတိ သာနတ်ပြည်ဝယ် နတ်သားများ၏ စည်းစိမ်ကို အကြိမ်ပေါင်းများစွာ ခံစားရလေပြီ။

ငါသည်သိကြားမင်းတို့၏ စည်းစိမ်ချမ်းသာကို အကြိမ် ရှစ်ဆယ် စံစားရလေပြီ။

ငါသည်လေးကျွန်းတမြှင့်ပိုရ်အစိုးရသော စကြဝဠာမင်းကြီး စည်းစိမ်ကို အကြိမ်ပေါင်းတထောင် ခံစားရလေပြီ။

ငါသည် ပဒေသာဂင်မင်း၏ စည်းစိမ် အကြိမ်ပေါင်း ပရေမတ္တက်နှိုင်အောင် ခံစား စံစားခဲ့ရလေပြီ။

ဤကဲ့သို့ လူစည်းစိမ်၊ နတ်စည်းစိမ်၊ သိကြားစည်းစိမ်များကို အကြိမ်ကြိမ် ခံစားစံစားရခြင်းများမှာ ဂုဏ်တော်မြတ်ကို အောက်မေ့ ပွားများခဲ့သော အကျိုးဆက်ကြောင့် ဖြစ်ပေသည်။

အရှင် သုဘူတိမထေရ်မြတ်သည် ကျင်လည်ခဲ့ရသော ဘဝပေါင်းများစွာတို့၌ ပစ္စည်းဥစ္စာ ရတနာတို့သည် ရှားပါးဘူးသည်ဟူ၍ မရှိပါ။

ဘဝတိုင်းဘဝတိုင်း ကြွယ်ဝချမ်းသာ ပစ္စည်းဥစ္စာများ ပေါများခဲ့ပါသည်။ စိတ်ဆင်းရဲခြင်း မရှိခဲ့ပါ။

လွန်ခဲ့သော ကမ္ဘာတသိန်းထက်၌ ဘုရားဂုဏ်တော်မြတ်ကို အောက်မေ့ပွားများခဲ့သော နေ့မှစ၍ ယခုဘဝ ရဟန္တာဖြစ်သော ဘဝတိုင်အောင် ငရဲ တိရစ္ဆာန် ပြိတ္တာအသုရကာယ် ဘုံဘဝတို့၌ မဖြစ်ခဲ့ဘူး၊ မသိုးခဲ့ဘူးပါ။

ဤသို့ ကမ္ဘာတသိန်း ကာလပတ်လုံး အပါယ် လေးပါး စသော မကောင်းသော ဒုဂတိ ဘုံဘဝသို့ မကျင်လည်ခဲ့ရဘဲ အပါယ် တံခါးပိတ်ရခြင်းသည်....

ဗုဒ္ဓ၏ ဂုဏ်တော်များကို ပွားများ အောက်မေ့ခဲ့ရသော ကုသိုလ်ကံ အကျိုးဆက်တို့ကြောင့် ဖြစ်ပေသည်။

သုဘူတိမထေရ် ရဟန္တာ ဖြစ်သောဘဝ၌ ထူးမြတ်သော ဥာဏ်၊ ကြီးကျယ်သော တန်ခိုးတော်များကို ကိုယ်တိုင်ခံစား စံစားရလေပြီ။ ဗုဒ္ဓ၏ အဆုံးအမတော်များကို ရှိသေလေးစားစွာ နာယူရလေပြီ။

ဤသို့သော အကျိုးများကို ရဟန္တာ ထေရ်အရှင်မြတ်က ဂါထာ ပေါင်းများစွာ ဟောကြားတော် မူပါသည်။

ရဟန္တာ မထေရ်မြတ်၏ ဖြစ်ရပ်များသည် ဂုဏ်တော်၏ ကျေးဇူး တော်ကို ယုံယုံကြည်ကြည် အောက်မေ့ ပွားများခြင်းကြောင့် ထူးမြတ် သော အကျိုးကျေးဇူးများခံရခဲ့သည်။

အပါဒါန်ပါဠိတော်၊ ထေရာဂါထာ အဌကထာ။

**အတ္တ ပရ နှစ်ဝ အကျိုး**

ရှင်တော်မြတ်ဘုရားသည် ပရကျိုးသည်ပိုး ဖြည့်ကျင့်ခဲ့သော ကုသိုလ် အဟုန်တို့ကြောင့် ထူးကဲ မြင့်မြတ်သော ဂုဏ်တော်များ ရရှိခဲ့သည်။

တကိုယ်ကောင်း ကြံစည်တော်မမူ၊ သုမေဓာဘဝတွင် တဦးတည်း နိဗ္ဗာန်ကို ယူလိုရနိုင်ပါလျက် 'တိဏ္ဏောတာရေယျံ ၊ငါကူးမြောက်လွတ်သလို သတ္တဝါအားလုံး ကူးမြောက် ကျွတ်လွတ်စေမည်' ဟူသော ပရဟိတစေတနာ ထက်သန်လှသည့် ဘဝပေါင်းများစွာ ဆင်းရဲဒုက္ခခံကာ ပါရမီ တော်ကို ပင်ပင်ပန်းပန်း ဖြည့်ကျင့် ဆည်းပူးရပါသည်။

ယင်းကဲ့သို့ ဖြည့်ကျင့် တော် မူရသော ပါရမီ ကုသိုလ် ဝို့ကြောင့် အတ္တဟိတ၊ မိမိအကျိုးအတွက် လိုချင်တောင့်တခဲ့သော ဗုဒ္ဓ ဘုရားအဖြစ် ရတော်မူသည်။ 'ပြည့်'တော်မူပါသည်။

ဗုဒ္ဓအဖြစ် ရောက်ရှိသောအခါ ဘုန်းရှင် သမ္ဘာရှင် ဖြစ်တော်မူသည်။ ဗုဒ္ဓ၏ဂုဏ်တော်များကား ပွားများလို့ မကုန်နိုင်ပါ။ ဂုဏ်တော်မြတ်၏ အာနုဘော် တော်များကို အတ္တ ပရ နှစ်ဝ သီးခြားရှု ကြည့်ရှု ပွား များ ရန် အောက်ပါအတိုင်း ဖော်ပြပါသည်။

## အတ္တ နှင့် ပရ

(၁) အတ္တဟိတ = သမ္ဘတ္တိ

(၂) ပရဟိတ = ပဋိပတ္တိ

မိမိအကျိုးကို ဖြည့်တော်မူ၍ သူတပါးအကျိုးကို ကျင့်ကြံအားထုတ် ရပါသည်။

ဖြည့် ကျင့် ရသော အလုပ်ဟူသမျှသည် သူတော်သူမြတ်တို့ ဆုပန် ဆင်၍ ကြိုးစားပါရမီဖြည့်ရသော ဆုထူးပန် ယောက်ျားနှင့် ဘုရားပန် မိန်းမမြတ်တို့ အကျင့်ဖြစ်ပါသည်။

## အတ္တဟိတ သမ္ဘတ္တိ

မိမိအကျိုးစီးပွားကို ဖြည့်တော်မူသည်ဟု ဆိုထားခြင်းသည် သတ္တဝါ အားလုံးတို့၏ ဝဋ်ဆင်းရဲ ဒုက္ခတို့မှ ကယ်တင်လိုတဲ့ဆန္ဒ ပြင်းပြမှု အားထုတ် မှုတို့ကြောင့် ရအပ်သော "သမ္မာသမ္ဗုဒ္ဓ" ဆုမြတ်အကျိုးဖြစ်ပါသည်။

## သမ္မတ္ထိ ပြည့်စုံခြင်း

၁။ ယခုဘဝ ပစ္စည်း ဥစ္စာ ကြွယ်ဝချမ်းသာခြင်း
၂။ ပညာထူးချွန်စွာ တတ်မြောက်ခြင်း၊ ထက်မြက်ခြင်း
၃။ ရုပ်ရေ အဆင်း လှပ တင့်တယ်ခြင်း
၄။ လူတကာတို့အပေါ် အစိုးရခြင်း၊ စိုးမိုးခြင်း
၅။ အခြေအရံ ပေါမျှားခြင်း

ဤကဲ့သို့ သမ္မတ္တိနှင့်ပြည့်စုံရခြင်းသည် ဘဝ အသစ်၌ ပြုစုခဲ့သော ရှေ. ကောင်းမှုတို့ကြောင့် ဖြစ်ရပါသည်။

အထက်ပါ အချက်မျှားတွင် တပါးဖြစ်စေ၊ ထို့ထက်အလွန်ဖြစ်စေ၊ ပြည့်စုံသောသူမှာ သမ္မတ္တိရှင် ကောင်းမှုရှင် ဖြစ်ပါသည်။

## ပရဟိတ ပဋိပတ္တိ

သူတပါးတို့၏ အကျိုးစီးပွားအတွက် ကျင့်ကြံအားထုတ်ခြင်း၊ လောကတွင် ပညာကြီးခြင်း၊ ရုပ်အဆင်လှခြင်း၊ ပစ္စည်းဥစ္စာ ပေါမျှားခြင်း၊ အစိုးတရ တန်ခိုးအာဏာရှိခြင်း၊ အခြေအရံ ပေါမျှားခြင်းတို့နှင့် ပြည့်စုံရခြင်းသည် ဘဝပေါင်းများစွာ သူတပါးအကျိုးအတွက် ကျင့် ခဲ့ သော "ပရဟိတ ပဋိပတ္တိ" အကျင့်မြတ်ကြောင့် ဖြစ်သည်။

## အတ္တဟိတ

ကိုယ်ကျိုးအတွက် ဖြည့်ရာတွင်....

(၁) ပဟာန သမ္မဒါ၊ ပယ်ခြင်း
(၂) ဥဿာဏ သမ္မဒါ၊ သိခြင်း

အမျှားကျိုးအတွက် ကျင့်ရသဖြင့် ကိုယ်ကျိုး ပြည့်တော်မူရာ "ပဟာနသမ္မဒါ"သည် အစွန်းတရားများကို ပယ်ပါသည်။

ဓမ္မစကြာ ပြန်ကြည့်ပါ။

ဥာဏသမ္မဒါ။ ။ဗုဒ္ဓအဖြစ် ရရှိသောအခါ သမ္မာသမ္ဗုဒ္ဓ သစ္စာလေးပါးကို မိမိဉာဏ်ဖြင့် ထိုးထွင်း သိရှိတော်မူသဖြင့်—

သမ္မညုတ။ ။ရှေဉာဏ် ရတော်မူသည်။
ဤကဲ့သို့ သိခြင်းနှစ်ပါးဖြင့် အတ္တဟိတ္တ အကျိုးကို ညွှန်ပြပါသည်။

ပရဟိတ။ ။သူတပါးအကျိုး ကျင့်ရာတွင်—

(၁) ပယောဂ= တရားဟောခြင်း

(၂) အာသယ= ဉာဏ်ရင့်ချိန် စောင့်ခြင်း

အမျှားအကျိုးအတွက် ဆောင်ရွက် အားထုတ်ရာတို့တွင် အာမိသခံခြင်း စသည်ဖြင့် တဖက်မှအလိုကို "အတ္တစရိယ" ပဋိပတ် ဖြစ်ပေါ်လာသည်။

ပယောဂ ပဋိပတ်ဆောင်ပုဂ္ဂိုလ်သည် တပါးသောသူတို့၏ အကျိုးစီးပွား အလို့ငှာ ဆောင်ရွက်သည်။ အားထုတ်ရသည်။ သူတပါးအကျိုးကို ရှေ့ရှု ဆောင်ရွက် ဟော ပြောသူ ဖြစ်သည်။

(၁) ခန္ဓာကိုယ်နှင့် အသက်ပေးလှူ ပြုစုခြင်း

(၂) ပစ္စည်းဥစ္စာ စွန့်ကြဲ ပေးကမ်းခြင်း

(၃) တရားဟောပြသ၍ ကောင်းရာသို့ ညွှန်ကြားခြင်း

(၄) သတ္တဝါတို့၏ လိုရာလိုရာ စားဝတ်နေမှု တခုခုကို အားသွန်ကြိုးပမ်း ဆောင်ရွက် ဖြည့် ကျင့် ခြင်းများ ဖြစ် ပါ သည်။

နိုင်ငံတော်၏ အကျိုးစီးပွားနှင့် ပြည်သူတို့၏ လူမှုကိစ္စ အဝဝတို့ကို ဖြည့်ကျင့်တော် မူခြင်းသည် ပရဟိတ အကျင့်မြတ် ဖြစ်ပါသည်။

**အာသယ ဆိုသည်မှာ....**

ဉာဏ်ရင့်ကျက်၍ သီလ သမာဓိ အစွမ်းအားဖြင့် ပရ အကျိုး ဆောင်ရွက်ရာ ယခု လောကအကျိုးစီးပွားနှင့် နောင် တမလွန်ဘဝ အကျိုးစီးပွား အတွက် မြှော်လင့်တောင့်တကာ ဆောင်ရွက်သော အာမိသ ခံစားခြင်းများ ဖြစ်ပါသည်။

နှစ်ပါးစုံအတွေ့စရိယ၊ ပရဟိတ၊ ပဋိပတ် ကျင့်သောလမ်းကို မှန်းဆ ဆောင်ရွက်သော ကျင့်သူသည် အများအကျိုးဆောင် ဟုဂ္ဂိုလ်ဖြစ်ပါသည်။

ဗုဒ္ဓရှင် ဘုရားဂုဏ်တော်များသည် အဘွဲ့ ပရ နှစ်ပါးတွဲလျက် ယှဉ်လျက် ရှိပါသည်။ စရိယသုံးပါး ဖြည့်ကျင့်တော် မူခဲ့သော ကုသိုလ်များ ကြောင့် ဖြစ်ပါသည်။

(၁) အရဟံ ဂုဏ်တော်သည် ပယ်ခြင်းအစွမ်းဖြင့် အတ္တဟိတကို ညွှန်ပြပါသည်။

(၂) သမ္မာ သမ္မုဒ္ဓေါ
(၃) လောကဝိဒူ
နှစ်ပါးသည် ဉာဏ်စွမ်းဖြင့်(အတ္တ)ကိုပြသည်။

(၄) ဝိဇ္ဇာစရဏ သမ္ပန္နသည်(ပယ်-သိ)နှစ်ပါးဖြင့် (အတ္တ)ကိုပြသည်။

(၅) သုဂတသည် (အတ္တံ+ပရ)နှစ်ပါးစုံ ပြသည်။

(၆) အနုတ္တရော ပုရိသ ဒမ္မသာရ ထိ နှစ်ပါးက (ပရဟိတ)ကိုပြသည်။
(၇) သတ္ထာဒေဝမနုဿာနံ

(၈) ဗုဒ္ဓေါဂုဏ်သည် (အတ္တ+ပရ)နှစ်ပါးစုံပြ

(၉) ဘဂဝါဂုဏ်တော်သည် "အတ္တ-ပရ"နှစ်ပါးစုံပြ

ဤကဲ့သို့ အစဉ်အတိုင်း ဂုဏ်ကိုးပါးကို အတ္တ ပရနှစ်ပါးတဲ့ဖက်၍ ဖော်ပြပါသည်။ ကြည်ညိုပွားများရာတွင် ဂုဏ်တော်၏ အနက်အဓိပ္ပါယ်ကို ဆင်ခြင်မှတ်သားပွားများရပါမည်။

သောတနုဂတ သုတ်တော်အရ ဂုဏ် တော် ပွားများ အားထုတ်ရမည်ဖြစ်ကြောင်း ထပ်လောင်းသတိပေးပါသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ဂုဏ်တော်များကို အမျိုးမျိုး ခွဲခြား၍ အစ အလယ် အဆုံး သုံးပါးသောကောင်းခြင်းတို့ကို သေချာစွာ လေ့လာမှတ်သား ကြည့်ရှုပွားနိုင်ရန်ဖြစ်ပါသည်။

**ဂုဏ်တော်ကျေးဇူးများ**

ဘုရားရှင်၏ဂုဏ်တော်များကို အကျိုးအကြောင်းစသည်တို့ဖြင့် သိရှိနားလည်ရန် တင်ပြထားပြီးဖြစ်ပါသည်။

ဂုဏ်တော်ကို နေ့စဉ်မှန်မှန် ပွားများအားထုတ်ပါက မိမိ၏ စိတ်အစဉ်မှာ သမာဓိ စွမ်းအင်ကြောင့် သမထ နိမိတ် လမ်းကြောင်း ဖြောင့်တန်းစွာအာရုံစိုက်နေရပါသဖြင့် ရာဂစသည် အညစ်အကြေး ဒုစရိုက်များ မကပ်နိုင်ဘဲ နိဝရဏ ကင်းကွာ ကေဝဋ္ဋတာကျ ဥပစာရ သမာဓိ ရရှိနိုင်ပါသည်။

ဥပစာရ သမာဓိ ရရှိသည့်အခါ ထိုမှတဆင့် သမာဓိ စွမ်းအား ကြောင့် ဝိပဿနာသို့ တဆင့်တက်လှမ်း၍ မလျှော့သော ဇဲလုလ္လ ဝိရိယ ကြီးမှူး ဦးစီး ပွားများ အားထုတ်ပါက မိမိ လိုရာ ဆန္ဒ ပြည့်ဝမည် ဖြစ်ကြောင်း။

ချစ်သားရဟန်းတို့

တည်ကြည်မှု သမာဓိကို အားထုတ်ကြကုန်လော့။

တည်ကြည်မှု ရသောအခါ ဟုတ်မှန်တိုင်းကိုသိ၏။

သမာဓိ၏အရေးပါမှုကို ဗုဒ္ဓရှင်သည် အခါများစွာသတိပေးခဲ့သည်။

စင်စစ် သမာဓိစွမ်းအားသည် အရိယာသစ္စာကို အမှန်အတိုင်းမြင် နိုင်သောမျက်စိ ဉာဏ်မျက်စိဟုဆိုရပေမည်။

သမာဓိ ယထာဘူတ ဉာဏဒဿနာယ

သမာဓိတော ဘိက္ခဝေ ယထာဘူတ ပဇာနာတိ။

ချစ်သားရဟန်းတို့ စိတ်၏စူးစိုက်တည်မှု သမာဓိသုံးပါးရှိ၏။ အဘယ်သုံးပါးတို့နည်း။

(၁) ပရိကမ္မ သမာဓိ

(၂) ဥပစာသမာဓိ

(၃) အပ္ပနာသမာဓိတို့ ဖြစ်ပါသည်။

သတိပဋ္ဌာန်ကျင့်စဉ်ကို လေ့ကျင့်၍ ထိုသမာဓိသုံးဆင့်မှ အလယ် သမာဓိဖြစ်သော ဥပစာသမာဓိအဆင့် စိတ်တည်ကြည်မှု ခိုင်ခန့်မှု ရလာ

လျှင် အထူးစူ့စမ်းခြင်း(ဝိပဿနာ)ရှုခြင်းကား မိမိ ဘဝ ခန္ဓာငါးပါးကို အမှန်အတိုင်းသိမြင်သောဉာဏ် ဖြစ်ပေါ်လာသည်။

သမာဓိသုတ် နကုလပိတုဝဂ်၊ ခန္ဓသံယုတ်

ဒါကြောင့် ဂုဏ်တော်ပွားများအားထုတ်သောယောဂီသည် ရှေးဦးစွာ မိမိလိုအပ်သော သမာဓိစွမ်းအင်ကိုယူ၍ ဗုဒ္ဓဂုဏ်တော် ပွားမှုမှ တဆင့် ဝိပဿနာသို့တက်နိုင်အောင် ကြိုးစားရမည် ဖြစ်ကြောင်း။ ဝိပဿနာသို့ တက်နိုင်အောင်ကြိုးစားရမည်ဆိုပါသည်။

မရပ်မနားသွားနေကြသောသံသရာခရီးသည်တို့သည် မိမိတို့၏ စိတ်အစဉ်တည်ကြည်မှု ရနေအောင် ဦးစွာ သမာဓိအားကိုယူပြီး ဝိပဿနာကို နှစ်နှစ်ခြိုက်ခြိုက် အားထုတ်ပါက မိမိလိုရာ နိဗ္ဗာန်မဂ်ဖိုလ်ရမည်ဖြစ်ကြောင်း။

ဂုဏ်တော်၏စွမ်းအားသတ္တိ

သီလဝိသုဒ္ဓိ ကိုယ်ကျင့်သီလစင်ကြယ်ပြီးသောသူသည် စိတ်ဓာတ်ကို သာ၍မြင့်မြတ်ဘိုးပွားအောင်ကြိုးစားမှုကို "ဘာဝနာ"ဟု ခေါ်ပါသည်။

ထိုဘာဝနာသည် သမထဘာဝနာ ဝိပဿနာဘာဝနာဟု နှစ်မျိုးနှစ်စားကွဲပြားပါသည်။ ထိုတရားနှစ်ပါးကို ဉာဏ်ဖြင့်ပိုင်းခြား၍ သိသော အခါ အောက်ပါ တရားလေးပါးတို့ကို ဉာဏ်ဖြင့်ပိုင်းခြား၍ သိလာမည် ဖြစ်ပါသည်။

ရဟန်းတို့....သိထိုက်သော တရားလေးမျိုးကား အဘယ်နည်း။

၁။ ဉာဏ်ဖြင့်သိ၍ ပိုင်းခြားသိထိုက်သောတရား (သို့)

၂။ ဉာဏ်ဖြင့်သိ၍ ပယ်ထိုက်သော တရား (ပယ်)

၃။ ဉာဏ်ဖြင့်သိ၍ ပွားများထိုက်သောတရား (ပွား)

၄။ ဉာဏ်ဖြင့်သိ၍ မျက်မှောက် ပြုထိုက်သော (ဆိုက်) တရားဟူ၍ လေးမျိုးရှိသတည်း။

ရဟန်းတို့။ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာငါးပါးတို့သည်

ဉာဏ်ဖြင့်သိ၍ ပိုင်းခြား သိထိုက်သောတရားတို့တည်း။

မသိမှုအဝိဇ္ဇာနှင့် ဘဝကိုတပ်မက်ခြင်းဘဝတဏှာသည် ဉာဏ်ဖြင့် သိ၍ပယ်ထိုက်သောတရားတို့တည်း။

ကိလေသာငြိမ်စေမှုသမထနှင့် အထူးရှုမှု ဝိပဿနာတို့သည် ဉာဏ်ဖြင့်သိ၍ ပွားများထိုက်သောတရားတို့တည်း။

အသိဉာဏ်ဝိဇ္ဇာနှင့် ကိလေသာမှ လွတ်ကြောက်မှုဝိမုတ္တိတို့ သည် ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုထိုက်သော တရားတို့တည်း။

အဘိညာသုတ် အဘိညာဝဂ် အဂုံတို့ရ် ၄။

ဤဘုဒ္ဓ၏ဒေသနာတော်အရ မိမိဉာဏ်ဖြင့်သိ၍ အထူးပင်ပွားများ အားထုတ်ထိုက်သောတရားနှစ်ပါးသည် သမထနှင့်ဝိပဿနာပင်ဖြစ်ပါသည်။

သမထသည် မိမိစိတ်ကို "တခြား ပြင်ပအာရုံ"သို့ မသွားအောင် မပျံ့လွင့်စေဘဲ ငြိမ်သက်အောင်ထိန်းထားသော "သမာဓိ"တည်ကြည်မှုတရား ပင်ဖြစ်ပါသည်။

ဝိပဿနာသည် အနိစ္စအမြဲမရှိခြင်း၊ ဒုက္ခဆင်းရဲခြင်း၊ အနတ္တအစိုးမရခြင်းစသည်ဖြင့် သင်္ခါရတရားတို့ကို အမျိုးမျိုးအဖုံဖုံ စဉ်းစားဆင်ခြင်သောဉာဏ်ပညာဖြစ်ပါသည်။

အမျိုးမျိုးအစားစား ခွဲခြား မှတ်သား ရှုဆင်ခြင် တတ်သော ဉာဏ်ပညာပင် ဖြစ်ပါသည်။

အထူးတလည် အားထုတ်မှတ်သား အာရုံပြု ပွားများရန်, လိုအပ်သော တရားအစဉ် ဖြစ်ပါသည်။

ဤကဲ့သို့ သမထ ဝိပဿနာ နှစ်ပါးစလုံး ဉာဏ်ပညာဖြင့် ပိုင်းခြားသိမြင်၍ ပွားများထိုက်သော တရား၊ အထူးသဖြင့် ဉာဏ်ဖြင့်ယှဉ်၍ ဆင်ခြင်သုံးသပ်ထိုက်သော တရားပင် ဖြစ်ပါသည်။

## မေတ္တာ ဘာဝနာ

ထိုနည်းတူစွာ ဉာဏ်ဖြင့်သိ၍ ပိုင်းခြား ပွားများအပ်သော မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ဟူသော ब्रह्मစိုရ်တရားများတို့ မြင့်မြတ်တိုးပွားစေနိုင်သော ဘာဝနာတွင် သွင်းယူရပါသည်။

## ဗုဒ္ဓါနုဿတိ

ဘဝနာ တကာ တို့ထက် ထူးကဲစွာ ပွားများနိုင်သည့် တရားလဲ ရှိပါသေးသည်။ ထိုတရားကား ဉာဏ်ဖြင့်ပိုင်းခြား အောက်မေ့ပွားများအပ်သော ဗုဒ္ဓါနုဿတိပင် ဖြစ်ပါသည်။

ဘုရားရှင်၏ ဂုဏ်တော်များကို စိတ်ထဲမှာပေါ်လာအောင် အာရုံပြု၍ အဖန်ဖန်ထပ်တလဲလဲ ပွားများခြင်းဟု ဆိုအပ်သော ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကိုလည်း "ဘာဝနာ"တမျိုးဟုပင် ဆိုရပါမည်။

ဉာဏ်ဖြင့် ပိုင်းခြား၍ ပွားအပ်သောတရားဖြစ်၍ ပုတီးစိပ် ဂုဏ်တော် အာရုံပြုခြင်းသည်လည်း ထပ်တူထပ်မျှ ပွားများအပ်သော တရား ဖြစ်ပါသည်။

ထိုဘာဝနာမျာ သည် စိတ်ကို ငြိမ်စေတတ်သောကြောင့် သမထ ဘာဝနာမည်သည်။

"ထို သမထ ဝိပဿနာ"နှစ်မျိုးကို စိတ်အလုပ် တည်ရာဌာန ဖြစ်သောကြောင့် "ကမ္မဋ္ဌာန"ကမ္မဋ္ဌာန်းဟု ခေါ်ဆိုပါသည်။

ဘုရားဂုဏ်တော်ကို အဖန်ဖန် ပွားများ အောက်မေ့ ခြင်းသည် "ဘာဝေတမ္ဘ"နည်းဖြစ်၍ မိမိစိတ် ခိုင်ခံ့ တည်ကြည်မှုရအောင် အားထုတ်ယူရပါသည်။

သမာဓိစွမ်းအားကိုရယူရာတွင် "အာသေဝန ပစ္စယ သတ္တိ"ရအောင် အဖန်ဖန် အထပ်ထပ် ပွားများခြင်း၊ အောက်မေ့ခြင်းတို့ကို ပြုရပါသည်။

အဖန်တလဲလဲ ဆင်ခြင်ပွားများခြင်းဖြင့် ရှေ့တရားတို့သည် နောက်တရားတို့အား ကျေးဇူးပြုနိုင်သော စွမ်းရည်သဘော် ရှိသည်။

ဆင်ခြင်သုံးသပ်ရာတွင် ကွင်းဆက်ပမာ ရှေ့နှင့်နောက် တခုနှင့် တခု အကျိုးပြု ဆက်သွယ်ထားသော စွမ်းအားသည် "အာသေဝနသတ္တိ" ပင် ဖြစ်ပါသည်။

အဖန်စာလဲလဲ ဗုဒ္ဓ၏ဂုဏ်တော်များ ပွားများရာတွင် အဆင့်အတန်းအားဖြင့် ဥပစာသမာဓိ စွမ်းအင်အထိ ပေါက်ရောက်စေရမည်။ သို့မှသာ လျှင် သမာဓိ အင်အား ခိုင်ခန့်မှုရမည် ဖြစ်သည်။

ထိုမှတဆင့် ဝိပဿနာ တက်လှမ်းနိုင်မှုမှာ မိမိတို့၏ သဒ္ဓါ အား၊ ဝိရိယအားပေါ် တည်ပါသည်။ ဇွဲကောင်းနှင့် မနာမနေ အားထုတ်ရန် ဖြစ်ပါသည်။

ဂုဏ်တော်ကို အားပြု ပွား များအားထုတ်သော ယောဂီသည် "သမာဓိ"စွမ်းအင်ကို လွယ်လွယ် ရနိုင်ပါသည်။ ဦးစွာ ပေါ်လာသော စွမ်းအားကို အရယူရန်ဖြစ်ပါသည်။

ထိုနောက် လက္ခဏာရေးတင်၍ သုံးသပ်ပွားနိုင် ပါသည်။

**ယင်းသို့ဖြစ်အောင်—**

ဆန္ဒပြင်းပြမှု၊ အချိန်မှန်မှန် အ၀ားထုတ်မှုများ လိုအပ် ပါသည်။ တဘက်မှ ဝင်လာသော မကောင်းသော အာရုံများကို တားဆီးပိတ်ပင်မှုမှာ မိမိစိတ်သာလျှင် အဓိက ဖြစ်ပါသည်။

ဗုဒ္ဓသည် ဆန္ဒအပါအ၀င် အောင်မြင် ပြီးစီးခြင်း အခြေခံ တရားလေးပါး "ဣဒ္ဓိပါဒ်လေးပါး" ကို ပွားများရန် နေရာများစွာ ထပ်တလဲလဲ ဟောပြောခဲ့ပါသည်။

**ယင်းတရားလေးပါးတို့ကား....**

(၁) အလိုဆန္ဒသာလျှင် အကြီးမှူးရှိသော
တည်ကြည်မှု "သမာဓိ"

(၂) အားထုတ်ခြင်း ဝိရိယလျှင် အကြီးမှူးရှိသော
တည်ကြည်မှု"သမာဓိ"

(၃) စိတ်သာလျှင် အကြီးမှူးရှိသော
တည်ကြည်မှု "သမာဓိ"

(၄) ပညာသာလျှင် အကြီးမှူးရှိသော
တည်ကြည်မှု "သမာဓိ"

တည်ကြည်မှု သမာဓိများ ရအောင် ပြုပြင်ကြိုးစား အားထုတ်မှု "ပဓာန သင်္ခါရ" နှင့် ပြည့်စုံမှုသာ ပြီးစီးခြင်း အခြေခံ 'ဣဒ္ဓိပါဒ်" ကို ပိုင်ပိုင်နိုင်နိုင် ရရှိမည်ဖြစ်ပါသည်။

ဣဒ္ဓိပါဒ်လေးပါး အနက်တပါးပါးကဦးဆောင်ကြီးမှူး "အဓိပတိ" ဖြစ်လျှင် ကျန်သုံးပါးတို့က အတူတကွ အဖေါ်အဖြစ် လိုက်ပါ ဖြစ်ပေါ်ကြောင်းကို ပဌာန်းဒေသနာတော် "သဟဇာတာဓိပတိ"၌ ဟောထားသည်။

အဂ်ုတ္တရနိကာယ်၊ စတုက္ကနိပါတ်၊ သမာဓိ ဘာဝနာသုတ်။

ဤဒေသနာတော်ကို ထောက်ချင့်ပါက "ဆန္ဒ အဓိပတိ" သည် သမာဓိ အခြေခံသော ဣဒ္ဓိပါဒ် လေးပါးတို့ကို ကြီးမှူးခြင်းကြောင့် မလျော့သော လုလ္လဝိရိယ ဆန္ဒပြင်းပြပါက "ဂုဏ်တော်ပွားများ အားထုတ်မှုသည်" ဣဒ္ဓိပါဒ်သို့ တက်နိုင်ပါသည်။

ဒါကြောင့် ဘာဝနာ တကာထို့ထက် သာလွန်သော "ဗုဒ္ဓါနုဿတိ" ဂုဏ်တော်ကို ပွားများခြင်းသည် "သမာဓိ အခြေခံ" ပဋိပတ်ကျင့်စဉ်ဖြစ်၍ ဂုဏ်တော်ကွန်ချာ ပုတီးစိပ် ပွားများအားထုတ်ပါက ထိုဂုဏ်တော်မြတ်၏ တန်ခိုးသတ္တိထူးများကို ခံစားရမည်ဖြစ်ကြောင်း ဖော်ပြပါသည်။

အထူးအားဖြင့် သမထမှတဆင့် "ဝိပဿနာ" ဥာဏ် ဝင်စားနိုင်အောင် ကြိုးစားကြပါကုန်။

## သမထစွမ်းအင် ဝိပဿနာတင်

ဘုဏ္ဍးရှင်ဏဂုဏ်တော်များကို ခွဲမြဲဖြောင့်မတ်စွာ နေ့စဉ် အချိန်မှန်မှန် ပွားများ မှတ်သားသော စိတ်ဖြစ်သောအခါ "မဇ္ဈိမ သမထ" နိမိတ်လမ်းကြောင်း ဖြောင့်တန်းစွာ အာရုံစိုက်နေရသဖြင့် ရာဂ စသည့် အညစ်အကြေး ဒုစရိုက်များ မကပ်နိုင်ဘဲ "နိဝရဏ"ကင်း၍ "ဝိတက်" ဝိစာရ၊ ပီတိ၊သုခ၊ ဧကက္ကတာ အင်္ဂါငါးပါးရှိသော ဥပစာရ စျာန်ကိုရရှိသည်။

## ထောက်ပံ့ကူညီ ရရှိမည်

ဗုဒ္ဓါနုဿတိ ဘာဝနာသည် ဥပစာရ စျာန်ကိုရရှိသည့်အခါ ထိုမှ တဆင့် သမာဓိအားကောင်း၍ သမာဓိစွမ်းအင်ကြောင့် ဥပစာရ သမာဓိမှ ဝိပဿနာသို့ တဆင့်တက်လှမ်း၍ မလျော့သော ဇွဲ လုလ္လ ဝိရိယ ကောင်း ကောင်းဖြင့် အာထုတ်ပါက မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရပေလိမ့်မည်။

အကယ်၍ မရောက်ရသေးပါက ကောင်းသော သုဂတိ ဘုံဘဝသို့ လားရမည်။ ဒါကြောင့် စိတ်ထားဖြူစင်စွာနှင့် စေတနာ ထက်ထက်သန်သန် အာရုံပြု၍ ဂုဏ်တော်ကွန်ချာကို နေ့စဉ်မပြတ် ပွားများကြရန်ဖြစ်ကြောင်း။

## ဂုဏ်တော် အကျိုး ကျေးဇူးများ

၁။ ဘုရားရှင်၌ ရိုသေခြင်း စိတ်အစဉ်များ၏။

၂။ တုပ်ဝပ်ကျိုးနွံခြင်းများ၏။

၃။ သဒ္ဓါ သတိ ပညာ ပြန့်ပြော၏။

၄။ ကုသိုလ် ပုည ပြန့်ပြော၏။

၅။ ပီတိ ပါမောဇ္ဇ များ၏။

၆။ ဘေးကြီးဘေးငယ် အန္တရာယ်အပေါင်း ကင်း လွတ် အောင် နိုင်၏။ သည်းခံနိုင်၏။

၇။ ဒုက္ခကို မညည်းတွား။

၈။ ဘုရားနှင့် အတူတကွ ငါနေရသည်ဟု အမှတ်အသား များစွာ ဖြစ်ခြင်း။

၉။ ဗုဒ္ဓါနုဿတိ ဘဝနာ စွဲနေကိန်းအောင်းရာ ဤခန္ဓာ သည် (စေတီနှင့်တူ၏)

၁၀။ ပူဇော်ခြင်းငှာ ထိုက်၏။

၁၁။ ဘုရားအဖြစ်၌ စိတ်ညွှတ်ခြင်းမျှား၏။

၁၂။ ဒုစရိုက်ဝတ္ထုကို ကျူးလွန်စရာကြုံလျှင် ဘုရားမြင်ရသည့်အသွင် ဟိရိသြတ္တပ္ပဝင်ပေ၏။

၁၃။ ဗုဒ္ဓါနုဿတိ ဥပစာရစျာန် သမာဓိတည်၍ ဝိပဿနာ ပွားများလျှင် မဂ်ဖိုလ်ရ၏။

၁၄။ မရလျှင် သုဂတိ ဘဝသာ လားရာရှိသည်။

ဤကား ပုတီးစိပ်၍ ဂုဏ်တော်ကို ပွားများ၍ ရသော အကျိုးထူးများဖြစ်ကြောင်း...

စတုရာရက္ခကျမ်း။

## ဂုဏ်တော်ပွားလျှင် မဂ္ဂဆင်

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ပွားများ အားထုတ်သော ပုဂ္ဂိုလ်သည် ဘုရားရှင်၏ ဂုဏ်တော်များကိုအဖန်တလဲလဲ ပွားများ၍ ပုတီး စိပ် သော အခါ မဂ္ဂသစ္စာ မဂ္ဂင်ရှစ်ပါးတရားတော်များကိုထင်မြင်အောင် အာရုံပြု၍ ပွားများရန်ဖြစ်ပါသည်။

ဂုဏ်တော်များကို အာရုံပြု၍ ပုတီးစိပ်တိုင်း စိပ်တိုင်း မဂ္ဂင် ရှစ်ပါးကို ထိုးထွင်းသိမှုသတ်ပြုရန် အချက် လိုအင်ပါသည်။

ယင်းကဲ့သို့လိုအပ်သောကြောင့် မဂ္ဂင်ရှစ်ပါး အသိ တရားများကို ပွားများမှုအသွယ်သွယ် အလယ်အလတ်ဖြစ်သော မဂ္ဂင်ရှစ်ပါးလမ်းကြောင်း ဖြောင့်မှန်အောင် အားထုတ်ကြရပါမည်။

မဂ္ဂသစ္စာဟုဆိုအပ်သော နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းအမှန် သစ္စာဥာဏ်ဆိုက်အောင် အားထုတ်နိုင်ရန် အောက်ပါ မဂ္ဂင် ရှစ် ပါး ကို ဖော်ပြအပ်ပါသည်။

## မဂ္ဂသစ္စာ သိမှတ်ပါ

၁။ သမ္မာ ဒိဋ္ဌိ ကောင်းမြတ်သော အယူ
၂။ သမ္မာ သင်္ကပ္ပ ကောင်းမြတ်သော အကြံ
၃။ သမ္မာ ဝါစာ ကောင်းမြတ်သော စကား
၄။ သမ္မာ ကမ္မန္တ ကောင်းမြတ်သော အမှု
၅။ သမ္မာ အာဇီဝ ကောင်းမြတ်သော အသက်မွေးမှု
၆။ သမ္မာ ဝါယမ ကောင်းမြတ်သော အားထုတ်မှု
၇။ သမ္မာ သတိ ကောင်းမြတ်သော အမှတ်ရခြင်း
၈။ သမ္မာ သမာဓိ ကောင်းမြတ်သော တည်ကြည်ခြင်း

## လင်္ကာဆောင်ပုဒ်

၁။ ကောင်းမြတ်အယူ
၂။ ကောင်းသောအကြံ
၃။ ကောင်းမှန်စကား

၄။ ကောင်းငြားအပြု
၅။ ကောင်းမှု သက်မွေး
၆။ ကောင်းရေးအားထုတ်
၇။ ကောင်းဟုတ် စွဲမှတ်
၈။ ကောင်းမြတ် တည်ကြည် ဤရှစ်လီ
အတည်မှတ်ရန် မဂ္ဂင်တည်း။

မဂ္ဂ- နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း

သစ္စာ-အမှန် နိဗ္ဗာန်ရောက်ကြောင်း လမ်း ကောင်း အမှန် သည် မဂ္ဂင်ရှစ်ပါးတည်းဟူသော မဂ္ဂသစ္စာသာအမှန်ဖြစ်၏။

(ပုတီးစိပ်နစေဉ် မိမိသန္တာန်၌ မဂ္ဂင်ရှစ်ပါးပါဝင်ပုံကို ဤသို့ သိပါလေ)။

၁။ ပုတီးစိပ်သောအခါ ဘုရားရှင် ဂုဏ်တော်မြတ်ကို အာရုံပြု၍ စိပ်သဖြင့် ဤပြုမှုသည် မိမိသန္တာန်၌ ကောင်းကျိုးကန်ရမည် အမှန်ဟုကံ-ကံ၏ အကျိုးကို ယုံကြည်၍ ကောင်းမြတ်သောအယူ၌ တည်နေသဖြင့် သမ္မာဒိဋ္ဌိမဂ္ဂင် ပါဝင်ပြီးဖြစ်၏။

၂။ ပုတီးစိပ်နေစဉ် ဘုရားရှင်၏ ဂုဏ်တော်ထင်ရှားပြီး မိမိဉာဏ်ဝင်၌ ပေါ်လွင်နေအောင် ကြံစည်ပြီးဖြစ်သဖြင့် သမ္မာသင်္ကပ္ပမဂ္ဂင် ပါဝင်ပြီးဖြစ်သည်။

၃။ ပုတီးစိပ်သောအခါ ဂုဏ်တော်ကို အာရုံပြု၍ မိမိ ပါးစပ်ကတတွတ်တွတ် ရွတ်ဖတ်နေသောဝစီကံဖြင့် ကောင်းမြတ်သောသမ္မာဝါစာမဂ္ဂင်ပါဝင်ပြီးဖြစ်၏။

၄။ ပုတီးစိပ်၍ ဂုဏ်တော်ပေါ်လွင်ထင်ရှားအောင် အာရုံ ပြုပြီး ကြည်ညိုသော စိတ်စေတနာတွေ့ဖြစ်အောင် ကောင်းမြတ် သော အမှုကို ပြုလုပ်နေသဖြင့် သမ္မာကမ္မန္တ မဂ္ဂင် ပါဝင်ပြီးဖြစ်၏။

၅။ ပုတီးစိပ်၍ ဂုဏ်တော်ကို အာရုံပြုစဉ်၌ မည်သည့်မိစ္ဆာအာဇီဝ တည်းဟူသော အသက်မွေးမှုမျိုးမှမရှိ ကင်းစင်နေသဖြင့် သမ္မာ အာဇီဝ မဂ္ဂင်ပါဝင်ပြီးဖြစ်၏။

၆။ ပုတီးစိပ်အာရုံပြုနေစဉ် ဘုရားရှင်၏ ဂုဏ်တော်မြတ်ကို သိပြီး ပေါ်လွင်ထင်ရှားအောင် ကြည်ညိုခြင်း သဒ္ဓါတရားဖြင့် ကြိုးပမ်းအား ထုတ်နေသဖြင့် ကောင်းသောအားထုတ်မှု သမ္မာဝါယမမဂ္ဂင် ပါဝင်ပြီး ဖြစ်၏။

၇။ ပုတီးစိပ်စဉ် ဂုဏ်တော်ကို အာရုံပြု၍ပေါ်လွင်ထင်ရှားအောင် မြင်နိုင်သမျှ သမာဓိကို ထိန်းသိမ်းနေသဖြင့် ကောင်းမြတ်သော တည် ငြိမ်မှုရအောင်ပြု၍ ဂုဏ်တော်ကို သတိရအမှတ်ပြုနေစဉ် သမ္မာသတိမဂ္ဂင် ပါဝင်ပြီးဖြစ်၏။

၈။ ပုတီးစိပ်စဉ် ဂုဏ်တော် မြတ်တွေ့ ပေါ် လွင် ထင်ရှားအောင် ဖြစ်နိုင်သမျှ သမာဓိကို တိန်းသိမ်း၍ တည်ငြိမ်မှုမျိုးဖြစ်နေသဖြင့် ကောင်း မြတ်သော တည်ကြည်ခြင်း ဟူသော သမ္မာသမာဓိ မဂ္ဂင်ပါဝင်ပြီဖြစ်၏။

## သီလ သုံးဖြာ သာသနာ

| | |
|---|---|
| သမ္မာ ဝါစာ<br>သမ္မာ ကမ္မန္တ<br>သမ္မာ အာဇီဝ | သီလသာသနာ |

| | |
|---|---|
| သမ္မာ ဝါယာမ<br>သမ္မာ သတိ<br>သမ္မာ သမာဓိ | သမာဓိသာသနာ |
| သမ္မာ ဒိဋ္ဌိ<br>သမ္မာ သင်္ကပ္ပ | ပညာသာသနာ |

မြတ်စွာဘုရား သခင်၏ အဆုံးအမတည်းဟူသော သာသနာတော်သည် သီလသာသနာ ကိုယ်နှုတ်စောင့်စည်းမှုသီလ။

သမာဓိသာသနာ နိဝရဏငြိမ်းအေးမှုသမာဓိ။

ပညာ သာသနာ ပရမတ် ရုပ်နာမ် အစစ်ကို ဉာဏ်မှာမြင်၍ လက္ခဏာရေးသုံးပါးတင်ပြီး အနိစ္စဉာဏ် ဒုက္ခဉာဏ် အနတ္တဉာဏ်စင်ဖြင့် မဂ်ခရီးသို့ အပြီးတိုင်ရောက်နိုင်သော ဝိပဿနာဉာဏ် အဆုံး မဂ်ရောက် ဖိုလ်ပေါက်သောပညာ။

မြတ်စွာဘုရားသခင်၏ အဆုံးအမတည်းဟူသော သာသနာသုံးရပ်ကို ပုတီးစိပ်အာရုံပြုစဉ် ပါဝင်ပြီးစီးသလောက် ပါဝင် နေ ပေပြီဟု မိမိကိုယ်တိုင် သိနေပါစေ။ မဂ္ဂင်ရှစ်ပါးသည် သာသနာသုံးရပ်ပင်ဖြစ်သည်ဟု သတိပြု၍သိပါစေ။

ဂုဏ်တော်မြတ်ကို အာရုံပြုပုတီးစိပ်သောသူသည် မဂ္ဂင်ရှစ်ပါးကိုပါ နှလုံးသွင်းနိုင်အောင် ကြိုးစားရမည်။ သီလ သမာဓိ ပညာ စသန်းသည် ပုတီးစိပ်သူ၏ အလုပ်စသန်းဟု သိရမည်။ သိအောင်လဲကြိုးစားပြီး ဝိပဿနာသို့ တဆင့်တက်ယူရန်ဖြစ်ပါသည်။

## ပုတီးသမိုင်းစဉ် သိစေချင်

ကာလ ဒေသအားလျော်စွာ အရပ်ဝလေ့ ထုံးတမ်းစဉ်လာ လူမျိုးတိုင်း ယဉ်ကျေးမှုဆိုင်ရာရှိပါသည်။ ဘာသာရေး အစိုတ်အပိုင်းဖြစ်၍ ရှေ့ယောဂီများ သင့်လျော်စွာ ပုတီးလုံးကလေးများကို အရှယ်အစားအလိုက် "သားရိုး၊ ကြိမ်၊ နံသာဖြူနီ၊ဆင်စွယ်"စသည်တို့ဖြင့် ပုတီးစိပ်ကြရန် စီစဉ်ထားကြသည်။

ဂုဏ်တော် ပုတီးဂိုဏ်းဝင် ပုဂ္ဂိုလ်များမှာ ပုတီးကို အထူး သဖြင့် အင်း လက်ဖွဲ့ ဂါထာ မန္တာန်စသည်တို့ဖြင့် ဂုဏ်တော်သီး ခြေနည်းကို စီရင်ပြုလုပ်ကြပါသည်။

ယခုခေတ် ဂုဏ်တော် ပုတီးစိပ်ပုဂ္ဂိုလ် များပြားလာသည်ကို တွေ့ရှိရပါသည်။ တချို့ သရဏဂုဏ် သုံးပါး၊ သရဏဂုဏ် သုံးဆယ်၊ တချို့ သမ္မုဒ္ဓေဂါထာ စသည်တို့ကို အမျိုးမျိုး ပုတီးစိပ် အားထုတ်ကြပါသည်။

တယောက်တမျိုး တရှာတနည်းစသောအစဉ်အလမ်းကလေးများရှိကြသေးသည်။ သမထနည်းအရ ဗုဒ္ဓါနုဿတိ လမ်းမှန်ပို့ဆောင်ရာမှာ ဒေသနာနယ မှန်၍ ပဋိပတ္တိ စရဏသို့ ရောက်ရမည်ဖြစ်ပါသည်။

ရဟန်းတို့-ထူးသောဥာဏ်ဖြင့် ပွားများ အပ်သော တရားတို့သည် အဘယ်နည်း။

သမထ ဝိပဿနာ တရားတို့ပင်တည်း။

မဟာသဠာယ နိယသုတ်၊ ဥပရိပဏ္ဏာသ။

ဤကဲ့သို့ အဖန်တလဲလဲ ပွားများအပ်သော တရားတို့သည် သမထနှင့် ဝိပဿနာတို့ ဖြစ်ပါသည်။ သမထ ဝိပဿနာ ဆိုထား ခြင်း ကြောင့်

ဦးစွာ သမထကို အားထုတ်ပွားများရသောနည်းကား ဗုဒ္ဓါနုဿတိဘာဝနာ ဖြစ်ပါသည်။

ယင်းနှစ်ပါးတို့တွင် ရှေးဦးစွာ သမထနည်း ဖြစ်သော ဗုဒ္ဓါနုဿတိ ဂုဏ်တော် ပွားများနည်းကို ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်းအရ ရှေ့ရှု၍ ရေးသားခြင်းဖြစ်ပါသည်။ ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်းကို ပြသခြင်း ဖြစ်သည်။

ယင်းပွားများမှ အခြေခံ ပဌမဆင့်နှင့် ဒုတိယ ဂုဏ်တော် ကွန်ချာ လည်ပတ် ပုတီးစိပ်နည်းကို ပြည့်စုံစွာ ပုံစံတွင် ဖော်ပြထားသည်ကို ကြည့်ပါ၊ သေသေချာချာဘတ်ပါ။

လေ့လာပြီးမှ ဂုဏ်တော်ကွန်ချာ ပုတီးစိပ်ပါ။

စိတ်အာရုံ မပျံ့လွင့်အောင် ထိန်းသိမ်းသောနည်းသည် အကောင်းဆုံးသော ပုတီးစိပ်နည်းတခုဟု ဆိုပါသည်။

ဦးစွာ ဂုဏ်တော် ပုတီးလုံးအကြောင်း ကြိုသိနှင့်ရန် ဖြစ်ပါသည်။ ပုတီး၏ အာနိသင်များကို စိရင်သူ သောတပသီတို့လော၊ သူတော်စင်တို့လော၊ လောသုံးဆယ်များဖြင့် တွေးရန်မလိုပါ။

ယခု မျက်မှောက် သုံးစွဲကြသည့် ပုတီးများ ဖြစ်ပုံကိုသာ ဆန်း စစ်ကြပါစို့။

ပုတီးစိပ် ပုဂ္ဂိုလ်ယောဂီများလာသလို ပုတီးစိပ်နည်းများလဲ အများအပြား ရေးသားကြပါသည်။ တချို့မှာ ဂုဏ်တော် ပွားများ မှုကြောင့် ရရှိသော ကိုယ်တွေ့များကို ရေးသားထားကြပါသည်။

ထိုထို ပုတီးစိပ်စာအုပ်များ ဗုဒ္ဓဂုဏ်တော် ပွားများပုံ အကြောင်း စုံတွင် ကျွန်ုပ်ရေးသားမည့် ဂုဏ်တော်ကွန်ချာနည်းများကို မတွေ့ရသေးပါ။

"ကွန်ချာ" ဆိုသည့်အဓိပ္ပါယ်ကိုပါ ရှင်းလင်းပြသထားပါသည်။ ယခုရေးသား ဖော်ပြထားသည်မှာ ပုတီးလုံးအကြောင်း သိကောင်း စရာများ ဖြစ်ပါသည်။

ကျွန်ုပ်သိသမျှ ရှာဖွေရသမျှ ပုတီးသီကုံး ဖွဲ့စည်းထားပုံများကို ဖော်ပြပါမည်။ ထိုထက်သိရှိသူ ဥာဏ်ရှင်များက ဖြည့်စွက် ကြည့်ရှုပါရန် ဖြစ်ပါသည်။

**ပုတီးလုံးသင်္ချာ သိစရာ**

(၁) သုံးဆယ့်နှစ်လုံး ပုတီးကုံး အကြောင်း သိစရာ

(၂) တရာ့ရှစ်လုံး ပုတီးကုံး အကြောင်း သိစရာ

(၃) တရာ့ကိုးလုံး ပုတီးကုံး အကြောင်း သိစရာ

ရှေးပုတီး စီရင်ကြသော ဆရာ့-ဆရာယောဂီများသည် စီးပွားရေး မဘက်၊ ကုသိုလ်ရေးသက်သက်အတွက် ရှေ့ရှုကြသည်။

မိမိကိုယ်တိုင်ဖြစ်စေ၊ သူတပါးပြုလုပ်သော ပစ္စည်းဖြစ်စေ သမဏ ဗြဟ္မဏ စသော သူဘော်စင်တို့သည် ပုတီးလုံးဖြင့် သမထစွမ်းအင်ရအောင် အားထုတ်ကြပါသည်။ ပွားများကြပါသည်။

ရှေးယောဂီ သမဏ ဗြဟ္မဏ ရသေ့ရဟန်းတို့၏ လက်စွဲ လက်သုံး တခုအနေဖြင့် သင်္ကေတထား၍ အာရုံမပျံ့လွင့်အောင် အားထုတ်ပြီးလျှင်

သင်္ချာနည်းအရ သိရန် မှတ်သားသော နည်းတမျိုးဟုဆိုနိုင်ပါသည်။ သမထ ဂဏနည်း သက်ဝင်ပါသည်။

သုံးဆယ့်နှစ်လုံးသော ပုတီးကို စီစဉ်ခြင်းမှာ သုံးဆယ့်နှစ်ကောဌာသ ကမ္မဌာန်း အားထုတ်သူများအတွက် ဖြစ်ပါသည်။

ယခုအခါ ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်းပြသရာမှာ 'လုံးပိုလုံးကျ' မရှိသော တရာ့ရှစ်လုံးတိတိရှိသော ပုတီးနှင့်သာ ပွားများခြင်း၊ အားထုတ်ခြင်း ပြုကြပါသည်။ အတိအကျ အပိုအလိုမရှိအောင် စိတ်တည်ကြည်မှု ရယူခြင်း ဖြစ်ပါသည်။

လောကီနှင့် လောကုတ္တရာ ဆက်စပ်နေပါသဖြင့် အကြောင်း အမျိုးမျိုးတို့ကြောင့် တရာ့ရှစ်လုံး ပုတီးသီကုံးကြပါသည်။

(က) ဂြိုဟ်ကြီးရှစ်လုံး အကြောင်းပြု၍ ဂြိုဟ်သင်္ဂ တရာ့ရှစ်ရည်မှန်းကာ တရာ့ရှစ်လုံး ပုတီး သီကုံးထားပါသည်။

(ခ) တရာ့ရှစ်နဝင်းကိုအကြောင်းပြု၍ တရာ့ရှစ်လုံးသော ပုတီးကို သီးကုံးထားပါသည်။

(ဂ) တရာ့ရှစ်ဖြာသော တဏှာကို အကြောင်းပြု၍ တရာ့ရှစ်လုံးသော ပုတီး သီကုံးထားပါသည်။

(ဃ) အရိယာပုဂ္ဂိုလ် တရာ့ရှစ်ယောက်ကို အကြောင်းပြု၍ တရာ့ရှစ်လုံးသော ပုတီး သီကုံးထားပါသည်။

(င) ဘုရားရှင်၏ စက်လက္ခဏာ တရာ့ရှစ်ကွက်ကို အကြောင်းပြု၍ တရာ့ရှစ်လုံးသော ပုတီး သီကုံးထားပါသည်။

ရှေးကဆရာ့ဆရာများဖြစ်ကြသော ရသေ့ယောဂီ တပသိရှင်၊ဂန္ဓာရီဝင် ပုဂ္ဂိုလ်ကျော်များ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ရှင် သူမြတ်များ အားထားရာ အရာဝတ္ထုပစ္စည်း ဖြစ်ပါသည်။

ဘာဝနာတရား ပွားများရာ သုံးစွဲကြသည်။ ၎င်းပုတီးစိပ်များဖြင့်လည်း တန်ခိုးသိဒ္ဓိတင်၍ ပူဇော်ကြသည်။ လောက ဘေးဆိုးကပ်ဆိုးများနှင့် သံသရာ အပယ်ဒုက္ခ နှစ်တန်တို့မှ ထွက်မြောက်မှုအတွက် အားယူပြုကြသည်။

## ဂြိုဟ်သက် သံပေါက်

တနင်္ဂနွေဂဋ္ဌုန် ရှေ့မြောက်ကြုံ နေတုံ ခြောက်နှစ်မျှ။
တနင်းလာကျား တဆယ့်ငါး နေငြားရှေရပ်က။
အင်္ဂါခြသေ့် ရှေ့တောင်ကွ့ မရှေ့ရှစ်နှစ်မျှ။
ဗုဒ္ဓဟူးဆင် တောင်ရပ်ခွင် နေချင်ဆယ်စွန်ပ။
နောက်တောင်စနေ နဂါးမြွေ မသွေ ဆယ်နှစ်မျှ။
ကြာသပတေးကြွက် ဆယ့်ကိုးဘက် နေလွဲ နောက်ရပ်က။
သောကြာမှာပူး မြောက်စူးစူး အထူးနှစ်ဆယ် စွန်းကယ် တနှစ်မျှ။
ဂြိုဟ်သက်ပေါင်းစစ် တရာ့ရှစ် စင်စစ်မှတ်ကုန်ကြ။

လောကီကျမ်းအဆို

ဂြိုဟ်ကြီး ရှစ်လုံးမှာ မ ကောင်း သော ပါပ ဂြိုဟ်၊ ကောင်းသော သောမဂြိုဟိ စသည်ဖြင့် ဂြိုဟ်တို့မှာ ဂြိုဟ်သက်များရှိသည်။ ကမ္ဘာ့နိယာပ အာဒိကပွကျမ်းအဆိုအရ ဂြိုဟ်သက်ပေါင်း တရာ့ရှစ်ရှိသည် ။

ဤကို အစွဲပြု၍ တရာ့ရှစ်လုံးသော ပုတီးသီကုံး၍ပုတီးစိပ်သည်။ မကောင်းသောဘေးမှ ကင်းဝေးရန်လည်း ရည် ရွယ် လျက် ဆုမွန်မြတ် တောင်းသည်။ နိဗ္ဗာန်ကိုလည်းပတ္ထနာပြုသည်။

ဂြိုဟ်ဆိုး ကြမ္မာဆိုး အတိတ်နိမိတ်ဆိုးစသည့် ဘေးအပေါင်းတို့မှ ကင်းဝေးစေကြောင်း ဆုမွန်တောင်း၍ စီ ရင် ထား သော ပုတီး သည် လောက ပယောဂအမျိုးမျိုးနှိမ်နင်းရန်လည်း အစွမ်းပြချက် ရှိပါသည်ဟု လောကီကျမ်းများကဆိုပါသည်။

## တရာ့ရှစ်နဝင်း ဖြစ်ပေါ်ခြင်း

လောကီရေးရာကို အကြောင်းပြု၍ တရာ့ရှစ် နဝင်း မြောက်ယူ ပွားများခြင်းကိုလည်းဖော်ပြပါမည်။

ကောင်းကင်ဂြိုဟ် နက္ခတ်တာရာ သွားလမ်း လာ လမ်း များ ဘွင် ရာသီအလိုက် သွားလာနေကြသော အဃဝန်း ဘရဏီ ကြတ္တိကာ မိဂသီ စသည်နက္ခတ် ၂၇ သွယ် ရှိပါသည်။

ထိုနက္ခတ် နှစ်ဆယ့်နှစ်သွယ်တို့တွင် တသွယ်သွယ်၌ လေးပါဒ်စီ ရှိသောကြောင့် ၂၇ သွယ်သော့နက္ခတ်ကို လေးပါဒ် ၄ နှင့် မြှောက် ပါက (၂၇×၄=၁၀၈)တရာ့ရှစ်ပါဒ်ရပါသည်။

တရာ့ရှစ်ပါဒ် ၁၀၈ ကို တဆယ့်နှစ်ရာသီနှင့် အညီအမျှရှိစေရန် ၁၂ရာသီနှင့် စားသော် (၁၂ ရာသီ ÷ ၁၀۸=၉)ပါဒ်စီတရာသီတရာသီ၌ အညီအမျှရသည်။

ယင်းတရာသီ၏ ပါဒ်အစိတ် ၉ ခုကို (နဝ)နဝင်းဟု ခေါ်ဆိုပါသည်။ ၁၂ရာသီနဝင်း၏ အပေါင်းအစုဖြစ်သော ၁၀၈ပါဒ်ကို တရာ့ရှစ်နဝင်းဟု ခေါ်ဆိုပါသည်။

မန္တ ဝိဇ္ဇာ ဗေဒ ဆရာ့ဆရာတို့သည် တရာ့ရှစ်နဝင်းကို အကြောင်းပြု၍ ၈ါထာမန္တရားဆေးစီရင်ရာတွင် အစွမ်းထက်အောင် တရာ့ ရှစ်လုံးသောပုတီး သီကုံး၍ အတတ်ပညာဖြင့် အသုံးပြုကြသည်။

ဂုဏ်တော်ပွားများ အားထုတ်ကြသော တရားရှင်တို့သည် တရာ့ရှစ်လုံးသော ပုတီးဖြင့် တမက်တဖိုလ်ရအောင် ကြိုးစားအားထုတ်ကြသည့် အကြောင်း သိကောင်းစရာဖော်ပြပါသည်။

## တရာ့ရှစ်ဖြာ ကိလေသာ

တဏှာသုံးတန် အရင်းခံ
အာ-ကာ သန် နှင့် မြောက်။
တရာ့ရှစ်ဖြာ ကိလေသာ
ထိုခါ အပြီးမြောက်။

ရှေး ပညာရှိများသည် တဏှာတရာ့ရှစ်ပါးကို အလွယ်တကူမှတ်ယူနိုင်ရန် ကဗျာလင်္ကာ သီကုံးထားခဲ့ပါသည်။ စာ သား အဓိပ္ပါယ် အရ မြောက်ပွား၍ရှင်းပြပါမည်။

တဏှာသုံးတန်အရ ကာမတဏှာ၊ဘဝတဏှာ၊ ဝိဘဝတဏှာသုံးတန်ကို တည်ထားပါ။ (အာ) ရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ၊ရသာရုံ၊ဖေါ်ဋ္ဌဗ္ဗာရုံ၊ဓမ္မာရုံ ဟူသော အာရုံခြောက်ပါးနှင့်မြောက်ပါက (၃×၆=၁၈)ပါးရ၏။

တဖန်တဆယ့်ရှစ်ပါးကိုတည် (ကာ) အတိတ် ပစ္စုပ္ပန် အနာဂတ် ကာလသုံးပါးနှင့်မြောက်ပါက (၁၈×၃=၅၄)ရပါသည်။

ထို့နောက် တခါ ငါးဆယ့်လေးပါးကိုတည်၍ (သန်) အဇ္ဈတိက ဗဟိဒ္ဓသဏ္ဌာန် နှစ်ပါးနှင့် မြောက်ပါက (၅၄×၂=၁၀၈) တရာ့ရှစ်ပါး ရပါသည်။

ဤတဏှာ တရာ့ရှစ်ပါးကို•ရည်ရွယ်လျက် တဏှာပွားမှု နည်းပါးမှု ငြိမ်းအေးမှုရစေရန် တရာ့ရှစ်လုံးသော ပုတီးကို သီကုံး ထားကြသည်။ သူတော်စင်များလက်ကိုင်ထား၍ ဂုဏ်တော်ပွားများ ပုတီး စိပ်ကြသည်။

တရာ့ရှစ်ယောက် ထုတ်နှုတ်ကောက်

ယေပုဂ္ဂလာ အဌသတံ ပသတ္တာ
ပသတ္တာ၊ ချီးမွမ်းအပ်ကုန်သော
ယေပုဂ္ဂလာ၊ အကြင် အရိယာပုဂ္ဂိုလ်တို့သည်
အဌသတံ၊ တရာ့ရှစ်ယောက်တို့သည်
ဟောန္တိ၊ ဖြစ်ကုန်၏။

အဌသတံအရ အရိယာပုဂ္ဂိုလ်မြတ် တရာ့ရှစ်ယောက်ဟု ဆိုထား သဖြင့် အစဉ်အတိုင်း မြောက်ပွားယူရပါသည်။

ခုဒ္ဒကပါဋ္ဌ အဌကထာ ၁၅၂။
သုတ္တနိပါတ် အဌကထာ ၂၀၀။

အဋ္ဌသတံ၊ တရာ့ရှစ်ယောက်သော အရိယာ ပုဂ္ဂိုလ်မြတ်တို့အား မြောက်ပွားယူနည်း။

သောတာပန် သုံးယောက်၊ သကဒါဂါမ် သုံးယောက်ကို ပေါင်းသော် ခြောက်ယောက်ရ၏။ ၎င်းတို့ကိုတည်၊ ပဋိပဒါ အကျင့်မြတ်လေးပါးနှင့် မြောက်ပါက (၆×၄=၂၄) သောတာပန် ၂၄ ယောက်ရ၏။

ထို့နောက် အနာဂါမ် ပုဂ္ဂိုလ်ငါးယောက်ကိုတည်၊ သုဒ္ဓါဝါသ အောက်လေးဘုံနှင့်မြောက်ပါက(၅×၄=၂၀)ရ၏။ ၎င်းနှစ်ဆယ်ကို အဂ္ဂနိဋ္ဌဘုံရှိ အနာဂါမ်လေးပါးနှင့် ထပ်၍ ပေါင်းပါက (၂၀+၄=၂၄) အနာဂါမ် နှစ်ဆယ့်လေးယောက် ရ၏။

တဖန် သုဒ္ဓဝိပါသက ရဟန္တာတပါးနှင့် သမထ ယာနိက ရဟန္တာတပါးနှင့်ပေါင်း၊ နှစ်ပါးရ၏။ မဂ်ကဋ္ဌာန်လေးယောက်ကိုပါ ထပ်၍အားလုံးပေါင်းပါက (၂၄+၂၄+၂+၄=၅၄)

စတုပညာသ၅၄၊ ငါးဆယ့်လေးပါးရ၏။

စတုပညာသ ၅၄ ပါးကိုတည်၍ သဒ္ဓါဓုံရ ပညာဓုရနှစ်ပါးနှင့် မြောက်ပါက (၅၄×၂=၁၀၈)တရာ့ရှစ်ယောက်သော အရိယာပုဂ္ဂိုလ် ရပါသည်။

အရိယာပုဂ္ဂိုလ်(၁၀၈) ယောက်ကိုရည်၍ (၁၀၈) လုံးသော ပုတီးသီကုံးကြသည်။ ယင်းပုတီးဖြင့် ဂုဏ်တော်ဘာဝနာများကို တမဂ်တဖိုလ် ရရှိအောင် ကြိုးစားအားထုတ်ကြသည်ဖြစ်ကြောင်း သိရပါ၏။

**တရာ့ရှစ်ကွက် စက်လက္ခဏာ**

တရှာ့ရှစ်ကွက် စက်လက္ခဏာတော် အကြောင်းအရာများကို လက်လှမ်းမှီ သိရှိသမျှ ရေးသားဖော်ပြပါပည်။

## ခြုံရုံဌာန ထူးကဲစွ

ဗုဒ္ဓလောင်းလျာသည် ဘဝအသချေ်ယျ ဘဝပေါင်းများစွာ ဒါန ပါရမီ၊ ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီ ကောင်းတို့ကို သူမတူအောင် ထူးကဲစွာ ဖြည့်ကျင့်တော်မူခဲ့သည်။

ဤကဲ့သို့ ဖြည့် ကျင့် တော်မူခဲ့သော "သပရိဝါရဒါန" အခြံအရံများနှင့် ကုသိုလ်ပြုခဲ့သော ကာမာဝစရကုသိုလ်အကျိုးဆက်တို့ကြောင့် ဘုရားရှင်၏ ခြေဖဝါးတော်တွင် တရာ့ရှစ်ကွက်သော စက်လက္ခဏာတော်များ၊ ထူးခြားစွာ ပါတော်မူသည်။ "စေတီပါဒ" ဘုရားရှင် ခြေတော်ရာများကို စေတီအဖြစ် ကိုးကွယ်ဆည်းကပ်ဩသည်။

## ဒါနဆယ်မျိုး ခြုံရုံပျိုး

ပရဟိတ သူတပါးတို့၏ အကျိုးစီးပွားအတွက် ဆယ် မျိုး သော ဒါနကိုခြုံရုံ၍ လှုခဲ့သော "သပရိဝါရ" ဒါနကုသိုလ်ကြောင့် လောကတွင် သုံးဆယ့်နှစ်ပါးသော ကံကြမ္မာ၊ တဆယ့် ခြောက်ပါးသော ဥပဒ္ဒဝေါ ဘေးဥပါဒ် ဆိုးတို့သည် ကိုယ်သို့မရောက် ပယ်ပျောက်ရပေသည်။ စက်လက္ခဏာတော်မြတ်၏ တန်ခိုးတော်မြတ် ဖြစ်ပါသည်။

မဟာပဓာနသုတ်-ဒီဃနိကာယ်။

## မဟာပုရိသ လက္ခဏာ

ယောကျ်ားမြတ်တို့၏ လက္ခဏာတော်များမှာ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး။ ရှစ်ဆယ်သော လက္ခဏာတော်ငယ် စသည်အပြင် ခြေဖဝါးတော်တွင် တရာ့ရှစ်ကွက်သော စက်လက္ခဏာတော်များနှင့် ပြည့်စုံရခြင်းသည် ဘဝပေါင်းများစွာက ဒါနအစပျိုး၍ ဖြည့်တော်မူသောအကျိုးမြတ်ကြောင့် ဖြစ်ပါသည်။

ထို့ကြောင့်....

(၁) တပါးသောသူတို့၏ အကျိုးစီးပွား'ပရဟိတ'ကို ဆောင်ရွက်တော်မူခြင်း။

(၂) လူအပေါင်းတို့၏ ထိတ်လန့်ကြောက်ရွံ့ခြင်းကို ပယ်ရှားတော်မူခြင်း။

(၃) တရားနှင့်လျော်စွာအစောင့်အရှောက်ကိုခန့်ထားစီရင်ခြင်း။

(၄) အခြံအရံနှင့်တကွ သပရိဝါရ ဒါန အလှူပေးခြင်း။

ဤအကြောင်းလေးပါးတို့ကြောင့် တရာ့ရှစ်ကွက်စက်လက္ခဏာတော်များနှင့် ပြည့်စုံတော်မူခြင်း ဖြစ်ကြောင်းကို 'မဟာပုရိသလက္ခဏာသုတ်'မှာ ဟောတော်မူသည်။

စက်လက္ခဏာတော်နှင့်ပတ်သက်၍ ဘုရားရှင်၏'စေတီပါဒ'ခြေတော်ရာ အကြောင်းကို ရှာဖွေလေ့လာ ကြည့်ကြပါစို့။

ရှင်တော်ဘုရား၏ ကိုယ်တော် အင်္ဂါအစိတ်အပိုင်း အသီးသီးတို့တွင် ခြေဖဝါးတော်မှာ ပါသော စက်လက္ခဏာများ ယနေ့တိုင်ထင်ရှား ရှိပေသေးသည်။ ခြေတော်ရာချထားခဲ့သည်မှာ ရွှေစက်တော်ရာတွင် အထက်ခြေတော်ရာနှင့် အောက်ခြေတော်ရာများ ဖူးတွေ့နိုင်ပါသည်။

ခြေဖဝါးတော်ပါသော စက်လက္ခဏာတော်များသည်

'စက္ကံ့ဏီတပါဒ' စက်ဝန်းပုံတောင်းချက်မ

တနည်းအားဖြင့် ပဒေါင်း-အဝန်းသည်ဣန္ဒာနီလာ

မြအဆင်း မြစိမ်းရောင် အဆင်းရှိသည်။

ပုံတောင်းအဝန်း သဏ္ဍာန်အလယ်အကွက်ကား ငွေအဆင်းရှိသည်။

ပုံတောင်းထိပ်အတွင်းအပြင်မျှားတွင် ဌေအဆင်းကဲ့သို့ရှဲကြိုးရှိသည်။

အကန့်တဆောင်ကား သန္ဓာအဆင်းရှိသည်။

ဂင်းတို့ကို ရတနာဘုန်စ်ပါးတို့ဖြင့် ခြယ်လှယ်သည်။

တတန်နှင့်တတန်ကြားတွင် ရတနာဘုန်စ်ပါး အဆင်းရှိသော ရှဲကြိုးခြားသည်။

အတွင်းကား ရှေကြံဆစ်ခြယ်လှယ်ထားသော သန္ဓာအဆင်းရှိ၏။

အကန့်ဆယ်ခုဆယ်ခု ကြားတွင် လက်ဝဲလက္ခာ ပန်းဆိုင် ဆဲလျက် သန္ဓာရိုးတပ်သော ထီ ဖြူရှိသည်။

အာကွပ်၏ အနားပုံတောင်းပေါက်အနားတွင် ခြသော့ခံတွင်း သဏ္ဌာန်ရှိသည်။ ပုလဲသွယ်သဏ္ဌာန် စီလျက်ရှိသည်ဟု ဆိုသည်။

စက်လက္ခဏာတော် ပုံပန်း၊ အရောင်အဆင်း၊ ခြေဖဝါး တော်တွင် ပါသော စက်လက္ခဏာ အနေအထားကိုလည်း မဟာပဓာနသုတ် အဖွင့်သုတ် မဟာဝါ အဋ္ဌကထာနှင့် ဇာတ်လမ်းပေါင်းများတို့တွင် ကြည့်ရှုနိုင်ပါသည်။

လက္ခဏာ ၃၂ မျိုး စက္ကဝတေးပါ၊ စသည်အကြောင်းအရာ မျှားကို ဂုဏ်ဋ္ဌတ္ထဝိနိစ္ဆယ ကျမ်းနှင့် ဂုဏ်တော်အရှုသာတို့တွင် သခင်ပနည်းအရ ရေးသားထားသည်ကို တွေ့ရပါသည်။

ထိုနောက် အမရပူရမြို့ လေးစီးရှင်လက်ထက် စတုရင်ဗလအမတ်ကြီး ရေးသားစီးကုံးထားသော စက်တော်ရာ ဘုရားရှိခိုး အစရှိသော 'စက္ကပါဒ စက္ကဂ်ီတပါဒ' တရားရှစ်ကွက်သော စက်လက္ခဏာတော် အစုံကို ဖော်ပြထားပါသည်။

စေတီပါဒ သမိုင်းစသည်တို့တွင် ရှေးဂက်တော်ရာသမိုင်းသည် 'စေတီပါဒ' ဂုဏ်တော်အဖြစ် ယနေ့တိုင် ထင်ထင်ရှားရှား တည်ရှိနေပါသဖြင့် ပုတီးစိပ်သူ ဂုဏ်တော် အားရပါးရပွားများအားထုတ်သူတို့အဖို့ အားထားရာ အားပြုရာ အားတက်စရာ ဖြစ်ပါသည်။

ဤကဲ့သို့ တရာ့ရှစ်ကွက် စက်လက္ခဏာတော်ကို အကြောင်း ပြု၍ တရာ့ရှစ်လုံးသောပုတီး သီကုံးကြသည်။လောကီအကျိုးစီးပွားလောကုတ္တရာ အကျိုးစီးပွားအတွက် ဘာဝနာပွားရန်ဖြစ်ပါသည်။

**တရာ့ရှစ်ကွက် စက်လက္ခဏာ**

| | | |
|---|---|---|
| ၁။ | လုံမအုပ်စု | ၁၀ ခု။ |
| ၂။ | ထီးဖြူအုပ်စု | ၁၄ ခု။ |
| ၃။ | သမုဒ္ဒရာအုပ်စု | ၁၄ ခု။ |
| ၄။ | သီတာတောင်စဉ် အိုင်ကြီးများ | ၂၁ ခု။ |
| ၅။ | ဂဋ္ဌုန်မင်းအုပ်စု | ၁၀ ခု။ |
| ၆။ | ဆင်မင်းအုပ်စု | ၁၀ ခု။ |
| ၇။ | ငှက်မင်းအုပ်စု | ၇ ခု။ |
| ၈။ | နတ်ပြည်ခြောက်ထပ် | ၆ ခု။ |
| ၉။ | ဗြဟ္မာပြည် တဆယ့် ခြောက်ထပ် | ၁၆ ခု။ |
| | ပေါင်း | ၁၀၈ |

ဤသည်လျှင် ဘုရားရှင်၏ ခြေဖဝါးတော်တွင် ပါရှိသော စက်လက္ခဏာတော် တရာ့ရှစ်ကွက်ဖြစ်ပါသည်။

ယင်းတရာ့ရှစ်ကွက် စက်လက္ခဏာကို အကြောင်းပြု၍ တရာ့ရှစ်လုံး သောပုတီးသီကုံး၍ ဂုဏ်တော်များပွားများအားထုတ်ကြပါသည်။ရှင်တော် ဘုရား၏ စက်လက္ခဏာ 'စေတီပါဒ' ခြေတော်ရာပါရှိသည့်အတိုင်း တရာ့ရှစ်ကွက် စက်လက္ခဏာကို အာရုံပြု ပုတီးစိပ်ပါက တဆယ့် ခြောက်ပါးသော ဘေး၊ သုံးဆယ့်နှစ်ပါးသော ကံကြမ္မာမှ ကင်းဝေးမည်။

ဂုဏ်တော်များကို ပုတီးစိပ်ရာတွင် တရာ့ရှစ်လုံးပြည့်မှသာ ကွန်ချာ နည်းအရ လည်ပတ်စိပ်ရာတွင် တိကျမှန်ကန်ပါသည်။ ဂုဏ်တော် ပွားမှု သမထစွမ်းအားကြောင့် ပစ္စုပ္ပန် သံသရာ နှစ်တန်သောအကျိုးမြတ် ခံစားရပည်ဖြစ်ပါကြောင်း။

တရာ့ကိုးလုံး နည်းယူသုံး

အချို့သောပုတီးကုံးများကို သေချာစွာ တွက်စစ်လို့ကြည့်ပါလျှင် တရာ့နဲ့ ကိုးလုံး ပါသည်ကို သိရှိရမည်။

ဤကဲ့သို့ တရာ့နဲ့ကိုးလုံး သီကုံးထားသော ပုတီးများမှာ လွန်ခဲ့သော အနှစ်သုံ ဆယ်ကျော် ကာလပိုင်းမှစ၍ မုံရွာမြို့နယ် သမ္ဒုဒ္ဓေကပ်ကျော် ဘုရားကို အကြောင်းပြု၍ ကပ်ကျော်စေရန် ပုတီးဆရာ အချို့က ပုတီးတလုံးတိုး၍ ဖြည့်စွက်ထား၍ တရာ့ကိုးလုံး သီကုံးထားပါသည်။

သို့ပေတုတ်၊ တချို့သောဆရာတို့က သမ္ဒုဒ္ဓေဘုရားကို အမှိပြု၍ ပုတီးလုပ်ငန်းဖြင့် အသက်မွေးကြသော ပုတီးလုပ်သူ ကုန်သည်တို့က သမ္ဒုဒ္ဓေဘုရားအတွက် ရည်စူး၍ ကပ်ကျော်ရန် ယင်း တရာ့ကိုးလုံး ပုတီးကို စီစဉ်ထားသည်ဟု သိရပါသည်။

ဗုဒ္ဓါနုဿတိ ဘာဝနာ ကမ္မဋ္ဌာန်း
အားထုတ်ရာ ဘုရားဂုဏ်တော်ကို
အဖန်တလဲလဲပွားများ အောက်မေ့ခြင်း
အဖန်ဖန် အကြိမ်ကြိမ် ဂုဏ်တော်ကို

အာရုံပြု၍ ပုတီးစိပ်ခြင်းဟူသော ဘာဝနာ တကာထို့ထက် ထက်မြက်သော ဂုဏ်တော်ပွားမှုကို တရာ့ရှစ်လုံးသောပုတီးဖြင့် ယခုပြသထားသော ဂုဏ်တော်ကွန်ချာနည်းကို ပုတီးစိပ်နိုင်ပါသည်။ သဟာဓိအစွမ်းထက်ကြောင်း ရေးသားဖော်ပြအပ်ပါသည်။

သဒ္ဓါ ပညာ သီလ သဟာဓိ စွမ်းအားတို့ကို မှီငြမ်းပြု၍ ထိုမှတဆင့် ဝိပဿနာ စခန်းတက်နိုင်ရန်လဲ လိုအပ်ပါသည်။

**စိပ်ပုတီး အကြောင်း သိကောင်းစရာ**

စိပ်ပုတီး၏ စကားလုံး အနက်အဓိပ္ပါယ်ကို စဉ်းစားမီ 'စိတ်နှင့် စိပ်' တသတ် စိတ်နှင့် ပသပ် စိပ် အရေးအသားများကို ဦးစွာ ပထမ စိစစ်ချင်သည်။ စဉ်းစားချင်သည်။

'ကြည်နူးစိပ်စိပ် ဦးတင်ထိပ်
နှစ်ကျိပ်လေးဆူတွင်' ဟူ၍လည်းကောင်း

'သီမြင်မင်းရိပ် စူဋ္ဌလိပ်
စိပ်စိပ် ကြံဆင်ခြင်'ဟူ၍လည်းကောင်း
ကဝိလက္ခဏာ သတ်ပုံလက်ာဆိုသည့်အတိုင်း ကြံစည်ခြင်း၊ တွေးတောခြင်း၊ ဆင်ခြင် အောက်မေ့ခြင်း စသည်တို့ကို "စိပ်"သည်ဟု ဆိုထားသည်။

အသေးစိတ်၊ ခွဲစိတ်၊ စိတ်များရာတွင်သာ "စိတ်"ဟု ရေးသားရမည်။သုံးစွဲရမည်ဖြစ်ပါသည်။

လည်ဒ္ဒ အမြဲဝတ်ဆင်ရသော ပုတီးအမျိုးမျိုးတွင် ဤပုတီးသည်ကား အလှပအတွက် ဝတ်ဆင်ရသည်ပဟုတ်။ ဘုရား ဂုဏ်တော်များကို အာရုံပြု၍ ဂုဏ်တော် အနက် အဓိပ္ပါယ်များကို ကြံစည်တွေးတောဆင်ခြင်အောက်မေ့ရန် ဝတ်ဆင်ရသော ပုတီးဖြစ်သည်။ ထို့ကြောင့် စိပ်ပုတီးဟု ရေးချင်သည်။

ပုဆိုးတသီး၊စိပ်ပုတီး၊ပုတီး ပုခက်တို့ကို ရေးသောအခါ "ပု"ရေးသော်လည်း ဖတ်သောအခါ"ပ"ဟုအသံထွက်၍ ပဆိုး၊ ပတီး၊ ပခက် ဖတ်ရန် သတ်ထူးကျမ်းတွင် ညွှန်ကြားထားသည်။

ဤအလိုဆိုသော် "စိပ်" ပုတီးလည်း မှန်သည်ပင်ဟူဆသည်။

"စိပ်"=စိပ်ပုတီး ဂုဏ်တော်များကို ပွာ.များ အားထုတ်ရာတွင် "စိပ်"ဖြင့် ဘုရားဂုဏ် တရားဂုဏ် သံဃာ့ဂုဏ်တော် များ ကို အာရုံပြုပြီးစီးပါက ပုတီးလုံးရေ မည်ရွေ့မည်မျှ ပုတီးပတ် မည်ရွေ့မည်မျှသိရှိရန် မှတ်သားသော သင်္ကေတ ပစ္စည်း ဝတ္ထုကို စိတ် အာရုံပြုရာတွင် အသုံးပြုသော ပုတီးကို "စိပ်ပုတီး"ဟုဆိုလျှင် မမှားပါ။

'ပုတီးလည်စိပ် မာန်ကိုနှိပ်
သိပ်သိပ် သည်းသည်းပင်'

ဟူ၍ စွယ် စုံ ကျော်ထင် သတ်ပုံ ကျမ်း တွင် လည်း ဖော်ပြထားပေသည်။

'နေ့ညသိပ်သိပ် ပုတီးစိပ်လျက်
နှိပ်နှိပ် ကွပ် ကွပ်' ဟူ၍ လည်းကောင်း

မဟာဇနကပျို၏ အလိုကို ထောက်သော် "စိပ်ပုတီး" ဖြစ်သည်။ ယင်းစိပ်ပုတီးသည် ယောဂီသူတော်စင်တို့ စွဲကိုင် သော ပစ္စည်းဝတ္ထုတခု ဖြစ်သည်။

ပုတီးတွင် 'ပု' ၏ အနက် အ ဓိပ္ပါယ် မှာ.... ဝတ် ဆင် သည် ဟု ဆိုလိုသည်။

'ပု'ဆိုးက ပု မျိုး ဖြစ်သည်။ ကချင် စကား၊ လီစု စကားတို့တွင် "ပု"ကို 'ဝတ်ဆင်သည်'ဟုပင် အဓိပ္ပာယ်ပြန်ရမည်။

အကြိမ်များစွာ ပွတ်ခြင်းကို 'ပွန်းတီး'ဟူ၍လည်းကောင်း။

အကြိမ်များစွာ ပြုန်းတီးခြင်းကို 'ပြုန်းတီး' ဟူ၍ လည်း ကောင်း ဆိုကဲ့သို့ အကြိမ်များစွာဝတ်ဆင်ရသော ပု ကို 'ပုတီး'ဟု ဆိုရသည်။ အကြိမ်ကြိမ်စိပ်စေ ဆင်ခြင်ရသော 'ပု' ကား စိပ်ပုတီးပင် ဖြစ်သည်။

မှန်လှုပေသည်။ ယင်းပုတီးကို ဘာဝနာပွားများအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် တောအရပ်မှာဖြင့်စေ၊ ဆိတ်ငြိမ်ရာမှာဖြစ်စေ၊ ဂုဏ်တော်ပွားများသောအခါ သင်္ချာနည်းအရ ဂုဏ်တော်ကိုးပါး၊ ဆယ်ပါး၊ တထောင်၊ တသောင်း၊ရှစ်သောင်း လေးထောင်စသည်ဖြင့် အမှတ်အသား ပြုရန်သုံးသောပုတီးဖြစ်ပါသည်။

'ပုတီးကိုစိပ် ငြိမ်ဆိပ်ဆိပ်
ဆေးလိပ် မသောက်ရပါဘုရား'

ဆရာတော်ကြီးများ၏သြဝါဒ။

ပုတီး စိပ်သော ယောဂီသည် ဆိတ်ငြိမ်ရာဒေသမှာ မိမိစွဲလမ်းသော ကြောင့်ကြဖွယ်ရာအဖြာဖြာကိစ္စများကို ဖြတ်တောက်ပယ်စွန့်၍ ဂုဏ်တော်ကို ပွားများရန်ဖြစ်သည်။

စိတ်ထိန်းမှုလေ့ကျင့်နည်း 'သမာဓိ'စွမ်းအားကို ရသေ့ယောဂီတို့အားယူကြသည်။ တပသီတို့၏အကျင့်မြတ်မို့ ဗုဒ္ဓပွင့်ရာအိန္ဒိယတိုင်း ရှေးယောဂီတို့မှ ဆင်းသက်လာသော ပုတီးစိပ်နည်းဟု မှန်းဆကြသည်။

မဟာယာနဂိုဏ်း ယောဂီမြတ်တို့၏ ဓလေ့ ယောဂါစရ ဗြဟ္မာစာရီပုဂ္ဂိုလ်တို့၏ ကျင့်စဉ်တွင်လည်း တိဗက်ဗုဒ္ဓအယူရှိသောယောဂီရဟန်းတော်များ ပုတီးသုံးသည့်ဓလေ့ကို တွေ့ခဲ့ရသည်။

## အကျွမ်းတဝင် ရှိခဲ့စဉ်က

၁၉၅၆-၅၇ ခုနှစ် အိန္ဒိယပြည် ဗုဒ္ဓဂါယာ ဘုရားဝတ်ကျောင်းတွင် မိမိနှင့်အတူတကွ ဘုရားအာရုံပြုနေကျဖြစ်သော တိဗက်ဘုန်းတော်ကြီးတပါးအကြောင်း သတိရမိပါသည်။

## ဂါရဝမှု ဝွမ်းအားပြု

တိဗက်ဘုန်းတော်ကြီးသည် မြန်မာရဟန်းတော်များ တွေ့မြင်လျှင်ကြည်ညိုဖူးမျှော်သည်။ ရေချိုးလျှင် ရေ ဆွဲလှူသည်။ သူ့ကိုယ်သူ အချိန်ယူ၍ ဗောဓိပင်နှင့် ကိုက်နှစ်ရာ သုံးရာကျော်မှနေ၍ ဗောဓိပင်သို့ ရှေ့ရှုလျက် ခြေတလှမ်း လှမ်းပြီးလျှင် ဘုရားကိုဝတ်ချ၍ ပုတီးတလုံးချသည်။ အဲ့ဒီလို ဘုရားအာရုံပြု၍ ပုတီးစိပ်ခါ တ လှမ်း ချင်း ဗောဓိပင် ရင်း သို့အရောက် ဂါရဝပြုပုတီးစိပ်လာသည်။ အားပါးတရဗောဓိပင်ရင်းပုတီးစိပ်သည်ကို တွေ့ရပါသည်။

တိဗက်ပြည်မှခြေလျင်ဗောဓိပင်အထိသူလာသည်။ အပြန်တွင်လည်း ခြေလျင်ပြန်မည်။ သူတို့ပြည် ထွက်သည့်နေရာမှ ခြေတလှမ်း ပုတီးတလုံး

စိပ်၍ 'လာခြင်း ပြန်ခြင်း' ကိစ္စပြီးစီးပါက သူ့ဝတ်ရုံများကိုပြည်သူတို့က ပူဇော်ကြမည် ဖြစ်ကြောင်း ပြောပြပါသည်။

သူ၏ ဇဲလုလ္လ ဝိရိယနှင့် ပုတီးစိပ်သည့်အချက်မှာ သဒ္ဓါယုံကြည်မှု ပသာဒ ကြည်ညိုမှုများကို အားကျစရာဖော်ပြပါသည်။

အာနာပါန ကမ္မဋ္ဌာန်း တို့ တွင် 'ထွက်သက်' 'ဝင်သက်' နည်းမှ တစိတ်တဒေသ ဖြစ်သော 'ထပနာ' နည်းနှင့် 'ဂဏနာ' နည်း တို့ သည် 'သမာဓိ' စွမ်းအား ကို ယူရသည်။ ဗုဒ္ဓါနုဿတိပွားများရာမှာလဲ သမာဓိ စွမ်းရှိမှ ဂုဏ်တော်မှတ်သားမှုစွမ်းအားရှိပါသည်။

ဂုဏ်တော်ကွန်ချာပုတီးစိပ်နည်းသည် ဂဏနာ နည်း ကဲ့ သို့ အနှေး အမြန်အာရုံမပျံ့လွင့်အောင် ရေတွက်၍ ပုတီးစိပ်သောနည်း ဖြစ်ပါသည်။ ကွန်ချာနည်းအရ တကယ်ပွားများအားထုတ်ပါက သမာဓိစွမ်းအား သိသိ သာသာကောင်းလာပါသည်။

ဗုဒ္ဓဂုဏ်တော်ကို ပွားများခြင်း၊ အောက်မေ့ခြင်း
ဗုဒ္ဓဂုဏ်တော်ကို ပုတီးစိပ်ပွားများခြင်း၊ အောက်မေ့ခြင်း၊

ဘယ်လိုပင် အားထုတ်အားထုတ် အာရုံ ပထွေပြားမှ သမာဓိရပည်။ ဂုဏ်တော်ကွန်ချာ ပုတီးစိပ်ခြင်းသည် ပဋိပတ် အကျမ်းဝင်၍ အလွှား ဂုဏ်တော် ပုတီးစိပ်နည်းဖြစ်သည်။ စိတ်ဘည်ငြိမ်မှု သမာဓိစွမ်းအားသက်ရှိလာမည်။ မဖြစ်မနေ ကြိုးစားအားထုတ်ပါလို့ တိုက်တွန်းပါသည်။

သမာဓိအစွမ်းသည် ဂုဏ်တော် အားထုတ်သော ယောဂီအတွက် လောကီချမ်းသာအစွမ်းသာမက တန်ခိုးဣဒ္ဓိပါဒ်များလည်း ရနိုင်ပေသည်။ ဂုဏ်တော်ပွားများစဉ် စိတ်တည်ငြိမ်ခိုင်ခန့်လာသည်။ သမာဓိစွမ်းရည် ရနိုင်ကြောင်းကို ဗုဒ္ဓမိန့်တော်မူသည်။

ချစ်သားတို့....

သမာဓိပွားများမှုတို့သည် ဤလေးမျိုးရှိသည်။ အဘယ်လေးမျိုး ပါနည်း။

(၁) အကြိမ်ကြိမ်ပွားများလေ့လာအပ်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရန် သမာဓိ ပွားများမှုသည် ရှိ၏။

(၂) အကြိမ်ကြိမ်ပွားများလေ့လာအပ်သော 'ဒိဋ္ဌစက္ခု' ဥာဏ် အမြင် ရ ရန် ဖြစ်သော သမာဓိပွားများမှုသည် ရှိ၏။

(၃) အကြိမ်ကြိမ်ပွားများလေ့လာအပ်သော အောက်မေ့ခြင်း 'သတိ'နှင့်ဆင်ခြင်ဉာဏ် သမ္မာဇဉ်အလို့ငှာဖြစ်သော သမာဓိ ပွားများမှုသည်ရှိ၏။

(၄) အကြိမ်ကြိမ် ပွားများလေ့လာ အပ်သော၊ အာသဝေါ တရားတို့ ကုန်ခန်းရာဖြစ်သော သမာဓိပွားများမှုသည်ရှိ၏။

ဤသို့ သမာဓိစွမ်းအားကို ဟောတော်မူရာ မိမိတို့လိုအင်ဆန္ဒ စိတ်ပြင်းပြလှသည်နှင့်အမျှ ကြိမ်ဖန်များစွာ ဂုဏ်တော်ကို အားထုတ်နိုင်သည်။

အဂုံတ္တရ နိကာယ် စတုက္က နိပါတ် သမာဓိ ဘာဝနာသုတ်။

မှန်ကန်သော ကျင့်မြတ် ပဋ္ဌိပတ်ဂုဏ်သည် အကြိမ်ကြိမ် ပွားများမှု၊ ဂုဏ်တော်မြတ် အာရုံပြုပုတီးစိပ်မှုတို့ကြောင့် သမာဓိရလာသည့် အခါမှာ အလွန်ထင်ရှား လာပါသည်။

ဆန္ဒ ဝိရိယ စိတ္တ ပညာ သမာဓိစသော အကြီးမှူးရှိသော တရားများကို ကြိမ်ဖန်များစွာ အောက်မေ့ပွားများမှတို့ကြောင့် ထူးသောဥာဏ်မျက်မှောက် ပြုအပ်သည်။ သမာဓိစွမ်းအင်ကို ဆန္ဒ ပြင်းပြင်းထန်ထန် ရယူရန် ဖြစ်ကြောင်း။

လိုအပ်သောအချက် ကောက်နှုတ်ပြပါသည်။

အဂုံတ္တရ နိကာယ်၊ ပဋ္ဌက နိပါတ် ဒုတိယ ဣဒ္ဓိပါဒသုတ်။

## အဘိညာဉ်တရား လွန်ထူးခြား

သမထ စွမ်းအား အကြောင်းကို ဖော်ပြပါမည်။ ၁၂၇၅ ခုနှစ်၊ နယုန်လဆုတ် (၁၀)ရက်၊ မန္တလေးမြို့ ဝိုင် အမ် ဘီ အေ အသင်း တိုက်ဌ လယ်တီဆရာတော်ဘုရား သတင်းသုံးနေစဉ် ပြင်သစ်ပြည်မှ မေ.သောပုစ္ဆာ ငါးချက်မှာ အဘိညာ ငါးပါးကို ဖော်ပြပါသည်။

မေး။ ၁။ ဣဒ္ဓိဝိဓ အဘိညာ

၂။ ဒိဗ္ဗသောတ အဘိညာ

၃။ စေတောပရိယ အဘိညာ

၄။ ပုဗ္ဗေနိဝါသ အဘိညာ

၅။ ဒိဗ္ဗစက္ခု အဘိညာ

ယင်းအဘိညာငါးပါး ဘုရားမှတပါး ရဟန္တာ အစရှိသော အရိယာသာဝကများနှင့် ဆက်ဆံပါသေးသလား ဘုရား။

ဖြေ။ အဘိညာ ငါးပါးသည် အရိယာ သာဝကများနှင့်လည်း ဆက်ဆံပါသေး၏။ အရိယာ သာဝကများနှင့်သာ မဟုတ်သေး။ 'သမထ-ဝိပဿနာ' တရားကို ထမြောက်အောင် အားထုတ်နိုင်ကြကုန်သော ပုထုဇဉ် သာဝကများတို့နှင့်ရင်း၊ ကမ္ဘာဦးအခါတို့၌ စျာန်ရသော သမဏ ဗြဟ္မဏ ရသေ့ ရဟန်းတို့၌ရင်း ဆက်ဆံပါသေး၏။

ဘုရားမပွင့်မီ ရှေးကမ္ဘာဦးအခါ၌ ကောင်းကင်မြေမိုး ပျံ့ရှိုး သွားလာနိုင်ကြကုန်သော သာသနာပ စျာန်ရ ရသေ့တို့သည် အလွန် ပေါများ၏။

ယခုအခါ၌လည်း ထိုအဘိညာငါးပါးတို့ကို ထမြောက် ပေါက်ရောက်အောင် အားထုတ်ရန် နည်းလမ်းသည် ဗုဒ္ဓဘာသာ ကျမ်းဂန်တို့မှာ ထင်ရှားစွာ လာရှိ၏။

ယခုအခါမှာလည်း ထိုနည်းလမ်းအတိုင်း ထမြောက် ပေါက်ရောက်အောင် အားထုတ်နိုင်ပါလျှင် ထိုအဘိညာ ငါးပါး ရကြကုန်၏။ 'ကာယ ဗလ ဝိရိယ ဗလ'နည်းပါးကြသည်ဖြစ်၍ ယခုအခါ၌ ထိုအဘိညာ ငါးပါးကို ပေါက်ရောက်သူ မရှိကြကုန်လေသည်။

ကံအယူအဆ၊ ၁၂၇၅ နယုန်ဆုတ် '၁၀' ၊ ပုစ္ဆာဝိသဇ္ဇနာ။

ဝ ဝ
အုဓမ္မဃောဝ

သင်အား၊ထုတ်တဲ့ ဂုဏ်တော်ကွန်ချာနည်းသည် သမထအရ အားအရှိဆုံးဖြစ်သည်။ယင်ကိုယ်တိုင် ဖ်ဖီစီးစီး အားထုတ်ပါက သင် ရသင့် ရထိုက်သော အကျိုးခံစားရမည်။ အဘိညာသာမက သင် ဆက် ကြိုး စား ပါ၊ ဝိပဿနာအထိ စွမ်းဆောင်အားထုတ်ပါလျှင် တမဂ်တဖိုလ် ရမည်။ သူတော်

သူမြတ် ကျင့်ကြံအားထုတ်သော နည်းအရ အားထုတ်ပါ။ တရားအရသာမြတ် ခံစားရမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

## ကွန်ချာ ကွန်ရက် သိစေချက်

ယင်းစိပ်ပုတီးစိပ်နည်း အမျိုးမျိုးရှိသည့်အနက် ကွန်ချာစိပ်နည်းသည် ထူးခြားသော နည်.တခုဖြစ်သည်။ ယခုလောကတွင် ထူးခြားစွာအကျိုးပေး ထက်မြက်သောနည်း။ ဘေးရန်ခပ်သိမ်း ငြိမ်းသောနည်းဖြစ်၍ ဤ၌ ထူးခြားသည်။ 'ကွန်ခြာနှင့်ကွန်ချာ' ဟူသော အရေးအသား ရပင်း ရရစ်နှစ်မျိုးကို သတိပြုမိသည်။

(၁) ကွန်'ပိုက်'၏ လက်ကိုင်စရာ'ထိပ်အုပ်အမိုး'ကို ကွန် ခြာ ဟု ခေါ်သည်။

(၂) ကွန်၏အလယ်ဗဟို အချက်အချာနေရာ 'အလယ်ချက်' ကို ကွန် ချာ ဟု ခေါ်သည်။

(၃) ပိုက်ကဲ့သို့ အကွက် ကွက် ရက်လုပ်ထားသော ဇာကွက်ကို 'ကွန်ရက်'ဟု ခေါ်ပြန်သည်။

တနေရာတည်းမှ ချုပ်ကိုင်၍ရသော အလယ် အချက်အချာ မူလဖြစ်ထိုက်သည့်နေရာကို 'အချက် အချာ၊ အချုပ်အချာ' ဟု ဆိုရသည်။

ဂုဏ်တော်ကွန်ချာနည်းသည် ပုတီးစိပ်ရာတွင် တံငါပိုက်ကွန်၊ရက်တို့ ဟန်ဖြင့်၊ တပြန်ပြောင်းပြောင်း ဆိုသကဲ့သို့ တိုင်ခြေ အချုပ်အချာနေရာ၌ ရှိသော ဂုဏ်တော် 'သို့မဟုတ်' အရဟ ဂုဏ်တော်သို့ တပြောင်း ပြောင်း တပြန်ပြန် အဖန်ဖန် အထပ်ထပ် စိပ်ရသော သဘောပါဝင်သည်။

ထို့ကြောင့် ပုတီးစိပ်နည်းကို ကွန်ချာပုတီးစိပ်နည်းဟု ခေါ်တွင်ခြင်း ဖြစ်ပုံရသည်။

ဤကား စကားတလုံးချင်းအဓိပ္ပါယ်ရသော မြန်မာစကား'ကွန်ချာ စိပ်ပုတီး'ကို မြန်မာလို ရိုးရိုးစင်းစင်း တွေးခေါ်ကြံဆခြင်း ဖြစ်ပါသည်။ ကြိုက်သော် ယူရာ၏။ တိုးတက်လျှင်လည်း ကြံဆရာသည် ပညာရှိတို့....

## ကွန်ချာ ကွန်ရက်

ကွန်ချာဆိုသော အဓိပ္ပါယ်မှာ အနီးစပ်ဆုံး ' ကြည့်လျှင် ပါဠိ'သို့မ ဟုတ်' ပါဠိပျက်မှ ရသောစကား၊ သို့မဟုတ် တိုက်ရိုက်စကားလော။

အနီးစပ်ဆုံး ပြောရပါလျှင် ပါဠိ'ဂေါစ္ဆက' ဂုစ္ဆက လည်း ရှိ၏။ 'အပ္ပြတ် အခိုင် သို့မဟုတ် တဆက်တည်း တစပ်တည်း' အဓိပ္ပါယ်ရ၏။

ဇလက 'ပါဠိ'ကွန်ရက် သဖွယ်ဆိုထားသော ကြောင့် အနီးစပ်ဆုံး ကွန်ရက်မှ ကွန်ချာဖြစ်လာဟန် တူသည်။

## စကားစပ် ထောက်ဆလျှင်

ဝိသုဒ္ဓိမဂ် အဋ္ဌကထာတွင် စိတ္တမထေရ် အကြောင်းပြု၍ ဟောရာ၌ 'ဇလစိတ္တေန' တရာ့ရှစ်ကွက် ရှေကွန်ရက်သဖွယ် စက်လက္ခဏာ အသွယ်သွယ် တို့ဖြင့် ဆန်းကြယ်သောအားဖြင့် ပြထားပါသည်။

ဘုရားရှင်သည် ရှေဥာဏ်တော် ကွန်ရှက်ဖြင့် ဖြန့်ကျက် ကြည့်ရှုတော် မူရကား ကျွတ်ထိုက်သောသူ ဝေနေယျတို့အား တရားရေအား တိုက်ကျွေး

တော်မူ၏ဟု ဆိုသောကြောင့် 'ပြတ်သိပ်နေသော လူများတည်းမှ' သို့မဟုတ် 'တဦးနှင့်တဦး အစပ်တည်း၊တဆက်တည်းသော သူများတည်းမှထုတ်နုတ်၍' ဟု အဓိပ္ပါယ်ရသည်။

ကွန်ပိုက်ကို ဥပမာပြုကာ ကွန်ချာနည်းကို ရှင်းလင်း သော်လည်း တခြားနည်းများ ကျန်ပါသေးသည်။ အိမ်၊ ကျောင်း၊ ဇရပ် များကို တည်ဆောက်သောအခါ အဆောက်အဦ ဖြစ်ရန် ထုတ်၊ ယောက်၊ ဒိုင်း၊များ တန်း စသည်တို့ကို ရှေးလက်သမားဆရာတို့ ဖြတ်တောက် လုပ်ကိုင်ရာတွင် 'ကွန်ချာ'ကိုအဓိကထား၍ ပြောဆိုတိုင်းတာကြသည်။

ဥပမာ အိမ်မိုးနိုင်ရန်အတွက် ၄×၂။ ၃×၂=အသားကို လက်ရှက်ထိုးကာ ဒိုင်းခွေ ရပါသည်။ ထိုဒိုင်းကို ဘေးသို့ကားမသွားအောင် အတွင်း ဝင်မသွားအောင်၊ အမာခံရအောင် ဒိုင်းချုပ်ထည့်ရပါသည်။ ၎င်းဒိုင်းချုပ်သောနေရာသည် အချက်အချာဖြစ်၍ ဒိုင်းချုပ်ကို'ကွန်ချာ'ဟု ခေါ်ပါသည်။

ကွန်ချာတန်းရိုက်ပြီးပါက ဒိုင်းနှင့်ကွန်ချာ တြိဂံပုံဖြစ်သွားပါသည်။ အပေါ်မှာ အမိုးပြုလုပ်ပြီးလျှင် ခေါင်အုပ်ရပါသည်။ ခေါင်ချုပ် ရပါသည်။ ခေါင်အုပ် သဘောနှင့် တူစွာ ဂိုဏ် တော် ဇက် ခွ နည်း တူ ဖြစ်ပါသည်။

တနည်း ရှိပါသေးသည်။ လှေ၊ သမ္မာန်၊ မော်တော်များ တည်သောအခါ ဝမ်းဗိုက် ကတ္တရာ ဆွဲသောအခါဖြစ်စေ ဘေးသို့ စောင်းလျှင် အောက်ပြန်၍ မကျအောင် အလယ်ဗဟို အချက်အချာနေရာကို လွန်းတုံး ပေါ်သို့ 'ကွန်ချာ'တုံး ခုခံပေးရပါသည်။ ဤကွန်ချာတုံး ခုခံပေးမှ ပြန်၍ မကျဘဲ လိုရာလက်သမားဆရာတို့က လုပ်ကိုင်နိုင်သည်ဖြစ်ကြောင်း၊ဤကား ကွန်ချာအမာခံ သဘောပင်တည်း။

## ကွန်ချာပုံစံနမူနာ

အိုဓမ္မယောဂီ၊ သင်မြင်ဘူးသော ကွန်ပိုက်ကို ဖြန့်ကြည့်ပါလျှင် ပိုက်ထိပ်အုပ်မိုးထားသော သုံးဒေါင့် တြိဂံပုံစံလက်ကိုင်နေရာကို ကွန်ခြာဟု (ရ)ရစ်ဖြင့် ဝေါ်ဆိုထားသည်။

အလယ်ဗဟိုအချက်အချာကိုတော့ 'ကွန်ချာ'ဟု ယပင့်ဖြင့် ရေးသားပြထားပါသည်။ ကွန်ပိုက်အတွက် အကွက်ကိုကွန်ရက်ဟု ရှင်းလင်းပြသထားသည့်အတိုင်း အားလုံး ကွန်ပိုက် တြိဂံပုံစံကို ကောင်းမြတ်သော အလေ့အကျင့် ပဋိပတ်အဖြစ်သို့ ကူးဟူ၍ စေတိပုံ အစားထိုးပြသထားသော နမူနာပုံစံ ဂုဏ်တော်ကိုးပါးစလုံးဖြစ်စေ၊ ဂုဏ်တော်တပါးစီဘဲဖြစ်စေ ကြည့်ရှု၍ ပုတီးစိပ် ပွားများရန် ဖြစ်ပါသည်။

## ဂုဏ်တော် ဇက်ခွ

ဂုဏ်တော်ကွန်ချာပုတီးစိပ်စလျှင် ပဋ္ဌမဦးဆုံး 'အ-ရဟံ၊အရ-ဟံ'ဟု 'ပုဒ်ခွဲ ပုဒ်ဖြတ်'(၂) ခုကို ပုတီးနှစ်လုံး စိပ်ရပါသည်။ အစ 'အရဟံ'ဂုဏ်တော်နှင့် အဆုံး 'ဘဂဝါ' ဂုဏ်တော်နှစ်ပါးကို ပုဒ်ဖြတ် ပုဒ်ခွဲ၍ ပုတီးစိပ်ရမည်။ ဤသည်လျှင် အ ရဟံ နှင့် ဘ ဂ ဝါပုဒ်ဖြတ်၍ အနက်သုံးပါးစီ ဖော်ပြပါသည်။

## အရဟံဂုဏ် အနက်သုံးပါး

| | |
|---|---|
| အ-ရဟံ | ဘဲလေသာ ရန်အပေါင်းတို့ကို အောင်မြင်တော်မူသော မြတ်စွာဘုရား။ |
| အရ-ဟံ | သံသရာစက် အကန့်ဟို့ကို ဖျက်ဆီးတော်မူသော မြတ်စွာဘုရား။ |

အ-ရ-ဟံ ပစ္စည်းလေးပါး ပူဇော် အထူးကို ခံတော် မူထိုက်သော မြတ်စွာဘုရား။

## ဘဂဝါ ဂုဏ်တော် အနက် သုံးပါး

ဘဂ-ဝါ အထွဋ်အထိပ်သို့ရောက်သော ပါရမီဘုန်းကံရှိတော်မူသော မြတ်စွာဘုရား။

ဘဂ္ဂ-ဝါ မာရ်ငါးဖြာနှင့် ကိလေသာအပေါင်း ထောင်သောင်းမက တို့ကို ဖျက်ဆီးတော်မူသောမြတ်စွာဘုရား။

ဘ-ဂ-ဝါ ဘုံဘဝတိုင်း၌ ပြေးသွားတတ်သော တဏှာကို ထွေးအန် ပြီးတော်မူသော မြတ်စွာဘုရား။

ယင်းဂုဏ်တော်များကို ပုဒ်ဖြတ်၍ အနက်သဘောသိထားရပေမည်။ ဤသို့ ပုဒ်ဖြတ်ထားသည့်အတိုင်း ထီးတော်အတွင်း ကွန်ချာပုဒ်နှစ်ခုခွဲခြား ထားသည်ကို "ဂုဏ်တော်ဇွဲက်ခွ" ဟု ခေါ်ပါသည်။

ရှေးယောဇိပုဂ္ဂိုလ်များ ပုတီးခေါင်းထဲသို့ထည့်၍စီရင်ကြသေးသည်။

ကျန်သော အတွင်းဂုဏ်တော်များကို ဂုဏ်တော်ကွန်ချာ နည်းအရ ပုတီးစိပ်သောအခါ ဦးစွာပထမ အစ ဂုဏ်တော်နှစ်ပါးကို ပုတီးနှစ်လုံး ဆို၍ချရပါမည်။ ပုဒ်ဖြတ်ရန်မလိုပါ။ ကျန်သောဂုဏ်တော်များကို အစဉ် အတိုင်း ကွန်ချာနည်းအရ လှည့်ပတ်၍ပုတီးစိပ်ပါ။

ဂုဏ်တော်ကိုးပါးတကဏ္ဍစီ တခုစီ အဓိဌာန် ဝင်ပုံ ပထမဆင့်နှင့် ကွန်ချာလှည့်၍ ပုတီးစိပ်ပုံ ဒုတိယဆင့်ကို ဖော်ပြထားသောပုံစံများ ကြည့် ရှု၍ ပုးတီစိပ်ပါလို့မှာပါသည်။

## သင်္ချာနည်းအရ ရေတွက်ပြ

### ပဌမဆင့်

အဓိဋ္ဌာန် ရှစ်ဆယ့်တရက်ဝင်၍ ဂုဏ်တော်ကွန်ချာ ပုတီးစိပ်သော ယောဂီရှင်သည် မိမိ အား ထုတ် ထို သော ဂုဏ်တော်ကိုးပါး တပါးစီကို ပထမဆင့်ကွန်ချာနည်းအရ တနေ့လျှင် ပုတီး ၉ ပတ် ဂုဏ်တော်ပေါင်း ပုတီးလုံးရေပေါင်း ၉၇၂ ရပါ၏။ ပုတီး ၉ ပတ် ၉ ရက် စိပ်လျှင် ဂုဏ်တော်ပေါင်း (၈၇၄၈)ရှစ်ထောင် ခုနှစ်ရာ ဧလေးဆယ်ရှစ်ရပါသည်။

ဤကဲ့သို့ အဓိဋ္ဌာန်ဝင်၍ အရဟံဂုဏ်တော်မှစ၍ ဘဂဝါ ဂုဏ်တော်အဆုံး အထိ ဂုဏ်တော်တပါးလျှင် ၉ ရက် ၉ ပတ် ဂုဏ်တော် ၉ပါး ဆိုလျှင် (၉×၉=၈၁) ရှစ်ဆယ့်တရက် တကယ်ပြည့်သည့်အခါ ဂုဏ်တော်ကွန်ချာ နည်း အရ ပုတီးလုံးရေ ဂုဏ် တော် ပေါင်း (၇၈၇၃၂) ခုနှစ်သောင်း ရှစ်ထောင် ခုနှစ်ရာ သုံးဆယ့်နှစ်ခုရပါသည်။

ဤကား ပဌမဆင့် ဂုဏ်တော်တပါး အဓိဋ္ဌာန်ဝင်၍ ပုတီးစိပ်၍ ရအပ်သော ဂုဏ်တော်ပေါင်းမျှားဖြစ်ပါသည်။

### ကိုးကဏ္ဍရက် သိစေချက်

ထို့အတူ ကျန်သော သမ္မာ၊ ဝိဇ္ဇာ၊သု၊ လော၊နု၊ ထာ၊ ဗု၊ ဘဂဝါ အထိ ဂုဏ်တော်ကိုးပါး ကိုးကဏ္ဍ ပုတီးစိပ်ရပါမည်။ ကိုးကဏ္ဍ ဆိုလျှင် ရက်ပေါင်း (၈၁×၉=၇၂၉)ရက် ရပါသည်။ နှစ်အားဖြင့် တွက်သော် ၂ နှစ် ၉ ရက်ရှိပါသည်။

အို...ဓမ္မယောဂီ။ အသင်ပုတီးစိပ်လိုတဲ့ ဂုဏ် တော် မျှားကို ဂုဏ်တော်တပါး တကဏ္ဍစီခွဲပြီးလဲ ပုတီးစိပ်နိုင်ပါသည်။

သေသေချာချာ ရှင်းအောင် လင်းအောင် ရေးထားတဲ့ အဓိပ္ပာယ်ကို ထပ်ဖတ်ပါ။ အထူးအဓိဋ္ဌာန်ဝင်တာနှင့် ဂုဏ်တော်ကွန်ချာလှည့်ပတ်၍ ပုဘီးစိပ်တာကို သဘိထားပါ။ ဝိရိယစိုက်မှတ်ပါ။ ခဲ့ခြားသိပါက သင်ဇဲကောင်းကောင်းနှင့် ဂုဏ်တော်ကွန်ချာပုတီးစိပ် အားထုတ်ပါက သမာဓိစွမ်းအား ပြည့်၍ သင်လိုရာ စခန်းသို့ ရောက်မည်မှာမလွဲပေ။

## ဂုဏ်တော်ကွန်ချာ ပုတီးစိပ် ဒုတိယဆင့်

အဓိဋ္ဌာန် ၈၁ ရက်ပြည့်သောအခါ ပုံစံပါ နောက်ကျောဘက်က အဘိုင်း တရာ့ရှစ်လုံးသော ပုတီးဖြင့် အ တိ အ ကျ ပုတီး လုံးပို လုံးကျ မရှိရပါ။ အတိအကျဖြစ်ပါသည်။ ဂုဏ်တော်ပွားများနေစဉ် ကွန်ချာနည်းအရ မှားလျှင်လည်းသိပါသည်။

သမာဓိအားကောင်းသောနည်းဖြစ်ပါသည်။ သမာဓိစွမ်းအင် ကြီးမားသောနည်း တန်ခိုးသတ္တိထူးများ ရနိုင်ပါသည်။ဤကား ပဌမဆင့်နှင့် ဒုတိယဆင့်ဖြင်ပါသည်။

## ထိုနည်းတူစွာ ဤကွန်ချာ

ဂုဏ်တော်ကွန်ချာ လှည့်၍ ပုတီးစိပ်သည့်အခါမှာ ဂုဏ်တော်ကိုးပါးထဲမှ တပါးစီ တပါးစီ အာရုံပြု၍ ဇ.ဆင့် တဆင့်တက်၍တည်နေသော ဂုဏ်တော်တည်းမှလှည့်၍ ကူးပြောင်း၍တနည်း ထန်းလုံးတပ်ကဲ့သို့ ရှေ့သို့ နောက်ပြန် ဆုတ်တက်စိပ်ရပါသည်။

## ထိထိမိမိ အာရုံပြုအောင်

အာရုံမပျံ့လွင့်စေဘဲ စိတ်နှင့်သမာဓိအားကောင်းအောင် အာရုံပြုစိပ်သည့်နည်းများမှာ ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်းများ သည် အကောင်းဆုံးနည်းဖြစ်ကြောင်း။ သမာဓိအရဆုံးနည်းဖြစ်ပါသည်။

စိတ်ပျံ့လွင့်လျှင် အပှားဝင်

ဤနည်းသည် အခါအားလျော်စွာ အရိယာပုဒ် မပြောင်းလွဲဘဲ စိတ်တည်ငြိမ်စွာထား၍ စိပ်ပါ။ ထူးခြားပါလိမ့်မည်။

စိတ်ပျံ့လွင့်ကာ တခြားသို့ ရောက်သွားပါက ကွန်ချာလှည့်ရာတွင် ဂုဏ်တော်များ အမှားမှားအယွင်းယွင်း ဖြစ် သွား ပါ သည်။ အလွန်ပင် သတိကြီးစွာထားရပါသည်။

နမူနာပြထားသော ပုံစံကွက်ပါ ကွန်ချာ စိပ်နည်းသည်....

(၁) ပဌမဆင့် အခြေခံအဓိဋ္ဌာန် သစ္စာပြု၍ စိပ်သော နည်း ဖြစ်ပါသည်။

(၂) ဒုတိယဆင့်ဂုဏ်တော်များအားလုံး အနုလုံပဋိလုံ အပြန်ပြန် အလှန်လှန် ကြေညက်သောကွန်ချာနည်းအရ သွက်လက်စွာ လှည့်ပတ်စိပ်ရမည်။

၈၁ ရက် (တကဏ္ဍ) ပြည့်ရှိပြီးသည့်နောက် ကွန်ချာ လှည့်စိပ်ရပါသည်။ မိမိတတ်အားသမျှ နေ့စဉ်စိပ်ရမည်ဖြစ်ပါသည်။

ကွန်ချာလှည့်ပတ်စိပ်နည်းကို အထူး ဝိရိယ စိုက်၍ လေ့ကျင့်ရန် တနေရာတွင် ဖော်ပြထားပါသည်။

ဂုဏ်တော်ကိုးပါးစလုံး တပါးစီ တကဏ္ဍစီ ကိုးကဏ္ဍအထိ စိပ်နိုင်ပါက အဘယ် ပြောဆိုစရာရှိမလဲ။ အားထုတ်ပါ ဓမ္မမိတ်ဆွေ။

## ဂုဏ်တော်ကိုးသွယ် ကြည်ညိုဘွယ်

| | |
|---|---|
| အရဟံ | ဗြဟ္မာနတ်လူ သုံးဘုံသူတို့ ကြည်ဖြူကော်ရော် ပူဇော်အထူးကိုခံထိုက်သော ဂုဏ်နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။ |
| သမ္မာ သမ္မုဒ္ဓေါ | သစ္စာ ဥေယျ ဓမ္မအပုံ အလုံးစုံကို အကုန်မကျန် မြတ်ရှေ့ဥာဏ်ဖြင့် အမှန်ထိုးထွင်းအလင်း သိမြင်တော် မူပေသော မြတ်စွာဘုရား။ |
| ဝိဇ္ဇာ စရဏ သမ္မန္နော | စရဏအပြား တဆယ့်ငါးတည့် သုံးပါးရှစ်ဖြာ ဥာဏ်ဝိဇ္ဇာနှင့် ကောင်းစွာ ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။ |
| သုဂတော | လူတို့ဆိုညွှန်း ခြောက်ခွန်းစကား ထိုအပြားတွင် တရားကန် ဟုတ်မှန်ကျိုးကြောင်းအပေါင်းလူဗိုလ် မနာလိုနှင့် နာလိုစကား ထင်ရှားကောင်းမွန် ဤနှစ်တန်ကို အမှန်ဆိုတော်မူပေသာ မြတ်စွာဘုရား။ |
| လောက ဝိဒူ | ကာမရူပ အရူပဟု လောက အပြင်ဘုံတခွင်ကို ကုန်စင် ခပင်း ပကျန် ကြွင်းအောင် အလင်းထင်ပေါ် သိမြင်တော်မူပေသော မြတ်စွာဘုရာ။ |
| အနုတ္တရော ပုရိသ ဒမ္မသာရထိ | လူကြမ်း နတ်ကြမ်း ဗြဟ္မာကြမ်းကို ယဉ်ကျေးအောင်ပြု ဆုံးမမှု ဝယ် အတုမရှိလွန်ကဲဘိသော မြတ်စွာဘုရား။ |

| | |
|---|---|
| သတ္ထာ ဒေဝ မနုဿာနံ | လူနတ်ဗြဟ္မာ အတ္တ ၀၊ အ များ၊ သောင်း တိုက်သားတို့၏ ဝပ်တွားရိုလျှောင်း ညွှတ် ညောင်းခယ ဆုံးမခံရာ ဆရာသခင် ဦးထိပ် တင်ကြီး ဖြစ်တော် မူပေ သော မြတ်စွာ ဘုရား။ |
| ဗုဒ္ဓေါ | သစ္စာလေးရပ် တရားမြတ်ကို လူနတ်အများ သိထင်ရှားအောင် ဟောကြား ထုတ်ဖော် သိစေတော်မူပေသော မြတ်စွာဘုရား။ |
| ဘဂဝါ | ဣဿရိယ သီရိ ကာမ ဓမ္မ ယသ ပယတ္ထ ဟု ခြောက်ဝဘုန်းဂုဏ် အလုံးစုံနှင့် ကုံလုံ ပြည့်ဝတော်မူပေသော မြတ်စွာဘုရား။ |

## ဂုဏ်တော်ပွားများခြင်းအကျိုး

စိတ်လက်ကြည်လင် ရှင်လန်း ဝမ်းမြောက်လာမည်။ စိတ်အေးချမ်း သာ ဖြစ်လာမည်။

စိတ်တည်ကြည်လာသဖြင့် ဝိပဿနာ၏ အခြေခံရလာသည်။

ကိလေသာ တဏှာ ရာဂစိတ်တို့ ဖိစီးနှိပ်စက်ခြင်း မခံရတော့။

ဖြောင့်မတ်တည့်မှန်သော စိတ်ထား မွေးမြူလာနိုင်သည်။

ဘုရားပေါ်၌ အကြည်အညို အရိုအသေ ထက်သန် တိုးတက်လာ သည်။

သဒ္ဓါ သတိနှင့် အသိဉာဏ်တို့ ယ ခင့် ယ ခင် က ထက် တိုးတက် လာမည်။ဆင်းရဲမှုနှင့် ထိတ်လန့်ကြောက်ရွံ့စိတ်များကို မတုန်မလှုပ် ခံနိုင်ရည်

ရလာမည်။မိမိကိုယ်ခန္ဓာသည် ဘုရားဂုဏ်တော် ကိန်းအောင်းရာ စေတီအိမ်နှင့်တူ၍ သူမျှားအပူဇော်ခံထိုက်သည်။

ဘုရားဂုဏ်တော်နှင့် အမြဲအတူနေရသဖြင့် မကောင်းမှုပြုရန် လက်မရဲတော့။ရှက်တတ်ကြောက်တတ်လာသည်။ ဘုရားဖြစ်လိုစိတ် ပေါ်ပေါက်လာနိုင်သည်။ "ဘုရားဆုပန် မင်းယောကျ်ားပါတကား" ယခုဘဝ မင်ဖိုလ်မရသေးလျှင် သေပြီးနောက် သုဂတိဘဝသို့ ရောက်ရန် သေချာသည်။

ဤမျှအကျိုးကျေးဇူး မျှားပြားလှသော ဂုဏ်တော်ကို ပွားမျှားရာတွင် ဂုဏ်တော် တပုဒ်စီ၏ အနက်အဓိပ္ပါယ်ကို စိတ်တွင် ပြက်ပြက်ထင်မြင်အောင် ကြည့်ရှုပွားမျှားပါ။ တူသော အကျိုးပေးမည် ဟု အခိုင် အမာ ယုံကြည်လာသည်နှင့်အမျှ အကျိုးပေး ထက်သန်လာပါလိမ့်မည်။ အာ ရုံ မပြတ်မလပ်အောင် ဆက်အားထုတ်ပါ။

## ဂုဏ်တော်ကိုပွား အကျိုးများ

၁။ အရဟံ ဂုဏ် ပွားမျှားထုံ ဘေးကုန်ရန်ကင်း လာဘ်ပေါ်ခြင်း။
၂။ သမ္မာဗုဒ္ဓေါ စိတ်မနော ရှင်သောဥာဏ်လင်း အောင်မြင်ခြင်း။
၃။ ဝိဇ္ဇာစရဏ အားထုတ်က သိပ္ပပြိုင်ကင်း တတ်မြောက်ခြင်း။
၄။ သုဂတမှာ စကားသာ ပြိုင်လာစစ်ခင်း နိုင်ရခြင်း။
၅။ လောကဝိဒူ ဤဇမ္ဗူ ကြည်ဖြူစိတ်ရှင်း သိမြင်ခြင်း။
၆။ အနုတ္တရော နတ်လူပြော ကျော်စောသဘင်း ပူဇော်ခြင်း။
၇။ သတ္ထာဒေဝ နှုတ်လျှာစ ထက်လှထန်ပြင်း စူးရှခြင်း။
၈။ ဗုဒ္ဓေါ ဗုဒ္ဓါ စိပ်စမ်းပါ ကြမ္မာလွတ်ကင်း ချမ်းသာခြင်း။
၉။ ဘဂဝါကို ပွားမျှားဆို ထိုထိုခပင်း ဘုန်းကြီးခြင်း။

ဘေးရန်ခပ်သိမ်း ကင်းလွတ်ငြိမ်း

ဘဝခရီးတွင် သည်းထန်သော ဒုက္ခနှင့်ရင်ဆိုင်ရသောအခါ လောကဓမ္မတာ ရန်ရှာသူပျားရှိတတ်သည်။ မနာလိုမုန်းထား ရန်ငြိုးပွားသူ ရှုထူးဂုဏ်သိန် စည်းစိမ်ချမ်းသာ ယုတ်လျော့အောင်လုပ်သူ၊ ပစ္စည်းချင်းပြိုင် ဂုဏ်ချင်းပြိုင်လျက် အနိုင်ယူလိုသူ သားကဲ့ မယားကဲ့ အိမ်နှင့်ခွာပြဲအောင်လုပ်သူ၊ ဟိုရှိ ဒီတိုက် ငိုက်ပုတ်ညှဉ်းဆဲသူ၊ ဤကဲ့သို့သော သူများအပေါ် မေတ္တာထားရန် မလွယ်ကူပါ။

ရန်သူကို အာရုံမပြုပါနှင့်၊ ဒေါသမဖြစ်ပါနှင့်၊ အာရုံ ပြောင်းလဲ စိတ်ပြောင်းမည်။ ဒေါသထွက်က မေဘ္ဘာပျက်မည်။ ဘုရားအာရုံဖြင့် စိတ်ပြောင်းပါ။ ဂုဏ်တော်ပွားများ စိတ်ထားကြည်လင်လာမှ မေတ္တာထားနိုင်မည်။

ဂုဏ်တော်ပွားများရာတွင် အတ္တကျိုးလိုလားလွန်းသည်ဟု သင့်ကိုယ်သင် ထင်မြင်လျှင် မြတ်စွာဘုရား၏ ပရဟိတ ဂုဏ်တော်များကို ပိုမိုပွားများပါလေ။

ဘုရားဖြစ်တော်မူသည်မှ ပရိနိဗ္ဗာန်စံဝင်တော် မူသည်အထိ နေ့ရောညဉ့်ပါ အဝါမလပ် မြတ်စွာဘုရား လုပ်သမျှအလုပ်တို့ကား ပရဟိတ သူတပါးအကျိုး အတွက် သက်သက်ချည်းဖြစ်သည်။ အနုတ္တရော ပူရိသ ဒမ္မသာရထိနှင့် သဗ္ဗာ ဒေဝမနုဿာနံ ဂုဏ်တော်တို့သည် ပရဟိတဂုဏ်တော်များ ဖြစ်သည်။ သာဝက ဗုဒ္ဓနှင့် ဘုရာဝါတို့ကား အဋ္ဌ ပရ သုကျိုးကိုယ် စီးပွားရှေ့လျှောက်ရှိသည်။

သူတပါး၏အကျိုးကို စင်ကြယ်မှန်မြတ်သော ဆန္ဒတော်ဖြင့် လိုလားမှု၊ ယင်းသို့ လိုလားတော်မူသည့်အတိုင်း သူတပါးအကျိုး ပြီးစီးမှုများကို

ကာမဘုန်းတော်ဆိုသည်။ မဟာကရုဏာ သမာပတ္တ် ဥာဏ်တော် ပျံ့နှံ့သမျှ ကာမဘုန်းတော်လည်း ကျယ်ပြန့်၏။

ဘုရားရှင်တို့ ပြုသင့်ပြုထိုက် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သော ကိစ္စတော်ဟူသမျှကို တွန်တို ဆုတ်နစ်ခြင်း ရှိတော်မမူဘဲ ရဲရဲခံ့ပံ့စွန့်စွန့် စားစားကြီးမားသော ဝိရိယတော်ဖြင့် ဆောင်ရွက်ခြင်းသည် ပယတ္တ ဘုန်းတော်မည်၏။

ဤသို့သော အများအကျိုးဆောင် ဂုဏ်တော်များကို အထူးအာရုံပြု ပုတီးစိပ်ပါက တကိုယ်ကောင်းစိတ် လျော့နည်းသွားမည်။ အများအကျိုးသည်ပိုးလိုစိတ် ထက်သန်လာမည်။ 'အများအကျိုးဆောင် ကိုယ့် အကျိုးအောင်ရမည်။' ကြိုးစားပါလေ။ ဘေးခပ်သိမ်း ရန်ခပ်သိမ်း ကင်းငြိမ်းမည် ဖြစ်ကြောင်း....

**ဂုဏ်တော် ကိုးပါးစလုံးပွားများက ရထိုက်သော အကျိုးကျေးဇူးများ**

| | | | | |
|---|---|---|---|---|
| ၁။ | ဂုဏ်တော်ကွန်ချာ | ပွားများပါ | ဘယာဟူသမျှ | ကင်းစင်ပ |
| ၂။ | လက်နက်မြွေမျိုး | အသေဆိုး | ရန်မျိုးဟူသမျှ | ကင်းစင်ပ |
| ၃။ | ကြီးနိုင်ငယ်ညှဉ်း | ပြုမူခြင်း | ပျက်ယွင်းဟူသမျှ | ကင်းစင်ပ |
| ၄။ | ရာထူးဂုဏ်များ | ဖိနှိပ်ထား | မတရားဟူသမျှ | ကင်းစင်ပ |
| ၅။ | ချည်နှောင်ထောင်သွင်း | နှိပ်စက်ညှဉ်း | ချုပ်ခြင်းဟူသမျှ | ကင်းစင်ပ |
| ၆။ | ရေမီးမင်းဆိုး | မုန်းသူငြိုး | သူခိုးဟူသမျှ | ကင်းစင်ပ |
| ၇။ | စီးပွားပျက်ပြုန်း | လူလည်းဆုံး | ပျက်သုဉ်းဟူသမျှ | ကင်းစင်ပ |
| ၈။ | ကြမ္မာဂြိုဟ်ဆိုး | ဝင်လာတိုး | အဆိုးဟူသမျှ | ကင်းစင်ပ |

ဂုဏ်တော်ကွန်ချာနည်းအရ ဂုဏ်တော်တပါးစီ ဂုဏ်တော်ကွန်ချာကိုး အရဟံအစ ဘဂဝါ အဆုံး အထိ ကိုးပါးစလုံး ကွန်ချာနည်း အတိုင်း ပုတီးစိပ်ပါက အထက်ပါ အကျိုးကျေးဇူးများ လက်ငင်းချက်ချင်း ဘေ ခပ်သိမ်း ရန်ခပ်သိမ်း အေးငြိမ်းပါသည်။ နည်းမှန် လမ်းမှန်အတိုင်း ဂုဏ် တော် ကွန်ချာနည်းအရ ဂုဏ်တော်ကိုးပါးစလုံး အားထုတ်ပါရန် မိမိလိုအပ် တောင့်တသော မြတ်နိဗ္ဗာန်အထိ ရောက်မည်ဖြစ်ကြောင်း ရေးသားအပ် ပါသည်။

## ရှစ်ဆယ့်တရက်(၇၁)တကဏ္ဍအရဟံဂုဏ်တော်အဓိဋ္ဌာန်ဝင်၍ အဒြေခံပုတီးစိပ်နည်း လွယ်လင့်တကူ ပွားများရန်

| | | |
|---|---|---|
| အ-ရဟံ- | | တနေ့လျှင် (၉)ပတ် (၉) ရက်ကျစိပ် |
| အ-သံ | | ။ |
| အ-သံ | -ဝိ | ။ |
| အ-သံ | -ဝိ-သု | ။ |
| အ-သံ | -ဝိ-သု-လော | ။ |
| အ-သံ | -ဝိ-သု-လော-နု | ။ |
| အ-သံ | -ဝိ-သု-လော-နု-ထာ | ။ |
| အ-သံ | -ဝိ-သု-လော-နု-ထာ-ဗု | ။ |
| အ-သံ | -ဝိ-သု-လော-နု-ထာ-ဗု-ဘ | |

ကောင်းသောစကားကို ဆိုတော်မူသော အကြောင်းကြောင့် သုဂတော သုဂတ ဟူသော ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

## သု ဂ တ ဂုဏ်

**သု၊ ကောင်းသော။ ဂတ၊ စကား။**

**အကျိုးရှိ ဟုတ်မှန်သော စကား**

"သူတပါး နှစ်သက် မနှစ်သက် ၂ ချက်စလုံးပင်"

**စကားခြောက်ခွန်း**

၁။ မှန်လည်းမမှန် အကျိုးလည်းမရှိ သူတပါး မနှစ်သက်သောစကား
၂။ မှန်လည်းမှန်၏ အကျိုးလည်းမရှိ သူတပါး မနှစ်သက်သောစကား
၃။ မှန်လည်းမှန်၏ အကျိုးလည်းရှိ၏ သူတပါး မနှစ်သက်သောစကား
၄။ မှန်လည်းမမှန် အကျိုးလည်းမရှိ သူတပါး နှစ်သက်သောစကား
၅။ မှန်လည်းမှန်၏ အကျိုးလည်းမရှိ သူတပါး နှစ်သက်သောစကား
၆။ မှန်လည်းမှန်၏ အကျိုးလည်းရှိ၏ သူတပါး နှစ်သက်သောစကား

ဤစကား ခြောက်ခွန်းတို့တွင် (၃)နှင့် (၆)စကားနှစ်ခွန်းသည်သာ လျှင် ဘုရားရှင်တို့ သုံးစွဲတော်မူသည်။

## လောကဝိဒူ ဂုဏ်တော်

### လောကဝိဒု

လောကသုံးပါးကို အကြွင်းမရှိ ပိုင်းခြားရှု သိမြင်တော် မူသော အကြောင်းကြောင့် လောကဝိဒု၊ လောကဝိဒူဟူသော ဂုဏ်တော် ကြီးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

## လောက ဝိဒူ ဂုဏ်တော်အဓိပ္ပါယ်

## လော.ဂ လောကသုံးပါး၊ ဝိဒူ သိတော်မူခြင်း

### လောက သုံးပါး

(၁) သတ္တလောက၊ သက်ရှိခန္ဓာအပေါင်းသည် သတ္တလောကမည်၏။

(၂) သြကာသလောက၊ သက်မဲ့ခန္ဓာအပေါင်းသည် သြကာသလောကမည်၏။

(၃) သင်္ခါရလောက၊ သက်ရှိသက်မဲ့ နှစ်ပါး လုံးသည် သင်္ခါရလောကမည်၏။

ဘုရားရှင်သည် လောကသုံးပါးကို ခပ်သိမ်းသော အပြားအားဖြင့် သိတော်မူ၏။

## အနုတ္တရ ဂုဏ်တော်

### အနုတ္တရော ပုရိသ ဒမ္မ သာရထိ

မယဉ်ကျေးသော လူယောက်ျား၊ နတ်ယောက်ျား၊ တိရစ္ဆာန်ယောက်ျားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူသော အကြောင်းကြောင့်၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ ဟူသော ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

အနုတ္တရော ပုရိသ ဒမ္မ သာရထိ အဓိပ္ပါယ်။

အနုတ္တရော အတုမရှိ၊ပုရိသ ယောကျား၊ ဒမ္မ ဆုံးမသင့်၊သာရထိ ဆုံးမထိုက်လူယောကျား။ ။သစ္စာက ပရဗိုရ်၊ အဂ်ုလိမာလ၊ ဥပါလိသူကြွယ်စသော ကြမ်းတမ်းခက်ထန်သောပုဂ္ဂိုလ်များ ဒေါသဟုန်လျှံနည်းအောင် ဆုံးမတော်မူသော မြတ်စွာဘုရား။

ရဟန်းယောကျား။ ။ဥရုဝေလ ကဿပ၊ ပါထိကပုတ္တ စသော ရဟန်းများကိုလည်း ယဉ်ကျေးအောင် ဆုံးမတော်မူသော မြတ်စွာဘုရား။

နတ်ယောကျား။ ။နတ်ဘီလူးခေါ်သော အာဠဝကနှင့် သုစိလောမ၊ ခရလောမ စသော နတ်ယောကျားတို့ကို ယဉ်ကျေးအောင် ဆုံးပတော်မူသော မြတ်စွာဘုရား။

တိရစ္ဆာန်ယောကျား။ ။အပဠာလ၊ နဂါးမင်း၊ နာဠာဂိ ရီဆင်ပြောင်စသောတိရစ္ဆာန်ယောကျားတို့ကို ဒေါသမာန် ဟုန် လျှံနည်း၍ သရဏဂုမ်တည်ကာ ယဉ်ကျေးအောင် ဆုံးမတော်မူသော မြတ်စွာ ဘုရား။

## သတ္တာ ဒေဝ ဂုဏ်တော်

### သတ္တာ ဒေဝ မနုဿာနံ

လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အားကိုးရာ အစစ် ဆရာတဆူ ဖြစ်တော်မူသော အကြောင်းကြောင့် သတ္တာဒေဝ မနုဿာနံ၊ သတ္တာဒေဝ မနုဿာန ဟူသော ဂုဏ်ဘော်ကြီးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

### သတ္တာ ဒေဝ မနုဿာနံ ဂုဏ်တော်အဓိပ္ပါယ်

သတ္တာ ဆရာ။ ဒေဝ မနုဿာနံ နတ်လူတို့၏ နည်းပေးလမ်းပြ ဘုရားတဆူဖြစ်တော်မူခြင်း

ဤနေရာ၌ မြတ်သော သတ္တဝါ မင်္ဂ ဖိုလ် ရထိုက်သောသတ္တဝါတို့သာ ပိုင်းခြား၍ နတ်လူဟုခေါ်သည်။

တိရစ္ဆာန်ကိုလည်း ဆုံးမထိုက်သော သတ္တဝါဟူ၍လည်းဆိုသည်။ မြက်စွာဘုရား၏ တရားတော် မြတ် အသံကို ကြားနာရသော တိရစ္ဆာန်များကို ထောက်ထား သိရပါသည်။

## ဗုဒ္ဓ ဂုဏ်တော်

ဗုဒ္ဓါ သစ္စာလေးပါး မြတ်တရားကို ဦးစွာပိုင်ပိုင် ကိုယ်တော်တိုင် သိတော်မူသော အကြောင်းကြောင့် ဗုဒ္ဓါ ဗုဒ္ဓဟူသောဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရား။

## ဗုဒ္ဓဂုဏ် အဓိပ္ပါယ်

ဗုဒ္ဓါ အသိ၊ အစ္စာလေးပါးတို့ကို သိရှိခြင်း။
သမ္မာသမ္ဗုဒ္ဓိနှင့် ဗုဒ္ဓအထူး

သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဖြင့် သစ္စာလေးပါးကို အကျဉ်း အကျယ်သိပုံ ကိုပြသည်။ထိုးထွင်းရှိသိသော ပဋိဝေဓာဉာဏ်၏ အာနုဘော်ကိုလည်း ပြ၏။

ဗုဒ္ဓဂုဏ်တော်ဖြင့် သစ္စာ လေး ပါး ကို ၎င်း၊ သိထိုက် သမျှ သော ဥယျာဉ် တရားအားလုံးကို၎င်း သိပုံကိုပြ၏။ သူတပါးတို့သိအောင်တရား ဟောသော ဒေသနာဉာဏ် အာနုဘော်ကိုလည်းပြ၏။ ဤကား အထူး ပင်တည်း။

## ဘဂဝါ ဂုဏ်တော်

ဘဂဝါ ဣဿရိယ ဓမ္မ ယသ သိရိ ကာမ ပယတ္တ တည်းဟူသော ဘုန်းတော် ခြောက်ပါးဟူနှင့် ပြည့်စုံတော်မူသော အကြောင်း ကြောင့် ဘဂဝါ ဘဂဝါဟူသော ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရား။

ဤသို့ကိုးပါးသော ဂုဏ်တော် အပေါင်းတို့ဖြင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်ကန်တော့ ပါ၏ အရှင်ဘုရား။

## ဘဂဝါဂုဏ်တော် အဓိပ္ပါယ်

ဘဂဝါ ဘဂ ဘုန်းကံ၊ ဝါ ရှိသည် ကြီးသည်
ဘဂဝါ ဂုဏ်တော်သည် ဘုန်းကံကြီးမားသည်ဟုဆိုသည်။

## ဘုန်းတော် ခြောက်ပါး

(၁) ဣသိရိယ လောကီအရာ၌ စိတ်တော်ကိုအစိုးရသော ဘုန်းတော်

(၂) ဓမ္မ လောကုတ္တရာအရာ၌ စိတ်တော်ကို အစိုးရသော ဘုန်းတော်

(၃) ယသ အခြံအရံရှိသတ်နှင့် ပြည့် စုံ တော်မူသော ဘုန်းတော်

(၄) သိရိ ယောဇဉ်းမြတ်တို့လက္ခဏာနှင့် ပြည့်စုံတော်မူသော ကြက်သရေရှိသော ဘုန်းတော်

(၅) ကာမ စိတ်တော်၏အလိုရှိသမျှ အောင်မြင်နိုင်သော ဘုန်းတော်

(၆) ပယတ္တ ကြီးမားမြင့်မြတ်သောပိရိယနှင့်ပြည့်စုံတော်မူသော ဘုန်းတော်

ဤကား ဘုန်းတော်ခြောက်ပါးတည်း။

## ဣသိရိယ ဘုန်းတော် ရှစ်ပါး

(၁) အကိမာ-ကိုယ်တော်ကို ငယ်အောင် ဖန်ဆင်း နိုင်သော ဘုန်းတော်

(၂) မဟိမာ ကိုယ်တော်ကို အလိုရှိတိုင်း ကြီးအောင်ဖန်ဆင်းနိုင်သော ဘုန်းတော်

(၃) ပတ္တိမာ အလိုရှိရာအရပ်သို့ ခဏချင်း ကြွတော်မူနိုင်သော ဘုန်းတော်

(၄) လဃိမာ ကိုယ်တော်ကို အလွန် လျင် မြန် ပေါ့ပါးစွာ ရှိအောင် ဖြည့်စွမ်းနိုင်သောဘုန်းတော်

(၅) ပါကမ္မ အဆင်းအရောင်အမျိုးမျိုး ခဏချင်းဖန်ဆင်းတော်မူသော ဘုန်းတော်

(၆) ဣသိတာ မိမိကိုယ်စိတ်၌၎င်း၊ ဂိုဏ်းသံဃာ၌၎င်း၊ လောက ကြီးတခုလုံးကို အစိုးရသောဘုန်းတော်

(၇) ဝသိတာ စျာန်ဝင်စား ရာ အဘိညာဉ်ဝင်စားရာတို့၌ ဝသီတော် ငါးပါးကို မြန် စွာ လေ့ လာ ဝင်စားနိုင်သော ဘုန်းတော်

(၈) ယတ္တကာမဝသာယိတာ-ဣဒ္ဓိဝိဓတန်ခိုးဖန်ဆင်းရာ၌အဓိဌာန်သောတိုင်း ကာလ ဌာနတို့ကို မလွန်ကျူးစေဘဲ ပြီးဆုံးတော်မူသော ဘုန်းတော်။ ထို မြတ် စွာ ဘုရား သခင်သည် ဘုန်း တော် ခြောက်ပါးနှင့် ပြည့်စုံ တော်မူ သောကြောင့် (ဘဂဝါ)မည်တော်မူ၏။

**မှတ်ချက်။** ။ ဘုန်းရှိသောသူကို ဘုန်းရှင်ဟု ခေါ်၍ နောင်သောအခါ ဘုရားရှင်ဟု ခေါ်ကြပြန်သည်။

ရဟန်း ဖြစ်လျှင် ဘုန်းကြီးဟု ခေါ်၏။ ထိုသို့ခေါ်ခြင်းသည် ဘဂ သဒ္ဒါ ဘုန်းတော်ဟူသောစကားမှ လာဟန်တူကြောင်း။

ဘုရားဂုဏ်တော်(၉)ပါး အဓိပ္ပါယ် အကျဉ်းပြီး၏။

## တရားဂုဏ်တော် (၆) ပါး ပါဠိတော်

(၁) သ္ဓကွာ တော ဘ ဂဝ တာ ဓမ္မော
(၂) သန္ဒိဋ္ဌိကော
(၃) အ ကာလိကော
(၄) ဧတိပဿိကော
(၅) သြပါနေယ္ယိကော
(၆) ပစ္စတ္တं ဝေဒိ တဗ္ဗော ဝိညူဟိ။

### သိရှိရန်

ဘဂဝ တာ ဓမ္မော။ ။ဟူသော ပါဠိတော်သည် တရားဂုဏ်တော်ကို ပြသည်မဟုတ်၊ ဘုရားဟောအပ်သော 'တရား'ဟု တ ရား နာ မည်ကို ပြသော စကားတည်း။ တရားဂုဏ်တော်ခြောက်ပါး အစဉ်အတိုင်း ညွှန်ပြ ပါရှိပါသည်။

ဘ ဂ ဝ တော။ ။မြတ်စွာဘုရား၏ ဓမ္မော၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်သည်။ ဂုဏ်တော်ခြောက်ပါးလုံးနှင့် ဤအနက်သည် အကျမ်းဝင်သက်ဆိုင်သည်။

## မြန် မာ ပြန်

### သ္ဓ ကွာ တ ဂုဏ်တော်

သ္ဓ ကွာ တော။ ။စ လယ် အဆုံး သုံးပါး လုံးစုံ ကောင်း ခြင်းဂုဏ်နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့် သ္ဓ ကွာ တ ဂုဏ်နှင့် ပြည့်စုံတော်မူသော တရားတော်မြတ်ပါတကား။

### သန္ဒိဋ္ဌိက ဂုဏ်တော်

သန္ဒိဋ္ဌိကော။ ။အရိယာရှစ်ရပ် ပုဂ္ဂိုလ်မြတ်တို့သော သိမြင်အပ်သော အကြောင်းကြောင့် သန္ဒိဋ္ဌိက ဂုဏ်နှင့် ပြည့်စုံတော်မူသော တရားတော်မြတ်ပါတကား။

## အ ကာလိကဂုဏ်တော်

အ ကာလိကော။ ။မိမိအခြားမဲ့ခဲ့ ဖိုလ်လေးပါး ဟူသောအကျိုးကို အခါမလင့်ပေးတော်မူတတ်သော အကြောင်းကြောင့် အ ကာလိကဂုဏ်နှင့် ပြည့်စုံတော်မူသော တရားတော်မြတ်ပါတကား။

## ဧ ဟိ ပဿိကဂုဏ်တော်

ဧ ဟိ ပဿိကော။ ။လာလှည့်၊ ရှုလှည့်၊ စုံစမ်းလှည့်ပါ၊ကျင့်ကြံပါ ဟု မပါပါအောင် ခေါ်ဆောင် တိုက်တွန်းတော် မူသော အကြောင်းကြောင့် ဟိပဿိက ဂုဏ်နှင့် ပြည့်စုံတော်မူသော တရားတော်မြတ် ပါတကား။

## ဩပါ နေယျိကဂုဏ်တော်

ဩပါ နေယျိကော။ ။မိမိစိတ်မှာ စွဲကပ်လာအောင်ကျင့်ဆောင်ထိုက်သော အကြောင်းကြောင့် ဩပါနေယျိကဂုဏ်နှင့် ပြည့်စုံတော်မူသော တရားတော်မြတ် ပါတကား။

## ပစ္စတ္တံ ဝေဒိတဗ္ဗဂုဏ်တော်

ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။ ။ပညာရှိတို့သည် ကိုယ်စီ ကိုယ်၌ သိအပ် ခံစားအပ်သောအကြောင်းကြောင့် ပစ္စတ္တံ ဝေဒိတဗ္ဗ ဝိညူဟိဂုဏ်နှင့် ပြည့်စုံတော်မူသော တရားတော်မြတ်ပါတကား။

ဤသို့ ခြောက်ပါးအစ ဂုဏ်တော်အနန္တတို့နှင့် ပြည့်စုံတော်မူသော တရားတော်မြတ်ကို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ကန်တော့ပါ၏ အရှင်ဘုရား။

## သံဃဂုဏ်တော်(၉)ပါး ပါဠိတော်

၁။ သုပဋိပန္နော ဘဂဝတော သာဝကသံဃော

၂။ ဥဇု ပဋိပန္နော

၃။ ဥာယပ္ပဋိပန္နော ဘဂဝတော သာဝကသံ္ဃော
၄။ သာမီစိပ္ပဋိပန္နော ။

ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ
ဧ သ ဘဂဝတော သာဝက သံ္ဃော။

၅။ အာယုနေယ္မော
၆။ ပါဟု နေယ္မော
၇။ ဒက္ခိ နေယ္မော
၈။ အဉ္ဇလိ ကရဏီယ္မော
၉။ အနုတ္တရံ ပုညခေတ္တံ လောကဿ။

## သိရန်အဆုံး

ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ စသော ပါဠိတော်သည် သံဃဂုဏ်တော်ပြသော စကားရပ် ပဟုတ်ပါ။

သောတပတ္တိမဂ်ကိုရသော ပုဂ္ဂိုလ်နှင့် သောတာပတ္တိဖိုလ်ကို ရသော ပုဂ္ဂိုလ် နှစ်ပါးလျှင်တစုံ ဤသို့စသည်ဖြင့် မဂ်နှင့်ဖိုလ်ရသော ပုဂ္ဂိုလ်နှစ်ပါးကို တစုံစီတွဲစပ်လျှင် အရိယာလေးစုံဖြစ်၍ အသီးအခြားခွဲလျှင် (၈) မျိုးဖြစ်ကြောင်းကို ပြသော ပါဠိတော်ဖြစ်သည်။

## မြန် မာ ပြန်

### သုပ္ပဋိပန္နဂုဏ်တော်

သုပ္ပဋိပန္နော။ ။ကောင်းကျိုးရအောင် ကောင်းမှုနှစ်ဌာကျင့်တော်မူသော အကြောင်းကြောင့် သုပ္ပဋိပန္န ဂုဏ်နှင့် ပြည့်စုံတော်မူသော သံဃာတော် မြတ်ပါတကား။

### ဥဇုပ္ပဋိပန္ဒ ဂုဏ်တော်

ဥဇုပ္ပဋိပန္ဒော။ ။နိဗ္ဗာန် သွားရာလမ်း ဖြောင့်မှန် တန်း အောင် ဖြောင့်မတ်စွာ ကျင့်တော်မူသော အကြောင်းကြောင့် ဥဇုပ္ပဋိပန္ဒ ဂုဏ်နှင့် ပြည့်စုံတော်မူသော သံဃာတော်မြတ် ပါတကား။

### ဥာယပ္ပဋိပန္ဒဂုဏ်

ဥာယပ္ပဋိပန္ဒော။ ။အပူခပ်သိမ်း ငြိမ်းရာမှန် မြတ်သော နိဗ္ဗာန် အကျိုးငှာ ကျင့်တော်မူသော အကြောင်းကြောင့် ဥာယပ္ပဋိပန္ဒ ဂုဏ်နှင့် ပြည့်စုံတော်မူသော သံဃာတော်မြတ် ပါတကား။

### သာမိစိပ္ပဋိပန္ဒဂုဏ်

သာမိစိပ္ပဋိပန္ဒော။ ။လူ နတ် ဗြဟ္မာ သတ္တဝါတို့ ရှိသေ သမှု အလေး ပြု ထိုက်အောင် ကျင့် တော်မူ တတ် သော အကြောင်း ကြောင့် သာမိစိပ္ပဋိပန္ဒ ဂုဏ်နှင့် ပြည့်စုံတော်မူသော သံဃာတော်မြတ် ပါတကား။

### အာဟုနေယျဂုဏ်

အာဟုနေယျော။ ။လေးရပ်မျက်နှာ ယူဆောင်လာ၍ ပူဇာအစ ပူဇော်အပ်သော ပစ္စည်းလေးပါးကို ခံယူတော်မူထိုက်သော အကြောင်း ကြောင့် အာဟုနေယျဂုဏ်နှင့် ပြည့်စုံတော်မူသော သံဃာတော် မြတ်ပါ တကား။

### ပါဟုနေယျဂုဏ်

ပါဟုနေယျော။ ။ဉေ့်သည်တို့အား ရည်ရွယ်မှန်းထား လေးပါး လုံးခြုံ ပစ္စည်းစုံကို ခံယူတော်မူထိုက်သော အကြောင်းကြောင့် ပါဟုနေယျ ဂုဏ်နှင့် ပြည့်စုံတော်မူသော သံဃာတော်မြတ်ပါတကား။

**ဒက္ခိနေယျ ဂုဏ်**

ဒက္ခိနေယျော။ ။နောင်ဘဝမှန်း နိဗ္ဗာန်နန်းကို ရည်မှန်းပူဇော် အလှူတော်ကို ခံယူတော်မူထိုတ်သော အကြောင်းကြောင့် ဒက္ခိနေယျဂုဏ် နှင့် ပြည့်စုံတော်မူသော သံဃာတော်မြတ် ပါတကား။

**အဥ္ဇလိ ကရဏိယဂုဏ်**

အဥ္ဇလိ ကရဏိယျော။ ။လူမင်း နတ်မင်း ဗြဟ္မာမင်းတို့ရှိခိုးခြင်းငှာ ထိုက်တော်မူသော အကြောင်းကြောင့် အဥ္ဇလိကရဏိယျ ဂုဏ် နှင့် ပြည့်စုံ တော်မူသော သံဃာတော်မြတ် ပါတကား။

**အနုတ္တရာ ပုညေ ခေတ္တဂုဏ်**

အနုတ္တရ ပုညေ ခေတ္တံ။ ။ကုသိုလ်မျိုးစေ့ကို ကြဲချ စိုက်ပျိုးဘို့ရာ အကောင်းဆုံး ဖြစ်သော လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူသော အကြောင်းကြောင့် အနုတ္တရံ ပုညေ ခေတ္တံ ဂုဏ်နှင့် ပြည့်စုံတော်မူသော သံဃာတော်မြတ်ပါတကား။

ဤသို့ ကိုးပါးသော ဂုဏ်တော်အပေါင်းဘို့နှင့် ပြည့်စုံတော်မူသော သံဃာတော်အရှင်မြတ်တို့ကို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော် မာန်လျော့ ကန်ဘော့ပါ၏ အရှင်ဘုရား။

သံဃာဂုဏ်တော် ပြီး၏။

## ဗြဟ္မစိုရ ပွားများကြ

**ကနိ ချမ်းသာရ ဆရာတော်ဘုရားကြီး**
**မေတ္တာပွားခြင်းနှင့် ပစ္စဝက္ခဏာဆင်ခြင်ပုံ**

ဆရာတော်ဘုရားသည် စာရေးသူတပည့်အား အထပ်ထပ်အခါခါ ဂုဏ်တော်ပွားတိုင်း ပွားတိုင်း မေတ္တာကိုးပါးပွားများရန်။ ပြီးထော့ မိမိ စောင့်ထိန်းရမည့် သီလ သမာဓိ ပညာ သစ္စာအဓိဋ္ဌာန်ဤငါးချက်ကိုပါ ညီညွတ်အောင် အားယူရမည်ဟု မိန့်ပါသည်။

## ဆရာတော် ဘုရား မေတ္တာ ပွားပုံ အကျဉ်း

မိမိနှင့်တကွ ထက်ဝန်းကျင် အရပ် ဆယ်မျက်နှာတို့မှ သွားလာ လှုပ်ရှားနေကြသောသတ္တဝါအပေါင်းတို့သည်–

ဘေးရန် ခပ်သိမ်း ကင်းငြိမ်းပါစေ၊
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းပါစေ၊
ဗျာပါဒခပ်သိမ်း ကင်းငြိမ်းပါစေ၊
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ၊
ကိုယ်စိတ်နှစ်ပါး ချမ်းသာပါစေ ချမ်းသာပါစေ၊
ကိုယ်စိတ်နှစ်ပါး ကျန်းမာ ပါစေ ကျန်းမာပါစေ၊
ကိုယ်စိတ်နှစ်ပါး လိုရာဆန္ဒပြည့်ဝပါစေ ပြည့်ဝပါစေ၊
တရားတော်မြတ် ကြီးစား အားထုတ်နိုင်ပါစေ၊ အားထုတ်နိုင်ပါစေ၊
ဝိနည်းတော်အား လေး စား စောင့်ထိန်းနိုင်ပါစေ၊ စောင့်ထိန်းနိုင်ပါစေ၊
မဂ်လာတရားတော်ကို ကြီးစား ကျင့် ကြံ အား ထုတ် နိုင်ပါစေ၊ အားထုတ်နိုင်ပါစေ၊
အခြေနှစ်ချောင်း အခြေလေးချောင်း အခြေ မြောက်မြား စွာ ရှိကြသော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာချမ်းသာ ပါစေ ကျန်းမာ ပါစေ၊

ဤကဲ့သို့ မေတ္တာ အခါခါ အထပ်ထပ် ပွားများအားထုတ်ရန် ဖြစ်ပါသည်။လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့ စိတ်ကိုနှုးညှံ့လာအောင် နှုးညှံ့သိမ်မွေ့လာအောင်စိတ်ကိုဖြန့်၍ မိမိကိုယ်နှင့် မိမိ အိမ်သားများ တခြား အိမ်သူ အိမ်သားများကိုပါ မေတ္တာဖြန့်ရပါမည်။

ထိုမှတဆင့် မိမိရပ်ကွက်၊ မြို့နယ်၊ တိုင်း ပြည် ရှိ ယောကျ်ားမိန်းမ သတ္တဝါအားလုံး၊ တကမ္ဘာလုံးရှိ ယောကျ်ား မိန်းမ သတ္တဝါအားလုံး ရေ၊ မြေ၊ ကောင်းကင်ရှိ သတ္တဝါ အားလုံးကိုပါ မေတ္တာ ဖြန့်ကျက် ပို့ရ ပါမည်။

## ဩဒိဿနှင့် အနောဒိဿ

မိမိနှင့်တကွ အတူနေ လုပ်ဖော် လုပ်ဖက် အသိမိတ်ဆွေ သူတော် သူမြတ်များ မိမိကိုးကွယ်သည့် ရဟန်းသံဃာ ဝိဇ္ဇာ တပသီ စသည့်ပုဂ္ဂိုလ် များကိုထင်မြင်မှတ်သားရည်ညွှန်း၍ အထက်ပါအတိုင်း မေတ္တာပို့ရပါမည်။

ထို့နောက် မိမိနှင့်တကွ ကိုယ် စောင့် နတ်၊ ကျောင်းစောင့် နတ်၊ အိမ်စောင့်နတ် အရံစောင့်နတ် စသည် နတ်မြတ် နတ်အပေါင်းတို့အား အထက်ပါအတိုင်း မေတ္တာဖြန့်လျက် ပို့ရပါမည်။

မိမိနှင့်တကွ အရပ်ခြောက်မျက်နှာ၌ စောင့်ကြကုန်သော သာတာ ဂီရိ နတ်၊ ဟေမဝန္တနတ်၊ ပုဏ္ဏကနတ်၊ ဂုတ္တိယနတ်၊ ကာလနတ်၊ ဥပကာလ နတ်၊ ဗိဗ္ဗနတ် ၊ဗိမ္ဗသေန နတ်၊ အဟီရနတ်၊ ဟရရိယနတ်၊ ပါပနတ်၊ပ်ဂ်လ နတ်၊ သံဃ နတ်၊ သံဃုလိမနတ်၊ သူသူရနတ်၊ ဥဂ္ဂတေဇနတ်

## နတ်များကို သီးခြား အထက်ပါအတိုင်း မေတ္တာပို့ပါ

မေတ္တာတရားသည် ဗြဟ္မာ့ဝိဟာရ ဗြဟ္မစိုရတရား လေးပါးတို့တွင် တပါးအပါအဝင်ဖြစ်ပါသည်။မေတ္တာပွားလျှင်အားလုံးအကျွမ်းဝင်ပါသည်။ ခွဲခြား၍ သီးခြား တပါးစီ မေတ္တာပို့ပါက ဗြဟ္မစိုရတရား လေးပါးစလုံး ပွားရာရောက်ပါသည်။ အတူတူပင်ဖြစ်ပါသည်။

ကနိချမ်းသာရဆရာတော်ဘုရားသည် သီလသမာဓိ အားကောင်း သဖြင့် ဩဒိဿ အနောဒိဿ အထူးမေတ္တာပို့သဖြင့် (ကနိ ရွာ နှင့် ရွာ တဝိုက်) ခေတ်ကာလပျက် ဘေးခပ်သိမ်း ရန့်ခပ်သိမ်း ကင်းငြိမ်း၍ ချမ်း

သာခဲ့သည်မှာ ဂုဏ်တော်ပွားခြင်းနှင့် မေတ္တာ တန်ခိုး သတ္တိ ကြောင့် ဖြစ်ပါသည်။

စာရေးသူမှတ်သားမိပါသည်။ ဆရာတော်ဘုရားသည် တနေ့လျှင် ငါးကြိမ်ဝတ်ပြုပြီး ငါးကြိမ် မေတ္တာပွားရ၍ ပစ္စုဝက္ခဏာကို ဆင်ခြင်အား ထုတ်သည်ကို မှတ်မိပါသည်။ မကြာခဏအမိန့်ရှိဘူးပါသည်။

## ဗြဟ္မစိုရ် တရားလေးပါး အကျင့်ပွါးရန်

(၁) အားလုံးသော ဝေနေယျသတ္တဝါအပေါင်းတို့သည် ဘေးခပ်သိမ်း ရန်ခပ်သိမ်း ကြောင့်ကြခပ်သိမ်း ဗျာပါဒ ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ ဤကား မေတ္တာအတိုပွားနည်းဖြစ်သည်။

(၂) အလုံးစုံသော ဝေနေယျသတ္တဝါအပေါင်းတို့သည် ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း တို့မှ ကင်း လွတ် ကြ ပါစေ၊ ကိုယ်စိတ် နှစ်ပါး ချမ်းသာကြပါစေ၊ ကျန်းမာကြပါစေ၊ သနား ကြင်နာစိတ် ပေါ်လာ အောင် ပွားများရမည်။ ဤကား ကရုဏာ အတို ပွားနည်းဖြစ်သည်။

(၃) အလုံးစုံသော ဝေနေယျသတ္တဝါအပေါင်းတို့သည် မိမိတို့ ရအပ်သော စည်းစိမ် ချမ်းသာ ဟူသမျှတို့သည် မပျောက် မပျက် အမြဲ ခိုင်ခန့် တည် တန့် နိုင်ကြ ပါစေ၊ တည် တန့် ကြပါစေ ဝမ်းမြောက် ဝမ်း သာ ဖြစ် အောင် ပွားများ ရမည်။ ဤကား မုဒိတာအတိုပွားရန်။

(၄) အလုံးစုံသော ဝေနေယျ သတ္တဝါ အပေါင်းတို့သည် မိမိတို့၏ ကုသိုလ်ကံ အကုသိုလ် က ံ ဖန်တီးသလို ဖြစ်သမျှ

အကြောင်းကံတရားကို မလွန်နိုင်ကြပါ။ မည်သို့မျှမတတ်နိုင်ပါ။ ထိုထို ထိုထိုသော သဘ္ဘဝါ အပေါင်း တို့သည် ကုသိုလ်ကံ၏အကျိုးဆက်များဖက်မှ အစွမ်းသာ၍ ကျန်းမာပါစေ ချမ်းသာပါစေ၊ ဘေးခပ်သိမ်း ရန်ခပ်သိမ်းကင်း ငြိမ်းပါစေ မေတ္တာပို့ရမည်။ ဥပေက္ခာအတိုပွားရန်။

ဤဗြဟ္မစိုရ်ကရားလေးပါး အကျဉ်းကို ပွား များ အားထုတ် နိုင်ပါသည်။

## ဗုဒ္ဓါနုဿတိနှင့် မေတ္တာ

မေတ္တာကို ပွားများသောသူအား ကရုဏာ မုဒိတာ ဥပေက္ခာတို့သည် အထူး များစွာအားမထုတ်ရဘဲ အလိုလိုပြည့်စုံလာကြတော့၏။။ထို့ကြောင့် 'မေတ္တာ' ကိုသာလျှင် ရှေးဦးစွာ ပွားများအားထုတ်ရာ၏။

မေတ္တာအကျိုးအာနိသင်များသည် အလွန်များပြား၏။ကြီးမား မြင့်မြတ်၏။ဘဝသမ္ပတ္တိ အကျိုးပေးသန်သော ကောင်းသောကံ အများတို့တွင် ဤ မေတ္တာကံသည် အထွတ်မြတ်ဆုံး အသာဆုံးတည်း။ မေတ္တာကို တုပြိုင်နိုင်သောကံ မရှိ၊ ဤကား မေတ္တာ တန်ခိုးသတ္တိ ဖြစ်၏။

အနုဿတိတို့တွင် 'ဗုဒ္ဓါနုဿတိ'ကံသည် ဘဝသမ္ပတ္တိ အကျိုးပေးသန်၏။ ကြီးမားမြင့်မြတ်၏။ တို့ကြောင့် ဘဝများစွာ နေရဦးပည်။ ဘုရားဖြစ်လိုသော ဘုရားဆုပန်ပုဂ္ဂိုလ်များမှာ အထူးအားဖြင့် ဗုဒ္ဓါနုဿတိနှင့် မေတ္တာ နှစ်ပါးကို လက်ကိုင်ထားကြရာ၏။ ပွားများကြရာ၏။ မေတ္တာကို ပွားများလျှင် ကြွင်းသောဗြဟ္မဝိဟာရတို့လည်း ပါ၍လိုက်ကုန်တော့၏။

ဗုဒ္ဓါနုဿတိ မေတ္တာ အထူးမှတ်သားချက်
ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား
ကမ္မဋ္ဌာန်းကျမ်းကြီး ၂၁၄။

## နတ်ချစ်ဆေးတော်

ချမ်းသာစွာ စက်ရာနိုး ဓိပ်မက်ဆိုးကင်းကွာ။
နိုးကြားခြင်း ဖြစ်ဘိုရာ စောင့်ရှောက်ခါမသား။
လူမျှားနှင့်နတ်သားတောင်ကွယ် သနားအောင် ချစ်ကြည် ဆပွား။
လက်နက်မျိုး မြေဆိပ်ထန် မီးဘေးရန်ပယ်ရှား။
တည်ကြည်စွာစိတ်ထားနှင့် မျက်နှာများ ရွှင်ကြည်။
အလုံးစုံတွေ့ဝေမျှောက်ပါလို့ သေသည့်အလျှောက်ကင်းပလေသည်၊
နိဗ္ဗာန်တမရောက်မီ ဗြဟ္မာ့ပြည်ထားပါပေါ့
ပွားပါတော့မေတ္တာသန်သန် ကျိုးဆယ့်တတန်
ဤကောင်းမှုကျိုးဖလဲ့သည် မိုးနဘ ကျော်ဟီးပါလိမ့်လေး။

မေတ္တာတော် အကျိုးအာနိသင် ၁၁ပါးတေးထပ်။

၁၃၂၁ခုနှစ် တပို့တွဲလဆန်း ရေးသားသည်။

## ဂုဏ်တော်၏ တန်ခိုးသတ္တိ အမျှားသိ

ဂုဏ်တော်ကွန်ချာ ကျမ်းစာရေးသားသူ၏ အတွေ့အကြုံ ကျေးဇူးများကို ရေးသားရန် တိုက်တွန်းကြသည်။ ရေးရလျှင် မိမိနှင့်တကွ မိမိကို မှီခိုအားထား ဂုဏ်တော်ပွားများ အားထုတ်ကြသော ပုဂ္ဂိုလ်များ၏အတွေ့အကြုံများကို အလိုဆန္ဒပြည့်ဝမှု အစုံစုံကိုပါ ရေးသားရသော ကျမ်းတစောင်တဖွဲ့ ဖြစ်ပေလိမ့်မည်။

ကိုယ်တွေ့အကြောင်းစုံများကို ဖွဲ့နွဲ့၍ အကျယ် မ ရေး သား လိုပါ။ ဂုဏ်တော်များ၏ အကျိုးအာနိသင် သတ္တိထူးများကို ကိုယ်တွေ့ လက်တွေ့ ခံစားရသည့် အချက်များကို "အမှန်ကိုအမှန်အတိုင်း" ဖော်ပြရလျှင် ပိုမို ကောင်းမည်။ သမာဓိစွမ်းအား စိတ်သတ္တိတန်ခိုးများကြောင့် လေး နက် သည်ကို သိပါသည်။

ကျွန်ုပ် ရေးလိုတာက 'မမှန်တာ မဟုတ်တာလဲ အကျယ် မရေးသားလိုပါ၊ လိမ်ညာဖြီး၍လဲ့ မပြလိုပါ၊ မပြောဆိုချင်ပါ၊ တန်ခိုးကြီးထွားမှုအတွက် လူများအား တရားတော်ကို အကြောင်းပြု၍ 'အတာ အတွယ် မထားလိုပါ၊' သို့မို့ကြောင့် အရေးရခက်ပါသည်။

ဤဂုဏ်တော်ကွန်ချာနည်းသည် တန်ခိုးသတ္တိ အရှိဆုံးပါလို့ မဆိုလိုပါ၊ ဘုရားရှင်၏ နှုတ်ကပတ်တော်မှန်သမျှ တရားတော်မြတ်သည် တန်ခိုးသတ္တိ ရှိပါသည်။ ထိုတရားတော်မြတ်ကို ယုံယုံကြည်ကြည် အားကိုး အားထားပြုကြသော ပုဂ္ဂိုလ်မြတ်တို့အား တရားတော်ကပင် ပြန်၍ 'အကာ လိကော' အခါမရွေး အကျိုးပေးပါသည်။ ဘေးခပ်သိမ်းရန်ခပ်သိမ်း အေးငြိမ်းပါသည်။

ကျွန်ုပ်ညွှန်ပြထားသော ဂုဏ်တော်မြတ် ကွန်ချာ နည်းသည် အာရုံစိပ်သည့် သမာဓိ အားစွမ်း ထက်မြက်သည်။ 'အထူးအား'ဖြင့် မိမိ အဓိဋ္ဌာန်နှင့် သစ္စာဆို၍ အားထုတ်မှုတို့ကြောင့် လေးနက်တည်ကြည်ရာရောက်ခြင်း ဖြစ်ပါသည်။ ထက်မြက်စူးရှပါသည်။

ဤဂုဏ်တော်ကွန်ချာ ပုတီးစိပ်ပြီးတိုင်း စိပ်ပြီးတိုင်း နေ့စဉ် မှန်မှန် သစ္စာဆို၍ လိုရာဆုတောင်းရန် ဖြစ်ပါသည်။ ဂုဏ်တော် ပွားများခြင်း တို့ကြောင့် သမာဓိစွမ်းအား ထက်ပါသည်။ တဆင့် ဝိပဿနာ ဆက်ရှုနိုင်ပါသည်။

အခြားဂုဏ်တော် ပုတီးစိပ်နည်းများကိုလည်း ပုတီး စိပ်ပြီးတိုင်း ပြီးတိုင်း မှန်မှန် သစ္စာဆိုပါက အရာရောက်မည်ဖြစ်ကြောင်း သစ္စာ အဓိဋ္ဌာန် မပါလျှင် ထင်သလောက် မပေါက်ရောက်ပါ၊ သစ္စာအဓိဋ္ဌာန်ကို ပြုပါရန် သတိပေးပါသည်။

လူသား အချို့သည် မိမိကိုယ်ကို အားမကိုးဘဲ ထွက်ရာ ပေါက် အမျိုးမျိုး မြော်ကိုး၍ ဟုတ်လိမ့်နိုးနိုး ဟုတ်နိုးရာရာ ဟူ၍ ဟုတ်စိတ်ဖြစ်နေကြသဖြင့် 'ထင်သလောက် အကျိုးမပေးကြဘဲ ဖြစ်နေပါသည်' မိမိအတွက်

ကျေးဇူးမမျှားပါ။ ဆိုလိုတာက မိမိကိုယ်ကို အားကိုး အားထား ပြုရန် ဖြစ်ပါသည်။ တကယ့်ကို မိမိထိထိ ဂုဏ်တော်ကွန်ချာ ပွားများအားထုတ်ပါက မိမိလိုအပ်သောလမ်းကို ရောက်ပါမည်။ လိုအင်သော ဆန္ဒ ပြည့်ဝမည်ဖြစ်ကြောင်း....

ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်း စနစ် လိုအပ်ပါသည်။ သ မာ ဓိ အစွမ်း ပြုရန် လုပ်ငန်းဖြစ်၍ အထူးပင် လေးနက်တည်ကြည်မှု စွမ်းအား ယူရန်ဖြစ်ပါသည်။

## တိုက်တွန်းပါရစေ

သူတပါးပြောတာကို စဉ်းစားယုံပါ။ သူတပါး အားကိုးအားထား မပြုနှင့်၊ 'အဘွာဟီ အဘွာနော နာထော' မိမိကိုယ်သာလျှင် ကိုးကွယ် အားထားရာပေသည်။ မိမိအားကိုး အားထားရာသည် ရတနာသုံးပါး ဂုဏ်တော်သည်သာလျှင် အားကိုးရာ အစစ် အားထားရာအစစ် ဖြစ်ပါသည်။

## မှန်ဘာကို ရေးပါမည်

လူ့ဘိုင်း ချမ်းသာသုခ ခံစားလိုကြသည်။ ကြီးပွားလိုကြသည်။လွယ်လွယ်နှင့် မရပါ၊ မိမိကိုယ်တိုင် အားထုတ်မှ ရပါသည်။ 'ဆန္ဒ ဝိရိယ စိတ္တ ပညာ သဒ္ဓါ' တည်းဟူသော အား ၄ါးပါးကိုလည်း သယ်ယူ ဆောင်ကာ အားထုတ်ပါက မိမိလိုလား တောင့်တအပ်သော ချမ်းသာသုခ ရကြမည်မှာ မလွဲပါ၊ ဂုဏ်တော်မြတ်၏ တန်ခိုး သတ္တိထူးတို့သည်ကား အခါ မရွေး အကျိုးပေးပါ၏။

အလွယ်တကူ အလိုအလျောက် ချမ်းသာမှုလိုလား၍ သူ တ ပါး အားကိုးသူများ ဒုက္ခနှင့်ရင်ဆိုင်တတ်ပါသည်။ လောကတွင် သဒ္ဓိအမျိုးမျိုး ပေါက်ဆရာက သူ ရှေ့ဖြစ်ပါသည်။ ငွေဖြစ်ပါ့သည်။ အန္တရာယ်ကင်းအောင် လုပ်တတ်ပါသည်။ တန်ခိုအမျိုးမျိုး သိဒ္ဓိရှိသည်ဟု ဆိုလျှင် ထိုပုဂ္ဂိုလ်ကို ပြန်ကြည့်ရပါမည်။

သူ၏ မိဘ ဆွေမျိုး ဥာတကာ အသိုင်း အဝိုင်း ရွှေသီး ငွေသီး ချမ်းသာကြွယ်ဝနေလျှင်မှန်ပေမည်။ သူနှင့်သူ၏ဆွေမျိုး ဥာတကာ အသိုင်း အဝိုင်းတို့မှာ ဘေးမသီ ရန်ပခ ချမ်းသာသုခပြည့်စုံပါကမှန်ပေမည်၊သို့မဟုတ် အလိမ်အညာနှင့်တွေ့ပါက ဒုက္ခပင်ဖြစ်ရမည်။

## အလိမ်ခံခဲ့ကြပါသည်

ကျမ်းပြုသူ ငယ်ရွယ်စဉ်က ကနိရွာသို့ ထွက်ရာပေါက် ရွှေဖြစ် ၊ငွေဖြစ် ပုဂ္ဂိုလ်တဦးဆောက်လာသည်။ ထိုပုဂ္ဂိုလ်က သူရွှေငွေ သိဒ္ဓိပေါက်သည်။ ဒုက္ခသယ်ကို ကယ်မမည်ဟု ပြောဆိုရာ ကျေးရွာရှိ လူကြီးပိုင်းက ယုံကြည်စွာ လက်ခံ၍ ရွှေဖြစ်ငွေဖြစ် အဂ္ဂိယ လမ်းစကြပါသည်။

ပဌမ သူပါလာသော ရွှေစကို လုံတွင်းသို့ထည့်၍ ဖိုထိုးပြရာ၊ရွှေပွားသည်။ ထိုရွှေပွားကို မက်မောကြသည်။ လောဘဇောတိုက်ကာ လူကြီးပိုင်း ဆွေမျိုးဥာတကာတစု လူမသိအောင် ရှိသမျှ ရွှေငါးပိဿာ ထွက်ရာပေါက်ကို အပ်၍ ရွှေပွားရန် ဖိုထိုးခိုင်းရာ ဆေးတမယ်လိုသဖြင့် ဖျာပုံမြို့တက်ဝယ်မည် ဆိုကာ ထွက်ပြေးပါသည်။ 'ကျန်သောလုံကို ဖွင့်ကြည့်ကြရာ' ဗလာတွေ့ကြရသဖြင့် ကျေးရွာလူကြီးများ အရှက်ရကြသည်။ တီးတိုး စကား ပြောကြသည်ကို သတိရမိပါသည်။

ကျွန်ုပ်တို့ကျေးရွာမှ စာချိုးကောင်းတဲ့ အဖိုးဆိတ်က ကဗျာစာတပုဒ်ချိုးလိုက်ပါသည်။

'ဦးပဉ္ဇင်းခို ဖင်ပေါ်၊ ဒေါ်ထယ်ရဲ့အိမ်မက်
ဦး.....သားသမက် ဒုက္ခဖြစ်ချက်'

ဟုဆိုသော စာချိုးကို ဘကြီးခိုက ရွတ်ဆိုပြလို့ တ ဟား ဟားနဲ့ ပွဲကျခဲ့ရပါသည်။ ဤကဲ့သို့ အလိမ်အညာ မခံရအောင် သတိ ပေးပါသည်။

ကျွန်ုပ်ညွှန်ပြသသော ဘုရားဂုဏ်တော်မြတ်သည် အလွန်ပင် တန်ခိုးသတ္တိ ထက်မြက်၍ လောကဓမ္မ နှစ်၀ အကျိုးပေးပါသည်ဟု ရေးခဲ့သည်။ ပြောဆိုခဲ့သည်။

အမှန်မှာ နည်းလမ်းကို ညွှန်ပြရုံသာရှိသည်။ မိမိတို့ကိုယ်တိုင် လမ်းမှန်သောနည်း အားထုတ်ပါမှ မိမိတို့အကျိုးကျေးဇူး ခံစားရမည်။အပြောကောင်းကောင်းနှင့် လောက ဘေးဆိုး ကပ်ဆိုး ရန်အမျိုးမျိုး ကင်းဝေးပါသည်။ မင်းပြစ်မင်းဒဏ်ကင်းဝေးပါသည်။ ရာထူးဌာန တိုးတက်ပါသည်။ အနှောင်အဖွဲ့တို့မှ ကင်းလွတ်ပါသည်။ စီးပွားရတနာ တိုးတက် ပါသည်။ ဆိုရုံနဲ့ မရပါ။

ဂုဏ်တော်ကွန်ချာနည်းကိုကြိုးစားအားထုတ်ကြပါ၊လက်တွေ့အကျိုးကျေးဇူး ခံစားရမည်ကို ယုံကြည်ပါ။

## ကိုယ်တွေ့ကို အနည်းငယ်ရေးပါမည်

၁၉၇၂ခုနှစ် ပထမပိုင်းမှာ ကနိုရှာသို့ ပြည်ပြေးအဖွဲ့ ခိုကပ်လိမ့်မည်ဟု သက်ဆိုင်ရာမှ သတင်းပေးပါသည်။ ကျွန်ုပ် ထိတ်လန့်တုန်လှုပ် ကြောက်ရွံ့မိပါသည်။ တရပ်တရွာလုံးကြိုဟ်ဆိုးဝင်လျက် အားလုံးဒုက္ခကို မြင်ပါသည်။

ထိုအခါ မိမိဆရာတော် မှာကြားသောစကားကို ကြားယောင်မိပါသည်။ 'ဂုဏ်တော်ကွန်ချာ' ကို အဖန်ဖန် အားထုတ် မေတ္တာပို့ သစ္စာပြုပါသည်။ ခဲ၊သဲ၊ရေတို့ကိုလည်း ကျေ ရှာ နယ်စည်းချပါသည်။

အုပ်ချုပ်ရေးပိုင်း ဆိုင်ရာတို့ကိုပါတိုင်တည်၍ လာမည့် ရန်သူ ငြိမ်းပါစေ၊ ရန် ရန်ချင်း ငြိမ်းချမ်းပါစေဟု သစ္စာဆိုကာ 'အထူး ဂုဏ်တော်ကွန်ချာ'ကို လက်ျာ လက်ဝဲ ဘယ်ညာ နှစ်ထပ်ကွန့်၍ ပုတီးစိပ်ကို နေ့ရောညဉ့်ပါ ဝါတွင်းကာလ ၊အားထုတ်ပါသည်။ ဝါကျွတ် ကာလပိုင်းမှပင် ကနိုချောင်းဝ လက်နက်မျိုးစုံတို့ဖြင့် ရန်ငြိမ်းမှုရခဲ့သည်မှာ ဂုဏ်တော်၏ သတ္တိပါဝင်မှုတို့ကြောင့် သမိုင်းတွင်ခဲ့ပါသည်။

## ထိုဂုဏ်တော်ပုတီးစိပ်နည်းကား

လက်ဝဲ လက်ျာ ဘယ်ညာနှစ်ထပ် ကွန့်တက်၍ ပုတီးစိပ်နည်းကို စာဖြင့် ရေးသားဖော်ပြပါ ဆိုလျှင် နားလည်အောင်၊ ရှင်းအောင်ရေးဘို

စုံမည်မထင်ပါ၊ တကယ့်ကိုအားထုတ်လိုတဲ့ ပုဂ္ဂိုလ်များ၊ လိုချင် သူများ၊ ပွားများချင်သူများ ကိုယ်တိုင်လာ နည်းယူပါက သင်ပေးပါမည်။ ပညာ လှူပါမည်။

ဂုဏ်တော်ကွန်ချာ လှည့်ပတ်ပုတီးစိပ်နည်း တတ်ပါက မကြာခဏ အတွင်း တတ်ပါသည်။ နည်းလူပါမည်။

ကျွန်ုပ်တပည့်တဦး လူသတ်မှုနှင့် အထင်လွဲမှား အ ချုပ် ခံ နေ စဉ် ကိုယ်တိုင်သွားရောက်၍ နီးကပ်စွာ အာရုံပြု မေတ္တာပို့သည်။ အထူးသစ္စာ ပြုကာ ဂုဏ်တော်ကွန်ချာ အားထုတ်မှုကြောင့် အမှုရှင်းလင်းစွာ လွတ်ခဲ့ ပါသည်။ ယခုတိုင် ရှိပါသည်။

## ကနိရွာနယ်ပြေ ရန်ရှုပ်ပွေ

နိုင်ငံရေး၊ စစ်ရေး၊ စစ်ဦး ပဋိပက္ခဖြစ်ချိန် အထင်မှား အမြင်လွဲကာ တပည့် လူငယ်လေးငါးယောက် သတ်မည့်ဆဲဆဲ ကယ်တင် နိုင်ခဲ့ခြင်းမှာ ဂုဏ်တော်မြတ် အားထုတ်ခဲ့သော သမာဓိစွမ်းအားကြောင့်ပင်ဖြစ်ပါသည်။ ယနေ့တိုင် လူငယ်များရှိပါသည်။

အခြား ကိုယ်တွေ့ခံစားခဲ့ရသော ဘေးအပေါင်း ရန် အ မျိုးမျိုး ကင်းဝေးခဲ့သည်ကို အကျယ်ချဲ့မရေးလိုပါ၊ ယနေ့ မိမိ၏ကိုယ်ကျိုးစွန့်လျက် အများကျိုးအတွက် ဆောင်ရွက်နေသော 'ပရဟိတ'လုပ်ငန်း၊ လူငယ်များ စီးပွားချမ်းသာ ခြင်းမှာ မိမိ စောင့်ထိန်းခဲ့သော သီလ သမာဓိနှင့် ဂုဏ် တော်ကွန်ချာ မြတ်၏ တန်ခိုး သတ္တိထူးကြောင့် ဖြစ်ပါသည်။ မိမိကလည်း ကိုယ်ဘိရင်ဘိ အားထုတ်မှုတို့ကြောင့် တိုးတက်မှုရသည်မှာ မလွဲပါ။

ကျွန်ုပ်ညွှန်ပြသော ဂုဏ်တော်ကွန်ချာနည်းကို ပုတီးမပါဘဲ အား ထုတ်လို့ မရဘူးလား မေးကြပါသည်။ ပုတီးမပါလဲ အားထုတ်လို့ ရပါ သည်။ ကောင်းပါသည်။ သမာဓိစွမ်းအားရလျှင် တည်ငြိမ်မှုရသည်။ 'ဂုဏ်

တော်ကွန်ချာ' အမှား အမှန်ကိုလဲ သိရပါသည်။ ကြိုက်သလိုအားထုတ်နိုင်ပါသည်။ အလွန်ကောင်းသော 'ဂုဏ်တော်ကွန်ချာနည်း' ကောင်းပါသည်ဟု ဆိုထားခြင်းကြောင့် ယုံကြည်စွာ ကိုယ်တွေ့အားထုတ်ကြည့်ပါ"။

## ထက်ပြက်သည့် သတ္တိ

ဂုဏ်တော်မြတ်ကို အားထုတ်သဖြင့် အကျိုးကျေးဇူး ခံစားကြသည့် ပုဂ္ဂိုလ်များကို သိရှိကြရန် မိမိရှာဖွေတွေ့သိသမျှ ရေးသားပါသည်။

ဂုဏ်တော် ပွားများသူ ပုဂ္ဂိုလ် လိုက်နာစရာများကိုလည်း ဖော်ပြထားပါသည်။ အားထုတ်သော ယောဂီပုဂ္ဂိုလ်၏ 'သီလ သမာဓိ သစ္စာ မေတ္တာ အဓိဋ္ဌာန်' ၎င်းချက် ဦးတည်မှု ပိုထက်မြက် သတ္တိရှိပါသည်။

## အိုးယောဂီ

လောကုတ္တရာ ကိုးပါးအား လျှော်သော ကျင့်ဝတ် ပဋိပတ် ဖြစ်သော ဂုဏ်တော် ပွားများခြင်းသည် သီလဝိသုဒ္ဓိမဂ်ချမ်းသာ ဖိုလ် ချမ်းသာအထိ ရောက်မည်။

အားထုတ်သူ ယောဂီသည် သီလဝိသုဒ္ဓိ ဖြစ်အောင် မိမိ ကိုယ်ကို ဦးစွာ သီလဆောက်တည်ပါ။ ပြီးမှ ဆက်၍ ဂုဏ်တော်အားထုတ်ပါ။

ဘုရားအလောင်းတော် 'အလီနသတ္တ' မင်းသားကိုကြည့်ပါ။ ၁မည်းတော်၏ကိုယ်စား ဘီလူးထံသို့ အစားခံဘို့ရန် သွားခွင့်ကြုံလာ၏။ မိမိမှာ လက်နက်ပါက ဘီလူးအား ခြိမ်းခြောက်ရာ ရောက်မည်ဖြစ်၍ ၎င်း၏သီလ ညှိုးနွမ်းမခံ၊ ဒါးလုံ လက်နက်မယူဘဲ သီလကိုသာ လက်နက်သဘောထား၍ ဘီလူးထံသွားသည်။ ဘီလူးက သူ၏ ရဲဝံ့သောအမူအရာ သီလ၏ဂုဏ်ကြောင့် မစားဝံ့ချေ။ အလီနသတ္တမင်း၏ သီလ သမာဓိစွမ်းအင်ကြောင့် ဘီလူးလဲ ကျွတ်တန်းဝင်သည်။ အမှန်မှာ လူသားစစ်က ဘီလူးမ၏ မွေးစားမှုကြောင့် လူသားစား ဘီလူးဦးကြီး ဖြစ်သည်။

သီလလည်း ထက်မြက် သတ္တိရှိပါသည်။ 'သမာဓိ' စွမ်းက ဖော်ပြပြီး ဖြစ်ပါသည်။

**သစ္စာ အမှန်**

မှန်သောစကား မှန်သောအရာကို တိုင်တည်၍ ဆိုခြင်းဖြစ်ပါသည်။ သစ္စာ တန်ခိုးဟော်သည် အရာဝပ်သိမ်း အောင်နိုင်သည်။

အလောင်းတော် 'သစ္စန္တပဏ္ဍိတ'ရသေ့သည် ဟိမဝန္တာ အရပ်၌ နေစဉ် 'လူအချင်းချင်း စိတ်ဝမ်းကွဲပြားလျက်' မညီမညွတ် ဖြစ်နေသည်ကို ညီညွတ်အောင် ပြုလုပ်မည်ဟု အဓိဋ္ဌာန်ပြုကာ သတ္တဝါများ ကယ်တင်လို သောဆန္ဒ ပြင်းစွာဖြင့် သွားရောက်ကယ်မည်ဟု 'သစ္စာ' ပြုသည့် အတိုင်း ကယ်မသဖြင့် အားလုံးသော ပြည်သူများ ချမ်းသာရကြသည်။ ပြည်သူ ချင်းချင်း ညီညွတ်မှုဖြစ်သည်။ အခြားသော သစ္စာဟုတ်မှန် သောကြောင့် ချမ်းသာသုခ ရကြသည်မှာ များလှပါသည်။

**အဓိဋ္ဌာန်ပြုသည် ဆိုခြင်းပှာ**

အဓိ-စွဲစွဲမြဲမြဲ ဝါ ဇွဲသန်သန်၊ဌာန၊တည်တန့်ခြင်း၊ ဇွဲကောင်းကောင်းနှင့် မဖြစ်မနေ ပြုလုပ်မည်ဟု ဆုံးဖြတ်ယည့်အတိုင်း ပြုလုပ်ခြင်းကို အဓိဋ္ဌာန်ဟု ခေါ်ပါသည်။ အလောင်းတော် တေမိမင်းသားလို အဓိဋ္ဌာန်ပြည့်ဝအောင် ဇွဲသန်သန် အားထုတ်မှုကို ဆိုလိုပါသည်။

မေတ္တာဟူသည် သူတပါး ကြီးပွားချမ်းသာ လိုသော သဘော မြေသော အဓောတ်သည် အချမ်းသာဆုံးသော ဓာတ် ဖြစ်သည်။ သုဝဏ္ဏ သာမ 'သုဝဏ္ဏသျှမ်' ရသေ့ ဖြစ်စဉ်က သားသမင် အပေါင်း တို့ ပေါ် မေတ္တာသက်ဝင် ချစ်ခင်သည်မှာ မေတ္တာဓာတ် ဖြစ်သည်။

## မေတ္တာတန်ခိုးတော်

အလောင်းတော် 'ကေရာဇာ'မင်းမြတ်သည် တိုင်းတပါးမင်းတို့က တပ်ဖြင့် ဝိုင်းဝန်းတိုက်ယူသည်ကို မေတ္တာထား၍ နန်းစွန့် ဆင်းပေးခဲ့သည်။ မင်းကြီး၏ မေတ္တာဓာတ် တို့ပြန်မှုကြောင့် တပါးသော မင်း အပေါင်းတို့သည် တိုင်းပြည်ပြန်၍ အုပ်စိုးရန်ပေးသည်မှာ မေတ္တာတန်ခိုးတော် ထက်မြက်သော သတ္တိဖြစ်ပါသည်။

ဂုဏ်တော်ကွန်ချာ အားထုတ်ရာတွင် သီလ သမာဓိ သစ္စာ မေတ္တာ အဓိဋ္ဌာန် ကို လက်စွဲပြုပါရန် တိုက်တွန်းပါသည်။

## ဂုဏ်တော်၏ တန်ခိုး သတ္တိ

### မိဖုရားစောလုံဝတ္ထု

ပုဂံပြည် 'နရသီဟပတေ' မင်း၏မိဖုရားစောလုံသည် အပြစ်ကင်းစင်ရုပ်သွင် ချောလှသော မိဖုရားမို့ မြတ်နိုးလှသည်။ ယုယကြင်နာလှသည်။ တနေ့သော နေ့ရာသီ ရောဝတိမြစ်ကမ်းတွင် စံနန်းတော်တည်၍ မောင်းမမိသမီး အ ဒြွအရဲ့ မျှားနှင့် ရေကစားတော်မူသည်။

မောင်းမငယ် တယောက်ကိုခေါ်၍ မိဖုရားစောလုံအား ရှဲရှဲစိုအောင် ရေဖြင့် ပက်စေတော်မူ၏။

ကစားစေခိုင်းသည်။

မိဖုရားစောလုံသည် ကျီစားသည်ကို အပြစ်ဟုထင်မှား၍ မင်းကြီးအား ရန်ငြိုးထားပေ၏။ စားတော်ပွဲတွင် အဆိပ်ခတ်၍ ဆက်သ စေ လေသည်။ မင်းသည် ပွဲတော်မတည်သေးဘဲ ခွေးကိုကျွေးစေရာတွင် တခဏခြင်း ခွေးသေသည်ကို မြင်၍ ပွဲတော်ဆက်ကို စစ်မေးသော် မိဖုရား စော လုံ ပေါ်ကျရောက်၏။

မိဖုရားစောကို စစ်ဆေးရာ မိမိတကိုယ်လုံး စိုအောင် ရေပက် အရှက်ခွဲသောကြောင့် မကျေနိုင်သည့်အတွက် အသက်ကို လုပ်ကြံကြောင်းဟု ပြတ်ပြတ် ပြောဆိုသဖြင့် မင်းသည် အမျက်ထွက်ကာ မိဖုရားကို ဆံကျပ်စင်ပေါ်တင်၍ ကျင်ထိုးသတ်စေ အမိန့်ချသည်။

မိဖုရားသည် ပန်းပဲသမားတို့အား ရွှေငွေများပေး၍ ခုနစ်ရက်ကြာအောင် ကျပ်စင်ကို ပြုလုပ်ခိုင်းစေပြီး တရားနာခြင်း၊ ဘုရား အာရုံပြု၊ ဂုဏ်တော်များ ပွားများအားထုတ်၍ ပုတီးစိပ်ခြင်းကို ပြုသည်။

(၇) ရက် စေ့သောအခါ ရဲရဲညီးသောကျပ်စင်သို့ မကြောက် မရွံ့တက်လေရာ သုံးကြိမ်ကြိမ်တိုင်တိုင် မီးငြိမ်းလေသည်။

မိဖုရားသည် ရတနာသုံးပါး၏ ဂုဏ်ကို အာရုံပြု၍ သစ္စာ ပြုသည်။ မိမိချမ်းသာခွင့်ရသည်မထင်သဖြင့် အား လျှော့ကာ တခဏချင်း မီးလောင်ကျွမ်းပါစေဟု အဓိဋ္ဌာန်ပြုသော ခဏ မီး လောင်ကျွမ်း ရပေသည်။

ဤကား မိဖုရား၏ သစ္စာ သမာဓိ စွမ်းအား ဂုဏ်တော် မြတ်၏ တန်ခိုးသတ္တိ ဖြစ်ပါသည်။

ဦးကုလ : ရာဇဝင်

ဦးအောင်ဇေယျ ဘုန်းတန်ခိုး

ရွှေဘိုမြို့နယ် မုဆိုးခြုံရွာ တောင်သူလယ်သမားဖြစ်သော ဦးအောင်ဇေယျသည် မိဘလက်ငုတ်လယ်များကို လုပ်ကိုင်နေစဉ် ဂုဏ်တော်ပုတီး (၁၀၀၀) ကို အမြဲအဓိဋ္ဌာန်၍ စိပ်သည်။

ထိုဂုဏ်တော် တန်ခိုးတော်ကြောင့် ဟံသာဝတီ မင်း လက်ထက်ရွာစားအဖြစ် ချီးမြင့်ခြင်းခံရပေသည်။ ထို့နောက် မုဆိုးခြုံဝန်မင်းရာထူးကို တိုးမြင့်ခြင်း ခံရပေသည်။

၁၇၅၅ ခုနှစ် ဒဂုံကို သိမ်းမိသောအခါ ရန်ကုန်သဖြင့် ရန်ကုန်မြို့သမုတ်ခဲ့သည်။ ဆွေတော် မျိုးတော် မှူးတော် မတ်တော်များ ခြံရံလျက် ရွှေတိဂုံဘုရား စရပ်တန်ဆောင်း စောင်းတန်းများကို လှူသည်။ ဘုရား ဂုဏ်တော်မြတ် တန်ခိုးတော်များကြောင့် ဘုန်းကြီးပေသည်။ ဖူးမျှော် ရောက်သည်။ ရွှေတိဂုံဘုရား သစ္စာဆို၍ ပုတီးစိပ် ဆီးမီးများ ပူဇော်သည်။

## သတ္တိနှင့် ဂုဏ်အစွမ်း

သူ၏ သတ္တိစွမ်းအင်နှင့် ဂုဏ်တော်များ တန်ခိုးတော်ကြောင့် မြန်မာနိုင်ငံနှင့် ရှမ်း(၉၉) စော်ဘွား၊ ယိုးဒယား၊ မဏိပူရ၊ အာသံစသော ပြည်များကို စိုးမိုး ပိုင်သ အုပ်ချုပ်ရသော "အလောင်းဘုရား" အမည်တွင်လေသည်။

ဤကား ဂုဏ်တော်၏ တန်ခိုးသတ္တိ စွမ်းအင်များ ဖြစ်ပါသည်။

## ကွမ်းဆော်မင်း၏ သတင်းဂုဏ် ကြိုင်သင်းထုံ

ကောဇာသက္ကရာဇ် ၃၂၆ ခုနှစ်လောက် ပေါက်ပြည် စလေငခွေးမင်းလက်ထက် ကြောင်ဖြူအရပ်တွင် ဆင်းရဲ ပင်ပန်း စွာ ဘုရင်၏ကွမ်းကို ဆော်သြ၍ လုပ်ကိုင်စားသောက်နေရ၏။

## ရုက္ခစိုးမင်း တိုက်တွန်းခြင်း

ဇောင်ချမ်းပင်စောင့် ရုက္ခစို နတ်မင်းက "ဂုဏ်တော်များနှင့် သရဏဂုဏ် ငါးပါးသီလ စောင့်ထိန်း ပွားများပါ။ ဘုန်းကြီးမည်ဖြစ်ကြောင်း သမာဓိ သစ္စာကို မြဲစွာ ထိန်းသိမ်းပါ။ အနုဿတိ ဆယ်ပါးကို တနေ့လျှင် ၂၀၀၀ရအောင် ပုတီးစိပ်ပါ" ဟု တိုက်တွန်းမှာကြားသည်။မှာကြားသည့်အတိုင်း အားထုတ်သဖြင့် ပေါက်ပြည်တွင် သွေး ထွက် သံယို မရှိဘဲမင်းအဖြစ်ကို ရရှိခဲ့လေသည်။ ဤသည်ကား ဂုဏ် တော် ၏ တန်ခိုးတော်ကြောင့်ဖြစ်သည်။

**စစ်နိုင်ဘုရင် စည်သူကျော်ထင်**

အင်းဝမြို့၌ ရှမ်းဘုရင် သိုဟန်ဘွားလက်ထက်တေကာ်စ၍ စလင်းမြို့ကို စားသော စလင်းစည်သူကျော်ထင်သည် ဘုရားဂုဏ်တော်ကိုးပါးကို တနေ့လျှင် ၁၀၀၀ထက်မနည်း ပုတီးစိပ်သစ္စာဆိုကာဆန္ဒပြုသဖြင့် မိမိစစ်ကို ဦးစီးတိုက်တိုင်း အနိုင်ရသည်သာများလေသည်။

တကယ် သက်ဝင် ယုံကြည်စွာ ဂုဏ်တော်ကိုးပါး ပွားများသဖြင့် စကျင်မြို့စားမှ စစ်ကိုင်းဘုရင်ဖြစ်ရလေသည်။

**မဌကုဏ္ဍလီ**

သဒ္ဓါတရားခေါင်းပါး၍ အလှူဒါနမရှိသော အဒိန္နပုဗ္ဗက ပုဏ္ဏားကြီး၏သားဖြစ်သောမဌကုဏ္ဍလီသည် မကျန်းမာ၍ သေလျှင် အပါယ် ငရဲကျမည့်ဆဲဆဲ ဂုဏ်တော် အာရုံပြုမိသဖြင့် သေသောအခါ သုဂတိဘုံဘဝသို့ ရောက်ရလေသည်။

**ဝက္ကလိအကြောင်း**

ရာဇဂြိုဟ်ပြည် ဝေဌုဝန်ကျောင်းတော်၌ ဘုရာသခင် သိတင်းသုံးနေစဉ် ဝက္ကလိအမျိုးသားသည် အလွန်တရာစိတ်ညစ်သဖြင့် မိမိခန္ဓာကိုယ်ကို တဝါတည်းသေစေရန်အတွက် ဂိဇ္ဈကူဋ်တောင်တော်ထိပ်မှ ခုန်၍ချလိုက်ရာဂုဏ်တော်ကို ယုံကြည်စွာအာရုံပြုမိသဖြင့် မသေမပျောက်ဘဲ နောက်ဆုံး၌ ရဟန္တာဖြစ်သွားရလေသည်။

**ဝေဿမိတ္တ မိဖုရားအကြောင်း**

ကောသမ္မိပြည်'ဝေဿမိတ္တ' မိဖုရားကြီးကို'ပစ္စန္တရာဇ်'မင်းက အဓမ္မဆောင်ယူ၍ မိဖုရားမြောက်သည်။ မိဖုရား အမြောက် မခံသဖြင့် ခြေနှင့်လက်တို့ကို ကြိုးဖြင့်တုပ်၍ မီးပုံထည်းသို့ပစ်ချလေရာ မိဖုရားသည် ဘုရားဂုဏ်တော်ကို အာရုံပြုလိုက်သဖြင့် မီးတို့သည် မလောင်ကျွမ်းဘဲ ငြေမ်းသွားရလေသည်။

ထိုအခါ ပစ္စန္တရာဇ်မင်းသည် ကြီးစွာသော ကြောက်ရွံ့တုန်လှုပ်ခြင်းဖြင့် မိဖုရားကြီးအား တောင်းပန်ကာ မယ်တော်၏ အရာ၌ ထားရှိခြီးမြှင့်ခြင်းခံရလေသည်။

ဂုဏ်တော်၏ အကျိုး ကျေးဇူးများနှင့် ပတ်သက်၍ ထူးခြားသော အကျိုးပေးပုံများ ရေးသားက ကျယ်ပြန့်နေမည်စိုး၍ သိသာရုံမျှ ဖော်ပြလိုက်ပါသည်။

## တကယ် လုပ်ကြည့်စမ်းပါ

သင် နှစ်နှစ်ခြိုက်ခြိုက် ယုံယုံကြည်ကြည် စွဲစွဲမြဲမြဲ တိတိ ကျကျ သေသေချာချာ အမှန်တကယ် ဂုဏ်ဘော် ကွန်မျာကို အားထုတ်၍ ပုတီးစိပ်စမ်းပါ။ သင်၏ စိတ်အလိုကျ ပြီးစီးအောင်မြင်ရမည်မှာ သေချာလှပါ၏။ သပာဓိစွမ်းအားသည် ထက်မြက်လာသည်နှင့်အမျှ သင့်လိုရာဆန္ဒအတိုင်း ပြည့်ပြည့်ဝဝ ခံစားရပေမည်။ ဝိပဿနာကူလိုက ကူနိုင်ပါသည်။

## အဓိဋ္ဌာန်ဝင် ဆုပန်ဆင်

အဓိဋ္ဌာန်ပြု၍ အလုပ် တခုကို လုပ်လျှင် မိမိသည် မည်သည့်နေ့၊ ရက်၊ လ မှာ သိလစောင့်မည်။ ဒါနပြုလုပ်မည်။ ဂုဏ်တော် ပုတီး စိပ်ပါမည် စသည်ဖြင့် မှတ်၍ မပျက်မကွက် တိတိ ကျကျ မှန်မှန်ကန်ကန် ပြုလုပ်ခြင်းကို အဓိဋ္ဌာန်ဝင်သည်ဟု ခေါ်ပါသည်။

## တေမိ မင်းသား အဓိဋ္ဌာန်ခန်း

အဓိဋ္ဌာန် ပါရမီဖြည့်သော တေမိ မင်းသားကို ကြည့်ပါ။ တောထွက်လိုသဖြင့် အ,ယောင် ဆို့,ယောင်, နားပင်းယောင်, ဆောင်မည်ဟု အဓိဋ္ဌာန်ပြုတော်မူပြီးလျှင် ၁၆ နှစ်တိုင်တိုင် အမျိုးမျိုးသော စမ်းသပ်မှုတို့ကို အောင်အည်းသည်းခံလျက် အဓိဋ္ဌာန်ပြုတော်မူခဲ့သည်။ အဓိဋ္ဌာန်ကြောင့် မိမိလိုရာအောင်မြင်ခဲ့သည်။

## ရုစာမင်းသမီး အဓိဋ္ဌာန်ပြုခြင်း

ရုစာမင်းသမီးသည် ခမည်း တော် အင်္ဂတီ မင်းကြီး မိစ္ဆာအယူ ယူခြင်းမှ လွှတ်မြောက်စေခြင်းငှာ မိမိ သီ လ တန်ခိုးကို ဟုတ်တိုင်းမှန်စွာ သစ္စာဆိုအဓိဋ္ဌာန်ပြု၍ ရှိခိုးသဖြင့် နာရဒဗြဟ္မာကြီး ကြွရောက်၍ အင်္ဂတီ မင်းကြီးအား မိစ္ဆာအယူမှချွတ်တော်မူသည်။

ရုစာမင်းသမီး၏ အဓိဋ္ဌာန်နှင့် သစ္စာ ထက်မြက် သည်မှာ သမာဓိ လည်း စွမ်းအား ပါသည်။

## မဟာသုတ သောမ မင်း သစ္စာဆိုခြင်း

လူသားစားသော ပေါရိသာဒသည် ခြေထောက်၌ ရှားငုတ်စူးဝင်သဖြင့် ညောင်ပင်စောင့်နတ်မင်းအား တိုင်တည်၍ ပျောက် ကင်း သည့် အ တွက် နတ်မင်းအား ယာဝ်နတ် ပူဇော်ပသ ရန် မင်းသားများကို ဖမ်းယူခဲ့၏။

မဟာသုတသောမမင်း ခေါင်းဆေးမင်္ဂလာပြုသောအခါတွင် ဖမ်းယူ ခဲ့ပြန်၏။ "အကျွန်ုပ်အားပြန်လွှတ်ပါ။ဆရာပုဏ္ဏားထံ ဂါထာတရား နာကြား ရန် ကတိပြုခဲ့ပါသည်။ ၎င်းဂါထာ နာ ကြား ပြီး ပါက သင့်ထံသို့လာ ရောက်၍ အစားခံပါမည်" ဟု ပြောကြားသည့် အတွက် လွှတ်လိုက်သည်။

ဂါထာများ နာကြားပြီးက ကတိအတိုင်း လာရောက်အစားခံသည်။ ထိုအခါ ပေါရိသာဒ သည် မစားတော့ဘဲ မဟာသုတသောမမင်း ထံမှ ဂါထာကို တဆင့် နာယူသည်။ ကြေနပ်နှစ်သက်လှသဖြင့် မင်းကြီးလိုသော ဆုကို တောင်းပါဟု ခိုင်းရာ သင့်ထံတွင် ဖမ်းဆီးထားသော မင်းများကို လွှတ်ရန် တောင်းဆို၏။ ဂတိသစ္စာ မှန်သောကြောင့် မင်းသားအာ လှူး အသက်မှ ချမ်းသာရာရကြသည်။

**စန္ဒာဒေဝီ ပိဖုရား သစ္စာဆိုခန်း**

စန္ဒကုမာရမင်းသား၏ လည်ချောင်းသွေးဖြင့် ယဇ် နတ်ပူဇော်ရန် ပြင်ဆင်နေစဉ် မယ်တော်စန္ဒာဒေဝီသည် မနာလို မုန်းထား လုပ်ကြံသော 'စဏ္ဍဟာရ' ပုဏ္ဏားကား အကျင့်မှယုတ်မာပါသည်။ မဟုတ်မမှန် လုပ်ကြံ တတ်ပါသည်။ ဤမှန်ကန်သောသစ္စာစကားကြောင့်သားတော်အသက်ဘေးမှ ချမ်းသာပါစေသတည်း ဟု သစ္စာပြုသဖြင့် အသက်မှချမ်းသာရပါသည်။ မယ်တော်၏ သစ္စာတန်ခိုးကြောင့် စန္ဒကုမာရ မင်းသားသည် မင်း ဖြစ်ရ လေသည်။

**တဏ္ဍာဒီပ ရသေ့၏ သစ္စာဆိုခန်း**

မဏ္ဍဗျသူကြွယ်၏ သားဖြစ်သော ယညဒတ်သူငယ်ကို မြွေ ကိုက် ၍ အဆိပ်တက်သော အခါ(တဏ္ဍာဒီပရသေ့၊ မဏ္ဍဗျသူကြွယ်၊ သူကြွယ်၏ဇနီး) သုံ ဦးသားတို့သည် မိမိတို့၏ အကျင့်များကို ဖော်ထုတ်ပြ၍ သစ္စာ ဆိုကြ ပါသည်။

ရသေ့က သူရသေ့ဖြစ်စ ၇)ရက်သာ အကျင့်မှန်၍ (၇)ရက်လွန် သည်မှ ယနေ့အထိ အကျင့်မမှန်ပါ၊ ထိုမှန်ကန်သော သစ္စာစကားကြောင့် မြွေဆိပ်လျော့ပါစေသတည်း။ တခဏချင်းဖြင့် မျက်စိပွန့်၏။'

သူကြွယ်ကလည်း သူသည်အလှူခံတို့အား ပေးလှူသော်လည်း စေတ နာ တခါမျှမရှိခဲ့ပါ၊ ထိုမှန်ကန်သော သစ္စာ စကား တို့ကြောင့် မြွေဆိပ် ပျောက်ပါစေသား။ 'သားငယ်သည် ထ၍ထိုင်၏။'

သူကြွယ်မကလည်း လင်ကိုသော်ငှင်း၊ မြွေကိုသော်ငှင်း မချစ်မနှစ် သက်ပါ။ ထိုမှန်ကန်သော သစ္စာစကားကြောင့် မြွေဆိပ်လျော့ ပါစေသ တည်း။ 'မြွေဆိပ်ပျောက်ကင်း၍ ချမ်းသာခြင်းသို့ ရောက်သည်။'

ထိုသုံးဦးသားတို့သည် မှန်ကန်သောစကားကိုဆိုသော်လည်း မကောင်းသော အကျင့်ရှိကြသည်ဖြစ်၍ ထိုအကျင့်တို့ကို ရှောင်ကြဉ်ပြီးလျှင် ကောင်းသော အကျင့်မြတ်ဖြင့် ချမ်းသာစွာ နေထိုင်ကြလေသည်။

**သစ္စာအထူး ဝေးမရေကူး**

ဝေးမကူးဆရာတော် အမည်နှင့်ပတ်သက်ပြီး သက်ကြီးစကား ကြားရဘူးသည်မှာ ဆရာတော်သည် မိမိ၏ သီလသမာဓိ တရားကို အဓိဋ္ဌာန်ပြု သစ္စာဆိုကာ ဝေးမကိုရေသို့ချလိုက်ရာ သက်မဲ့ဝေးမသည် ရေဆန်သို့ တက်သည်။ သစ္စာတန်ခိုးတော်ကြောင့် ဖြစ်ပါသည်။

ငုံးမင်း၏ သစ္စာကြောင့် တောမီးကွင်းရှောင်ရသည်မှာလည်း သစ္စာတန်ခိုး ဖြစ်သည်။

ငါးရုံ့မင်း၏ သစ္စာကြောင့် မိုးရွာခြင်းသည်လည်း သစ္စာတန်ခိုးဖြစ်ကြောင်း....

**မဟာစိတ္တ မထေရ်**

မဟာစိတ္တမထေရ်၏ ဝိုင်ဝင်သည် နို့တိုင် အနာပေါက်နေကြောင်းကို နှမဘိက္ခုနီမက လျှောက်ထား သဖြင့် မိမိယိုလက်ကို တုံ့ပြန်၍ သစ္စာဆိုကာမျှဖြင့် မိဝင်၏အနာသည် ပျောက်ကင်း ချမ်းသာလျှံရလေသည်။

**ကိုယ်တော်မှန်တာ သစ္စာဆိုပါ**

ကျမ်းစာရေးသူသည် မိမိတို့ အသက် ဘေးအန္တရာယ် ကျရောက်မည် ထင်သောအခါ အဆင်မပြေစိတ်တိုင်းပက္ခ၊ ဆင်းရဲခြင်းနှင့် ရင်ဆိုင်ရသော အခါမျှားတွင် 'မယ်တော်သည် ကျွန်ုပ်အား ကိုးလဆယ်လ သန္ဓေလွယ်ကာ မွေးဖွားခဲ့သည်။ ကျေးမွေးခဲ့ပါသည်။ ထိုမှန်ကန်သော သစ္စာစကားဆိုရခြင်းကြောင့် ယခုကြုံတွေ့နေရသော ဘေးဒုက္ခအပေါင်းတို့မှ ကင်းဝေးရပါ

လို၏။ အကြံအစည်များ အောင်မြင် ပြီးစီး ရပါလို၏'ဟုသစ္စာဆိုထားသဖြင့် အောင်မြင်ခဲ့သည်သာ များပါသည်။ အမှန်အဘိုင်းဖြစ်စဉ်ကို 'မကြာခဏ' သို့မဟုတ် နေ့စဉ်ဆိုပါက မိခင်အားမှန်းဆ၍ ထင်လွယ်မြင်လွယ် အနီးစပ်ဆုံး သစ္စာယိုတာ မလွဲနိုင်သောနည်းဟု ဆိုလိုပါသည်။ ဤကား ကိုယ်တွေ့ဖြစ်ပါသည်။

သစ္စာအထောက်အထား ပျားလုပါ၏။

## အထူးသိရှိကြရန်

ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နည်း နည်းစနစ်နှင့် ပုံစံထား၍ 'အဓိဋ္ဌာန် သစ္စာနှစ်ဝ ဦးတည်ချက်ယူပြီးလျှင် စိပ်ရသောနည်းဖြစ်ကြောင်း' အထူးသိသာရန် ဖော်ပြပါသည်။ ဂုဏ်တော်ကွန်ချာ ပုတီးစိပ်ပြီးတိုင်း ပြီးတိုင်း သစ္စာဆိုပါ၊ ထိုနောက် မေတ္တာပို့ရန် မမေ့အပ်ကြောင်း....

## ကိုယ်ရေးကြုံလာ မေတ္တာပါကူ

(၁) ကိုယ့်အပေါ် မုသာလိုအမှန်းထား အကောက်များသူ။
(၂) ရာထူးဂုဏ်သိရှိ ဖိနှိပ်ချုပ်ချယ် မတရားလုပ်သူ။
(၃ ပစ္စည်းပြိုင် ဂုဏ်ပြိုင်မနာလို ရန်ရှာသူ
(၄) အသက်အိုးအိမ် သားကွဲမယားကွဲ အပြစ်ရှာသူ
(၅) ဟိုတိုက် ဒီရှိ့ မတရားညှဉ်းဆဲရိုက်ပုတ်ခြင်းပြုလုပ်သူ။

## ကိုယ့်အားရန်မူ မေတ္တာကူပါ

အမျိုးမျိုး အဓမ္မ ဝန်ခိုင်ကျင့်သော ရန်သူများကို မိမိက ရန်သူဟူ၍ မထင်ပါနှင့်။စိတ်ထားအေးအေးနှင့် 'ဂုဏ်ဇတော်ကွန်ချာ'ကို အဓိဋ္ဌာန်ဝင်ပါ။ ပုတီးစိပ်ပါ။သစ္စာဆိုပါ။ထိုသူအား မေတ္တာအထူးပို့ပါ။ ထိုသူသည် ချစ်ခင်စိတ်ညွှတ်လာမည်။ 'မေတ္တာ' တန်ခိုးတော်၏အစွမ်း၊ ဂုဏ်တော်၏ အာနိသင်များကြောင့် ဘေးပကင်းရှင်းမည်ဖြစ်ကြောင်း....

## မေးလျှင်ဖြေပါ

အချို့ကားမေးကြမည်။ဂုဏ်တော်ကွန်ချာ ပုတီ့စိပ်သည် လောက ကောင်းကျိုးကို အဓိကထား၍ အဓိဋ္ဌာန်ဝင်သစ္စာဆိုပြီး ပုတီးစိပ်တာလား၊ ဒါမှမဟုတ် နိဗ္ဗာန်ကိုလိုလား၍ စိပ်တာလားဟု မေးမြန်းလာခဲ့လျှင် မိမိ လိုရာဆန္ဒအတိုင်း စိပ်နိုင်ကြောင်းကို ဖြေဆိုလိုက်ပါ။

နိဗ္ဗာန်ကို လူလိုင်းလိုချင်ကြ၏။ လိုချင်တိုင်းရမည်လား၊ ရနိုင်သည့် အင်္ဂါရပ်နှင့် ညီညွှက်အောင်ကျင့်ကြံမှကြိုးစားအားထုတ်မှရမည်။နိဗ္ဗာန်မရခင် ပစ္စုပ္ပန် ယနေ့တွေ့ကြုံနေရသည့် စိတ်ဆင်းရဲဒုက္ခ၊ ကိုယ်ဆင်းရဲဒုက္ခ၊ သား မယား တဖားဖားနှင့် စားဝတ်နေရေး၊ လုပ်ကိုင်ရေးပါ မကျန် စစ်ဘက် နယ်ဘက် အမှုထမ်းပါ အဆင်မပြေဖြစ်နေကြသော ဒုက္ခများကို ဘယ်လို လုပ်ကြမလဲ။ သစ္စာ မေဘ္ဘာ ဂုဏ်တော်တန်ခိုး သတ္တိတို့ကြောင့် အလိုဆန္ဒ ပြည့်ဝကြမည်။ ပစ္စုပ္ပန်နိဗ္ဗာန်သည် အရေးကြီးလှပေသည်။

## ဇွဲလုလ္လ

ပုတီးစိပ်ရုံနှင့် ပြေပျောက်သွားမလားလို့ မေးစရာရှိပါသည်။ စိတ် သာလျှင် ပဓာန ဆန္ဒနှင့် အားထုတ်ပါက မိမိလိုအပ်သည့်အတိုင်း စိတ်ချမ်း သာလျှင် ကိုယ်ချမ်းသာမည်။ ပုတီးစိပ်ကုသိုလ်ကြောင့် ယခုဘဝ ဘေးရန် ခပ်သိမ်း ကင်းငြိမ်း၍ လိုအင်ဆန္ဒ ပြည့်ဝမည်မှာ သေချာ၏။ မဂ်ဥာဏ် ဖိုလ် ဥာဏ် ရောက်နိုင်ပါ၏။

ဤပဋ္ဌိပတ်ကျင့်စဉ်ဖြစ်သော ဂုဏ်တော်ကွန်ချာ ပုတီးစိပ်၍ သပာဓိ စွမ်းအားကိုယူပါ။ ထိုမှတဆင့်တက်၍ ဝိပဿနာကို ယူပါရန် အဖန်ဖန် တိုက်တွန်းပါသည်။

သတိပဋ္ဌာန်ပွားများရန် 'မန္တလေးဆရာတော် ဦးရာဇီတဝံသ' ရေး သားသော ယောဂီကျင့်စဉ်ကို ကြည့်ရှုလေ့လာ ပွားများရန် တိုက်တွန်း အပ်ပါကြောင်း....

အားလုံးသော သတ္တဝါမှန်သမျှ ချမ်းသာပါစေ။

# ယောဂီ ကျင့်စဉ်

## နိဒါန်း

နမောဗုဒ္ဓဲ့ဿ၊ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ၊ ရ တ နာ သုံးပါးကို ကံကောင်းထောက်မသဖြင့် တွေ့ကြုံရသည့်အခါ ထိုရတနာသုံးပါးတို့၏ ဂုဏ်တော်များကို ယုံကြည်သည့်အတိုင်း တရားတော်များကို ကျင့်ကြံ အားထုတ်ပါလျှင် လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာသုခကို ရမည်ကားမလွဲပေ။

ဗုဒ္ဓဘာသာ အခေါ်ခံနေသော်လည်း ရတနာသုံးပါးကို မယုံကြည်က ဗုဒ္ဓဘာသာဟူ၍မခေါ်နိုင်။ ရတနာ သုံးပါးကို ယုံကြည်လျှင် ဗုဒ္ဓ သရဏ ဂစ္ဆာမိ စသော သရဏဂုဏ်သုံးပါးကို ဆောက်တည်ရမည်။ သို့မှသာလျှင် ဗုဒ္ဓဘာသာအစစ်ဖြစ်လေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ဗုဒ္ဓဘာသာ ထွန်း ကား သောနိုင်ငံတော်ဖြစ်၍ ဗုဒ္ဓဘာသာ တရား တော် သည် လည်း ဆီမီးတန်ဆောင်ကဲ့သို့ ထွန်းပြောင်လျက်ရှိရကား....

ကုသိုလ်က ံ အတန်းမြင့်၍ စန်းပွင့် နေသော ယခုအချိန်တွင် ဗုဒ္ဓ ဝါဒလမ်းစဉ်အရ တရားတော်များကို အားထုတ်မှသာလျှင် လူဖြစ်ကျိုးနပ်ပေလိမ့်မည်။

ဤစာရေးသူကိုယ်တိုင် နှစ်ပေါင်းအတော်ကြာ တရားတော်များကို ဟောကြားခဲ့လေသည်။ သို့ ဟောကြားခဲ့သည့်အတိုင်း ကြားနာဘူးသော တရားနာဒါယကာဒါယိကာမကြီးငယ်တစုတို့က ယခု အရှင်ဘုရား ဟောကြားသည့်အတိုင်း ရေးသားပုံနှိပ်ဖြန့်ချီပါရန် အကြောင်းနှင့် တောင်းပန်သောကြောင့် ဤ "ယော ဂီ ကျင့် စဉ်" ကို ရေးသားလိုက်ရပေသတည်း။

ဓမ္မ က ထိ က
**မန္တလေးဦးရာဇိတဝံသ**
၁၃၂၁ ခု၊ တော်သလင်းလ

## ယောဂီကျင့်စဉ်

**ရွှေ လ ရောင် ဘု ရား ပ င့်**

ယံ ဗုဒ္ဓ ရတနံ မဇ္ဈေ
ရတနာ နမ္မိ သောဘတိ
လောကေ စန္ဒောဝ မျာ ကာသေ
သိသေ တိဋ္ဌတု တာရကာ။

လောကေ၊ လောကဓာတ် စကြဝဋ္ဌာ ကမ္ဘာ့အလုံး စုံ ဆုံး မကုန်နိုင်တဲ့ သုံးဘုံလောကဓာတ်တိုက်ကြီးအတွင်း၌။ ရတနာ-ရတနာနမ္မိ၊ ရွှေရောင် ငွေရောင် ပုလဲရောင်နှင့် စိန်ရောင် မြရောင် ပဘ္ဘမြားရောင်မှ ဝင်းဝင်းပြောင်စွာ ထွက်ပေါ်၍လာ သော အမျိုးမျိုးသော ရတနာတို့ထက် ယံ ဗုဒ္ဓရတနံ၊ သုံးလောက တိုင်းဝရိုင်တွင် နှိုင်းပြိုင်ရန် စံနမူ ကင်းပေသည့် အရဟံ တဆူမင်းဖြစ်တော်မူပေသော အကြင် ရတနာထိပ်တင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။

အာကာသေ၊ ရေးခြစ်မထင် ထက် ခွင် အ ဇ ဋ္ဌာ မိုးအာကာ၌။ တာရကာ တာရကာနှံ၊ ကိုယ်စီကိုယ်စီ ရောင်မျိုးချီလျက် တလက်လက်ဖြင့် ရေတွက်ထောင်သောင်း ကြယ်တာရာ အပေါင်းတို့၏၊ မဇ္ဈေ-တာရာမျိုး အသွယ်သွယ် ပေါင်းအလယ်၌။ စန္ဒာဝ စန္ဒာဝဏ္ဏ၀၊ အေးမြရောင်ရှိန် ပြောင်ထိန်ပ၀င်း ရှေလမင်းကြီးကဲ့သို့။ သောဘတိ၊ ကြည့်၍ မ ငြိမ်းနိုင် ရှုမြဲ့ပြီးနိုင် ကြည်ညိုမ ပြီးနိုင် ရောင် ခြ ည် တော် ခြောက် ဆိုင် တို့ဖြင့် တပြိုင်ပြိုင် ထိန်ထိန် လင်းလျက် လွန်လွန် မင်းမင်းကြီး တင့်တယ်တော် မူပါ၏။

တံ ဗုဒ္ဓရတနံ၊ ထို အရောင် အဆင်း တကာတို့တွင် ဘယ်အရောင် အဆင်းတွေမှ မယှဉ်နိုင် အရောင်အဆင်းဘုရင်တင်ရသည့် အရောင်အဆင်း ထွဋ်ထား (ရှေလရောင်) ရှင်တော်မြတ်ဘုရားသည်။

မေ၊ သုံးဆယ့်နှစ်၀ ကောင်္ဘာသကို အတွဲ့မှတ်စဲ့ အထင်လဲ့ကြသည့် ဓာတ်ခဲ ဓာတ်ရုပ် အကျွန်ုပ်၏။ သီသေ၊ ဥကျောင်း အင်္ဂါ မြတ် ရာထား တင် ဦးထိပ်အပြင်၌။ သီသေ၊ ကိုယ်ဒြပ်တွင် အမြတ် တင် သည့် ဦးထိပ် အပြင်၌။

တိဋ္ဌတု၊ မယိမ်းမယိုင် ကျောက်စာတိုင်ကြီးကဲ့သို့ ခိုင်ခိုင်မတ်မတ် ရပ်တန့်တည်နေတော်မူလှပါ့ အသရေပြောင်သည့် (ရှေလရောင်)ရတနာ မြတ်ကြီးဘုရား။

(ဓမ္မကထိကမျှားအတွက်)

မေ ဓမ္မကထာ ဒေသနာကို သေ ချာ ဟော မည် စိတ်ကရည်၍ ကြုံစည်အားထုတ်အကျွန်ုပ်၏။ သီသေ၊ ဥကျောင်းအင်္ဂါ မြတ်ရာ ထားတင် ဦးထိပ်အပြင်၌၊ သီသေ၊ ကိုယ်ဒြပ်တွင် အမြတ်တင်သည့် ဦးထိပ်အပြင်၌။

တိဋ္ဌတု၊ မည်သို့သဘော မည်သို့ဟောဟု နည်း ပြော လမ်းပြ ဆိုဆုံးမဘို့ ကြွရောက်ကိုယ်တိုင် ခိုင်ခိုင်မတ်မတ် ရပ်တန့်တည်နေတော်မူလွှဲပါ့ အသရေ ပပြောင်သည့်(ဩော် .. )ရွှေလရောင်ရတနာမြတ်ကြီးဘုရား။

**ငါးပါးသီလခံယူပုံ ကန်တော့ခန်း**

သူများ ။ ဩကာသ- ဩကာသ- ကာ ယ ကံ ဝ စီ ကံ မနောကံ ကံသုံးပါးတို့ဖြင့် သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါ စေခြင်း အကျိုးငှာ ပထမ ဒုတိယ တတိယ တကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရ တနာ မြတ် သုံး ပါး တို့ကို ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမျှော် မာန် လျော့ ကန်တော့ပါ၏။

ဆုတောင်း ။ ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပ္ပတ္တိတရား လေးပါး ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်း လွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို လျင်မြန်စွာ ရပါလို၏ဘုရား။

ဘုန်းကြီး ။ ရတနာသုံးပါး ဆရာသမားတို့အား ရှိခိုးပူဇော် ဖူးမျှော် မာန်လျော့ ကန်တော့ရသောအကျိုးအားကြောင့် စသည် ဖြင့် အလိုရှိရာဆုကိုပေး။

လူများ။ ဟောတော်မူသည့်အတိုင်း ပြည့်စုံရပါလို၏ဘုရား)ဟုဆိုပါ။ ငါးပါးသီလတောင်း။

လူမျှား။ (၁) အဟံဘန္တေ တိသရဏေန သဟ ပဉ္စ သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေဘန္တေ

(၂) ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စ သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ

(၃) တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စ သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေဘန္တေ

(အချို့သောနေရာ၌ ဤအဟံဘန္တေကို ဘုန်းတော်ကြီးက ချပေးသည်)။

ဘုန်းကြီး။ (ယမဟံ ဝဒါမိ တံ ဝဒေထ)ဆိုပြီးသောအခါ

လူမျှား။ (အာမဘန္တေ) ဆိုပါ
ဘုရားရှိခိုး

ဘုန်းကြီး။ နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ
သုံးခေါက်ချပေး

လူမျှား။ ။နမောတဿ ဘဂဝတော စသည် ၃ ခေါက်လိုက်ဆို

ဘုန်းကြီး။ ။ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ

လူမျှား။ ။လိုက်ဆို

ဘုန်းကြီး။ ။ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ

လူများ။ ။လိုက်ဆို

ဘုန်းကြီး။ ။တတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ
တတိယမ္ပိ ဓမ္မံသရဏံ ဂစ္ဆာမိ
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ

လူများ။ ။လိုက်ဆို

ဘုန်းကြီး။ ။တိသရဏ ဂမနံ ပရိပုဏ္ဏံ

လူများ။ ။အာမဘန္တေ ဆိုပါ။

(၁) ပါဏာတိ ပါဘာ ဝေရမဏိ သိက္ခာ ပဒံ သမာဓိယာမိ
(၂) အာဒိန္နာ ဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဓိယာမိ
(၃) ကာမေသုမိစ္ဆာ စာရာ ဝေရဏိ သိက္ခာပဒံ သမာဓိယာမိ
(၄) မုသာဝါဒါ ဝေရမဏိ သိက္ခာဂဒံ သမာဓိယာမိ
(၅) သုရာ မေရယ မဇ္ဇ ပမာဒဋ္ဌာနာ ဝေရမဏိ သိက္ခာ ပဒံ သမာဓိ ယာမိ။

ဘုန်းကြီး။ ။တိသရဏေန သဟ ပဉ္စသီလံ သာဓုကံ ကတ္ဝာ အပ္ပမာဒေန သမ္ပာဒေထ။

လူများ။ ။အမဘန္တေ ဆိုပါ။

မှတ်ချက်။ ။မြတ်စွာဘုရားထံ သီလယူသောအခါ ဟောတော် မူသည့်အတိုင်း ပြည့်စုံရပါလိုဇ်ဘုရား၊ 'အာမဘန္တေ'ဟူကို ဆိုရန် မလိုပါ။ ပါဠိအစဉ်အတိုင်း ဆိုရန်သာဖြစ်ပါသည်။ 'သတိ'။

သီလခံယူပြီးနောက် အထူးသတိပြုရန်။

**ဆောင်ပုဒ်။** ။သီလကိုခံ၊ နိဗ္ဗာန်ကိုတောင်း၊ ပျက်ကြောင်းကိုတင်၊ ဤသုံးအင် လှူလျှင်သတိပြု။

ခန္ဓာဒီနဝ လက္ခဏ ကျမ်း၌လာသော နေယျတ္တ နည်း အတိုင်း (၅)ပါး (၈)ပါးစသော သီလများကို ခံယူဆောက်တည်ပြီးနောက် 'အာမ ဘန္တေ'တွင် အဆုံးမသတ်ဘဲ တောင်းနေကျ နိဗ္ဗာန်ဆုကို တောင်းပါ။

'လက္ခဏာဝိနိ မုတ္တော ဓမ္မောနာမနတ္ထိ'ဟု ထိုထို ပါဠိအဋ္ဌကထာတို့၌ လာရှိသည့်အတိုင်းကိုသော်ငင်း၊(၃၁)ထပ်ဘုံ(၃)ရပ်၌ လူနတ်ဗြဟ္မာသတ္တဝါ ဟူ၍ မရှိ၊ ရုပ်အစု၊နာမ်အစု ဤနှစ်ခုသာရှိ၏။ ထိုရုပ်နာမ်အစုတို့သည်လည်း အမြဲမရှိသောကြောင့် 'အနိစ္စ' ဆင်းရဲသောကြောင့် 'ဒုက္ခ'၊ အစိုးမရသော ကြောင့် 'အနတ္တ'၊ ထပ်၍ပြပြန်သောကြောင့် လက္ခဏာရေး (၃) ပါးမှ လွတ်သောတရားမည်သည်မရှိ၊ အများသိကြသည့်အတိုင်း ခံယူဆောက်တည် ကြသော သီလကို 'ပါရမီသီလ' ကုသိုလ်မျိုးဖြစ်ရန် မသိသေးသောသူများ အတွက် အမှန်ပင်လိုအပ်ပေသည်။

**သတိပြုရန်အချက်။** ။သီလဆိုသည်မှာ ကာယကံမှုနှင့် ဝစီ ကံမှု ဤနှစ်ခု ပြဋ္ဌာန်းသောကြောင့် ပြဋ္ဌာန်းပုံမှာ သီလခံယူတော့မည့်ဆဲဆဲ ကိုယ် အမူအရာ လှုပ်ရှားထကြွမှုကို ကာယဝိညတ် ခံယူဆဲ ပါဏာတိပါတစသော နှုတ်အမူအရာ မြွက်ဆိုမှုကို ဝစီဝိညတ်၊ ဤကာယ ဝိညတ်၊ ဝစီဝိညတ် နှစ်ခုကို ဝိညတ် ရုပ်ဒွေးဟုခေါ်၏။ ထိုဝိညတ်ရုပ် နှစ်ခုသည်လည်း ရုပ် အဋ္ဌာစီသတွင် ပါဝင်လျက် ရှိ၍ ရုပ်ဟူသမျှမှာလည်း ဖြည်းဖြည်းနှင့်မြန်မြန် အမှန်ဖောက် ပြန်တတ်သော သဘော ရှိပြန်၍ ငါတို့ ယခု ခံယူအပ်သော သီလသည် ရုပ် တရားမျှသာ ဖြစ်ပါတကားဟု အောက်မေ့ပြီးလျှင်....

(၁) ဣမံ သီလံ ခယံ ဂမိဿတိ

(၂) ဣမံ သီလံ ဝယံ ဂမိဿတိ

ဣမံသီလံ၊ ဤယခု ခံယူအပ်သော ရုပ်အစုမျှဖြစ်သော သီလသည် ခယံ၊ ကုန်ခန်း ယိုယွင်း ချုပ်ပျောက်ခြင်းသို့ ဂမိဿတိ၊ ကေန်မုချရောက်ကြရတ္တံ့။

ဣမံသီလံ၊ ဤယခု ခံယူအပ်သော ရုပ်အစုမျှဖြစ်သော သီလသည် ဝယံ၊ ဆွေးမြေ့မယွင်းပျက်စီးခြင်းသို့ဂမိဿတိ၊ ကေန်မုချရောက်ကြရလတ္တံ့။

ခံယူပြီးသော သီလပေါ်တွင် ဥာဏ်ဖြင့်ကြည့်၍ လက္ခဏာရေး ထင်အောင် တင်ရမည်။

ခံယူပြီးသော သီလ၌ပျက်ကြောင်းကို တင်ဘိသကဲ့သို့ ဆောက်တည်သော ပုဂ္ဂိုလ်ကိုလည်း....

(၁) အဟမ္ပိ ခယံ ဂမိဿတိ

(၂) အဟမ္ပိ ဝယံ ဂမိဿတိ

အဟမ္ပိ၊ ဤသီလကို ခံယူ ဆောက်တည် တတ်သော အကျွန်ုပ်၏ ရုပ်နာမ်အစုတို့သည်လည်း ခယံ၊ ကုန်ခန်း ယိုယွင်း ချုပ် ပျောက် ခြင်းသို့ ဂမိဿတိ၊ ကေန်မုချရောက်ရလတ္တံ့။

အဟမ္ပိ၊ ဤသီလကို ခံယူ ဆောက်တည် တတ်သော အကျွန်ုပ်၏ ရုပ်နာမ်အစုတို့သည်လည်း ဝယံ၊ ဆွေးမြေ့ပယွင်း ပျက်စီးခြင်းသို့ ဂမိဿတိ၊ ကေန်မုချ ရောက်ကြရလတ္တံ့။

မှတ်ချက်။ ။ဤသို့ သီလနှင့် သီလခံယူသော သူများကို လက္ခဏာရေးထင်အောင် တင်ခြင်းနှင့် နိဗ္ဗာန်တောင်းမှု ပြည့်စုံလျှင် 'ပါရမိသီလ'ဟု ခေါ်ရတော့သည်။

## စိရံတိဋ္ဌတုသဒ္ဓမ္မော

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္မုဒဿ

၁။ ရတနာသုံးပါ ဆရာအား ညွှတ်တွား ဝန္ဒနာ
၂။ ယောဂီကျင့်စဉ် နိဗ္ဗာန်ဝင် တွင်တွင်အားထုတ်ပါ
၃။ အိုနာသေရေး ဇာတိဘေး ကင်းဝေး အမှန်ပါ
၄။ နိဗ္ဗာန်ရောက်ရန် အကျင့်မှန် ကေန်မလွဲရာ
၅။ ယောဂီလူထု သတိပြု ကြည့်ရှုလေ့ကျင့်ပါ။

ခပ်သိမ်းသော မြတ်စွာဘုရားတို့၏ လည်း 'အာနာပါဏသတိ' ၌ တည်၍ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော် မူကြကုန်မြဲ ဓမ္မတာ ဖြစ်၏။ ဘုရားအဖြစ်သို့ ရောက်ကြကုန်ပြီးသော အခါ၌လည်း 'အာနာပါဏသတိ'ကို အသက်ထက်ဆုံး မစွန့်ကြကုန်ပြီ။

တရားအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် တော သို့ဖြစ်စေ၊ သစ်ပင်ရင်းသို့ဖြစ်စေ၊ ဆိတ်ငြိမ်ရာ အရပ်သို့ဖြစ်စေ၊ ကျောင်၊ အိမ်၊ ဘုံနန်း၊ တိုက်ခန်း နေရာ၌ဖြစ်စေ တည်၍ တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကိုဖြောင့်မတ်တောင့်တင်းစွာ ထားလျက် 'သတိ'ကို ရှေသွားပြုကာ ဖြောင့်မတ်ခိုင်ခန့်စွာ ထိုင်လျက် အနာပါဏ ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ပါလေ။

'ထွက်သက် ဝင်သက်' ထိုနှစ်ချက်ကို မပျက်ပွားများ သတိထာ လော၊ ထွက်သက်ရှုသောအခါ ဝင်သက် ရှိုက်သောအခါ 'သတိ'ကိုမလွတ်စေဘဲ ရှုရ ရှိုက်ရပါသည်။

ရှုတိုင်းရှိုက်တိုင်း သတိခိုင်မြဲစွာ ထားပါလေ။ သတိ ခိုင်မြဲစွာနှင့် ရှုခြင်း ရှိုက်ခြင်းကို နိုင်နင်းလေ့ကျင့်ပြီးသောအခါ တဆင့်တက်၍ ထွက်သက် ဝင်သက်တို့၏ အရှည်အတိုကို သိအောင် သတိ စွဲမြဲရပါသည်။

ရှည်ရှည်ရှုရှိုက်သောအခါ ရှည်စွာ ရှုရှိုက်သည်ဟု သိအောင်ပြုပါ၊လေ။ တိုတို ရှုရှိုက်သောအခါ တိုစွာ ရှု ရှိုက် သည်ဟု သိအောင်ပြုပါ၊လေ။

ထွက်သက်ဝင်သက်တို့၏အရှည်အတိုကိုသတိပြု၍ သိမှုနိုင်နင်းသော အခါ ဝင်သက်မှာ နှာသီးဖျားကစ၍ ချက်တိုင်သို့အထိ။

ထွက်သက်မှာချက်တိုင်ကစ၍ နှာသီး ဖျားသို့ အထိ'သတိ'ကိုမလွတ်စေဘဲ ထွက်သက် ဝင်သက်တို့ကို အစ အလယ် အဆုံးကို သိအောင်လေ့ကျင့်ပါ၊လေ။

ထိုတတိယစခန်းကို နိုင်နင်းပြီးသောအခါ ရုန်ရင်းကြမ်းထမ်းသော ထွက်သက် ဝင်သက်တို့ကို ချုပ်ငြိမ်းအောင် လေ့ကျင့်ပါ၊လေ။

ဤစတုတ္ထ စခန်းသို့ ဆိုက်ရောက် နိုင်နင်း သော အခါ ထွက်သက် ဝင်သက်ကို မရှု မရှိုက်ဘဲသော်လည်း မျှတစွာနေနိုင်ပါသည်။ ထိုအခါ အာနာပါဏ ကမ္မဋ္ဌာန်း၌ တက်လမ်ပြီးဆုံးလေသည်။

ထွက်သက် ဝင်သက် ဆိုရာဝယ် မိမိ 'အစ္စုတ္တ' အတွင်းသက္ကာန်၌ ရှိသော ထွက်သက် ဝင်သက် အ ပေါင်း ကို ၎င်း၊ အပ(ဗဟိဒ္ဓ) သက္ကာန်၌ ရှိသော ထွက်သက် ဝင်သက် အ ပေါင်း ကို ၎င်း အတွင်းသက္ကာန် အပ သက္ကာန်၌ရှိသော ထွက်သက် ဝင်သက်မျှားကို၎င်း သတိ မြဲစွာနှင့် ရှုဆင်ခြင်ပါ၊လေ။

ဤအာနာပါဏကမ္မဋ္ဌာန်းကို စီးဖြန်းရန်သင့်လျော်သော ပုဂ္ဂိုလ်ဟူမှာ မေ့မော တွေဝေနေခြင်း မျှားရှိ မောဟစရိုက် အားကြီးသော ပုဂ္ဂိုလ်။

ထွေထွေလာလာ အကြံအစည်မျှားရှိ ဝိတက်စရိုက်အားကြီးသော ပုဂ္ဂိုလ်။

ဤပုဂ္ဂိုလ်တို့အားအာနာပါဏ ကမ္မဋ္ဌာန်းကို စီးဖြန်းရန် သင့်လျော်လေသည်။

ဤအာနာပါဏ ကမ္မဋ္ဌာန်းကို အဘယ်ပုဂ္ဂိုလ်တို့ လေ့လာစီးဖြန်းသော ကမ္မဋ္ဌာန်းဖြစ်သည်ဟူ၍ ကျမ်းဂန်တို့၌ ပြဆိုသည်မှာ မဟာပုရိသယောကျွင်းမြတ်တို့လေ့လာစီးဖြန်းသော ကမ္မဋ္ဌာန်းဟူ၍ ကျမ်းဂန်တို့၌ပြဆိုလေသည်။

ထိုအာနာပါဏကမ္မဋ္ဌာန်းသည် ပုဂ္ဂိုလ်စရိုက်အရ အလုပ်ခွင် အလိုလိုပါသော ကမ္မဋ္ဌာန်း မျိုး ဖြစ်လေသည်။ အသုဘကမ္မဋ္ဌာန်း ကသိုဏ်းဝန်းကမ္မဋ္ဌာန်းတို့ကဲ့သို့ အလုပ်ခွင်တမင်ရှာနေရသော ကမ္မဋ္ဌာန်းမျိုးမဟုတ်ပါ။ လွန်စွာမွန်မြတ်လှပေသည်။

အာနာပါဏ လေ့ကျင့်မှုသာ ဒုက္ခဘယာကင်းငြိမ်းစွာ၏။ အာနာပါဏ ကမ္ပဋ္ဌာန်းကိုစီးဖြန်းသောယောဂီပုဂ္ဂိုလ်တို့အား ထွက်သက် ဝင်သက်တို့၌ ခိုင်မြဲစွာ သတိစူးစိုက်တည်တန့်၍နေပါသည်။

ကာယာနုပဿနာ ဥာဏ် ထက်သန်ခြင်း အကျိုး အာနာပါဏ သတိကို အဆင့်ဆင့် ထက်သန်စွာ ပွားများနိုင်ခြင်းအကျိုးများကို ရရှိစေပြီးလျှင် တဏှာ ဒိဋ္ဌိ အငြိုအတွယ် ကင်းရှင်းလျက် စွဲလန်းခြင်းမရှိဘဲ နေနိုင်ပါသည်။ ဤသို့ဖြစ်ခြင်းမှာ အာ နာ ပါ ဏ သတိ၏ အကျိုးများ ဖြစ်လေသည်။

လက္ခဏ ဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ။

လက္ခဏာရေသုံးပါးမှ လွတ်သော တရားမည်သည် မရှိဆိုသဖြင့် ဤအာနာပါဏ သတိအခန်းမှာ ထွက်သက် ဝင်သက် လေနှစ်ပါးက ဝါ၊ယောဓာတ်ရုပ်တရားဖြစ်ပါသည်။

ထွက်သက် ဝင်သက်ကို အမြဲစူးစိုက်သောသတိက နာမ်တရားဖြစ်ပါသည်။ ထို ရုပ်နာမ် နှစ်ပါးတို့သည် ခဏ ခဏ ပျက်စီးချုပ်ဆုံးခြင်းအနိစ္စသဘော၊ ဖြစ်ခြင်း ပျက်ခြင်းမကင်းသောဒုက္ခ သဘော၊ အလိုသို့မလိုက်အစိုးမရသောအနတ္တ သဘော ရှိလေသည်။ ဤသို့ ရုပ်နာမ်နှစ်ပါးခွဲခြမ်းပြီးလျှင် လက္ခဏာရေးတင်ကာ ရှုဆင်ခြင်ပါလေ။

စဘုသစ္စ ဝိနိမုဘ္ဘော မေ္မောနာမ နတ္ထိ။

သစ္စာလေးပါးမှလွတ်သောတရားမည်သည်မရှိဆိုသဖြင့်ဤထွက်သက် ဝင်သက် တည်းဟူသော ရုပ်တရားနှင့် သတိတည်းဟူသော နာမ်တရားက ဒုက္ခသစ္စာဖြစ်ပါသည်။

ထို နာမ် ရုပ် တရားတို့၏ အ ကြောင်း ရင်း ဖြစ် သော တဏှာက သမုဒယသစ္စာဖြစ်ပါသည်။

ထိုတဏှာ၏ချုပ်ဆုံးရာဖြစ်သော နိဗ္ဗာန်က နိရောဓသစ္စာဖြစ်ပါသည်။

ထိုနိဗ္ဗာန်သို့ ရောက်ကြောင် လမ်းကောင်းလမ်းမှန်ဖြစ်သော 'သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ' ဤမဂ္ဂင် ရှစ်ပါးက မဂ္ဂသစ္စာဖြစ်သည်။ ဤသို့ သစ္စာဥာဏ်အားဖြင့် ခွဲခြားရှိဆင်ခြင်ပါလေ၊

မှတ်ချက်။ ။ဤဗုဒ္ဓဝါဒလမ်းစဉ်အရ လေ့ကျင့်ပွားများက မဂ်ဖိုလ် နိဗ္ဗာန်သို့ရောက်ကြောင်းအခြေခံဖြစ်လေသည်။

## ဝပ္ပဂီတီကဗျာ "ဂ" လုံးဘွဲ့ ဥယျောဇဉ်

(၁) သတိပဌာန်သုတ် ရွှေနှုက်တော်ချေ
ဗုဒ္ဓဘုရား ဟောကြားခဲ့ပေ
အာနာပါဏ ကျင့်ကြပါလေ
မဂ္ဂင်လမ်း ဖြောင့်တန်းနိဗ္ဗာန်ပြေ။

(၂) ထွက်သက် ဝင်သက် မပျက်ရှလေ
'သတိ'စွဲမြဲ မလွဲပုံသေ
ယောဂီအများ ကြိုးစားပါလေ
မဂ်စဉ်း တက်လှမ်း ရောက်နိုင်ပေ။

(၃) မဂ်ဖိုလ်လိုလား အများဝေနေ
အားထုတ်ကြိုးစား ရင်ငြားမသွေ
နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းအခြေ
အာသဝေါ ခွါလျှောပစ်နိုင်ပေ။

(၄) သတိပဋ္ဌာန်သုတ် ရှေးနှုတ်တော်ချေ
ဗုဒ္ဓဘုရား ဟောကြားခဲ့ပေ
ခွန်နှစ်နှစ်ပ ကျင့်ရ ကြာရှေ
အမြန်ဆုံး မှတ်အုံး ခုနစ်ရက်ပေ။

(၅) ဤစာရေးရ ပုညထွေထွေ
နိဗ္ဗာန်ရောက်ကြောင်း ဆုတောင်းမသွေ
ဇာတိစက်ကွင်း လွတ် ကင်းအခြေ
မြတ်တရား ပွားများနိုင်ပါစေ။

# မဟာသတိပဋ္ဌာန်သုတ်တော်၏အကျိုး

## မဟာဒတ္တ နတ်သား ဝက္ကုံ

ဘုန်းကြီး ဒကာလှရေ၊

ဒကာလှ ဘုရား၊

ဘုန်းကြီး သတိပဋ္ဌာန်သုတ်တော်၏ အကျိုး တရား ကို ဆက်ဟော လိုက်ကြအုံးစို့ရဲ့။

ဒကာလှ မှန်ပါ ဟောတော်မပါ ဘုရား။

ဘုန်းကြီး ရှေးအဝါ သိဟိုဠ်ကျွန်း ဆေဟနဇနပုဒမှာ လှည်းကုန်သည် တဦးဟာ ကုန်တွေအပြည့်တင်တဲ့ လှည်းတွင် မဟာဒတ္တ ဆိုတဲ့နွားကြီးကိုတပ်ပြီး ဟောင်းလာသတဲ့ ဒကာလှရဲ့။

ဒကာလှ မှန်ပါ၊ မောင်းလာပါတယ်ဘုရား။

ဘုန်းကြီး ညွှံအိုင်ကြီးတခုထဲသို့ ကျ၍ လှည်း ကျွံနေ တော့ နွား ကြီးလဲ မရန်းနိုင်တော့ဘူးတဲ့၊ အဲသည်တော့ ကုန်သည်က "အို....နွားလိမ္မာကြီး၊ သည်တကြိမ် သည်ညွှံဗွက်မှ တက် အောင် ကြိုးစားလို့ ရန်းလိုက်ပါ၊ သည် ညွှံဗွက် ထဲမှ လှည်းကိုထုတ်နိုင်ပါလျှင် သင့်ကို ဘယ်တော့မှ မခိုင်းတော့

ပါဘူး။ တသက်လုံး ဘေးမဲ့ပေးပါတော့မယ်။ အဲသို့ကလို ချော့မော့ပြောဆိုကာ လက်နှင့် ပွတ်သပ် ပြီး တောင်းပန်တော့ မဟာဒဘွန္ဒားကြီးက ဝမ်းသာတဲ့အတွက် အားကုန်လွှတ်ပြီးရှန်းလိုက်ရာတခါထဲ ညှံ့ထဲမှ ထွက်သွားပါရောတဲ့။

ဘုန်းကြီး ဒကာလှရေ

ဒကာလှ ဘုရား

ဘုန်းကြီး လူကို မဆိုထားဘီ နွားကြီးတောင် အမြောက်ကြိုက်တယ် ဒကာလှရဲ့၊

ဒကာလှ မှန်ပါ၊ အမြောက် ကြိုက်ပါတယ် ဘုရား။

ဘုန်းကြီး ကုန်သည်က ညှံ့ဇွက်ထဲမှ ထွက်မြောက်သွားတော့ မိမိပြောဆိုတဲ့ စကား အဝုံးကတိ မတည်ဘဲ ခြောက်ကြိမ်တိုင်တိုင် မဟာဒဘွန္ဒားကို ထိုနည်းအတိုင်း ညှံ့ဇွက်ထဲမှ လှည်းကို အရှန်းခိုင်းပြန်တယ်ဒကာလှရဲ့။

ဒကာလှ မှန်ပါ ခိုင်းပါတယ်ဘုရား

ဘုန်းကြီး အလွန် သစ္စာမဲ့တဲ့ ကုန်သည်ဘဲကွဲ့ နော် ဒကာလှ

ဒကာလှ မှန်ပါ မိုက်တွင်းနက်တဲ့လူပါဘုရား

ဘုန်းကြီး တဖန်ခုနစ်ကြိမ်မြောက် အရှန်း ခိုင်း ပြန် တော့ နွားကြီးကလဲ အိုမင်းတဲ့အတွက် ညှံ့ဇွက်ထဲမှ ထွက်အောင် မရုန်းနိုင်ရှာတော့ဘူးကွဲ့၊ ကြိုးစားလို့ ရှန်းရှာသော်လဲ မောဟိုက်ရိုနွမ်း ပင်ပန်း အားကုန်သဖြင့် ဗုံးကနဲ ညှံ့ဇွက်ကြီးထဲမှာ လဲရုံမျှမကရှာသေးဘူး၊ သွေးမျှား တောင် အန်ရှာသတဲ့ ဒကာလှရဲ့။

ဒကာလှ။ ။မှန်ပါ၊ သနားစရာပါ ဘုရား

ဘုန်းကြီး။ ။အဲ....သည်အခါ အလွန်ရက်စက်တဲ့ ကုန်သည်က နွားကြီး အပေါ်မှာသနားညှာတာခြင်းမရှိဘဲ ညွှံဗွက်ထဲမှာပင် စွန့်ပစ်ခါထားခဲ့ပြီး အခြားနွားများကို တပ်ခါ မောင်း သွားပါရောတဲ့။ ညွှံဗွက်ထဲမှာနွားအိုကြီးလဲ ကျန်ရစ်ရှာတာပေါ့။

ဘုန်းကြီး။ ။ဒကာလှရေ

ဒကာလှ။ ။ဘုရား

ဘုန်းကြီး။ ။သည်လို ဒုက္ခရောက်နေတဲ့အခါ အိုးလုပ်တဲ့လူများက မြေစေးယူရန် ညွှံအိုင်ကြီးသို့ လာကြရာ အားအင် ကုန်ခန်း၍ ပင်ပန်းမောဟိုက်ခါလဲ့နေတဲ့ နွားကြီးကိုမြင်တော့ သနားသဖြင့် ရေကလေးများ တိုက်ဘို့နေနေသာသာ မြေကြီးနယ်ရန် အလို့ငှာ အရှင်လတ်လတ်ဖြစ်တဲ့ နွားကြီးမှ သားရေကို ခွာယူသွားကြပြန်တယ်။

ဘုန်းကြီး။ ။ဒကာလှရေ

ဒကာလှ။ ။ဘုရား

ဘုန်းကြီး။ ။ဒီလူက ပိုပြီးမိုက်တယ်လို့ ဆိုရမကွဲ့၊ ဒကာလှရဲ့

ဒကာလှ။ ။မှန်ပါ၊ မိုက်တဲ့လူပါဘုရား

ဘုန်းကြီး။ ။ထိုနောက် များမကြာခင် စောင်းသမား တယောက်က မြင်ပြန်တော့ စောင်းကြိုးလုပ်ရန် အကြောသေး အကြောမျှင်ကလေးများကို အရှင်လတ်လတ် ဖြစ်တဲ့ နွားကြီးမှ ထုတ်နှုတ်၍ ယူသွားရောတဲ့။

ဘုန်းကြီး။ ။ဒကာလှရေ

ဒကာလှ။ ။ဘုရား

ဘုန်းကြီး။ ။ထိုနောက်မျှားပကြာခင် ခွေးပေါင်းမျှားစ္စာနှင့် မုဆိုးကြီး တယောက် ပေါ်ကိုလာပြန်တော့ အရှင်လတ်လတ် ဖြစ်တဲ့ နွားကြီးမှ အသားကို လှီးပြီး ခွေးတွေကို ကျွေးပြန်တယ်။ အချို့ခွေးတွေကလဲ သူတို့ကိုယ်တိုင် ကိုက်ဖြတ်၍ စားကြ တယ်။

ဘုန်းကြီး။ ။ဒကာလှဝရ

ဒကာလှ။ ။ဘုရား ၊

ဘုန်းကြီး။ ။နွားကြီးတော့ဒုက္ခဘဲကွဲ့

ဒကာလှ။ ။မှန်ပါ၊ ဒုက္ခပါဘုရား

ဘုန်းကြီး။ ။မဟာဒတ္တနွားကြီးမှာ အရေကိုခွာတာကတကြိမ်၊အကြောကို နှုတ်တာကတကြိမ်၊ အသားကိုလှီးတာကတကြိမ် ဤကဲ့သို့ သုံးကြိမ်တိုင်တိုင် ကြီးကျယ်တဲ့ ဆင်းရဲဒုက္ခကို ခံစားနေရရှာတဲ့ အတွင်း ကျီး လင်းတနှင့် ပိုး ပရက်တွေကလဲ အသွေးရဲရဲကို ကိုက်ခဲ စားသောက်ကြပြန်တယ်။ သေချိန်မတန်သေးတဲ့အတွက် အသက်တော့ မထွက်ရှာသေးဘူးကွဲ့ ဒကာလှရဲ့။

ဒကာလှ။ ။မှန်ပါ၊ အသက်ပြင်းပါတယ်ဘုရား

ဘုန်းကြီး။ ။ဒကာ့လှရေ

ဒကာလှ။ ။ဘုရား

ဘုန်းကြီး။ ။အဲ့သို့ကလို မဟာဒတ္တ နွားကြီး ဆင်းရဲဒုက္ခ ရောက်နေတဲ့ အခါ ကံအားလျော်စွာ ပိဏ္ဍပါတ်ဓူတင်ကို အမြဲ ဆောင်နေတဲ့ မထေရ်ကြီး အသျှင်တိဿသည် နောက်ပါ ရဟန်းငါးရာနှင့် ဒေသစာရီ လှည့်လည်လာခဲ့ရာ မဟာဒတ္တ နွားကြီးအနီးသို့ ဆိုက်ရောက်တော်မူလာတယ်။

ဘုန်းကြီး။ ။ဒကာလှရေ

ဒကာလှ။ ။ဘုရား

ဘုန်းကြီး။ ။လွန်စွာ ဆင်းရဲပင်ပန်းတဲ့ နွားအိုကြီးမြင်တော့ သနားတော်မူလှသောကြောင့် သပိတ်ဖြင့်ရေကိုခပ်ပြီး နွားကြီးကို တိုက်တော်မူတယ်။ ရေသောက်ရတဲ့အခါ နွားကြီးမှာလဲ့ အတော်ကလေး သက်သာခွင့် ရသွားတာပေါ့။

အဲ့သည်အခါ ရဟန်းတော်အသျှင်မြတ်က သနားတော်မူလှသဖြင့် မဟာသတိပဋ္ဌာနသုတ်ကို၊ ဟောတော်မူတယ်။ နွားကြီးကလဲ သည်အသံဟာ တရားတော်အသံဘဲ၊ အဲ့သို့ကလို သဘောထားပြီး တရားသံကိုသဒ္ဓါစေတနာ ကြည်ညို စွာနှင့် အာရုံစိုက်နေရှာတယ်။ မဟာ သတိပဋ္ဌာနသုတ်ကို ဟောတော်မူပြီးတော့ သရဏဂုံကို ပေးတော်မူပြန်တယ်။

ဘုန်းကြီး။ ။ဒကာလှရေ

ဒကာလှ။ ။ဘုရား

ဘုန်းကြီး။ ။ငါးပါးသီလကို ပေးမည်လို့ ပြင်နေတုန်းမှာပင် ဗြုံးကနဲ နွားကြီး သေလွန်သွားရှာ ပါရောတဲ့၊ သတိပဋ္ဌာန်ဒေသနာကို အာရုံပြုကာ သေဆုံးသွားတဲ့အတွက် တာ ၀ တိန်သာ နတ်ပြည်မှာ ယူဇနာဘုံးတယ်ရှိတဲ့ ရှေ့ဗိမာန် ကြီးအတွင်း နတ်သမီးအပေါင်း တထောင်ခြံရံကာ မဟာဒတ္ထ အမည်နှင့် နတ်သားဖြစ်သွားပါရောတဲ့ တကာလှရဲ့။

ဒကာလှ။ ။မှန်ပါ၊ နတ်သားဖြစ်သွားပါတယ်ဘုရား။

ဘုန်းကြီး။ ။မဟာ သတိပဋ္ဌာန် သုတ်တော်တန်ခိုးကြောင့် အကျိုးပေးဘယ်ကမလောက် ကြီးကျယ်သလဲ ဆိုတာ.... စဉ်းစား သာကြည့်ပေတော့။

ဘုန်းကြီး။ ။ဒကာလှရေ

ဒကာလှ။ ။ဘုရား

ဘုန်းကြီး။ ။သတိပဋ္ဌာန်တရား အားပထုတ်ချင်ဘူးလား

ဒကာလှ။ ။မှန်ပါ၊ အားထုတ်ချင်ပါတယ်ဘုရား

ဘုန်းကြီး။ ။ဒါဖြင့် ယနေ့ တရားပွားများပေတော့လေ

ဒကာလှ။ ။မှန်ပါ၊ ဒီလိုလဲမဖြစ်သေးဘူးဘုရား

ဘုန်းကြီး။ ။ဘာပြုလို့တုန်း

ဒကာလှ၊ ။အိမ်က အမယ်ကြီးကို တိုင်ပင်ရအုံးမယ်ဘုရား

ဘုန်းကြီး။ ။ဒကာလှရေ

ဒကာလှ။ ။ဘုရား

ဘုန်းကြီး။ ။ကိုင်း တရားတော်ကို ဆက်ကြအုံးစို့ရဲ့

ဒကာလှ။ ။မှန်ပါ၊ ဆက်တော်မူပါဘုရား

ဘုန်းကြီး။ ။နတ်သား ဖြစ်သွားတဲ့အခါ မိမိ၏ ရှေးဟောင်းနှောင်းဖြစ်များကို ပြန်လှန်စဉ်းစားသည့်အခါ အလုံးစုံကို သိမြင်၍ အသျှင်တိဿမထေရ်မြတ်အား မိမိ၏စည်းစိမ်ချမ်းသာ များကို ပြလိုလှသဖြင့် နတ်သမီးတထောင် ခြံရံကာ ရှေ့ဗိမာန်ကြီးနှင့်တကွ သန်းခေါင်ယံ အချိန်တွင် ထိန်ထိန်လင်းသောကိုယ်ရောင်ဖြင့် အသျှင်တိဿအထံသို့လာတယ်တဲ့—

မထေရ်မြတ်က အကျိုးအကြောင်းကို မေးမြန်းတော်မူတဲ့ အခါမိမိအဖြစ်အပျက်များကို အစအဆုံးတိုင်အောင် အလုံးစုံ လျှောက်ထားတယ်။ "မဟာ သတိပဋ္ဌာန်သုတ်တော်၏ ဂုဏ်ကျေးဇူးသည် အထူး အကျိုး ကြီးကျယ်ပါပေသည်ဘုရား။

"အဟိတ် တိရစ္ဆာန်ဖြစ်သောနွားကိုပင် နတ်သားအဖြစ်သို့ ရောက်အောင် ပို့ဆောင်တော် မူနိုင်ပါ့ပေတယ်။ဥာဏ်ပညာနှင့် ပြည့်စုံသော သူတို့ကိုမူကား ဝင့်ဆင်းရဲမှ ကင်းလွတ်၍ အထွဋ်အထိပ် ဖြစ်တဲ့ နိဗ္ဗာန်သို့ ပို့ဆောင် မည် အမှန်ပါ ဘုရား"

ဤကဲ့သို့ လျှောက်ထားပြီး "တပည့်တော်တို့အား မဟာသတိပဋ္ဌာနသုတ်ကို ထပ်မံ ဟောတော်မူပါအုံး ဘုရား"လို့ လျှောက်ထား တောင်းပန်ပြန်တယ်။

ဘုန်းကြီး။ ။ဒကာလှရေ

ဒကာလှ။ ။ဘုရား

ဘုန်းကြီး။ ။နတ်သားက သတိပဋ္ဌာန် တရား ကောင်းမှန်း သိသွားပြီ ဒကာလှရဲ့။

ဒကာလှ။ ။မှန်ပါ၊ ကောင်းမှန်း သိသွားပါပြီးဘုရား

ဘုန်းကြီး။ ။အသျှင် တိဿမထေရ်မြတ်ကလဲ လျှောက်ထားတောင်းပန်သည့်အတိုင်း သရဏဂုံ သီလများကိုပေးပြီး မဟာ သတိပဋ္ဌာနသုတ်ကို ဟောတော်မူတယ်။ မဟာသတိပဋ္ဌာနသုတ်ကို ကြားနာပြီးတဲ့အဆုံးမှာပင် အလုံးစုံသော နတ်သမီးတထောင်တို့နှင့်တကွ မဟာဒတ္တ နတ်သားဟာ သောတာပန် အဖြစ်သို့ရောက်ပြီး ဝမ်းမြောက်ရွှင်လန်းစွာ တာဝတိန်သာ နတ်ပြည်သို့ပြန်သွား၍ နတ်စည်းစိမ်ကို ခံစားကြလေ ကုန်တော့သတည်း။

ဘုန်းကြီး။ ။ဒကာလှရေ

ဒကာလှ။ ။ဘုရား

ဘုန်းကြီး။ ။နာရီလဲ အတော်ကလေး ညောင်းသွားပြီ ဒကာလှရဲ့.
ဒကာလှ။ ။မှန်ပါ၊ ညောင်းသွားပါပြီ ဘုရား
ဘုန်းကြီး။ ။တရားတော်ကို အဆုံးသတ်ကြစို့.
ဒကာလှ။ ။မှန်ပါ၊ အဆုံးသတ်တော် မူပါဘုရား
ဘုန်းကြီး။ ။ကိုင်း အသံကျယ်ကျယ်နှင့်လိုက်ဆို
(ဘုန်းကြီး တိုင်ပေး) သတိပဋ္ဌာန် အလုပ်မှန် ရှစ်-နာမ် သိလိမ့်မည်၊
(အားလုံးလိုက်ဆို) သတိပဋ္ဌာန်အလုပ်မှန် နိဗ္ဗာန်ရောက်လိမ့်မည်။

ဣဒံ မေ ပုညံ အာသဝက္ခယံ
ဝဟံဟောတု
ဣဒံ မေပုညံ နိဗ္ဗာနသာ
ပစ္စယော ဟောတု။

နိုင်ငံကျော် ဓမ္မကထိက

**မန္တလေး ဆရာတော် ဦးရာဇိဘဝံသ**

**မန္တလေးကျောင်း ဖျာပုံမြို**

**၁၃၂၁-တော်သလင်းလ။**

"မောင်စန္ဒောဘာသ၊ ငါ့ရေးသားခဲ့သော ယောဂီကျင့်စဉ် ဝိပဿနာတရားစာအုပ်ကို အားလုံးသောလူများပွား များ ရန်ပုံနှိပ်ဝေငှပါ"

"ဆရာတော် ဆန္ဒအတိုင်း ဖြည့်စွက်ပါသည် ဘုရား"

**စန္ဒောဘာသ "ကနိပရဟိတ"**

**၁၃၃၈-တပို့တွဲလွန်း (၈) မှေးနေ့။**

# ဥယျောဇန ကထာ

## စီရံ တိဋ္ဌတု သာသနံ

အလှူအမျိုးမျိုးကို့တွင် တရားအလှူ အမြတ်ဆုံး
အရသာ အမျိုးမျိုးတို့တွင် တရားအရသာ အမြတ်ဆုံး
မွေ့လျော်ခြင်း အမျိုးမျိုးတို့တွင် တရားမွေ့လျော်ခြင်းအမြတ်ဆုံး
တရားတော်မြတ်သည် ဆင်းရဲအမျိုးမျိုး၊ အလိုရမက်၊ တဏှာတရား ချုပ်ငြိမ်းခြင်းပြင့် အောင်နိုင်ရာ၏။

## ဓမ္မစကြာ ပွားများပါ

ဘုရားရှင်သည် ပဉ္စဝဂ္ဂိငါးဦး အစထား၍ နတ်ဗြဟ္မာ ကုဋ္ဌေကဋ္ဌာ အပေါင်းတို့အား ဟောကြားခဲ့သော တရားဦး ဓမ္မစကြာ သုတ်တော်မြတ်ကို အားလုံးသော သတ္တဝါတို့ ချမ်းသာသုခ အကျိုးစီးပွား အလို့ငှာ 'ကနိကျေးရွာ'နှင့် ပတ်ဝန်းကျင်ရှိ အမျိုးသားအမျိုးသမီးတို့ ပါဝင်ဆင်နွဲ နိုင်ရန် ဓမ္မစကြာစာပြန်ပွဲကို ကျင်းပပေးခဲ့ပါသည်။

၁၃၁၃ ခုနှစ်၊ နယုန်လမှစ၍ ဖျာပုံမြို့နယ် 'ကနီ ကျေးရွာစာရိတ္တ အဖွဲ့'မှ ကြီးမှူး ကျင်းပသော ဓမ္မစကြာ စာပြန်ပွဲအတွက် 'ဦးသောင်းကြီး ဒေါ်စောမြ'တို့အလှူတွင် ဓမ္မစကြာစာအုပ် '၇၀၀'ပုံနှိပ်လှူဒါန်းခဲ့ပါသည်။

နှစ်ဆယ့်ငါးနှစ် ပြည့်ခဲ့လေပြီ

စာရိတ္တ ပြုပြင်ရေးအဖွဲ့ကြီးမှ ဤ ဓမ္မစကြာ သုံးစောင်တွဲ စာအုပ်ကို ပုံနှိပ်၍ စာပြန်ပွဲအတွက် ပြဋ္ဌာန်းခဲ့ရာ ယခုအခါ '၂၅' နှစ် ပြည့်သဖြင့် ဓမ္မစကြာ ငွေရတုသဘင်ကို ရဟန်းခံရှင်အပါး '၁၀၀ ပြုပွဲနေ့တွင် ဓမ္မစကြာ စာပြန်ပွဲကျင်းပ၍ ဆုပေးပွဲများ ကျင်းပပါသည်။

(၁) စေတိရှင် ထိးတော်တင် လူရှင်အများ ကြည်ညိုပွား
(၂) ဓမ္မစကြာ ပြန်ဆိုကာ စေတနာပြည့်ဝ ကြည်ညိုကြ
(၃) ငွေရတုသဘင် ပွဲကြီးဆင် ပါဝင်လှူကြ မြတ်ဒါန
(၄) ရှင်အပါးတရာ စုပေါင်းကာစေတနာပြည့်ဝ လှုဒါန်းကြ။

ကျွန်ုပ်ရေးသားခဲ့သော ဓမ္မစကြာသုံးစောင်တွဲ ဝတ်ရွတ်စဉ်များနှင့် စာရိတ္တ အချိုးစာအုပ်များ နှစ်ကြာသဖြင့် မူများပင် မနည်းရှာရပါသည်။ ယခုတဖန် 'ဂုဏ်တော်ကွန်ချာ အမြုတေ' စာအုပ်အတွင်း ထပ်မံဖြည့်စွက်၍ ဒုတိယအကြိမ် ထည့်သွင်းဖော်ပြအပ်ပါသည်။

ဘုရားဗူးသွားစဉ် ပှတ်တမ်းတင်

၁၃၁၈ခုနှစ်၊ ၁၉၅၆ ခုနှစ်၊ အိန္ဒိယပြည် ဗုဒ္ဓဂါယာသို့ ဘုရားဖူးကြွစဉ် လေ့လာဆည်းပူး အားကုတ်ရေးသားခဲ့သော 'ပဏ္ဌိမဒေသ ဗုဒ္ဓပွင့်ရာ အမွန်းတင်စာ'ကို စစ်ကိုင်းမြို့နယ် ယင်းမကျင်း ကျေးရွာ မိမိဆရာတော် ဦးဝါယမ မွေစကြာ စာတော်ပြန်ပွဲအတွက် မွေစကြာ ငါးစောင်တွဲတွင် ထည့်သွင်း၍ ဖော်ပြခဲ့ပါသည်။

## မဇျိမဒေသ ဗုဒ္ဓပွင့်ရာ အမွန်းတင်စာ

### ခါတော်ကြုံတွေ့ ဝါဆိုနေ့ဝယ် နှုတ်တက်ရွတ်ပြန် ဓပ္ပသံတည်း

ဗုဒ္ဓ၏ အတိတ်ဖြစ်စဉ် ကြုံတွေ့ဆုံခဲ့ရသော နေ့မြတ်တွင် သိဒ္ဓတ်မင်းသားသည် ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ ဝါဆိုလပြည့်နေမဝင်မှီအချိန် ပဉ္စဝဂ္ဂိငါးဦးတို့အား အယုတ်တရားဟုဆိုအပ်သော လက်ဝဲလက်ျာ လမ်းနှစ်သွယ် အစွန်းနှစ်ပါးကိုပယ်၍ အလယ်အလတ် မဇျိမပဋိပဒါဖြစ်သော လမ်းစဉ်ကို ဟောတော်မူသည်။

သံစွာလေးပါး မြတ်တရားကို ဝိဇ္ဇာနည်းအနိုးစစ်၍ မွေနည်းကျကျ အာသဝကင်းကွာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ ငြိမ်းချမ်းရေး အရသာ တရားထူး တရားမြတ်ကို ဟောတော်မူသောနေ့သည် ဓမ္မစကြာအခါတော် ဝါဆိုလပြည့်နေ့ဖြစ်၏။

### နိုင်းယှဉ်စရာ နေ့နှစ်ပြာ

လောကရေးရာနှင့် ပတ်သက်သော နိုင်ငံရေးနေ့များ ကျင်းပသလို လောကုတ္တရာ ဘာသာရေးနေ့များအတွက် ကျင်းပနိုင်ရန် လွှန်ခဲ့သော(၃) နှစ်လောက်ကုစ၍ မြန်မာနိုင်ငံတော် သာသနာ ညွှန်ကြားရေး ဌာနမှ ကဆုန်လပြည့် 'ဗုဒ္ဓနေ့'၊ နယုန်လပြည့် 'ပဟာသဝယနေ့'၊ ဝါဆိုလပြည့် 'ဓမ္မစကြာအခါတော်နေ့'၊ သီတင်းကျွတ်လပြည့် 'အဘိဓပ္ပာ အခါတော်နေ့' စသည်ဖြင့်ဘာသာရေးအတွက် ကျင်းပနိုင်ရန်အထက်ပါအတိုင်း သတ်မှတ်ထားကြလေသည်။

ယင်းသို့သော နေ့ရက်များ ရောက်လျှင် ယင်းပာကျင်း တိုက်နယ်စာရိတ္တမြှင့်တင်ရေးအဖွဲ့ကြီးပှ နှိုးဆော်တိုက်တွန်း၍ ကျေးရွာအလိုက် ဓမ္မစကြာဝတ်အသင်းများ ဝါဆိုလပြည့်ခါတော်နေ့ဝယ် ဓမ္မစကြာသုတ်တော်များကို ရွတ်ဘတ်သရဇ္ဈာယ်ပွားများ၍ အခါတော်နေ့ ကျင်းပနိုင်ကြရန် တိုက်တွန်းပါ၏။

မဇ္ဈိမဒေသ ဗုဒ္ဓရှင်ပွင့်တော်မူရာ အိန္ဒိယပြည် ယူပီနယ်ရှိ ဗာရဏာ သီမြို့တော်နှင့် (၇)မိုင်ကွာ 'ဆာရနာတ်ခေါ်' မိဂဒါဝုန်တော ဓမ္မစက္ကြာ ဟောရာ ဒေသအကြောင်းကို ယင်းမာဃ ၊ ၊ ၊ ၊ ဝိုက်နယ်အသင်းသူ အသင်း သားများနှင့် နယ်သူနယ်သား ပြည်သူပြည်သား အပေါင်းတို့အား သဒ္ဓါ တရား ပွားများစေခြင်းငှာ 'ဒဿနိယဌာန' ဖူးမြင်အပ်သည့်နေရာ ဘုရား ရှင်တိုင်း မစွန့်အပ်သော 'အဝိဇဟိတဌာန'များကို တစိတ်တဒေသ အား ဖြင့် ဗုဒ္ဓ၏အမွေအနှစ် ဟောင်းနွမ်းပြိုပျက်လျက်ရှိသော ဓမ္မစက္ကြာဟောရာ ဌာန အဖြစ်အပျက်များကို ဗုဒ္ဓပွင့်တော်မူရာသို့ မရောက်ဘူးကြသောပုဂ္ဂိုလ် များ သဒ္ဓါတရား ပွားများကြစေရန် လေ့လာဆည်းပူး၍ တဆင့်ဖော်ပြ လိုက်ရပါသည်။

## ဗုဒ္ဓမိန့်ခွန်း ဗျာဒိတ်ညွှန်း

ဘုရားရှင်တော်တိုင် မဟာပရိနိဗ္ဗာန် သုတ်တော်တွင် ဒဿ နိယ ဌာန ဖူးမျှော်အင်သည့်အရပ်နှင့် သံဝေ ဇနိယ သံဝေယူရာ အပ်ရာ အရပ် ဌာနဟူ၍ အမည်သတ်မှတ်ကာ ရှင်အာနန္ဒာအား မိန့်တော်မူသည်။

**ဖွား ပြင် ဟော စံ ဤလေးတေ၊ မှတ်ရန်ဖေးပြဒဿနိယ သံဝေယူကြ ထိုဌာန**

ဖွား ဗုဒ္ဓပွားပြင်တော်မူရာ 'လုမ္မနိဉယျာ'
ပြင် အစ္စာသိပြင် ဘုရားရှင်အဖြစ်သို့ ရောက်ရာ'ဗုဒ္ဓဂါယာ'
ဟော ဓမ္မစက္ကြာတရား ဟောတော်မူရာ 'မိဂဒါဝုန်'
စံ ပရိနိဗ္ဗာန် စံတော်မူရာ 'ကုသိနာရုံ'

ဗုဒ္ဓသည် ပစ္စုပ္ပန် အနာဂတ် ကာလဖြစ်ပေါ်မည့် အရေး ကြိုတင်၍ ဗျာဒိတ်သတ်မှတ် ထိုဌာနများကို ဟောတော်မူခဲ့သည်။ ထိုဖူးမြင်အပ်သော ဌာနနှင့် သံဝေယူအပ်သော ဌာနများရှိ မွေ့သရိုဓာတ် စေတီတော်မြတ် များကို လှည့်လည်ဖူးမျှော်၍ ကြည်ညိုစေတနာ ပွားများသော အာရုံဖြင့် ကွယ်လွန်သည်ရှိသော် နတ်ရှာသုဂတိသို့လားလိမ့်မည်ဟု ဟောတော်မူသည်။

အဝိ ဇဟိတ မစ္ဆန့်ရာဌာနများဖြစ်သောကြောင့် ကြည်ညိုအားထားကြသည်။

**မစ္ဆန့်ရာလေးဌာနက :**

၁။ ဗုဒ္ဓဂါယာဘုရားရှင်တိုင်း ပွင့်တော်မူရာ။

၂။ ဘုရားဖြစ်ပြီးနောက် ဘုရားရှင်ကိုင်း ဓမ္မစကြာကို ဟောတော်မူရာ။

၃။ ဂန္ဓကုဋ္ဌိ ဇေတဝန်ကျောင်းတော် ဘုရားရှင် သိတင်းသုံးရန် ညောင်စောင်းတော် ခြေရာ။

၄။ သင်္ကဿနဂိုရ်တာဝတိံသာနတ်ပြည်မှအဆင်း ဘုရားရှင်တိုင်း ဟာဘက်ခြေဖဝါးတော် ချရာ။

အထက်ပါဌာနများသည် ဘဒ္ဒကမ္ဘာပွင့်သော ဘုရားရှင်တိုင်း မစ္ဆန်အပ်သော ဌာနများဖြစ်သည်။

**ဝါဆိုကြုံလာ ပိဂဒါ .**

ဗုဒ္ဓရှင်ပင်သည်ဦးစွာဝါဆိုရာဖြစ်သော မိဂဒါဝုန်တောဝယ် ပဉ္စဝဂ္ဂိငါးဦးတို့အား ဦးစွာ ဓမ္မစကြာဟောရာ ဖြစ်တော်မူသည်။

ပါဠိလို 'မိဂဒါယ'ခေါ်၍ မြန်မာလို မိဂဒါဝုန် ခေါ်ကြသည်။ မိဂ+သားသမင်၊ ဒါ+ဘေးမဲ့ပေးရာဖြစ်သော၊ ဝန+တော၊ စကားလုံးပေါင်း၍ မြန်မာပြန်ဆိုသော် သားသမင်အပေါင်းတို့ ကျက်စားရာ ဘေးမဲ့တောဟု ခေါ်ဆိုသည်။ စင်စစ်သော် တိရစ္ဆာန်အပေါင်းတို့၏ ကျက်စားရာ ဘေးမဲ့တော ဖြစ်သည်။

တခါတုန်းက ဗရာဏသီမင်းကြီးသည် သမင် အပေါင်း တို့အား ဘေးမဲ့ခွင့်ပြုထားသည်ကို 'ဒေမာမိဂဒါယေ' ဟူ၍လည်း ခေါ်ဆိုကြသည်။ ဤစကားနှစ်ရပ်နှင့် စပ်လျဉ်း၍ ယခုလက်ရှိ ဗာရာဏသီပြည် မဟာရာဇာ ခေါ် စော်ဘွားများသည် သူ၏ပိုင်ဆိုက်ဖြစ်သောနေရာ ရာမနဂရမှ မနီးမဝေးသောအရပ်တွင် သမင် အပေါင်းတို့အား ဘေးမဲ့ ပေးထားသော နေရာရှိ၏။ သမင်များကို ယနေ့တိုင် တွေ့မြင်နိုင်သည်။

ရှေ့ထုံးစံလာ လေးစားသောအားဖြင့် ဘေးမဲ့ပေးထားသည်ကို သိရ၏။ အိန္ဒိယပြည် ဝန်ကြီးချုပ် နေရှားကလည်း ၂၅၀၀ ပြည့်သည့် နှစ်မှစ၍ မိဒါဝုန်တော ဓမ္မစကြာစေတီတော်အရှေ့ဘက် သံစကာ များဖြင့် ကာရံကာ သမင်အပေါင်းတို့အား ဘေးမဲ့ ပေးထားသည်။ စားသောက်ဘွယ် မြက်ရေမှစ၍ လိုလေသေးမရှိအောင် စီစဉ်ထားသည်ကို ဘုရား ဖူးဓာတ်သူတိုင်း သိမြင်နိုင်သည်။

## ဣသိ ပတန သိကြလူရှင့်

ဓမ္မစကြာပါဠိတော်တွင် ဣသိ ပတန ဟူ၍ ဟောတော်မူသည်။

ဣသိ၊ ရသေ့ရဟန်းတို့၊ ပတန၊ ကျရောက် သက်ဆင်း နေ ထိုင် ရာ တောအုပ်ဖြစ်သောကြောင့် ထိုတောအုပ်ကို 'ဣသိ ပတန' ဟူ၍ ခေါ်ဆို ပြန်လေသည်။

သက္ကဋ္ဌဘာသာ၌ ရိသျှိပတန ဟူသော စကားအဓိပ္ပါယ်နှင့် ထပ်တူထပ်မျှ ဖြစ်သည်ကို တွေ့ရှိရ၏။ ဗုဒ္ဓဂြိုဟ်တော်ဘုရား၏ လက်ထက်တော် အခါက 'ဣသိပတန' သို့မဟုတ်'မိဂဒါယ'ဟု ခေါ်ဆိုကြသည်။ မိဂဒဝုန်တောကို ယခုအခါ 'ဆာရ်နာ-သ် သာရနာထ' ဟူ၍ခေါ်ဆိုမှု မဇ္ဈိမတိုင်းသားများ သိကြသည်။

ဤဆာရ်နာသ်ခေါ်သောစကားကို သက္ကဋ္ဌဘာသာနှင့်ပါဠိစာပေမှာ မတွေ့ရဘဲ တရုံသောခါ ဆာရ်နာသ်ခေါ် ဂျိုင်းဘုရား ရှိခိုးကျောင်းကြီး တကျောင်းရှိခဲ့သည်ကို အစဲပြု၍ ဆာရ်နာသ်တွင်သည်ဟု အချို့ဆရာများ ကဆိုကြသည်။

အိန္ဒိယပြည် ယူပီနယ်ရှိ ဗာရာဏသီမြို့တော်နှင့် (၇)မိုင်ခန့်ဝေးကွာသော ဆာရ်နာသ်ခေါ် မိဂဒါဝုန်တောသို့ မော်တော်ကားနှင့် ဖြစ်စေ၊ မြင်းလှည်း နှင့်ဖြစ်စေ၊ ရှိရှောခေါ် ဆိုက်ကားနှင့်ဖြစ်စေ၊ သွားလာနိုင်သည်။

ဘုရားဖူးသွားကြသော ပုဂ္ဂိုလ်များသည် မိဂဒါဇုန်တော မရောက်မီ ၂-ဖာလုံခန့် လက်ဝဲဘက်ဘွင် ကျောက်ဂန္ဓီ စေတီတော်ကို ဖူး တွေ့ မြင်ရပေသည်။

ထိုစေတီဟောင်းနေရာသည် ပဉ္စဝဂ္ဂိဝါးဦးတို့နှင့် ဦးစွာပထမ တွေ့ရသော နေရာဖြစ်သည်။

## တူးဖော်ထားသော အဆောက်အဦ များမှာ

ကစ်တိုးမည်သော ကျောက်စာဘက်ဆိုင်ရာ ပုဂ္ဂိုလ်တဦး တူးဖော်ထားသောကြောင့် ကစ်ဘိုးကျောင်းတော်(Mnoyi)ဟု ရေးသား•ထားသော နေရာကို တွေ့ကြသည်။ ၎င်း ကျောင်းတော်နေရာသည် အုပ်ချစ်ရာ မျှသာ ရှိတော့သည်။ အခန်း နှစ်ဆယ့်ရှစ်ခန်း(၂၈) နံရံပေရှည် တာရှည်နှစ်ဆယ် (၁၇၀)ခန့် ကျယ်ပြန့်သည်။

ဓမ္မရာဇိတ စေတီတော်သည် နန္ဒိယသူကြွယ် ဆောက်လုပ်လှူဒါန်းသော ကျောင်းတော်ကြီးထဲမဝင်မီ ပန်းကုံးအဝိုင်းနှင့်တူသော စေတီခုံတခု သာ တွေ့မြင်ရလေသည်။ ထိုဓမ္မရာဇိတစေတီတော် တည်ရာဌာနသည် အနာဂုသုတ် ဟောတော်မူသော နေရာဖြစ်သည်။

ထိုပန်းတင်ခုံ အဝိုင်းစေတီနေရာကို အမှတ်တမဲ့ကြည့်လျှင် မြေပုံကြီး သဖွယ် ဖြစ်နေလေသည်။ ၁ရစ် ဆယ့်နှစ်ရာစု ခေတ် လောက်က ဒုဒယ် ကြီးမားစွာရှိသေးသည်။ ထိုနောက်မှ ပျက်စီးသည်ဟု ဒေဝပြိယဝါလိဆင်ဟာ အမည်ရှိသော သီဟိုဠ်ပညာရှိ၏ ဟူဆချက်ကို သိရသည်။

## မူလဂန္ဓကုဋီတိုက်

ဘုရားဖူးသွားပုဂ္ဂိုလ်မျှားသည် ၎င်းစေတီပျက်ကြီးမှ ရှေ့သို့ငါးဂိုက်မျှ လှမ်းသွားခဲ့ပါက ကြီးကျယ်ခမ်း နားရှိ ဒုဒယ်ကြီးပေါ်းလှသည့် အုဋ္ဌန်ရုံကြီး ပျောက်ဖြင့် ဆောက်လုပ်ထားသော မူလဂန္ဓကုဋီတိုက်ကို တွေ့မြင်ရမည်။ ယင်း အဆောက်အဦသည် ရှေးအကျဆုံးဖြစ်လေသည်။ ဗုဒ္ဓသည် ထိုနေရာ ပဌမ ဦးဆုံး သီတင်းသုံးရာ ဝါဆိုသော နေရာဖြစ်လေသည်။

ဤတိုက်ကြီး၏ လက်ပြာဘက်တွင် ကျောက်လက်ရန်းကြီး ကာထား သောတိုက်ခန်းငယ်တခုအတွင်း အသောက အမှတ်တံဆိပ်ပါရှိသော စေတီ ငယ်တဆူရှိသည်။ ရှေ့က ထိုစေတီငယ်ကို ပိုးထားသော ကျောက်တိုးကြီး သည် ယခုအခါ ပြတိုက်အတွင်းမှာသာ တွေ့မြင်ရပေသည်။

## အသောက ကျောက်တိုင်

ထိုစေတီနှင့် မလှမ်းပကမ်း သံလက်ရမ်းကြီးများဖြင့် ကာရံထား သော အသောက ကျောက်တိုင် နေရာကို တွေ့ရပေမည်။ ၎င်းနေရာသည် မမှီစကြာဇာရုံဟောရာ အဝိဇဗျာတ အရပ်ဟု မှတ်သားဖော်ပြထားသည်။

၁ရစ်သက္ကရာဇ် မပေါ်မီ အနှစ် (၂၅၀)လောက်က စိုက်ထူးထားခဲ့ ကြလေသည်။ ယခုအခါ ထိုကျောက်တိုင်ကြီးမှာ အပိုင်းပိုင်းကျိုး ပျက် လျက်ရှိကာ တပိုင်းမှာ (၈)ပေခန့်ရှိ၍ (၇)ပေခန့်ရှိ ကျန်တပိုင်းမှာ မြေကြီး ထဲတွင် နစ်မြုတ်လျက် ရှိပေသည်။

အီတာလျှံကျောက်ကဲ့သို့ အရောင်တဖိတ်ဖိတ် တောက်ပြောင်လျက်ရှိ၏။ ထိပ် ၁၂-ပေနှင့် ၉-လက်မခန့်ရှိသည်။ တရုပ်ဘုန်းတော်ကြီး ဟူဝေဆင် ဖူးရောက်စဉ်က မြေအထက်ပေ ၇၀-ခန့် ပကတိအတိုင်း ရှိသည်ဟု မှတ်တမ်းတွင် ဖော်ပြထားလေသည်။

ကျောက်တိုင်၏ထိပ်ဝများတွင် ခြသေ့် လေးကောင် ထိုင်လျက်ခြေအောက်တွင် ဓမ္မစကြာတံဆိပ်များ ထုလုပ်ထားသည်။ ၎င်းပုံစံအတိုင်း အိန္ဒိယနိုင်ငံတော်အလံနှင့် ငွေစက္ကူ အမှတ်တံဆိပ်များ အပေါ်တွင် အသောကကျောက်တိုင်အမှတ်တံဆိပ်ကို တွေ့မြင်နိုင်ပါသည်။ ယဉ်ကျေးမှုမပျောက်ပျက်အောင် နိုင်ငံတော်၏အမှတ်တံဆိပ်အဖြစ်အသုံးပြုထားသည်။

## နန္ဒိယာမကျောင်းတော်ကြီး

နန္ဒိယ သူကြွယ် ဆောက်လုပ် လှူဒါန်းခဲ့သော ကျောင်းတော်ရာသည် မြန်မာပိုင်ဓမ္မသာလာနှင့် ဂန္ဓကုဋ္ဌိတိုက်အကြားတွင်တည်ရှိလေသည်။ ကျောင်းတော်၏အချို့နေရာတွင် ကျောက်ဖြင့် သက်သက်အခြေခံထား၍ တချို့အုင်္ဌဖြင့် သက်သက် နံရံဒုဒယ် ၁၀ ပေခန့်ရှိသည်ကိုတွေ့မြင်ရသည်။

## ဓမ္မ စကြာ ငိန ဝိဟာရ

နန္ဒိယသူကြွယ်ကျောင်းတော်ကြီးမှ တဆင့် မြောက်ဘက်သို့ အနည်းငယ် ခြေလျင်သွားသော် ကုမာရဒေဝီ၏ ကောင်းမှု တော် ဖြစ်သော ဓမ္မစကြာ ဇိနဝိဟာရခေါ် ဓမ္မာရုံကျောင်းတော်ကြီးသို့ရောက်သည်။ မိဂဒါရုန်တောရှိ အခြားကျောင်းများအနက် နောက်အကျဆုံးဖြစ်၍ ခရစ်သက္ကရာဇ် ၁၁၉၄ ခုနှစ်ပျက်စီးရသည်ဟုမှတ်တမ်းတွင်တွေ့ရ၏။ ယင်းစေတီတော်ကြီး၏ ကောင်းမှုရှင်သည် စန္ဒဂုတ္တမင်း၏ ကြင်ဘက်တော်ဖြစ်သော ကုမာရဒေဝီ ဖြစ်ကြောင်းကို ရာဇဝင်ဆရာအချို့ဆိုကြသည်။

## ဓမ္မေခစေတီ

ဝတ်ကျောင်းတော်မှဖူးမျှော်ပြီးနောက် တောင်စူးစူးရှိ ဓမ္မေခ စေတီတော်ကြီးကိုဖူးမြင်နိုင်သည်။စေတီတော်ကြီး၏အမြင့် ၁၀၄ ပေခန့်ရှိသည်။ အလုံးအရပ်ကြီးပားမြင့်စွန်းသဖြင့် ရပ်ဝေးမှ မြင်နိုင်သည်။ စေတီတော်၏အောက်ခြေ ပတ်ဝန်းကျင်မှာ ရှေးကျသော ကျောက်ချပ်ကျောက်တုံးတို့တွင် ရုပ်လုံးရုပ်ပြားများထုထားသည်။

ယခု တစိတ်တဒေသ တချို့နေရာတွေ့မြင်ရ၏။ ပြတိုက်အတွင်းမှာ ရှေးယခင်ကစေတီတော်ကြီးကပ်ထားသော ကျောက်ရုပ်ပြားကြီ ကို တွေ့မြင်ရသည်။

ယင်းကျောက်ပြားကြီးသည် ဟူဝေဆင် မြင်ခဲ့စဉ်က စေတီတော်ကြီးမှာ ရွှေရုပ် ပြား သာ ဖြစ် သည် ဟု ဆိုထားသည်။ ယခုရွှေပျောက်၍ ကျောက်အစားထိုးဟန်တူသည်။ ထိုဓမ္မေခစေတီတော်နေရာသည် ဓမ္မစကြာ တရားဟောရာဟုဆိုကြသည်။ သာမန်အားဖြင့် တချို့ ဓမ္မစကြာစေတီဟု ခေါ်ကြသည်။

စေတီတော်ကြီး၏အရှေ့ဘက်တွင် သီဟိုဠ်ကျွန်းသား အနာဂါရိက မွေပါလသည် အလှုခံ၍ ဆောက်လုပ်ထားသော ဓာတ်တော်တိုက်သည် ဂန္ဓကုဋ္ဌိတိုက်သစ်အဖြစ် ဖူးတွေ့ကြရမည်။ အတွင်းမှာ ဓမ္မစကြာဟောပုံ ရုပ်ပွားစေတီတဆူထားသည်။ အုတ်နံရှံများမှာ ဂျပန်ပန်းချီလက်ရာဗုဒ္ဓဝင်များကို ဆေးရေးထားသည်ကိုလည်း တွေ့မြင်နိုင်သည်ဖြစ်ကြောင်း။

မိဂဒါဇုန်တော၌ ကျောင်း ၄၅ ကျောင်း၊ စေတီငယ် ၅၂ဆူနှင့် ကမ္မဋ္ဌာန်းအားထုတ်ရာ လိုဏ် ဂူပေါင်း ၃၀ခန့် ရှိသည်ဟု ကျောက်စာဌာနမှဖော်ပြထားသည်။

ဝါဆိုလပြည့်ခါတော်နေ့ဝယ် ဓမ္မစက္ကြာ ဟောတော်မူရာ မိဂဒါဝုန်တောရှိ အဆောက်အဦးများ ပရောက်ဘူသော ပုဂ္ဂိုလ်များ ကြည်ညိုသဒ္ဓါပွားများပါစေခြင်းအကျိုးငှာ ဝါဆိုလပြည့် အခါနေ့တွင် ဖော်ပြလိုက်ရပေသတည်း။

ဝါဆိုလပြည့်အခါနေ့ဝယ် ဗုဒ္ဓရှင်သည် သမင်အပေါင်းတို့ကို ဘေးမဲ့ပေးရာ မိဂဒါဇုန်တောသို့ ခြေလျင်ခရီးဖြင့် ရှေစကြာဖြန့်ချီတော်မူခဲ့လေသည်။ဝင်လုဆဲဆဲဖြစ်သော နေမင်းသည် ဖျော့တော့သော ရှေ အရောင် အဝါဖြင့် ဘုရားရှင်အား ဝတ်ပြုလျက်ရှိလေသည်။

ဗုဒ္ဓသည် သမ္မာသမ्बုဒ္ဓတော် အထွဋ်အထိပ်သို့ ရောက်ခဲ့လေပြီ။သစ္စာလေးပါးတရားမြတ်ကို ရခဲ့လေပြီ။ ထိုအမြိုက်တရားကို တိုက်ကျေးတော်မူအံ့ဟု နှလုံး သွင်း ကာ ကြသည်။ ဘုရားအဖြစ်ရောက်သည်ကို ယုံကြည်လာပြီဖြစ်သော ကောဏ္ဍည ဝပ္ပ ဘဒ္ဒိယ မဟာနံ အဿဇိတို့သည် တရားဟောကိုနာယူရန် ဗာရာဏသီ ဘုရား အနီးတော် သို့ ချဉ်းကပ်ကြလေသည်။

ရှင်နေမင်းသည် အနောက်ကျန်းဝယ် ငုပ်လျှိုးကွယ်ဝှက်ခဲ့လေပြီ။ ဝါဆိုလပြည့် [illegible] အခမ်းခန်းခွင်းရှိ အလင်းရောင်ပေးသော [illegible]သည် ပိုင်းစက်ကြယ်လင် ထင်းထင်းကြီးပေါ်လွင်ရှိလာလေသည်။

ထိုစဉ်သမယခဏ စကြဝဠာ တိုက် ဝင်သောင်းမှု တဆယ့်ရှစ်ကုဋေသော နတ်ဗြဟ္မာအပေါင်းတို့သည် တရားတော်ကိုနာယူရန် စုဝေးရောက်ရှိလာကြလေသည်။မိဂဒါဝုန်တောသည် ဆိတ်ငြိမ်သာယာလျက် ရှိတော့၏။ ထိုအချိန်တွင် ဆိတ်ငြိမ်သာယာသော လောကဓာတုင်းမှ မြေ ကြည်လင်သာယာလှပသည့် တရား အ သံ တော် သည် ပြတ်သားစွာ ပေါ်ထွက်လာလေသည်။

ထိုအသံကား....

"ဒွေ မေ ဘိက္ခဝေ အန္တာဗ္ဗ ဇ္ဇီတေန နသေဝိတဗ္ဗာ
(လ)ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗန္တံ နိရောဓ ဓမ္မန္တိ"
အဆုံးရှိသော ဓမ္မစကြာသုတ် တရား ဒေ သ နာ အသံတော်မြတ် ဖြစ်ပေ သတည်း။

တရားတော်မြတ်၏ တန်ခိုးတော်ကြောင့် တိုင်းပြည် ချမ်းသာယာ ပါစေသော်ဝ်။

တရားတော်မြတ် လိုလားတောင့်တ နှစ်သိမ့်ကြပါစေသော်ဝ်။

**အရှင်စန္ဒောဘာသ(ကနီ ပရဟိတ)**
ဖျာပုံမြို့နယ်။

၁၃၂၀ ခု၊ ပထမအကြိမ်

၁၃၃၈ ခု၊ ဒုတိယအကြိမ်

# ဓမ္မစကြာ

**ဓမ္မစက္က ပဝတ္တနသုတ်**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ဓမ္မစကြာအမ္ဘန်း**

(က) ဘိက္ခူနံ ပဉ္စဝဂ္ဂိနံ
ဣသိပတန နာမကေ။
မိဂဒါယေ ဓမ္မဝရံ
ယံ တံ နိဗ္ဗာန ပါပကံ။

(ခ) သဟမ္ပတိ နာမကေန
မဟာဗြဟ္မေနယာစိတော။
စတုသစ္စံ ပကာသန္တော
လောကနာထော အဒေသယိ။

(ဂ) နန္ဒိတံ သဗ္ဗ ဒေဝေဟိ
သဗ္ဗံ သမ္ပတ္တိ သာဓကံ။
သဗ္ဗ လောက ဟိတတ္ထာယ
ဓမ္မ စက္ကံ ဘဏာမ ယေ။

၁။ ဓပ္ပစကြာ နိဒါန်း

ဝေံ မေ သုတံ- ကေံ သမယံ-ဘဂဝါ
ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။
တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ-

၂။ အယုတ်တရား နှစ်ပါး

ဒွေ မေ ဘိက္ခဝေ အန္တာ ပဗဇ္ဇိတေန
နသေဝိတဗ္ဗာ။ ကတမေဒွေ-
ယော စာယံ ကာမေသု ကာမသုခလ္လိကာ
နယောဂေါ ဟိနော ဂမ္မော ပေါထုဇ္ဇနိကော
အနရိယော အနတ္ထသံဟိတော၊
ယောစာယံ အတ္တကိလမထာနုယောဂေါ
ဒုက္ခော အနရိယော အနတ္ထသံဟိတော။

၃။ အလယ်အလတ် အကျင့်တရား

တေ ခေါ ဘိက္ခဝေ ဥဘော အန္တေ
အနုပဂမ္မ ပဋိမာ ပဋိပဒါ တထာဂတေန
အဘိသမ္မုဒ္ဓါ စက္ခုကရဏီ ဥာဏကရဏီ
ဥပသမာယ အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ
သံဝတ္တတိ။
ကတမာ စ သာ ဘိက္ခဝေ မဋိမာ ပဋိပဒါ
တထာ ဂတေန အဘိသမ္မုဒ္ဓါ စက္ခုကရဏီ
ဥာဏကရဏီ ဥပသမာယ အဘိညာယ သမ္မောဓာယ
နိဗ္ဗာနာယ သံဝတ္တတိ။

အယမေဝ့ အရိယော အဋ္ဌင်္ဂိ ကော မဂ္ဂေါ။
သေယ္ယထိဒံ =
သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ
သမ္မာကမ္မန္တော သမ္မာအာဇီဝေါ
သမ္မာဝါယာမော သမ္မာသတိ သမ္မာ သမာဓိ။

အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ
တထာဂတေန အဘိသမ္မုဒ္ဓါ စက္ခုကရဏီ
ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္မော ဓာယ
နိဗ္ဗာနာယာ သံဝတ္တတိ။

## ၄။ ဒုက္ခသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။
ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊
မရဏံပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ
ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊
ယံပိစ္ဆံ နလဘတိ၊ တံပိ ဒုက္ခံ။
သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

## ၅။ သမုဒယသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။
ယာယံ တဏှာ ပေါနောဘဝိကာ နန္ဒိရာဂ
သဟဂတာ တတြ တတြာဘိနန္ဒိနီ။
သေယ္ယထိဒံ
ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

၆။ နိရောဓသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။
ယောတဿာ ယေဝ တဏှာယ အသေသ
ဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ
မုတ္တိအနာလယော။

၇။ မဂ္ဂသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓ
ဂါမိနီ ပဋိပဒါ အရိယသစ္စံ။
အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။
သေယ္ယထိဒံ-
သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ
သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါ
ယာမော သမ္မာသတိ သမ္မာသမာဓိ။

၈။ ဒုက္ခသစ္စာ၌ သစ္စဉာဏ်

'ဣဒံ ဒုက္ခံ အရိယသစ္စံ' နှင့် မေ ဘိက္ခဝေ
ပုဗ္ဗေ အနုဿုတေသု မမ္မေသု စက္ခုံ ဥဒပါဒိ
ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊
အာလောကော ဥဒပါဒိ၊

၉။ ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်

'တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယ္ယံ' နှင့်
မေ ဘိက္ခဝေ ပုဗ္ဗေ အနုဿုတေသု မမ္မေသု
စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊
ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

**၁၀။ ဒုက္ခ သစ္စာ၌ ကတဉာဏ်**

'တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ
ပရိညာတ, နွှဲ မေဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု
ဓမ္မေသု စက္ခုံ ဥပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ
ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

**၁၁။ သမုဒယသစ္စာ၌ သစ္စာဉာဏ်**

'ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စ'နွှိမေ
ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု
စက္ခုံဥဒပါဒိ၊ ဉာဏံ၊ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊
ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

**၁၂။ သမုဒယ သစ္စာ၌ ကိစ္စဉာဏ်**

'တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ
ပဟာတဗ္ဗ'နွှိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု
ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ
ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

**၁၃။ သမုဒယသစ္စာ၌ တကဉာဏ်**

'တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟိန'နွှိမေ
ဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊
ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ
အာလောကော ဥဒပါဒိ။

၁၄။ နိရောဓသစ္စာဌ် သစ္စဉာဏ်

'ဣဒံ ဒုက္ခ နိရောဓံ အရိယ သစ္စ' နွိမေ
ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု
စက္ခုံဉဒပါဒိ၊ ဉာဏံ ဉဒပါဒိ၊ ပညာ ဉပဒါဒ်၊
ဝိဇ္ဇာဉဒပါဒိ၊ အာလောကော ဉဒပါဒိ။

၁၅။ နိရောဓသစ္စာဌ် ကိစ္စဉာဏ်

'တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ
သစ္ဆိကာတ္တဗ္ဗ'နွိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု
ဓမ္မေသု စက္ခုံဉဒပါဒိ ဉာဏံ ဉဒပါဒိ၊
ပညာ ဉဒပါဒိ၊ ဝိဇ္ဇာ ဉဒပါဒိ၊ အာလောကောဉဒပါဒိ။

၁၆။ နိရောဓသစ္စာဌ် ကတဉာဏ်

'တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယ သစ္စံ
သစ္ဆိကတ'နွိ မေ ဘိက္ခဝေ ပုဗ္ဗေအနနုဿုံတေသု
ဓမ္မေသု စက္ခုံဉဒပါဒိ၊ ဉာဏံဉဒပါဒိ၊
ပညာဉဒပါဒိ၊ ဝိဇ္ဇာဉဒပါဒိ၊ အာလောကောဉဒပါဒိ။

၁၇။ မဂ္ဂသစ္စာဌ် သစ္စဉာဏ်

'ဣဒံ ဒုက္ခနိရောဓဂါမိနိ ပဋိပဒါအရိယသစ္စ'နွိ
မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု
ဓမ္မေသု စက္ခုံဉဒပါဒိ၊ ဉာဏံဉဒပါဒိ၊ ပညာ
ဉဒပါဒိ၊ဝိဇ္ဇာဉဒပါဒိ၊ အာလေဃကောဉဒပါဒိ။

၁၈။ မဂ္ဂသစ္စာ၌ ကိစ္စဥာဏ်

'တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနိ ပဋိပဒါ
အရိယသစ္စံ ဘာဝေတဗ္ဗ'န္တိ မေ ဘိက္ခဝေ
ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ
ဥာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ'
အာလောကော ဥဒပါဒိ။

၁၉။ မဂ္ဂသစ္စာ၌ ကတဥာဏ်

'တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနိ ပဋိပဒါ
အရိယသစ္စံ ဘာဝိတ'န္ထိ မေ ဘိက္ခဝေ
ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊
ဥာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ
အာလောကော ဥဒပါဒိ။

၂၀။ ရှေးက ဘုရားဖြစ်ကြောင်း ဝန်မခံခဲ့ပုံ

ယာဝကိဝဉ္စ မေ ဘိက္ခဝေ ဣမေသု
စတူသု အရိယသစ္စေသု ဧစံ တိပရိဝဋ္ဌံ ဒ္ဒါဒသာ
ကာရံ ယထာဘူတံ ဥာဏဒဿနံ နသုဝိသုဒ္ဓံ
အဟောသိ။

နေဝတာဝါ ဟံ ဘိက္ခဝေ သဒေဝကေ
လောကေ သမာရကေ သဗြဟ္မကေ
သဿမဏ ဗြာဟ္မဏိယာ ပဇာယ သဒေဝ မနုဿာယ
'အနုတ္တံရံ သမ္မာသမ္မောဓိံ အဘိသမ္မုဒ္ဓေါ' တိပစ္စညာသိံ။

၂၁။ ယဝုပှ ဘုရားဖြစ်ကြောင်း ဝန်ခံပုံ

ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု
စတူသု အရိယသစ္စေသု ဝေံ တိ ပရိဝဋ္ဌံ ဒ္ဒါဒသာကာရံ
ယထာဘူတံ ဥာဏဒဿနံ သုဝိသုဒ္ဓံ
အဟောသိ။

အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ
သမာရကေ သဗြဟ္မကေ သဿမဏ ဗြဟ္မဏိယာ
ပဇာယ သဒေဝ မနုဿာယ အနုတ္တရံ
သမ္မာသမ္မောဓိံ အဘိသမ္မုဒ္ဓေါတိ ပစ္စညာသိံ။

၂၂။ ပစ္စဝေက္ခဏာဥာဏ်ဖြင့် သိမြင်ပုံ

ဥာဏဥ္ဇ ပနမေ ဒဿနံ ဥဒပါဒိ 'အကုပ္ပါ မေ ဝိမုတ္တိ
အယမ'န္တိ မာ ဇာတိ၊ နတ္ထိဒါနိ ပုနဗ္ဘဝေါတိ။

၂၃။ ပဥ္ဇဝဂ္ဂီရဟန်းတို့ ဟရားကို နှစ်သက်ကြပုံ
ဣဒပဝေါစဘဂဝါ
အတ္တမနာ၊ ပဥ္ဇဝဂ္ဂိယာ ဘိက္ခူ ဘဂဝတေ
ဘာသိတံ အဘိ နန္ဒုန္တိ။

၂၄။ အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ
ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ
ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ
ဝိရဇံ ဝိတမလံ ဓမ္မစက္ခုံ ဥဒပါဒိ 'ယံ ကိဥ္ဇိ သမုဒယ
ဓမ္မံ၊ သဗ္ဗံ တံ နိရောဓ ဓမ္မ'န္တိ။

## ၂၅။ နတ်ဗြဟ္မာတို့ ကောင်းချီးပေးပုံ

ပဝတ္တိ တေစပန ဘဂဝတာ ဓမ္မစက္ကေ
ဘူမ္မာ ဒေဝါ သဒ္ဒ မနုဿ ဝေသုံ ဇေတံ
ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ
အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိ တံ အပ္ပဋိဝတ္တိယံ
သမဏေနဝါ ဗြာဟ္မဏေနဝါ ဒေဝေနဝါ
မာရေနဝါ ဗြဟ္မုနာဝါ ကေနစိဝါ လောကသ္မိတိ။

ဘူမ္မာနံ ဒေဝါနံ သဒ္ဒံ သုတ္ဝာ စာတု မဟာရာဇိကာ
ဒေဝါ သဒ္ဒ မနုဿာ ဝေသုံ ဇေတံ ဘဂဝတာ
ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ
အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိ တံ အပ္ပဋိဝတ္တိယံ
သမဏေနဝါ ဗြဟ္မဏေနဝါ ဒေဝေနဝါ
မာရေနဝါ ဗြဟ္မုနာဝါ ကေနဝိဝါ လောကသ္မိံ တိ။

စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတ္ဝာ
တဝတိံသာ ဒေဝါ။

ယာမာ ဒေဝါ
တုသိတာ ဒေဝါ
နိမ္မာနရတိ ဝေဒ္ဒါ
ပရနိမ္မိတဝသဝတ္တိ ဒေဝါ
ပရနိမ္မိတ ဝသဝတ္တိနံ ဒေဝါနံ သဒ္ဒံ သုတ္ဝာ
ဗြဟ္မကာယိကာ ဒေဝါ သဒ္ဒ မနုဿာ ဝေသုံ
ဇေတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ
မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိ တံ အပ္ပဋိဝတ္တိယံ

သမဏေနဝါ ဗြာဟ္မဏေနဝါ ဒေဝေနဝါ
မာရေနဝါ ဗြဟ္မုနာဝါ ကေနစိဝါ လောကသို့တိ။
ဣတိဟတေန ခဏေန တေန လယေန
တေနမုဟုတ္တေန ယာဝ ဗြဟ္မလောကာ
သဒ္ဒေါအဗ္ဘုဂ္ဂစ္ဆိ။

၂၆။ တသောင်းသောလောကဝာတ်တုန်လှုပ်ပုံ

အယဥ္စဒသသဟသိလောကဓာတု သံကမ္ပိ
သမ္ပကမ္ပိ သမ္ပဝေဓိ။

၂၇။ အရောင်အလင်းဖြစ်ပေါ်လာပုံ

အပ္ပမာဏောစ ဥဋ္ဌာရောဩဘာသော
လောကေ ပါတုရဟောသိ အတိက္ကမ္မ
ဒေဝါနံ ဒေဝါနုဘာဝန္တိ။

၂၈။ မြတ်စွာဘုရား ဥဒါန်းကျူးပုံ

အထ ခေါဘဂဝါဣမံ ဥဒါနံ ဥဒါနေသိ
အညာသိ ဝတ ဘော ကောဏ္ဍညော
အညာသိဝတ ဘော ကောဏ္ဍညောတိ။
ဣတိဟိဒံ အာယသ္မတော ကောဏ္ဍညဿ
အညာ သိကောဏ္ဍ ညောတွေဝ နာမံ
အဟောသိ။

၂၉။ အညာသိကေဏ္ဍည ရှင်ရဟန်းအဖြစ်ဘောင်းပုံ

အထခေါ အာယသ္မာ အညာသိကောဏ္ဍညော
ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော

ပရိယော ဂါဋ္ဌ မေ္မော တိဏ္ဏဝိစိကိစ္ဆော
ဝိဂတ ကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စ ယော
သတ္တုံ သာသနေ ဘဂဝန္တံ တေဒဝေါစ။
လဘေယျာဟံ ဘန္တေ ဘဂဝတော
သန္တိကေ ပဗ္ဗဇ္ဇံ လဘေယ်ျ ဥပသမ္မဒန္တိ။

## ၃၀။ ဟေဘိက္ခုရဟန်းအဖြစ်ရပုံ

ဟေဘိက္ခူတိ ဘဂဝါ အဝေါစ
သ္ဒာက္ခာတော မေ္မော စရ ဗြဟ္မစရိယံ
သမ္မာဒုက္ခဿ အန္တ ကိရိယာယာတိ။ သာဝ တဿ
အာယသ္မတော ဥပသမ္မဒါ အဟောသိတီ။

'မ်ေ္မစက္က ပဝတ္တနသုတ္တံနိဋ္ဌိတံ'

× တရားလိုလျှင် မပျင်းနှင့်

ဝလားဆိုလျှင် ပတင်းနှင့်

× ဟရားလိုလျှင် ပျင်းက

တရားမရ ရှိတတ်သည်

× စကားဆိုလျှင် တင်းက

စကားမလှ ရှိတတ်သည်။

# အနတ္တလက္ခဏသုတ်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## အနတ္တလက္ခဏသုတ်အမ္ဘန်း

က။ ဓမ္မစက္ကံ ပဝတ္တေတ္ဝာ၊
အာသဋ္ဌိယံ ဟိ ပုဏ္ဏမေ။
နဂရေ ဗာရာဏသိယံ၊
ဣသိပတနဝ္ဒယေ ဝနေ။

ခ။ ပါ ပေတ္ဝာဒိဖလံ နေသံ၊
အနုက္ကမေန ဒေသယိ။
ယံ တံ ပက္ခဿ ပဋ္ဌမျံ၊
ဝိမုတ္တံတ္ထံ ဘဏာမ ဟေ။

၁။ အနတ္တလက္ခဏသုတ် နိဒါန်း

ဝေံ မေ သုတံ=
ကေံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိ
ပတနေ မိဂဒါယေ။

တတြ ခေါ ဘဂဝါ ပဉ္ဇဝဂ္ဂိယေ ဘိက္ခဲ့။ အာမန္တေသိ 'ဘိက္ခဲဝေါ'တိ။

'ဘဒန္တေ'တိ တေ ဘိက္ခဲ့။ ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ တေဒဝေါစ-

## ၂။ ရူပကွန္ဓာ အနတ္တဖြစ်ပုံ

ရူပံ ဘိက္ခဝေ အနတ္တာ။

ရူပဉ္ဇ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယ္ယ။

လဗ္ဘေထ စ ရူပေ 'ဝေံ မေ ရူပံ ဟောတု၊ ဝေံ မေ ရူပံ မာ အဟောသီ'တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ။

နစ လဗ္ဘတိ ရူပေ 'ဝေံ မေ ရူပံ ဟောတု၊ ဝေံ မေ ရူပံ မာ အဟောသီ'တိ။

## ၃။ ဝေဒနာကွန္ဓာ အနတ္တဖြစ်ပုံ

ဝေဒနာ အနတ္တာ။

ဝေဒနာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝေဒနာ အာဗာဓာယ သံဝတ္တေယ္ယ။

လဗ္ဘေထ စ ဝေဒနာယ 'ဝေံ မေ ဝေဒနာ ဟောတု၊ ဝေံမေ ဝေဒနာ မာ အဟောသီ'တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ ဝေဒနာ အနတ္တာ၊ တသ္မာ ဝေဒနာ အာဗာဓာယ သံဝတ္တတိ။

နစ လဗ္ဘတိ ဝေဒနာယ 'ဝေံ မေ ဝေဒနာ ဟောတု၊ ဝေံ မေ ဝေဒနာ မာ အဟောသီ'တိ။

## ၄။ သညာကွန္ဒာ အနတ္တဖြစ်ပုံ

သညာ အနတ္တာ။

သညာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ သညာ အာဗာဓာယ သံဝတ္တေယ္မ။

လဇ္ဇေထ စ သညာယ 'ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသိ'တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ သညာ အနတ္တာ၊ တသ္မာ သညာ အာဗာဓာယ သံဝတ္တတိ။

နစ လဇ္ဇတိ သညာယ 'ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသိ'တိ။

## ၅။ သင်္ခါရကွန္ဒာ အနတ္တဖြစ်ပုံ

သင်္ခါရာ အနတ္တာ။

သင်္ခါရာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿံသု၊ နယိဒံ သင်္ခါရာ အာဗာဓာယ သံဝတ္တေယ္မုံ။

လဇ္ဇေထ စ သင်္ခါရေသု 'ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟောသု'န္တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ သင်္ခါရာ အနတ္တာ၊ တသ္မာ သင်္ခါရာ အာဗာဓာယ သံဝတ္တန္တိ။

နစ လဇ္ဇတိ သင်္ခါရေသု 'ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟောသု'န္တိ။

## ၆။ ဝိညာဏကွန္ဒာ အနတ္တဖြစ်ပုံ

ဝိညာဏံ အနတ္တာ။

ဝိညာဏဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝိညာဏံ အာဗာဓာယ သံဝတ္တေယ္မ။

လဗ္ဗေထ စ ဝိညာဏော 'ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသိ'တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ ဝိညာဏံ အနုတ္တာ၊ တသ္မာ ဝိညာဏံ အာဗာဓာယ သံဝတ္တတိ။

နု စ လဗ္ဘတိ ဝိညာဏော 'ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသိ'တိ။

၃။ ရူပကွန္ဓာ၌ လက္ခဏာရေးသုံးပါး

တံ ကိံ မညထ ဘိက္ခဝေ-
ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။
အနိစ္စံ ဘန္တေ။
ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။
ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ 'ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ'တိ။ ။နော ဟေတံ ဘန္တေ။

၄။ နာမကွန္ဓာလေးပါး၌ လက္ခဏာရေး သုံးပါး

ဝေဒနာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။
အနိစ္စာ ဘန္တေ။
ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။
ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ 'ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ'တိ။ ။နော ဟေတံ ဘန္တေ။

သညာ နိစ္စာ ဝါ အနိစ္စာ တိ။

အနိစ္စာ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။

ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ 'ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ'တိ။ ။နော ဟေတံ ဘန္တေ။

သင်္ခါရာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။

အနိစ္စာ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။

ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ 'ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ'တိ။ ။နော ဟေတံ ဘန္တေ။

ဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။

အနိစ္စံ ဘန္တေ။

ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။

ဒုက္ခံ ဘန္တေ။

ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တိ သမ နုပဿိတုံ 'ဧတံ မမ၊ ဧသောဟပသ္မိ၊ ဧသော မေ အတ္တာ'တိ။ ။နော ဟေတံ ဘန္တေ။

၉။ ရုပ်တံရားကို တဏှာ,မာန,ဒိဋ္ဌိဂါဟတို့ဖြင့်
မရှုကြည့်အပ်ပုံ

တသွဲာ တိဟ ဘိက္ခဝေ ယံ ကိဉ္စိ ရူ အတ်တာ နာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တ ံ ဝါ, ဗဟိဒ္ဓါ ဝါ, သြဠာရိကံ ဝါ, သုခုမံ ဝါ, ဟီနံ ဝါ, ပဏီတံ ဝါ, ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ 'နေတံ မမ၊ နေသောဟမသ္မိ၊ နေ မေသော အတ္တာ'တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

၁၀။ ဝေဒနာတရားကို တဏှာ,မာန, ဒိဋ္ဌိဂါဟတို့ဖြင့်
မရှုကြည့်အပ်ပုံ

ယာ ကာစိ ဝေဒနာ အတီတာနာဂတ ပစ္စုပ္ပန္နာ အဇ္ဈတ္တ ံ ဝါ, ဗဟိဒ္ဓါ ဝါ, သြဠာရိကာ ဝါ, သုခုမာ ဝါ, ဟီနာ ဝါ, ပဏီတာ ဝါ, ယာ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗာ ဝေဒနာ 'နေတံ မမ၊ နေသောဟမသ္မိ၊ နေ မေသော အတ္တာ'တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

၁၁။ သညာတရားကို တဏှာ,မာန, ဒိဋ္ဌိဂါဟတို့ဖြင့်
မရှုကြည့်အပ်ပုံ

ယာ ကာစိ သညာ အတီတာနာဂတ ပစ္စုပ္ပန္နာ အဇ္ဈတ္တ ံ ဝါ, ဗဟိဒ္ဓါ ဝါ, သြဠာရိကာ ဝါ, သုခုမာ ဝါ, ဟီနာ ဝါ, ပဏီတာ ဝါ, ယာ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗာ သညာ 'နေတံ မမ၊ နေသော ဟမသ္မိ၊ နေ မေသော အတ္တာတိ' ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

၁၂။ သခ်ါရတရားကို တဏှာ,မာန, ဒိဋ္ဌိဂါဟတို့ဖြင့်
မရှုကြည့်အပ်ပုံ

ယေ ကေစိ သခ်ါရာ အတီတာနာဂတ ပစ္စုပ္ပန္နာ အဗ္ဘတ္တံ ဝါ,ဗဟိဒ္ဓါ ဝါ,သြဋ္ဌာရိကာ ဝါ, သုခုမာဝါ,ဟီနာ ဝါ, ပဏီတာဝါ, ယေ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗေ သခ်ါရာ 'နေတံ မမ ၊ နေသောဟမသ္မိ၊ နမေသော အတ္တာ' တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

၁၃။ ဝိညာဉ်တရားကို တဏှာ,မာန, ဒိဋ္ဌိဂါဟတို့ဖြင့်
မရှုကြည့်အပ်ပုံ

ယံ ကိ ဥိ ဝိညာဏံ အတီတာနာဂတ ပစ္စုပန္နံ အဗ္ဘတ္တံ ဝါ, ဗဟိဒ္ဓါဝါ, သြဋ္ဌာရိကံဝါ,သုခုမံဝါ, ဟီနံဝါ,ပဏီတံ ဝါ, ယံ ဒူရေ သန္ကိကေ ဝါ၊ သဗ္ဗံဝိညာဏံ 'နေတံ မမ၊ နေသောဟမသ္မိ၊ နမေသော အတ္တာ'တိ ဧဝ မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

၁၄။ နိဗ္ဗိန္ဒဉာဏ်မှစ၍မဂ်ကိစ္စ တဆယ့်ခြောက်ချက်ဖြစ်ပုံ

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယ သာဝကော ရူပသ္မိပ္ပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သခ်ါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ။
နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊
ဝိရာဂါ ဝိမုစ္စတိ။
ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ။
ခီဏာ ဇာတိ။

ဝုသိတံ ဗြဟ္မစရိယံ။

ကတံ ကရဏိယံ။

နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။

၁၅။ ပဉ္စဝဂ္ဂိရဟန်းများ ရဟန္တာဖြစ်ပုံ

ဣဒမဝေါစ ဘဂဝါ၊ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုံ။

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စံသူတိ။

အနတ္တလက္ခဏသုတ္တံ နိဋ္ဌိတံ။

# ဓမ္မစကြာသုတ်နိဿယ

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

**ဓမ္မစကြာအမ္ဘန်း**

က-ခ။ ။စတုသစ္စံ၊ သစ္စာလေးပါးကို။ပကာသေန္တော၊ပြတော်မူသော။ လောကနာထော၊ လူတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်။သဟမ္ပတိနာမကေန၊သဟမ္ပတိအမည်ရှိသော။မဟာဗြဟ္မေန၊မြတ်သောဗြဟ္မာမင်းသည်။ ယာစိတော၊ တရားဟောစိမ့်သောငှါ ဘောင်းပန်အပ်သည်ဖြစ်၍။ ဣသိပတန နာမကေ၊ ဘုရား, ပစ္စေက ဗုဒ္ဓါ, အရိယာတို့၏ ကောင်းကင်မှ သက်ရာ ကောင်းကင်သို့ တက်ရာဖြစ်၍ ဣသိပတနအမည်ရှိသော။ မိဂဒါယေ၊ သားတို့အား ဘေးမဲ့ပေးရာ မိဂဒါဝုန် သားပေါင်းစုံသည့် တောရဂုံ၌။ ပဉ္စဝဂ္ဂိန်၊ ငါးယောက်အစု ရှိခြင်းကြောင့် ပဉ္စဝဂ္ဂိအမည်ရှိကုန်သော။ ဘိက္ခူန်၊ ကောဏ္ဍည,ဝပ္ပ,ဘဒ္ဒိယ,ပဟာနမ်, အဿဇိရဟန်းတို့အား။ နိဗ္ဗာနပါပကံ၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော။ ဓမ္မဝရံ၊ မြတ်သောတရားဖြစ်သော။ ယံဓမ္မစက္ကံ၊ အကြင် ဓမ္မ စကြာ ဒေသနာတော်ကို။ အဒေသယိ၊ ဟောတော်မူပြီ။

၈။ ။သဗ္ဗဒေဝေဟိ၊ ခပ်သိမ်းကုန်သော သမျုတိနတ်, ဥပပတ္တိနတ်, ဝိသုဒ္ဓိနတ်တို့သည်။ ဝါ၊ ခပ်သိမ်းကုန်သော နတ်ဗြဟ္မာတို့သည်။ နန္ဒိတံ၊ နှစ်လိုအပ်သော။သဗ္ဗသမ္ပတ္တိသာဓကံ၊ခပ်သိမ်းသော လောကီ-လောကုတ္တရာ ပစ္စုမွန် သံသရာ စည်းစိမ်ကို ပြီးစေတတ်သော။ တံ ဓမ္မစက္ကံ၊ ထိုဓမ္မစကြာဒေသနာတော်ကို။ သဗ္ဗလောကဟိတတ္ထာယ၊ ခပ်သိမ်းသော လောက၏ အစီးအပွားအကျိုးငှါ။ ဟေ၊ အို အရှင် သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၁။ ဓမ္မစကြာ နိဒါန်း

ဘန္တေကဿပ၊အရှင်မဟာကဿပ။ ဣဒံ သုတ္တံ၊ ဤဓမ္မစက္ကပဝတ္တန သုတ်ကို။ ပေ-မယာ၊ အကျွန်ုပ် အာနန္ဒာ ထေရ်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမျုခါ၊ မျက်မှောက်တော်မှ။ ဧဝံ၊ ဤသို့။ သုတံ၊ ကြားလိုက်ရ၏။

ဧကံ၊တပါးသော။ သမယံ၊အခါ၌။ ဘဂဝါ၊မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ဗာရာဏသီပြည်၌။ ဣသိပတနေ၊ ဣသိပတန အမည်ရှိသော။ မိဂဒါယေ၊ မိဂဒါဝုန်တော၌။ ဝိဟရတိ၊ နေတော်မူ၏။ တတြ ခေါ၊ ထိုဣသိပတန မိဂဒါဝုန်တောဝယ် နေတော်မူသော အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ ပဉ္စဝဂ္ဂိယေ၊ ပဉ္စဝဂ္ဂီ အမည်ရှိကုန်သော။ ဘိက္ခူ၊ရဟန်းတို့ကို။ အာမန္တေသိ၊မိန့်တော်မူ၏။

၂။ အယုတ်တရား နှစ်ပါး

ဘိက္ခဝေ၊ ရဟန်းတို့။ ပဗ္ဗဇိတေန၊ ရဟန်းဖြစ်သော သူသည်။ ဒွေ၊ နှစ်ပါးကုန်သော၊ ဣပေ အန္တာ၊ ဤအယုတ် တရား အစုတို့ကို။ နသေဝိတဗ္ဗာ၊ မမှီဝဲအပ်ကုန်။

ဒေ့ အန္တာ၊ ရဟန်းတို့ မ မှီ ဝဲ အပ် ကုန် သော အယုတ်တရား နှစ်ပါးအစုတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်း။

ဟီနော၊ယုတ်သော။ ဂါမေါ၊ ရွာသူတို့၏ ဥစ္စာဖြစ်သော။ ပေါ ထုဇဉ်နိကော၊ ပုထုဇဉ်တို့၏ အလေ့အကျင့်ဖြစ်သော။ အနရိယော၊အရိယာ တို့၏ဥစ္စာမဟုတ်သော။ အနတ္ထသံဟိတော၊ စီးပွားချမ်းသာ ဖြစ်ကြောင်းနှင့် မစပ်သော။ ကာမေသု၊ တောဘူမက တရား တည်းဟူသော ဝတ္ထုကာမတို့၌။ ကာမသုခလ္လိကာနုယောဂေါ၊ ဆန္ဒရာဂ တည်းဟူသော ကိလေသကာမနှင့် ယှဉ်သော ချမ်းသာကို အဘန်တလဲလဲ ခံစားခြင်းဟူဆိုအပ်သော။ ယော စာယံ-ယော စ အယံ အန္တော၊ အကြင်အစုသည်ရင်း။ ဒုက္ခော၊ဆူးငြောင့်ကို မှီ၍အိပ်ခြင်းစသည်ဖြင့် ဆင်းရဲကို ဆောင် တတ် သော။ အနရိယော၊ အရိယာမဟုတ်သော တိတ္ထိတို့၏ဥစ္စာဖြစ်သော။ အတ္ထသံဟိတော၊ စီးပွား ချမ်းသာဖြစ်ကြောင်းနှင့် မစပ်သော။ အတ္ထကိလ မထာနုယောဂေါ၊ မိမိ ကိုယ်၏ ပင်ပန်းခြင်းကို အဘန်တလဲလဲ ဖြစ်စေတက်သော။ ယော စာယံ-ယော စ အယံအန္တော၊ အကြင်အစုသည်ရင်း။ ဒေ့ အန္တာ၊ အယုတ်တရား နှစ်ပါးအစု မည်ကုန်၏။

## ၃။ အလယ် အလတ် အကျင့်တရား

ဘိက္ခဝေ၊ ရဟန်းတို့။ ဧတေ ခေါ ဥဘော အန္တေ၊ ထိုကာမ သုခလ္လိကာနုယောဂ, အတ္တကိလမထာနုယောဂ, ဟူသော အယုတ်တရား နှစ်ပါးအစုတို့ကို။ အနုပဂမ္မ၊ ပကပ်မူ၍။ တထာဂတေန၊ ငါဘုရား သည်။ အဘိသမ္ဗုဒ္ဓါ၊ ထို ထွင်း၍ သိတော်မူ အပ်သော။ စက္ခုကရဏီ၊ သုဝ လေးပါးကိုမြင်တတ်သော ပညာ မျက်စိကို ပြုဟပ်သော။ ဉာဏကရဏီ၊ သစ္စာလေးပါးကို သိခြင်းကို ပြုတတ်သော။ ပဋိပဒါ၊ ကာမသုခလ္လိကာ နုယောဂ သဿတဒိဋ္ဌိဟူသော တခုသောအစု,အတ္တကိလ မထာနု ယောဂ ဥစ္ဆေဒဒိဋ္ဌိ ဟူသော တဘုသော အစု၏ အလယ် ၌ ဖြစ် သော။ ပဋိပဒါ၊

ဝဋ္ဌဆင်းရဲမှ ထွက်မြောက်ခြင်းကို အလိုရှိသော သူတို့သည် ကျင့်အပ်သော အကျင့်သည်။ ဥပသမာယ၊ ကိလေသာ ငြိမ်းခြင်းတည်းဟူသော သဉ္ဇပါဒိ-သေသ နိဗ္ဗာန်အကျိုးငှါ။ အဘိညာယ၊ သစ္စာ လေး ပါးကို ထူးသော ဉာဏ်ဖြင့် သိခြင်းငှါ။ သမ္မောဓာယ၊ သ စ္စာ လေး ပါး ကို ကောင်းစွာ သိခြင်းငှါ။ နိဗ္ဗာနာယ၊ အနုပါဒိ သေသ နိဗ္ဗာန်အကျိုးငှါ။ သံဝတ္တတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂကေန၊ ငါဘုရား သည်။ အဘိ-သမ္ဗုဒ္ဓေါ၊ ထိုးထွင်း၍ သိတော်မူအပ်သော။ စက္ခုကရဏီ၊ သစ္စာလေးပါး ကို မြင်တတ်သော ပညာ မျက်စိကို ပြုတတ်သော။ ဉာဏကရဏီ၊ သစ္စာ လေးပါးကို သိခြင်းကို ပြုတတ်သော။ ယာ မဇ္ဈိမာပဋိပဒါ၊ အကြင်အလတ် ဖြစ်သော အကျင့်သည်။ ဥပသမာယ၊ ကိလေသာ ငြိမ်းခြင်းတည်းဟူသော သဉ္ဇပါဒိသေသ နိဗ္ဗာန် အကျိုးငှါ။ အဘိညာယ၊ သစ္စာလေးပါးကို ထူး သောဉာဏ်ဖြင့် သိခြင်းငှါ။ သမ္မောဓာယ၊သစ္စာ လေးပါးကို ကောင်းစွာ သိခြင်းငှါ။ နိဗ္ဗာနာယ၊ အနုပါဒိသေသ နိ ဗ္ဗာန် အကျိုးငှါ။ သံဝတ္တတိ ဖြစ်၏။

သာ မဇ္ဈိမာ ပဋိပဒါ၊ ထိုအလတ် ဖြစ်သော အကျင့်သည်။ ကတမာစ၊ အဘယ်နည်း။

အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ ၏သော။ အယမေव မဂ္ဂေါ၊ ဤမဂ်လျှင်တည်း။

ဣဒံ မဂ္ဂံ၊ ဤမဂ္ဂင်သည်။ သေယ္ယထာ-ကတမံ၊ အဘယ်နည်း။

(၁) သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်ခြင်း။
(၂) သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာကြံခြင်း။
(၃) သမ္မာဝါစာ၊ ကောင်းစွာဆိုခြင်း။
(၄) သမ္မာကမ္မန္တော၊ ကောင်းစွာပြုခြင်း။

(၅) သမ္မာအာဇီဝေါ၊ ကောင်းစွာ အသက်မွေးခြင်း။
(၆) သမ္မာဝါယာမော၊ ကောင်းစွာ အားထုတ်ခြင်း။
(၇) သမ္မာသတိ၊ ကောင်းစွာအောက်မေ့ခြင်း။
(၈) သမ္မာသမာဓိ၊ ကောင်းစွာ တည်ကြည်ခြင်း။

ဣဒံ-ဓမ္မဇာတံ၊ ဤရှစ်ပါးသော သဘောတရားသည်။ မဂ္ဂင်း၊ မဂ္ဂင်မည်၏။

ဘိက္ခဝေ၊ရဟန်းတို့။ တထာဂတေန၊ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ ထိုးထွင်း၍ သိအပ်သော။ စက္ခုကရဏီ၊ သစ္စာလေးပါးကို မြင်တတ်သော ပညာမျက်စိကို ပြုတတ်သော။ ဥာဏကရဏီ၊ သစ္စာ လေးပါးကို သ်ခြင်းကို ပြုတတ်သော။ အယံ ခေါ သာ မဇ္ဈိမာ ပဋိပဒါ၊ ဤမဂ္ဂင်ရှစ်ပါး တည်းဟူသော အလတ်ဖြစ်သော အကျင့်သည်။ ဥပသမာယ၊ ကိလေသာ ငြိမ်းခြင်းတည်းဟူသော သဥပါဒိသေသ နိဗ္ဗာန်အကျိုးငှာ။ အဘိညာယ၊ သစ္စာလေးပါးကို ထူးသောဥာဏ်ဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာ လေးပါးကို ကောင်းစွာသိခြင်းငှာ။ နိဗ္ဗာနာယ၊ အနုပါဒိသေသ နိဗ္ဗာန် အကျိုးငှာ။ သံဝတ္တတိ၊ ဖြစ်၏၊

## ၄။ ဒုက္ခသစ္စာ

ဘိက္ခဝေ၊ ရဟန်းတို့။ ဇာတိပိ၊ ပဋိသန္ဓေ နေရခြင်း သည်လည်း။ ဒုက္ခာ၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။ ဇရာပိ၊ ဆိုးရွား ဟောင်းမြင်း အိုမင်း ရင့်ရော်ရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။ ဗျာဓိပိ၊ ဖျားနာရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲခြင်း၏ အကြောင်း ဖြစ်၏။ မရဏံပိ၊ သေရခြင်းသည်လည်း။ ဒုက္ခ၊ ဆင်းရဲခြင်း၏အကြောင်း ဖြစ်၏။ အပ္ပိယေဟိ၊ မချစ် မနှစ်လိုအပ်သော သတ္တဝါသခါရတို့နှင့်။ သမ္မ ယောဂေါ၊ အတူတကွ ပေါင်းယှဉ်ရခြင် သည်လည်း။ ဒုက္ခော၊ဆင်းရဲ၏။

ပိယေဟိ၊ ချစ်နှစ်လိုအပ်သော သတ္တဝါသင်္ခါရတို့နှင့်။ ဝိပွယောဂေါ၊ ကွေ့ကွင်း ကင်းကွာရှဲခွာ ဖဲကြဉ် မပေါင်းယှဉ်ရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ ယံပိစ္ဆံ၊ အကြင် ပဋိသန္ဓေနေရခြင်းစသော သဘောတရား ငါ့အား မဖြစ်ပါမူ ကောင်းလေစု စသည်ဖြင့် တောင့်တခြင်းကို။ နလဘတိ၊ မရအပ်။ တံပိ ထိုတောင့်တတိုင်း မရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စ၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာပိ၊ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာတို့သည်လည်း။ ဒုက္ခာ၊ ဆင်းရဲကုန်၏။

ဣဒံ ခေါ ပန ဓမ္မဇာတံ၊ ဤဇာတိ၊ အစရှိသော တရားသည်။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော သစ္စာမည်၏။

## ၅။ သမုဒယသစ္စာ

ဘိက္ခဝေ၊ ရဟန်းတို့။ ယာယံ တဏှာ၊ အကြင်လောဘသည်။ ပေါနောဗ္ဘဝိကာ၊ တဘန် ဘဝသစ်ကို ဖြစ်စေတတ်သော အလေ့ရှိ၏။ နန္ဒိရာဂသဟဂတာ၊ နှစ်သက်ခြင်း, တပ်ခြင်းဖြစ်၍ ဖြစ်၏။ တတြ တတြ၊ ထိုထိုကိုယ်၏အဖြစ်, ထိုထိုအာရုံ၌။ အဘိနန္ဒိနီ၊ အလွန်နှစ်သက်တတ်၏။

ဣဒံ သော တဏှာ၊ ဤတဏှာသည်။ သေယျထာ- ကတမာ၊ အဘယ်နည်း။

ကာမတဏှာ၊ ရူပါရုံစသော ဝတ္ထုကာမကို တပ်တတ်သော တဏှာလည်းကောင်း။ ဘဝတဏှာ၊ သဿတဒိဋ္ဌိနှင့် တကွ ဖြစ်သော တဏှာ လည်းကောင်း။ ဝိဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သောတဏှာလည်းကောင်း။

ဣဒံ ခေါ ပန ဓမ္မဇာတံ၊ ဤတဏှာဟူသော သဘောတရားသည်။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏အကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော သစ္စာမည်၏။

## ၆။ နိရောဓသစ္စာ

ဘိက္ခဝေ၊ ရဟန်းတို့။ တဿာယေဝ တဏှာယ၊ ထို ကာမတဏှာ စသည်ဖြင့် ဝေဘန်အပ်သော လောဘ၏ သာလျှင်။ ယော အသေသဝိရာဂ နိရောဓော၊ အကြင် အကြွင်းမဲ့ တပ်ခြင်းကင်းရာ, ချုပ်ရာဖြစ်သော နိဗ္ဗာန်သည်။ ယောစာဂေါ၊ အကြွင်စွန့်ရာဖြစ်သော နိဗ္ဗာန်သည်။ ယော ပဋိနိဿဂ္ဂေါ၊ အကြင် ဝေးစွာ စွန့်ရာဖြစ်သောနိဗ္ဗာန်သည်။ ယာ မုတ္တိ၊အကြင် လွတ်ရာဖြစ်သော နိဗ္ဗာန်သည်။ ယော အနာလယော၊ အကြင် ကပ်ငြိခြင်းကင်းရာဖြစ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။

ဣဒံ ခေါ ပန-ဓမ္မဇာတံ။ ဤနိဗ္ဗာန်ဟူသော သဘောတရားသည်။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော သစ္စာမည်၏။

## ၇။ မဂ္ဂသစ္စာ

ဘိက္ခဝေ၊ ရဟန်းတို့။ အရိယော၊ မြတ်သော။ အယမေဝ မဂ္ဂေါ၊ ဤမဂ်သည်လျှင်။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၏။

ဣဒံ-မဂ္ဂံ၊ ဤမဂ္ဂင်သည်။ သေယျထာ- ကတမံ အဘယ်နည်း။

(၁) သမ္မာ ဒိ၊ ကောင်းစွာမြင်ခြင်း။
(၂) သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာကြံခြင်း။
(၃) သမ္မာဝါစာ၊ ကောင်းစွာဆိုခြင်း။
(၄) သမ္မာကမ္မန္တော၊ ကောင်းစွာပြုခြင်း။
(၅) သမ္မာအာဇီဝေါ၊ ကောင်းစွာအသက်မွေးခြင်း။
(၆) သမ္မာဝါယာမော၊ ကောင်းစွာအားထုတ်ခြင်း။
(၇) သမ္မာသတိ၊ ကောင်းစွာ အောက်မေ့ခြင်း။
(၈) သမ္မာသမာဓိ၊ ကောင်းစွာကည်ကြည်ခြင်း။

ဣဒံ ခေါပန-ဓမ္မဇာတံ၊ ဤမဂ္ဂင်ရှစ်ပါး တရားသည်လျှင်။ ဒုက္ခ နိရောဓဂါမိနိ ပဋိပဒါ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့် ဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော သစ္စာမည်၏။

## ၈။ ဒုက္ခသစ္စာ၌ သစ္စဉာဏ်

(သစ္စာ လေးပါးကို သရုပ်အားဖြင့် ပြတော်မူပြီး၍ ဤ သစ္စာလေးပါး၌ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ် ဟူသော အပြန်သုံးပါးကို ပြတော်မူခြင်းငှာ 'ဣဒံ ဒုက္ခံ' အစရှိသော ဒေသနာတော်ကို မိန့်တော်မူသည်။)

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤတရာကြည်သော တေ ဘူ မ က တရားသည်၊ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာ မည်၏။ ဣတိ၊ ဤသို့။ ပေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှရှေး၌၊ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရား တို့၌။ စက္ခုံ။ ဒုက္ခသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ ဒုက္ခသစ္စာကို သိခြင်းသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ ဇာတိဒုက္ခ စသည်ကို အပြားအားဖြင့် သိခြင်းသည်။ ဉပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ ဒုက္ခသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ ဒုက္ခသစ္စာကို ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမှိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာ အရောင်အလင်းသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။

ဤကား ဒုက္ခသစ္စာ၌ သစ္စဉာဏ်။

## ၉။ ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ၊ ထိုဒုက္ခဖြစ်သော အရိယသစ္စာကို။ ပရိညေယ္ယံ၊ ဤတရားကား ဒုက္ခတည်း, ဤဒုက္ခကား

ဤမျှသာတည်း, ဤထက် အလွန်, ဤမှ အောက်အယုတ်မရှိဟု ထက်ဝန်းကျင်မှ ပိုင်းခြား၍ သိအပ်၏။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ ပကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ ဒုက္ခသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဥာဏံ၊ ဒုက္ခသစ္စာကို သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ ဇာတိဒုက္ခ စသည်ကို အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ ဒုက္ခသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ ဒုက္ခ သစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်ဘိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(ဤကား ဒုက္ခသစ္စာ၌ ကိစ္စဥာဏ်)

၁၁။ ဒုက္ခသစ္စာ၌ ကတဥာဏ်

ဘိက္ခဝေ၊ရဟန်းတို့။ တံ ခေါ ပနိဒံ ဒုက္ခံအရိယသစ္စံ၊ ထို ဒုက္ခဖြစ်သော အရိယသစ္စာကို။ ပရိညာတံ၊ ဤတရားကား ဒုက္ခတည်း,ဤဒုက္ခကား ဤမျှသာတည်း, ဤထက် အလွန်, ဤမှအောက် အယုတ် မရှိဟု ထက်ဝန်းကျင်မှ ပိုင်းခြား၍ သိအပ်ပြီ။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ ပကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ ဒုက္ခသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဥာဏံ၊ ဒုက္ခသစ္စာကို သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ ဇာတိ ဒုက္ခ စသည်ကိုအပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ ဒုက္ခ သစ္စာကို ထိုးထွင်း၍သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ ဒုက္ခသစ္စာကို ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(ဤကား ဒုက္ခသစ္စာ၌ ကတဥာဏ်)

## ၁၁။ သမုဒယသစ္စာ၌ သစ္စ ဥာဏ်

ဘိက္ခဝေ၀၊ ရဟန်းတို့။ ဣဒံ၊ ဤတရား ဟူသော လောဘသည်။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏ အကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာ မည်၏။ဣတိ၊ ဤသို့။ မေ-မယာ၊ ငါ၏ဘုရားသည်။ ပုဗ္ဗေဘုရားဖြစ်သည်မှရှေး၌။ အနုနိုဿုတေသု၊ မကြားစဖူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခု၊ သမုဒယသစ္စာကို မြင်တတ်သော ပညာ မျက်စိသည်။ ဉာဏပါဒိ၊ ထင်ရှား ဖြစ်၏။ ဉာဏံ၊သမုဒယသစ္စာကို သိခြင်းသည်။ ဉာဏပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊တရားကိုယ်အားဖြင့်တပါး အခြင်းအရေအားဖြင့် ကာမတဏှာ,ဘ၀ တဏှာ, ဝိဘ၀တဏှာဟူ၍ သုံးပါး၊ ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာ ဟူ၍ အာဂုံအားဖြင့် တဆယ် ရှစ်ပါး၊ အဇ္ဈတ္တ,ဗဟိဒ္ဓ သန္တာန်အားဖြင့် သုံးဆယ့်ခြောက်ပါး၊ အတီတ်, အနာဂတ်,ပစ္စုပ္ပန် ကာလသုံးပါး အားဖြင့် တရာ့ရှစ်ပါးရှိ၏ဟု အပြား အားဖြင့် သိခြင်းသည်။ ဉာဏပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ သမုဒယသစ္စာကို ထိုးထွင်း၍သိခြင်းသည်။ဉာဏပါဒိ၊ထင်ရှားဖြစ်၏။ အာလောကော၊ သမုဒယ သစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမှိုက်တို့ကို ဖျက်ဆီး တတ်သော ပညာအရောင်အလင်းသည်။ ဉာဏပါဒိ၊ ထင်ရှားဖြစ်၏။

(ဤကား သမုဒယသစ္စာ၌ သစ္စဉာဏ်)

## ၁၂။ သမုဒယသစ္စာ၌ ဂ်စ္စ ဥာဏ်

ဘိက္ခဝေ၀၊ရဟန်းတို့။ တံ ခေါ၊ ပန်စ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ထိုဒုက္ခ၏ အကြောင်းဖြစ်သော အရိယသစ္စာကို၊ ပဟာတဗ္ဗံ၊ဒိဋ္ဌိဝိစိကိစ္ဆာ သမ္မယုတ်ကို ပယ်တတ်ပြီးမှ၊ ကာမဂုဏ်ကို အနုဝဂ်မိမက်ဖြင့်၊ ရူပ ရာဂ, အရူပရာဂကို အရဟတ္တမဂ်ဖြင့် ပယ်အပ်၏။ ဣတိ၊ ဤသို့။ မေ-

မယာ၊ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေးဦး။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့ဦး။စက္ခုံ၊ သမုဒယသစ္စာ ကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ သမုဒယသစ္စာကိုသိခြင်းသည်။ဥဒပါဒိ၊ထင်ရှားဖြစ်၏။ ပညာ၊ တရားကိုယ် အားဖြင့်တပါး၊ အခြင်းအရာအားဖြင့် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝ တဏှာဟူ၍သုံးပါး၊ ရူပတဏှာ, သဒ္ဒ တဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ,ဓမ္မတဏှာဟူ၍ အာရုံအာ ဖြင့် တဆယ်ရှစ်ပါး၊ အဇ္ဈတ္တ, ဗဟိဒ္ဓသန္တာန်အားဖြင့် သုံးဆယ်ခြောက်ပါး၊ အဝိတ်,အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးအားဖြင့် တရာ့ရှစ်ပါးရှိ၏ဟု အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ သမုဒယသစ္စာကို ထိုးထွင်း၍သိခြင်းသည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။ အာလောကော၊ သမုဒယ သစ္စာကို ဖုံးလွှမ်းတတ် သော မောဟ တည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(ဤကား သမုဒယသစ္စာ၌ ကိစ္စဉာဏ်)

## ၁၃။ သမုဒယ သစ္စာ၌ ကတဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံ ခေါ ပနိဒံ ဒုက္ခ သမုဒယံ အရိယသစ္စံ၊ ထိုဒုက္ခ၏ အကြောင်းဖြစ်သော အရိယသစ္စာကို။ ပဟီနံ၊ မဂ်လေးပါးဖြင့် အကြင်းမဲ့ပယ်အပ်ပြီ။ ဣတိ၊ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ဘုရား ဖြစ်သည်မှရှေးဦး။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာ တရားတို့ဦး။ စက္ခုံ၊ သမုဒယသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊သမုဒယသစ္စာကို သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာတရားကိုယ်အားဖြင့် တပါး၊ အခြင်းအရာအားဖြင့် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ,ဟူ၍ သုံးပါး၊ ရူပတဏှာ, သဒ္ဒ တဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာဟူ၍ အာရုံ

အားဖြင့်တဆယ့်ရှစ်ပါး၊ အဇျတ္တ,ဗဟိဒ္ဓသန္တာန်အားဖြင့် သုံးဆယ့်ခြောက်ပါး၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန် ကာလ သုံးပါး အားဖြင့် တရာ့ရှစ်ပါး ရှိ၏ဟု အပြားအားဖြင့် သိခြင်းသည် ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ စိဇ္ဇာ၊ သမုဒယ သစ္စာကို ထိုးထွင်း၍သိခြင်းသည်။ဥဒပါဒိထင်ရှားဖြစ်၏။ အာလောကော၊သမုဒယသစ္စာကို ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာ အရောင် အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(ဤကား သမုဒယသစ္စာ၌ ကတဥာဏ်)

၁၄။ နိရောဓသစ္စာ၌ သစ္စဥာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤနိဗ္ဗာန်သည်။ ဒုက္ခနိရောဓံ၊ဒုက္ခ၏ ချုပ်ရာဖြစ်သောအရိယသစ္စာ အရိယသစ္စာ မည်၏။ဣတိ၊ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ဘုရားဖြစ်သည်မှရှေး၌။ အနနုဿုတေသု၊မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ နိရောဓသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဥာဏံ၊ နိရောဓသစ္စာကို သိတတ်သော ဥာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ တရားကိုယ်အားဖြင့် တပါး၊ သဥပါဒိသေသ, အနုပါဒိ သေသ အားဖြင့် နှစ်ပါး၊ သုညတ, အနိမိတ္တ,အပ္ပဏီဟိတ အားဖြင့် သုံးပါးရှိ၏ဟု အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ နိရောဓသစ္စာကို ထိုးထွင်း၍သိခြင်းသည်။ဥဒပါဒိ ထင်ရှားဖြစ်၏။ အာလောကော၊ နိရောဓသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာ အရောင်အလင်းသည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(ဤကား နိရောဓသစ္စာ၌ သစ္စဥာဏ်)

## ၁၅။ နိရောဓသစ္စာ၌ ကိစ္စဥာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံခေါပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ထို ဒုက္ခ၏ချုပ်ရာဖြစ်သော အရိယသစ္စာကို။ သစ္ဆိကာတဗ္ဗံ၊ မဂ်ဥာဏ်, ဖိုလ်ဥာဏ်, ပစ္စဝေက္ခဏာဥာဏ်ဖြင့် မျက်မှောက်ပြုအပ်၏။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေတု၊ မကြားစဘူး ကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ နိရောဓသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။ဥာဏံ၊ နိရောဓသစ္စာကို သိတတ်သောဥာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ပညာတရားကိုယ်အားဖြင့်တပါး၊ သဥပါဒိသေသ, အနုပါဒိသေသ အားဖြင့် နှစ်ပါး၊ သုညတ, အနိမိတ္တ, အပ္ပဏီဟိတအားဖြင့် သုံးပါးရှိ၏ဟု အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ နိရောဓသစ္စာကို ထိုးထွင်း၍သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊နိရောဓသစ္စာကို ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင်အလင်းသည်။ ဥဒပါဒိ၌၊ ထင်ရှားဖြစ်၏။

(ဤကား နိရောဓသစ္စာ၌ ကိစ္စဥာဏ်)

## ၁၆။ နိရောဓသစ္စာ၌ ကတဥာဏ်

ဘိက္ခဝေ၊ရဟန်းတို့။ တံခေါပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ထို ဒုက္ခ၏ချုပ်ရာဖြစ်သော အရိယသစ္စာကို။ သစ္ဆိကတံ၊ မဂ်ဥာဏ်, ဖိုလ်ဥာဏ်, ပစ္စဝေက္ခဏာဥာဏ်ဖြင့် မျက်မှောက်ပြုအပ်ပြီ။ ဣတိ၊ ဤသို့။ ပေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ နိရောဓသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဥာဏံ။နိရောဓ

သစ္စာကို သိတတ်သောဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊တရား ကိုယ်အားဖြင့် တပါး၊ သဉ္ဇပါဒိသော၊ အနုပါဒိသော-အားဖြင့် နှစ်ပါး၊ သုညတ, အနိမိတ္တ, အပ္ပဏိဟိတ အားဖြင့် သုံးပါးရှိ၏ဟု အပြားအားဖြင့် သိခြင်းသည် ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ နိရောဓသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ နိရောဓသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(ဤကား နိရောဓသစ္စာ၌ ကတဉာဏ်။)

## ၁၇။ မဂ္ဂသစ္စာ၌ သစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤ မဂ္ဂင်ရှစ်ပါးသည်။ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာမည်၏။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရား သည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေးဦး။ အနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခု၊ မဂ္ဂသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ မဂ္ဂသစ္စာကိုသိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ သမ္မာဒိဋ္ဌိ စသည်ကို အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ မဂ္ဂသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ မဂ္ဂသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(ဤကား မဂ္ဂသစ္စာ၌ သစ္စဉာဏ်)

## ၁၈။ မဂ္ဂသစ္စာ၌ ကိစ္စဥာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံခေါ ပနိဒံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ထိုဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာကို။ ဘာဝေတဗ္ဗံ၊ ပွားစေအပ်၏။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ မေ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ မဂ္ဂသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဥာဏံ၊ မဂ္ဂသစ္စာကို သိတတ်သောဥာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ သမ္မာဒိဋ္ဌိစသည်ကို အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ မဂ္ဂသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အာလောကော၊ မဂ္ဂသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(ဤကား မဂ္ဂသစ္စာ၌ ကိစ္စဥာဏ်။)

## ၁၉။ မဂ္ဂသစ္စာ၌ ကတဥာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံခေါ ပနိဒံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ထို ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာကို။ ဘာဝိတံ၊ ပွားစေအပ်ပြီ။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ မဂ္ဂသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဥာဏံ၊ မဂ္ဂသစ္စာကို သိတတ်သောဥာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ သမ္မာဒိဋ္ဌိစသည်ကို အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝိဇ္ဇာ၊ မဂ္ဂသစ္စာကို ထိုးထွင်း၍သိခြင်းသည်။ ဥဒပါဒိ၊ ထင်းရှာဖြစ်၏။ အာလော

ကော၊ မဂ္ဂသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(ဤကား မဂ္ဂသစ္စာ၌ ကတညာဏ်)

၂၀။ ရှေးကဘုရားဖြစ်ကြောင်းဝန်မခံခဲ့ပုံ

ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝကီဝဉ္စ-ယတ္တက် ကာလံ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဣမေသု စတူသု အရိယသစ္စေသု၊ ဤသစ္စာလေးပါးတို့၌။ ဝေ၊ ဤသို့။ တိပရိဝဋ္ဋံ၊ သစ္စညာဏ်,ကိစ္စညာဏ်, ကတညာဏ်အားဖြင့် သုံးပါးသော အပြန်ရှိသော။ ဒ္ဒါဒသာကာရံ၊ သုံးပါးလေးလီဖြစ်၍ တဆယ်နှစ်ပါးသော အခြင်းအရာရှိသော။ ယထာဘူတံ၊ ဟုတ်မှန်တိုင်းဖြစ်သော။ ညာဏဒဿနံ၊ ဉာဏ်အမြင်သည်။ မေ၊ ငါ့အား။ သုဝိသုဒ္ဓံ၊ အလွန်သန့်ရှင်း ကြည်လင် စင်ကြယ်သည်။ နအဟောသိ၊ မဖြစ်သေး။

ဘိက္ခဝေ၊ ရဟန်းတို့။ တာဝ-တတ္တက် ကာလံ၊ ထိုညာဏ် အမြင် ပစင်ကြယ်သေးသမျှ ကာလပတ်လုံး။ အဟံ၊ ငါဘုရားသည်။ သဒေဝကေ၊ ကာမဝစရနတ်ပြည်ငါးထပ်နှင့်တကွဖြစ်သော။သမာရကေ၊ဝသဝတ္တီနတ်ပြည်နှင့် တကွသော။ သဗြဟ္မကေ၊ ဗြဟ္မာ့ပြည်နှင့်တကွသော။ လောကေ၊ သြကာသလောကဌ်။ သဿမဏဗြာဟ္မဏိယာ၊ ရဟန်း, ပုဏ္ဏားနှင့်တကွသော။ သဒေဝမနုဿာယ၊ သမ္မုတိနတ်တည်းဟူသော မင်း,ကြွင်းသော လူနှင့်တကွသော။ ပဇာယ၊ သတ္တလောကဌ်။ အနုတ္တရံ၊ အတုမရှိသော။ သမ္မာ၊ သမ္မောဓိ၊ အရဟတ္တ မဂ်ညာဏ်, သဗ္ဗညုတညာဏ်ကို။ အဘိသမ္မု ဒ္ဓါ၊တိ ထိုးထွင်း၍ သိပြီဟူ၍။ နေဝ ပစ္စညာသိ၊ ဝန်ခံတော်မမူသေး။

၂၁။ ယခုမှ ဘုရားဖြစ်ကြောင်း ဝန်ခံပုံ

ဘိက္ခဝေ၊ ရဟန်းတို့။ ယတော စ ခေါ ယဒါ ကာလေ၊ အကြင်အခါ၌ကား။ ဣမေသု စတူသု အရိယသစ္စေသု၊ ဤ သစ္စာလေးပါးတို့၌။

ဝေ၀ံ၊ ဤသို့။ တိပရိ၀ဋ္ဋံ၊ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ် အားဖြင့် သုံးပါးသော အပြန်ရှိသော။ ဒ္ဒါဒသာကာရံ၊ သုံးပါးလေးလီဖြစ်၍ တဆယ့်နှစ်ပါးသော အခြင်းအရာရှိသော။ ယထာဘူတံ၊ ဟုတ်မှန်တိုင်းဖြစ်သော။ ဉာဏဒဿနံ၊ ဉာဏ်အမြင်သည်။ မေ၊ ငါ့အား။ သုဝိသုဒ္ဓံ၊ အလွန်သန့်ရှင်းကြည်လင် စင်ကြယ်သည်။ အဟောသိ၊ ဖြစ်၏။

ဘိက္ခဝေ၊ရဟန်းတို့။ အထ တသ္မိံ ကာလေ၊ထိုဉာဏ်အမြင်စင်ကြယ်စွာဖြစ်သောအခါ၌ အဟံ၊ ငါဘုရားသည်။ သဒေ၀ကေ၊ ကာမ၀စရနတ်ပြည်ငါးထပ်နှင့် တကွသော။ သမာရကေ၊ ၀သ၀တီနတ်ပြည်နှင့် တကွသော။ သဗြဟ္မကေ၊ ဗြဟ္မာ့ပြည်နှင့် တကွသော။ လောကေ၊ သြကာသလောကဌ်။ သဿမဏ ဗြာဟ္မဏိယာ၊ ရဟန်း, ပုဏ္ဏားနှင့် တကွသော။ သဒေ၀မနုဿာယ၊ သမ္မုတိနတ် တည်းဟူသော၊ မင်း,ကြွင်းသော လူနှင့် တကွသော။ ပဇာယ၊ သတ္တလောကဌ်။ အနုတ္တရံ၊ အာဘုမရှိသော။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တ မဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို။ အဘိသမ္မုဒ္ဓေါတိ၊ တိုးထွင်း၍ သိပြီဟူ၍။ ပစ္စညာသိံ၊ ဝန်ခံတော်မူပြီ။

## ၂၂။ ပစ္စေ၀ေက္ခဏာဉာဏ်ဖြင့် သိမြင်ပုံ

၁။ ငါ့အား။ ဉာဏဥပန ဒဿနံ၊ ပစ္စေ၀ေက္ခဏာ ဉာဏ်အမြင်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ မေ၊ ငါ၏။ စေတော ဝိမုတ္တိ၊ အရဟတ္တဖိုလ်ဉာဏ်ကို။ အကုပ္ပါ၊ ဆန့်ကျင်ဘက် တရားတို့သည် မဖျက်ဆီးအပ်။ အယံ၊ ဤကိုယ်၏အဖြစ်သည်။ အန္တိမာ၊ အဆုံးစွန်ဖြစ်သော။ ဇာတိ၊အဖြစ်တည်း။ ဣဒါနိ၊ ယခုအခါ၌။ ပုနဗ္ဘ၀ေါ၊ တဘန် ဘ၀သစ်၌ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိပြီ။ ဣတိ ဉာဏဒဿနံ၊ ဤသို့သော ပဋ္ဌ၀ေက္ခဏာ ဉာဏ်အမြင်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။

## ၂၃။ ပစ္စဝဂ္ဂီရဟန်းတို့ တရားကိုနှစ်သက်ကြပုံ

ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဣဒံ ဝစနံ၊ ဤ'ဒွေမေ ဘိက္ခဝေ' စသောစကားတော်ကို။ အဝေါစ၊ မိန့်တော်မူ၏။ ပဉ္စဝဂ္ဂိယာ၊ ပဉ္စဝဂ္ဂိအမည် ရကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အတ္တမနာ၊ နှစ်လိုဝမ်းမြောက်ကုန်သည်ဖြစ်၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဘာသိတံ၊ ဟောတော်မူအပ်သော တရားတော်ကို။ အဘိနန္ဒုံ၊ သာဓု သာဓုဟု ရှိသေစွာ ဦးဖြင့် ခံကုန်၏။

## ၂၄။ အရှင်ကောဏ္ဍည သောတာပန်ပြစ်ပုံ

ဣမသ္မိံစပန ဝေယျာကရဏသ္မိံ၊ ဤဂါထာမဘက် သက်သက်သော အမေးအဖြေဖြစ်သော ဗျာကရိုဏ်းကို။ ဘညမာနေ၊ ဟောတော်မူအပ်သည်ရှိသော်။ အာယသ္မတော၊ ရှည်သော သက်တော်ရှိသော။ကောဏ္ဍညသ၊ ကောဏ္ဍညထေရ်အား။ ဝိရဇံ၊ အပါယ်သို့ လားစေတတ်သော ရာဂအစရှိသော မြူမှုကင်းသော။ ဝီတမလံ၊ အကြွင်းမရှိ ဒိဋ္ဌိ, ဝိစိကိစ္ဆာကို ပယ်သဖြင့် ကင်းသော အညစ်အကြေးရှိသော။ မွေစက္ခုံ၊ သစ္စာလေးပါး တရားကို မြင်တတ်သော သောတာပတ္တိ မဂ်ဉာဏ်တည်းဟူသော မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ယံ ကိဉ္စိ၊ အလုံးစုံသော တေဘူမက တရားသည်။ သမုဒယမွေံ၊ ဖြစ်ခြင်းသဘောရှိ၏။ တံ သဗ္ဗံ၊ ထိုဖြစ်ခြင်း သဘောရှိသောတရားဟူသမျှသည်။ နိရောဓေမွံ။ ချုပ်ခြင်း သဘောရှိ၏။ ဣတိ၊ ဤသို့ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

## ၂၅၊ နတ်ပြဟ္မာဘို့ ကောင်းချီးပေးပုံ

ဘဂဝတာ မြတ်စွာဘုရားသည်။ မွေစက္ကေ၊ မွေစကြာ တရားတော်ကို။ ပဝတ္တိတေ စ ပန၊ ဟောတော်မူအပ်သည် ရှိသော်ကား။ ဘူမာဒေဝါ၊ ဘူပစိုးနတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ အနုဿာဝေသုံ၊ တပြိုင်နက် ကြွေးကြော်ကုန်၏။

ကိုံ အနုဿာဝေသုံ၊ အဘယ်သို့ ကြွေးကြော်ကုန်သနည်း။ဘဂ ဝတာ၊ မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဣသိပတနေ၊ ဣသိပတန အမည်ရှိသော။ မိဂဒါယေ၊ မိဂဒါဝုန် တော၌။ လောကသ္မိံ၊ လောက၌။ ကေနစိ၊ သမဏေနဝါ၊ တစုံ တယောက်သော ရဟန်းသည်ငုင်း။ ကေနစိ ဗြာဟ္မဏေန ဝါ၊တစုံ တယောက်သော ပုဏ္ဏားသည်ငုင်း။ ကေနစိ ဒေဝေနဝါ၊ တစုံ တယောက်သော နတ်သည် ငုင်း။ ကေနစိ မာရေန ဝါ၊ တစုံ တယောက်သော မာရ်သည်ငုင်း။ ကေနစိဗြဟ္မုနာဝါ၊တစုံတယောက် သော ဗြဟ္မာသည်ငုင်း။ အပ္ပဋိဝတ္တိယံ၊ မတားမြစ်နိုင်, မဓဟာနိုင် သော။ အနုတ္တရံ၊ အတုမရှိသော။ ဧတံ ဓမ္မစက္ကံ၊ ဤဓမ္မစကြာ တရားတော်ကို။ ပဝတ္တိတံ၊ ဟောတော်မူအပ်ပြီ။ ဣတိ၊ ဤသို့။ အနုဿာဝေသုံ၊ တပြိုင်နက် ကြွေးကြော်ကုန်၏။

ဘူမာနံ ဒေဝါနံ၊ ဘူမစိုးနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီး ပေးသော အသံကို။သုတ္ဝာ၊ကြားကုန်၍။ စာ ုမဟာရာဇိကာ ဒေဝါ၊ စာတုမဟာရာဇ် နတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ အနုဿာဝေသုံ၊အဆင့် ကြွေးကြော်ကုန်၏။

စာတုမဟာရာဇိကာနံ ဒေဝါနံ၊ စာတုမဟာရာဇ်နတ် တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ သုတ္ဝာ၊ ကြားကုန်၍။ တာဝတိံသာဒေဝါ၊ တာဝတိံသာ နတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ အနု ဿာဝေသုံ၊ အဆင့် ကြွေးကြော်ကုန်၏။

တာဝတိံသာနံ ဒေဝါနံ၊ တာဝတိံသာနတ်တို့၏။ သဒ္ဒံ၊ ကောင်း ချီးပေးသောအသံကို။ သုတ္ဝာ၊ ကြားကုန်၍။ ယာမာဒေဝါ၊ ယာမာနတ် တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ အနုဿာဝေသုံ၊ အဆင့် ကြွေးကြော်ကုန်၏။

ယာမာနံ ဒေဝါနံ၊ ယာမာနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသော အသံကို။ သုတ္တာ၊ ကြားကုန်၍။ တုသိတာဒေဝါ၊ တုသိတာနတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ အနုဿာဝေသုံ၊ အဆင့်ကြွေးကြော်ကုန်၏။

တုသိတာနံ ဒေဝါနံ၊ တုသိတာနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ သုတ္တာ၊ ကြားကုန်၍။ နိမ္မာနရတီဒေဝါ၊ နိမ္မာနရတီနတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ အနုဿာဝေသုံ၊ အဆင့်ကြွေးကြော်ကုန်၏။

နိမ္မာနရတီနံ ဒေဝါနံ၊ နိမ္မာနရတီနတ်ကို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။သုတ္တာ ကြားကုန်၍။ပရနိမ္မိတ ဝသဝတ္တီ ဒေဝါ။ပရနိမ္မိတ ဝသဝတ္တီနတ်တို့သည်။သဒ္ဒံ၊ကောင်းချီးပေးသော အသံကို။ အနုဿာဝေသုံ၊ အဆင့် ကြွေးကြော်ကုန်၏။

ပရနိမ္မိတဝသဝတ္တီနံ ဒေဝါနံ၊ ပရနိမ္မိတ ဝသဝတ္တီနတ်ဖို့၏။သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ သုတ္တာကြားကုန်၍။ ဗြဟ္မကာယိကာ၊ ဗြဟ္မာ့ ပြည်၌ ဖြစ်ကုန်သော။ဒေဝါ၊ဗြဟ္မာတို့သည်။ သဒ္ဒံ၊ကောင်းချီးပေးသော အသံကို။ အနုဿာဝေသုံ၊ အဆင့်ကြွေးကြော်ကုန်၏။

ကိုအနုဿာဝေသုံ၊ အ ဘယ်သို့ ကြွေး ကြော် ကုန် သ နည်း။ ဘဂဝတောမြတ်စွာဘုရားသည်။ ဗာရာဏသီယံ၊ ဗာရာဏသီပြည်၌။ ဣသိပတနေ၊ ဣသိပတန အမည်ရှိသော။ မိဂဒါယေ၊ မိဂဒါဝုန် တော၌။လောကသို့၊လောက၌။ ကေနစိ၊ တစုံတယောက်သော။ သမဏေန ဝါ၊ရဟန်းသည်၎င်း။ ဗြာဟ္မဏေန ဝါ၊ ပုဏ္ဏားသည်၎င်း။ ဒေဝေန ဝါ၊ နတ်သည်၎င်း။မာရေနဝါ၊မာရ်သည်၎င်း။ ဗြဟ္မုနာ ဝါ၊ ဗြဟ္မာသည်၎င်း။ အပဋိဝတ္တိယ၊ မတားမြစ်နိုင်, မဟောနိုင်

သော။အနုတ္တရုံ၊အတုမရှိသော်။ တေံဓမ္မစက္ကံ၊ ဤဓမ္မစက်ြာတရား တော်ကို။ ပ၀တ္တိတံ၊ ဟောတော်မူအပ်ပြီ။ ဣတိ၊ဤသို့။ အနုဿ ဝေသုံ၊ အဆင့်ကြွေးကြော်ကုန်၏။

တေနခဏေန၊ထိုခဏဖြင့်။တေနလယေန၊ ထိုလယဖြင့်။ တေနမုဟုတ္တေန၊ ထိုမုဟုတ်ဖြင့်။ ယာ၀ ဗြဟ္မလောက၊အထက်ကံ့ဗ္ဗ ဗြဟ္မာ့ပြည်တိုင်အောင်။ သဒ္ဒေါ၊ ကျော်စောသော အ သံသည်။ အဗ္ဘုဂ္ဂစ္ဆတိ၊ နှံ့၍တက်၏။

၂၆။ တခဏသင်းသောလေးကမ္ဘာ တုန်လှုပ်ပုံ

အယဉ္စ၊ ဒသသဟဿီလောကဓာတု၊ ဤတသောင်းသော လောကဓာတ် စကြ၀ဠာသည်လည်း။ သံကမ္မိ၊ သက်၍သက်၍ လှုပ်၏။ သမ္မကမ္မိ၊တက်၍ တက်၍လှုပ်၏။ သမ္မ၀ေဓိ၊ ထိုမှ ဤမှ အေးယာဉ်ကဲ့သို့လှုပ်၏။

၂၇။ အရောင်အလင်း ဖြစ်ပေါ်လာပုံ

အပ္ပမာဏော အတိုင်းအရှည်မရှိသော။ ဥဠာ၀ေါ၊ ပြန့်ပြောသော။ ဩဘာသော ၀၊ ဒေသနာဥာဏ်ကြောင့် [illegible] ပေါ်ထွန်းသည် လည်း။ လောကေ၊ လောကဋ္ဌ။ [illegible] နဘ, ဗြဟ္မာ့ပြည်၊ အာနုဘော် ကို။ အတိက္ကမ္မ၊ သာလွန်၍။ ပါ[illegible]ရဟောသိ၊ ထင်ရှားပြစ်၏။

၂၈။ မြတ်စွာဘုရား ဥဒါန်းကျူးပုံ

အထ၊ထိုအခါ၌။ ဘဂ၀ါ၊မြတ်စွာဘုရားသည်။ ဥဒါနံ၊ဝမ်းမြောက် သောစကားကို။ ဥဒါနေသိ၊ တသောင်းတိုက်သား ကြားသိအောင်ပြုက်ဆို တော်မူ၏။ ကိုဥဒါနေသိ၊ အဘယ်သို့ ပြုက်ဆိုတော်မူသနည်း။

ဘော၊ အို ရဟန်းတို့။ ကောဏ္ဍညော၊ ကောဏ္ဍညသည်။ ဝတ၊ စင်စစ်။ အညာသိ၊သစ္စာလေးပါးကိုသိလေပြီ။ ဘော၊ အိုရဟန်းတို့။ ကောဏ္ဍညော၊ကောဏ္ဍညသည်။ ဝတ၊ စင်စစ်။ အညာသိ၊သစ္စာ လေးပါးကို သိလေပြီ။

ဣတိ၊ ဤသို့။ ဥဒါနေသိ၊ မြွက်ဆိုတော်မူ၏။

ဣတိဟိ ဣတိ ၉၀၊ ဤသို့ ဥဒါန်း ကျူး တော် မူ သောကြောင့် သာလျှင်။အာယသ္မတော ကောဏ္ဍညဿ၊ အရှင်ကောဏ္ဍညအား။ အညာသိ ကောဏ္ဍညော တွေ့ဝ၊ အညာသိ ကောဏ္ဍည ဟူ၍သာလျှင်။ ဣဒံ နာမ၊ ဤအမည်သည်။ အဟောသိ၊ဖြစ်၏။

၂၉။ အညာသိကောဏ္ဍည ရှင်ရဟန်းအဖြစ် တောင်းပုံ

အထခေါ၊ ထို သောတာ ပန် ဖြစ်ပြီးသော အခါ၌။ အာယသ္မာ အညာသိကောဏ္ဍညော၊ အရှင် အညာသိ ကောဏ္ဍညသည်။ ဒိဋ္ဌဓမ္မော၊ မြင်အပ်ပြီးသော သစ္စာတရား ရှိ သည် ဖြစ်၍။ ပတ္တဓမ္မော၊ ရောက်အပ်ပြီးသောသစ္စာတရားရှိသည်ဖြစ်၍။ ဝိဒိတဓမ္မော၊ သိအပ်ပြီးသောသစ္စာတရား ရှိသည်ဖြစ်၍။ ပရိယောဂါ ဠှဓမ္မော၊ ဉာဏ်ဖြင့် သက် ဝင် အပ်ပြီးသော သစ္စာတရားရှိသည်ဖြစ်၍။ တိဏ္ဏဝိစိကိစ္ဆော၊ ကူးမြောက်ပြီးသော တဆယ့် နှောက်ပါးသော ယုံမှားခြင်း ရှစ်ပါးသော ယုံမှားခြင်း ရှိသည်ဖြစ်၍။ ဝိဂတကထံကထော၊ သို့လော သို့လော တွေးတောယုံမှားခြင်း ကင်းသည် ဖြစ်၍။သတ္ထုသာသနေ၊မြတ်စွာဘုရားသာသနာတော်၌။ ဝေသာရဇ္ဇပ္ပတ္တော၊ ရဲရင့်ခြင်း.သို့ ရောက်သည်ဖြစ်၍။ အပရပ္ပစ္စယော၊ ကိုယ် တိုင် မျက် မှောက် သိမြင် အပ်သောကြောင့် သူတပါတို့အားယုံကြည်ခြင်းမဖြစ်မူ၍။ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ တံဝစနံ၊ ဤသို့သော စကားကို။ အဝေါစ၊လျှောက်၏။

ဂဗ်ုတ္ထဝေါစ၊ အဘယ်သို့လျှောက်သနည်း။

ဘန္တေ၊အရှင်ဘုရား။အဟံ အကျွန်ုပ်သည်။ ဘဂဝတော၊မြတ်စွာ ဘုရား၏။ သန္တိကေ၊ အထံတော်၌။ ပ်ဗ္ဗဇ္ဇံ၊ ရှင်၏ အ ဖြ ဉ် ကို။ လဘေယျံ၊ရချင်ပါ၏။ ဥပသမ္ပဒံ၊ ပဉ္စင်း၏အဖြစ်ကို။ လဘေယျံ၊ ရချင်ပါ၏။

ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။

## ၃၀။ ဟော်ဘိက္ခု ရဟန်းဖြစ်ပုံ

ဘိက္ခု၊ရဟန်း။ဟော်၊လာလှည့်။ ဓမ္မော၊တရားတော်ကို။ သွာက္ခာတော၊ကောင်းစွာငါဟောအပ်ပြီ။ ဒုက္ခဿ၊ဝဋ္ဌဆင်းရဲ၏။ အန္တကိရိယာယ၊ အဆုံးကိုပြုခြင်းငှါ။ သမ္မာ၊ ကောင်းစွာ။ ဗြဟ္မံစရိယံ၊ အထက် မဂ်သုံးပါး တည်းဟူသော မြက်သော အကျင့်ကို။ စရးကျင့်လော့။

ဣတိ၊ဤသို့။ဘဂဝါ၊မြတ်စွာဘုရားသည်။အဝေါစ၊မိန့်တော်မူ၏။ တဿအာယသ္မတော၊ ထိုအရှင် အညာသိကောဏ္ဍညအား။ သာဝဥပသမ္ပံဒါ၊ထိုဟော်ဘိက္ခု ပဥ္ဇင်း အဖြစ်သည်သာလျှင်။ အဟောသိ၊ ဖြစ်၏။

ဓမ္မစက္ကပဝတ္တနသုတ္တံ၊ ဓမ္မစက္က ပဝတ္တနသုတ်သည်။
နိဋ္ဌိတံ၊ အပြီးသို့ရောက်ပြီ။

[ဝါထိုလပြည့်နေ့ အရှင် ကောဏ္ဍညတော်ရ် သောတာပန် ဖြစ်သည်၊ လပြည့်ကျော် တရက်နေ့ ဝပ္ပထေရ် သောတာပန် ဖြစ်သည်။ နှစ်ရက်နေ့ ဘဒ္ဒိယထေရ် သောတာပန်ဖြစ်သည်။ သုံးရက်နေ့ မဟာနာမ ထေရ် သောတာပန်ဖြစ်သည်၊ လေးရက်နေ့ အဿဇိထေရ် သောတာပန်ဖြစ်သည်။ ငါးရက်နေ့ အနတ္တလက္ခဏသုတ်ကို ဟော၍ ငါးပါးလုံးရဟန္တာချည်းဖြစ်ကုန်သည်]။

## ကျမ်းပြီးနိဂုံး

ဣတိ မဟိဋ္ဌကာဝါသနိဝါသိနာ မဟာထေရေန ရစိတော ဓမ္မစက္ကပဝတ္တနသုတ္တနိဿယော—

သဟ်ဿ သတ နဝုတိ စတုဝဿမှိ သာဝဏေ။
ပုဏ္ဏမေ ပုရေဘတ္တမှိ၊ ပဟာရေကမှိ သောရိယေ။

ဣတိ ဣမိနာ အနုက္ကမေန၊ ဤသို့သော သဒ္ဓါအစဉ်, အနက်အစဉ် ဖြင့်။ မဟိဋ္ဌကာဝါသနိဝါသိနာ၊ မဟာ အောင်မြေ ဘုံစံ အုတ်ကျောင်း တော်၌ သီတင်းသုံးနေသော။ မဟာထေရေန၊ စက္ကိန္ဒာဘိ သီရိသဒ္ဓမ္မ၊ ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု မဟာထေရ်သည်။ရ စိတော၊ရေးစီရင်အပ်သော။ဓမ္မစက္ကပဝတ္တန သုတ္တနိဿယော၊ဓမ္မစက္ကပဝတ္တနသုတ်၏နိဿယသည်၊ သဟဿသတနဝုတိစတုဝဿမှိ၊ သက္ကရာဇ် ၁၁၉၄ ခုနှစ်၌။ သာဝဏေ၊ နံကာလ၌။ပုဏ္ဏမေပုရေဘတ္တမှိ၊ လပြည့်နေ့နံနက်။ ပဟာရေကမှိသောရိ.ယ၊ စနေနေ့ တချက်တီးအချိန်၌။ နိဋ္ဌိတော၊ ပြီးဆုံးခြင်းသို့ရောက်၏။

ဓမ္မစကြာသုတ် နိဿယ ပြီး၏။

# ဓမ္မစကြာ စာတော် ပြန်ပွဲ ဆင်ကာ နှဲ့ ယဉ်ကျေး သိမ်မွေ့ နူးညံ့ခြင်း သည် ကိုယ်ကျင့် ရှိသူတို့၏ အ ကျင့်မြတ်ဖြစ်၏။

**အောင်မြင်ရာငယ် အားတက်ဘွယ်**

၁၃၁၂ခုနှစ် တပေါင်းလဆန်း '၁၄'ရက် '၂၁-၃-၅၁' နေ့၊ ဖျာပုံမြို့နယ် ကနိကျေးရွာ ဓမ္မစကြာ စာပြန်ပွဲကို ငါးရက် တိုင်တိုင် ကျင်းပရာ စည်းကားသိုက်မြိုက်စွာ ပြီးစီးအောင်မြင်ခဲ့ပေသည်။

ထိုအချိန်တွင် မြန်မာနိုင်ငံတော် ပြည်တွင်းစစ် မီးဟုန်းတောက်နေဆဲပင်ဖြစ်ပေ၏။ တကယ် ချေမ်းသာယာမှုကို အလိုရှိကြသော အမျိုးသား အပျိုးသမီးများသည် ရှင်တော်ဘုရား ဟောကြားတော်မူသော လူကျင့်ဝတ် ကိုယ်ကျင့်ဝတ်တရားများကို အဓိကထား၍ နေ့ရောညဉ့်ပါ ဓမ္မ စကြာ၊ အနတ္တလက္ခဏသုတ်၊ ပရဘဝသုတ်၊ ဝသလသုတ် စသော ကိုယ်ကျင့်ယဉ်ကျေးမှု ဗုဒ္ဓတရားတော်များကို ကျက်မှတ် ပြန်ဆိုကြသည်မှာ အားတက်ဘွယ်ရာ ကောင်းလှပေ၏။

## ဘုရားဝတ်တက် မပျက်အာရုံ ပြုကျင့်ကုန်၏

ဓမ္မစကြာ ဝတ်အသင်းသူ အသင်းသားများသည် နေ့စဉ် အမျ ဘုရားဝတ်တက်မှုများကို အာရုံပြု၍ စာပြန်ပွဲတော်အတွက် ဆင်နွဲနိုင်ရန် အားတွင် ကိစ္စအာဝတ္တိုကို ပြုလုပ်ရင်းပင် စာသံပေသံ တည်ညံနှင့် အပြိုင် အဆိုင် အားတက်သရော ပြန်ဆိုရွတ်ဘတ်ကြသည်။

အားလပ်တိုင်း ကျက်မှတ်လေ့လာကြသည်။ မိခင်ဖခင် များမှာ လည်း ဤသို့ ပြန်ဆို ရွတ်ဘတ်ကျက်မှတ်ကြသောအခါ သားသမီးများ၏ အလုပ်ဝတ္တရားများကို ကောက်ကာငင်ကာ ကူညီညာ ဝိုင်း၍ နာရီပိုင်း အချိန်ပိုရအောင် အားပေးချီးမြှင့်ကြသည်မှာ အထူး ဝမ်း သာ စ ရာ ဖြစ် ပေသည်။

## ယဉ်ကျေးမှုစာ အရသာကောင်း စိတ်မိုက်ပြောင်း၏

ဤကဲ့သို့ လေ့လာအားထုတ်ကြရင်း ယဉ်ကျေးမှု တရားစာပေ၏ အရသာများကို သိရှိနားလည်သောအခါ လျှပ်ပေါ် လော်လီသောစိတ်မိုက် စိတ်ရိုင်းများကို လွှင့်စင်ပပျောက်သည့်အပြင် ကိုယ့်ရေး ကိုယ့်တွက်တာ စီးပွားရေးနှင့်တကွ ဝတ်မှု စားမှု နေထိုင်မှုမှစ၍ အစစအရာရာ လိမ်မာ ယဉ်ကျေးမှုများ တိုးတက်လာပေသည်။

ဖျာပုံမြို့နယ် ဓမ္မစကြာ စာပြန်ပွဲပြုလုပ်ကျင်းပသော ကနိရွာမှာဆို လျှင် များသောအားဖြင့် ကိုယ်ကျင့်ယဉ်ကျေးမှု တရားများကို နားလည်မှု ရသောကြောင့် ကိုယ်ကျင့်စာရိတ္တ အကျိုးကျေးဇူးများကို ကောင်းစွာ ခံစားရပေ၏။ ဓမ္မစကြာ စာပြန်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ တရားဆွေးနွေးပွဲ များ ဖန်တီးပြုပြင်ပေးမှုကြောင့် ကိုယ်ကျင့်တရားများ တိုးတက် သည်ကို တွေ့မြင်ရပေ၏။

## ဤသို့ အတုယူကာ ပြုလုပ်ပါလော့

မြို့တိုင်း ရပ်တိုင်း ရွာတိုင်းလိုလို ဓမ္မစကြာဝတ်အသင်းများ တည်ထောင်၍ ဓမ္မစကြာ အနတ္တလက္ခဏာသုတ်စသော ဗုဒ္ဓ တရားတော်များကို အားပေးကြရန်လည်း မမေ့ကြပါရန် သတိပေးပါသည်။

ကျက်မှတ်ပြန်ဆိုကြသော ပုဂ္ဂိုလ်များ၊ တရားတော်၌ ဝါသနာအထုံနှင့် တရားတော်၏ အရသာကို သိရှိနားလည်အောင် စာပြန်ပွဲ၊ စကားရည်လုပွဲ၊ တရားစကား ဆွေးနွေးပွဲ စသော လိပ္ပာယဉ်ကျေးမှုများ တိုးတက်လာအောင် ဖန်တီးပြုလုပ်ပေးရန်ကိုလည်းတိုက်တွန်းပါ၏။သို့မဟုတ် ဓမ္မစကြာဝတ်အသင်းများ၊ ထုတ်ကြရန် နှိုးဆော်တိုက်တွန်းပါကြောင်း။

## စိတ်ဝင်စားမှု အာရုံပြုလော့

အထူး သတိပေးလိုက်ပါရစေ၊ ယခုဝတ်တက် အစီအစဉ်သည် ဓမ္မစကြာနှင့် အနတ္တလက္ခသုတ်တော်များကို အဓိကထား၍ အမှန်းစာနှင့်တကွ ရွတ်ဘတ် သရဇ္ဈယ်ကြရန် အချိန်နာရီသင့်တော်၍ စီစဉ် ထားခြင်း ဖြစ်ပါသည်။

## ထို့ထက်ပို၍နောက်ပိုင်းပှာ

ပရိတ်အမှန်း၊ပရိတ်ရွတ် ပဌာန်းအမှန်း၊ပဌာန်းရွတ် ပဋ္ဌာစာရီအမှန်း၊ သိရီမာအမှန်း၊ မေတ္တာအမှန်း၊ မေတ္တာပို့စသည်တို့ဖြင့် အချိန် နာရီ ကြာအောင် ဆွဲငှင် ရွတ်ဆိုနေပါက မသင့်တော်လှပေ။

## စိတ်ဝင်စား၍ အာရုံပြုနိုင်မှ ကုသိုလ်ဖြစ်မည်

စိတ်ဝင်စားမှုမရှိလျှင် ကောင်းမည်မဟုတ်ကြောင်းကို သိရှိနာ.လည်ကြပါ။

သို့အတွက်အငကာင်းဆုံးနည်းမှာ

အချိန်လည်းမကြာ အာရုံလည်းပြုလို့ ကောင်းအောင် ဝတ်တက်ပည်ဖြစ်သော ဘုရားပင့်၊ နံတ်ဘိတ်အမှန်း၊ ရွတ်ဆိုမည့် သုတ်မေတ္တာပို့စသည်များကို အစီအစဉ်ပြုလုပ်ပြီး အလှည့်ကျ ရက်ပတ်နှင့် ကိုက်ညီအောင် အချိန် သင့်တော်ရုံထား၍ စီစဉ်ကြရန် 'အထူးသတိပေး ရေးသားလိုက်ရပေသတည်း။'

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြ၍ ကိုယ်ကျင့် ယဉ်ကျေးမှု ဗုဒ္ဓတရားတော်များကို လေ့လာဆည်းပူး အားထုတ်နိုင်သော ပုဂ္ဂိုလ်များ ဖြစ်ကြပါစေသောဝ်။

## ကနိ- မေ့စကြာ- ဝတ်အသင်း
## ဘုရား ပင့်

၁။ မာဇုရီ ဗလဝိဿဌာ
ကုဏ္ဍာနာနာ ဝိခာယုခာ
လဇ္ဇမာနည ဝေဿေန
ဇိနပါဒါ နတာတဝ။

၂။ သမဂ္ဂါမေ့ ကာမိနံ
ဥဒေတု ပါဒပဂ်ဇံ
ကနိဂါမ နိဝါသိနံ
အမှာကံ ဝရသိသကေ။

ဇန်၊ ငါးပါးမာန်ယုတ် ရန်ခလုတ်ကို
လှန်ထုတ်ပယ်ရှင်း အောင်တပ်ခင်း၍
ဦမ်နင်း ကွပ်ကဲ ခြိမ့်ခြိမ့်သဲမျှ
အောင်ပွဲသခင် ဘုရားရှင်မြတ်သည်။

မာရာရ ဗလဝိဿဌာ။ ။ဂီရိမေခလာ မည်သာခေါ်တွင် နတ်ဆင်ပြောင်ကြီး တက်ခါစီးလျက် ထန်သည်း ဒေါသ ဟုန်းဟုန်းကြွသည် ဝဿဝတီ ပူရီသနင်း မာန်မိုက်မင်း၏ ထံရင်းခံစား နတ်စစ်သားတို့က အစွမ်းကုန် ပစ်လွှတ်အပ်ကုန်သော....

နာနာဝိဓာ။ ။စကြာဝဋ္ဌာ ကုန်စင် ကောင်းကင်မြေမိုး ဖြန်းဖြန်းကျိုးမျှ အမျိုးမျိုးအစားစား များလှစွာကုန်သော အာယုဓား ပုဆိန်လှံ ဓား လေးမြှား သံလျှက် နတ်စက်ဖွဲ့ဖြူ ပြာပူထောင်သောင်းလက်နက်အပေါင်းတို့သည်—

ကုဏ္ဍာသချေ်လေးရပ် တသိန်းကပ်တိုင်း အမြတ်ဆည်းပူး ပါရမီထူးဖြင့် မစူးမရှ တုံးကြကုန်သည်ဖြစ်၍ မဇ္ဇမာနာ သက်ရှိသတ္ဒာ ကဲ့ပမာသို့ လွန်စွာလှန့်ကုန် ရှက်ကြောက်ကြကုန်လျက်—

အညဝေသေန ရွှေငွေသဏ္ဍာန် ရတနာစိန်ကျောက် ပန်းပေါက်ပေါက်စသော အသွင်ဖြင့် တဝ ငါးမာန် အောင်မြင် မြတ်ရှင်ဘုရား၏။

ပါဒနတာ ခြေတော်ရင်း၌ ဝပ်စဉ်း ဦးခိုက်၍ လာရောက်ကြပါကုန်၏။ တွံ့ ဗောဓိ့ညောင်ရွှေ ပုလ္လင်ဗွေ၌ အောင်ဘိသေယူ အောင်လံ့ထူလျက် အောင်သူထွဋ္ဌထား အရှင်မြတ်စွာဘုရားသည်။

သပဂ္ဂါနံ ဓမ္မစကြာ ကျမ်းရွှေစာကို ညိညာဖျဖျ ရွတ်ဆို ကြသည့် ဓမ္မစက္ကဝတ်အသင်းသူ ဖြစ်ကြကုန်သော ဓမ္မကာမိနံ တဆင့်တဆင့် နေသို့မြင့်လျက် ရှင်မင်းသာသနာ ပွင့်လင်းလာအောင် လွန်စွာအားထုတ်၍ နေကြကုန်သော။

ကနိ ဂါမ နိဝါသိတံ၊ ရောက်လာကြသူ ရှင်လူနှလုံး ပြည့်၍ ကျုံးသို့ ရှင်ပြုံးပြိုပြို နှစ်လိုစရာ သာယာသန့်ရှင်း သလင်းမြေညီ စေတီ ပြဿာဒ် ဇရပ်ကျောင်းသိမ် ဝင်းဝင်းထိန်မျှ တိုက်အိမ် ဆန်းပြား လမ်း တံတားတို့ ဆန်းပြားစုံစွာ ကနိရွာတွင် ရတနာသုံးရပ် မြတ်ထက်မြတ်ကို ဆည်းကပ်ညဉ့်နေ့ သူတော်လေ့ဖြင့် ပျော်မွေ့ နေထိုင်လျက်ရှိကြပါကုန် သောဝ်။

အမှာကံ၊ ငွေစန်းရောင်ရှင် ကြေည်လင်သို့ 'အရှင်စန္ဒောဘာသ' မြတ်ထေရ၏ ဆုံးမညွှန်ကြားမိန့်စကားနှင့် တရားနှင့်ပျော် ဘုရားတပည့် တော်တို့သည်။

ဝရသိသကေ၊ နှစ်ကုဋ္ဌေငါးသန်း ငွေနန်းချည်မျှင် ဥတ္တမင်းက ဦးသိသအပြင်၌။ ပါဒပဂ်ဇံ၊ သီရိနွာဘိ သီရိရတနာ မဂ်လာဖြိုးမောက် ဖုန်းတောက်တိုးတက် ရွှေစက်ပဒုံ ဖန်ဝတ်မှုံကို။ အဂ္ဂမိတ္တဝါ၊ ဖလ်ဝါ ညွှတ်နူး လွှတ်တုစွမ်းသန် ကြီး အား အန် နှင့် နောင်ကြံ ထောက် ထား ကြောင်းသုံးပါးနှင့် ကြွသွားတိုင်းပင် ရာမထင်ဘဲ ဗိန်နန်းစံကွန့် မြူးတူး ပျံသန်းတော်မူပြီး၍။

ဥဒေတု၊ ကနိရပ်မြေ အသင်းသူတွေကို အောင်ဇေယျတု အောင် ကြောင်းပြု၍ အောင်ဆုပေးမည် စိတ်တော်ရည်၍ တည်နေကိန်းဝပ်တော် မူလှည့်ပါ့ အသရေမဆုံး နေတနှုန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှ မြတ်ကြီး ဘုရား။

( ကနိ ဓမ္မစကြာဝတ်အသင်း ဘုရားပင့် ပြီးပြီ )

# နတ်ပင့်

## သမန္တာ စက္ကဝါဋ္ဌေသု
## အတြာဂစ္ဆန္တု ဒေဝတာ။

သမန္တာ၊ ငါတို့ယခု စည်းဝေးပြုရာ(ကနိရွာဝယ် မင်္ဂလာသိုက်မြို့က် ပိဋကတ်တိုက်၏)ဌာနဗွေစက် အလယ်ချက်က စ၍ရေတွက် အောက်ထက် ဖီလာ ဆယ်ဒိသာပတ်ဝန်းကျင်မှ။ စက္ကဝါဋ္ဌေသု၊ လေးကျွန်းတမြင့်မိုရ် နကိုမဏ္ဍိုင် အပြိုင်နေလ ထွန်းပသာယာ မင်္ဂလာတိုက်ပေါင်း တသောင်းသော စကြဝဋ္ဌာတိုက်တို့၌။ ဒေဝတာ၊ ထိးဖြူထီးချက် ကနက်ဥကင် ရာဇပလ္လင်ရွှေနန်း ကိုးခန်းရှစ်ရပ် ပြဿာဒ်ရဝေ ရွှေပြည်မြို့ပြ ဂါပ ဇနပုဒ် သမုဒ်မြေပြင် ကောင်းကင်မိုးပျံ ဗိမာန် ဘုံနန်းတို့၌ သိမ်းမြန်းစံပျော် မွေ့လျော်တည်နေကြကုန်သော။

သမ္မာဒေဝ လောကပါလာ ဣန္ဒာသူယံ သဟမ္ပတိ အစရှိသည် ကြီး၏တေဇာ နတ်ဗြဟ္မာတို့သည်။ ဇွေ၊ ဤစကြဝဋ္ဌာ မင်္ဂလာသိုက်မြို့က် ပိဋကက်တိုက်ဝယ် ကြည်လင်ညွှတ်ကျို့ ရှိခိုးပူဇော် ပရိတ်တော်နှင့် ဂုဏ်တော်မေတ္တာ ဘာဝနာကမ္ပဋ္ဌာန်း စီးဖြန်းခြင်းဝှါ ငါတို့ယခု စည်းဝေးပြု၍ ဓမ္မစကြာရွတ်ဘတ်ရာဤအရပ်သို့။

အာဂစ္ဆန္တု၊ သောင်းတိုက်စကြဝဋ္ဌာ ရိုက်သွက်ခါအောင် ညီညာ ဖြဖြ ကြွရောက်တော်မူကြပါကုန်လော့။

အထက်ပါ စာပိုဒ်( )ပြထားသော နေရာတွင် အိမ်ဖြစ်ပါက မင်္ဂလာပြည့်စွာ အိပ်ဂေဟာ၏။ စေတီပြင်ဖြစ်က မင်္ဂလာကြည်လင် စေတီ ပြင်၏။ ရွာရေးရာဖြစ်ပါက မိမိတို့အရပ် ရွာအမည်ထည့်၍ဆိုပါ။

အဓိပ္ပါယ်မှန်ကန်စွာ ကာရန်ညီအောင် ဖြည့်ဆိုပါက ပို၍ကောင်း မည်ဖြစ်ကြောင်း။

ရှိခိုးပူဇော်ကြရန် ကန်တော့ခန်း

အို... မွေစကြာမြတ်ရသာနှင့် ဘာဝနာကမ္မဋ္ဌာန်း ရှင်လန်းကြည်ဖြူ နာယူဘို့ရာ ကြွရောက်လာသော သမ္မာဒေဝ လောကပါလာ ဣန္ဒာသူယံ သဟမ္ပတိ စရှိသောင်းသောင်း နတ်ဗြဟ္မာ ပေါင်းနှင့် သူကောင်း ရတနာ ခုနစ်ဖြာကို များစွာလိုလား မွေစကြာဝတ်အသင်းသားတစုတို့ ယခုအခါ စေတနာနှင့် သဒ္ဓါပြဋ္ဌာန်း ရှင်လန်းသောမနဘ် စိတ္တုပ္ပါဒ်ဖြင့် ကိုးရပ် သောဂုဏ် အာရုံဆပွား သဗ္ဗညုရှင်တော်ဘုရားအား ငါးပါးသောပတိဋ္ဌ သုံးပါးသောပဏာမတို့ဖြင့် ဂါရဝမင်္ဂလာ ရိုသေစွာ လက်စုံမိုး၍ ရှိခိုး ဖူးမျှော် ပူဇော်ကန်တော့ကြပါကုန်စို့။

သိလတောင်း

ဣန္ဒြေကောင်းမြတ် ဆည်းကပ်ရောက်လာ သမ္မာဒေဝ လောက ပါလာ ဣန္ဒာသူယံ သဟမ္ပတိ စရှိသောင်းသောင်း နတ်ဗြဟ္မာအပေါင်း တို့နှင့် သူတော်ကောင် ရတနာ ခုနစ်ဖြာကို များစွာလိုလား မွေစကြာ ဝတ်အသင်းသားတို့သည် ယခုအခါ နတ်ရွာနိဗ္ဗာန် သုံးတန်ချမ်းသာ ပေး

တတ်စွာသော စေတနာငါးလီ ဝိရတိ ငါးချက် ဖိုလ် မဂ် အသောက် အဆုံ့ သုံးပါးသောသရဏာဂုဏ် (ငါးစုံသော သီလ)ဂဟဋ္ဌ သိက္ခာပုဒ်တို့ကို ကောင်းမွန်စွာခံယူကြပါကုန်စို့။

## ဝမ္မစကြာဝတ် အမှန်း

သပြေလက်ျာ မြေမျက်နှာ၌ ချက်ပမာသွယ် အလယ်ဗဿဝ ရှေ့ပလွင်တွင် ခြေနှစ်မာရိုင်း ချန်မထားဖြတ် သတ္တ သတ္တ စေ့လက်ဝါကျ ဇပါလဟု နာပပြောင်လွင် ညောင်ပင်တွင်နား တရားမဟော များဇော ဝေလျှံ နေဟာခံ့ဘင် သဟမ္ပတိ အကြံ့သိ၍ ရရှိပတ်ကာ နတ်ပြဟ္မာဘေ့ ချေရှေ့စုပ်ပ္ပ ဒေသေဘု စလုကြသိညာ ဤဂါထာဖြင့် စီကာကြောင်းတန် တောင်းပန်မှတ်ခါ စောမြတ်စွာသည် သတ္တဝါစု ဓာတ်မှာရှုလျှင် အာဌာ ရုဒ ဃုကြ္ဘူစုံ အရှုဘုံခြောက် လုံလောက်သိလျက် ရှိဝပ်ရှေးဦး ကျေးဇူး တင်ဘက် ပဉ္စဝဂ်ကို။

မြင်လျက်တည်ရာ ပြည်ဗာရာသို့ ရည်ကာရှုကြ ဥပကအား အတုလ ကား ငါဘုရားဟု မှာကြားပြက်ဟ ဆက်ကြလာကာ ပြည်ဗာရာရှိ ဣသိ ပတနာ မိဂဒါကား ငါးပါ·ယှဉ်ဘက် ပဉ္စဝဂ်တို့ စဉ် ဆက် ရောင် ပြား ဘုန်းခြောက်ပါးထင် ဘုရားမြင်လျှင် ရှင်ဂဝါတမ လျှောကျဆုတ်ယုတ် ဒုက္ခ ရလွင် အကျင့်ကိုလွတ် အဝတ် ဆုမ်း ကျောင်း လမ်း စောင်း လို ရှာ မြို့ရှာလည်ပတ်လည် တည်ကြည်လွင့်ထွက် အကျင့်ပျက်နှင့် ဘဘက်မမီး ခရီး ပြုကို ချေသေ ပပါ ဒုရာပပြ ရေပှာပဝေ ခ ဝေ့ ညှိကြ ကတ်ကဝတ် မဘျတ်စေရာ ပြုသေချာလည်း နေကာမနား ဘုရားပေါက်မြောက် အနား ရောက်သော် မှားကောက်ဝတ်ပျက် ဇဲတ်ထွက်စိတ်ရှင် သပိတ် ဝင် ထမ်း ရှောက်နိုး လှမ်းစေ ခြေဆေးရေပါ နေရာပြီးမှ သိုးသိုးပြုသော်—။

ကြီးကရုဏာ ရှုကာဇောပွား စောဘုရားသည် ထားရည်သေချာ ထိုနေရာတွင် နေခါမှားမှား ငါဘုရားစစ် မမှားဖြစ်ပြီ တရားနှစ်ကို အားသစ်ဟောကြား သဘောထားကာ ဘုရား ငါရည် လာသည်ကြားရာ ငါးပြာဝဂ္ဂိ မြတ်ညှင်ငါ့ရှင် သင်ဂေါတမ တောဝ ခိုဝင် လွန်ပြိုပြင်၍ ဝိုချစ်လောက်ဖြစ် ခြောက်နှစ်မဆုက် ဒုက္ခရ ပွား ဘုရားမဖြစ် အားသစ် တနည်း ပစ္စည်းကိုရည် ထိုထိုပြည်မြို့ လှည့်လည်လိုလား အသို့ဘုရား ဖြစ်ဘို့ ငြားလိမ့်။

ဝို့ကားမယုံ ငါးစုံဝဂ္ဂ မြက်ဟသုံးဝါ လုံးလုံးသာတင်း အငြင်း ဖြတ်ကူ ပြစ်မယူထား များပရိယာယ် သိဘွယ်စကား ဘုရားဖြစ်ကြောင်း သစ်လောင်မိစေ သိလေတွက်စစ် သက္ကရာဇ်မှာ တရာ့သုံးခု ဆုံးဥတုကြိမ် ဂိမှန္ဒေတွင် နေဝင်အစ စနေညဉ့် ဟောပြဒ္ဒေမေ ဘိက္ခဝေဖြာ ဒေသနာ မြက် ဓမ္မစက်ကို တသွက်သွက်သုံး အဆုံးတင်ပြ ဘွင်မှမနော ဇောပရိဉ် နုဂေါတြဘူ ဆုံမှုဇောပါ မဂ်သောတာပေါက် ဖိုလ်နှစ်နောက်တွင် ရောက် ဘဝင်ကျ ကောဏ္ဍညသည် အစဆောစ္စာ သောတာဖိုလ်ဖြစ် ဆယ်ရှစ် ကုဋေ စုနေပတ်ကာ နတ်ဗြဟ္မာတို့ မှတ်နာဆွတ်ပွား ကျွတ်တရားရ ဓမ္မ စကြာဟောမြက်ခါလျှင် စက္ကဝါပေါင်း တသောင်းပထဗျာ မဟာဝသုန် ကမ္ဘာခုန်၍ တကုန်ကုန်ညစ် သံကုန်ဟစ်လွှဲ ဖြစ်ပွဲတင်ည ရှင်သံပေါင်း ဟည်း ကောင်းချီးခြုံခဲ့ သုံးဆယ်နှစ်ပါး နိမိတ်များလည်း ဘွား ဘွား ရောက်ထင် နောက်တွင်ဘုရား ‘တရားစကြာ မြက်အခါလည်း ဆက်လာ ပေါင်းစု ဤကောင်းမှုကို တောင်းဆုညွှန်လုပ် အကျွန်ုပ်ဘို့ ‘ကနိဋ္ဌာ ဓမ္မ စကြာ ဝတ်အသင်းသား တစုတို့သည်’ ထိုနည်းအလား မမှ့ားစူးစူး တရား ထူးကို များဦးစွာချ။ နာပဟူလျက်ပွား မဂ်တရားဟု စက်သွား သင့်လျက် ဥာဏ်လက်နက်ပြင့် လှန်ဖျက်ဝိုရ။ ကိုလေလုံခြုံ ရှေဘုံနိမ္မာန် နန်းထက်သို့ လှမ်းတက်လို မကွာကြုံ၍ ဝတ်တက်သံ ညိတူပြင့် ကြည်ပြ။စွာ ရှုတ်ဘတ် ကြပါကုန်လော။

မိမိ တယောက်တည်း ဝတ်တက်သောအခါ 'တောင်းဆုညွှန်လုပ်အကျွန်ုပ်သည်'ဟု ဆိုပါ။

ဓမ္မစကြာတရားတော်မြတ်ကို ဆက်လက်၍ ညီညာ ဖြဖြ ရွတ် ဆိုကြရမည်။

## အမျှဝေရန်

ဤသို့ ဓမ္မစကြာ မြတ်ရသာနှင့် ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းသမှု ဝတ်သင်းသား တစုတို့ ပြုစုသမျှ ထိုဘာဂကို မြေပြင်ရေမြင် ကောင်းကင်အဇဋာ များစွာထိုထို နှိုင်းဆိုသမျှ စံမရအောင် အနန္တဂိုဏ်းဝင် မွေးမိခင်နှင့် ဖခင်တို့အား ရငြားပါစေ မသွေထိုမှ သွန်သင်ပြသည့် အာစရိယာ မြတ်ဆရာနှင့် ရေမြေသနင်း ပြည်ရှင်မင်းပါ သဘ္ဘဝါထိုထို များလူဗိုလ်နှင့် ကိုယ်စောင့်အိမ်စောင့် ရွာစောင့်မြို့ရှင် ဥကင်ထီးချက် ကနက်ကြဋ္ဌာန်း မြေနန်းပြာသာဒ် မွေဓာတ်သရီ စေတီအုင်္ဂရိုး ပုထိုးဂူကျောင်း တန်ဆောင်း ဘုံဆောင် တောတောင်အိုင်အင်း မြစ်မင်းသမုဒ္ဒရာ စကြဝဋ္ဌာ အနန္တ များလှ အောက်ထက် ဘဝင်အဝိစိ ရှိရှိသမျှ ရကြပါစေအမျှဝေသည် ကြည်ထွေ သာဓုသာဓုသာဓု ခေါ်စေသောဝ်။

## နတ်ဗြဟ္ဟာတို့အား ပြန်၍ပို့ရန်

### နတ်ပို့

ဓမ္မစကြာ မြတ်ရသာနှင့် ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်း ကြိုးကုတ်အားထုတ်သိလ ဒါနတလီ စာဂီဖြောင့်မတ် သခ်ါတဓာတ် မြတ်လှနိဗ္ဗာန် ဆုမွန်ပန်၍ တဖန်ထိုမှ ကြည်ညိုကြ၍ မနရှင်ပြုံး နှလုံးဝမ်းမြောက် လာရောက်နာယူ ထီးဖြူထီးချက် ကနက်ဥကင် ပလ္လင်ရှစ်ခန်း ရွှေနန်း ကိုးရပ်ပြာသာဒ်ရဝေ ရွှေပြည်မြို့ပြ ဂါမ ဇနပုဒ် သမုဒ်မြေပြင် ကောင်းကင်ပိုးယံ

ဗိပဿနာဘုံနန်း သိမ်းမြန်းစံပျော် မွေ့လျော် တည်နေကြကုန်သော သမ္မာဒေဝ လောကပါလာ ဣန္ဒာဘုယံ သဟမ္မတိ အစရှိသော နတ်ဗြဟ္မာအပေါင်းတို့သည် ရိပ်မြုံသာယာ ဒေဝါလယ ဌာနရှန်ဝန်း နတ်ကွန်းဗိမာန် နေရပ်ဌာန်သို့ ပြန်လည် ကြွမြန်းသွားကြပါကုန်လေ့။

ဤသည်လျှင် ဓမ္မစကြာဝတ်အသင်း၏ ဝတ်တက် အစီအစဉ်ပြီးဆုံးပြီ ဖြစ်ပါကြောင်း။

## ဝပ္ပစကြာ အမှန်းကဗျာ

တရားဦး ဟောရာဌာန

ကျွန်းမြတ် ဇမ္ဗူ မဇ္ဈိမ
ပြည်ဗာရာဏာ အနီးပေ။

မိဂဒါဝုန် ရဂုံတွင်း
အစုံသင်းတဲ့ ပန်းမြိုင်ဗေ။

သဟံဗြဟ္မာ ပန်ထွာငြား
အရဟံဘုရားက စောမိန့်ချေ။

တာပသ အထူး ထိုင်ဦး
အမှုထားလိုပေ။

အဘိုးတန်တဲ့ ဓမ္မစက္က
ပဝတ္တနသိတာဝရေ။

အဲဒါမှ အဘိုးတန်တဲ့ ဓမ္မစက္က ဗုဒ္ဓစေတနာပေ။

## တရာထူးရကြပုံ

ပဥ္ဇဝဂ္ဂိ ပဌမထားလို့
ဗြဟ္မာများက ဆဲ့ရှစ်ကုဋ္ဌေ။
သိကြားနတ်တွေ ဟူသမျှမှာ
သင်္ချာအားဖြင့် မတွက်နိုင်ပေ။
ဒုက္ခသမုဒယ နိရောဓ
မဂ္ဂအားဖြင့် မှန်မသွေ။
သစ္စာလေးပါးမြတ်တရား
ပိုင်းခြားသိကြပေ။
အဘိုးတန်တဲ့ ဓမ္မစက္က
ပဝတ္တန သိတာရေ။
အဲ့ဒါမှ အဘိုးတန်တဲ့ ဓမ္မစက္ကဲ ဗုဒ္ဓ ဒေသနာပေ။

## ဓမ္မစကြာ တန်ခိုး

ဓမ္မစကြာ ဒေသနာတန်ခိုးကြောင့်
မြေမိုး မဆံ့အံ့ဘွယ်ဘွေ။
စကြာဝဋ္ဌာ တိုက်တသောင်းမှာ
ရိုက်ညောင်းပါလို့ လှုပ်ရချေ။
နတ်ဗြဟ္မာရောင် အကုန်လွှမ်းလို့
လောကတဝှမ်း ထိန်ထိန်ဝေ။
သုံးဆဲ့နှစ်ပါး နိမိတ်များ
ထင်ရှားဖြစ်ပေါ်ပေ။
အဘိုးတန်တဲ့ ဓမ္မစက္က
ပဝတ္တန သိတာရေ
အဲ့ဒါမှ အဘိုးတန်တဲ့ ဓမ္မ စက္က ဗုဒ္ဓဒေသနာပေ။

## ကြေးကြော်သံ

ဘုမ္မာဒေဝါ ကြော်ငြာဟစ်တော့
မဟာရာဇ်က သိရသလေ။
စတုမဟာ ကြေးကြော်ဆင့်လို့
ဝတိန်မြင့်က သိရပြန်ပေ။
ဤသို့ဆင့်ကာ ဆင့်ကာ အားဖြင့်
ဗြဟ္မာမျှားသို့ တိုင်အောင်ပေ။
ကျော်စောသတင်း ဘဝဂ်ချဉ်း
လက်ငင်းဆူညံ ဝေ။
အဘိုးတန်တဲ့ ဓမ္မစက္က
ပဝတ္တနေ သိတာရေ။
အဲဒါမှ အဘိုးတန်းတဲ့ ဓမ္မ စက္က ဗုဒ္ဓ ဒေသနာပေ။

## ဓမ္မစက္ကာအကျိုး

ဓမ္မစက္ကာ သုတ္တန်မြတ်ကို
သင်အံ့ကြည့်မှတ် ကျင့်သူတွေ့။
ဘုမ္မာအာကာ ဣန္ဒာသိကြား
နတ်အမျှားက ချစ်ခင်ပေ။
လူ နတ်နိဗ္ဗာန် သုံးတန်အရှိ
သမ္ဘတ္တိနှင့် ပြည့်စုံမလေ။
တဆင့်ထက်တဆင့် ရင့်ထက်ရင့်
မြင့်ထက် မြင့်လိုပေ။
အဘိုးတန်တဲ့ ဓမ္မစက္က
ပဝတ္တနည်တာဘွေ။
အဲ ဒါမှ အဖိုးတန်တဲ့ ဓမ္မ စက္က ဗုဒ္ဓ ဒေသနာပေ။

**ဓမ္မ စကြာ အကျိုး**

ဘုမ္မာ အာကာ နတ်တကာ မ လို့
မပြတ်ထာဝရ ချမ်းသာမလေ။
ရာထူးဂုဏ်သိရ် စည်းစိမ်းတိုးလို့
ကြက်သရေတန်ခိုး မြဲခိုင်စေ။
ဘုန်းကြီးသက်ရှည် အကျိုးတရား
အမှန်အားဖြင့် ရနိုင်သလေ။
ရှေးသူမြတ်များ ဤသို့အား
ဟောကြားမိန့်ခဲ့ပေ။
အဘိုးတန်တဲ့ ဓမ္မစက္က
ပဝတ္တန သီတာရေ။
အဲ ဒါမှ အဘိုးတန်တဲ့ ဓမ္မစက္ကဗုဒ္ဓဒေသနာပေ။

**ဘုရားစစ် ဘုရားမှန် စသည်**

ဘုန်းတော်ဥာဏ်တော် ကံတော်အစ
ဂုဏ်တော်အနန္တ အထွေထွေ။
လောကသုံးဆိုင် ခရိုင်တွင်း
ပြိုင်ဘက်ကင်းပျောက် ရည်တူပေ။
လူရောနတ်ပါ ဗြဟ္မာမကြွင်း
သတ္တဝါပင်း ကဦးနှိမ်ချွေ
မိုးစွန်ထက်ဆင့် ဘဝက်မြင့်
စွင့်စွင့် အောင်ငံဝေ။
အဲ့ ဒါမှ အစစ်မှန်တဲ့ ဂေါတမဗုဒ္ဓ အနုတ္တရ ရှင်တော်ပေ၊

ရွှေပြည်ရှင်သုန္ဒရ

ဖျာ ပုံ ခ ရိုင် - က နိ ရွာ
ဓ မ္မ စ ကြာ စာ ပြန် ပွဲ

## အောင်ပွဲဘသင်ဘွဲ–ပိုဝ်စုံရတု

သစ္စာဝရောင်ခြည်-ထိန်လင်းကြည်သား ငါးမည်မာရ်အောင် ထွတ်ဘုန်းခေါင်လျှင် လူ့ဘောင်ရိမ်ငြိမ် မင်းစည်းစိမ်ကို တင်းတိမ်ငြိးငွေ့ မ-ပျော်မွေ့ဘဲ ရေမြေဥတု နတ်ဖန်ပြုသို့ ဥရုဝေလ တောမြိုင်ဝတွင် ဒုက္ကရစရိယာ ခြောက်နှစ်ကြာမှာ လွန်စွာအားသစ် ဘုရားဖြစ်သော် ရှစ်ချစ်ငါးလီ မြတ်ဝဂ္ဂိအား မြိုက်ဆိလွန်ကျူး တရားထူးကို အဦးဟောကာ မိဂဒါတွင် သုံးရွာဘုံသား စီးအပွားဟု တရားစကြာ ရတနာကို ကမ္ဘာမြေမိုး ဘုံတရိုးတွင် ရိုက်ကြိုးထိန်ဆူ လည်းတော်မူကာ နတ်လူဗြဟ္မာ ကောင်းကြီးငြာ၍ သစ္စာလေးငုံကြာပဒုံကို ကြည်ယုံစိတ်သန် ဦးထိပ်ပန်မှ နိဗ္ဗာန်ဘုံမြင့် တံခါးပွင့်ခဲ့ လေးဆင့်သစ္စာ ဒေသနာလည်း ကမ္ဘာခေတ်ခေတ် အသစ်သစ်လျှင် အနှစ် ငါးထောင် ညစ်မမှောင်သည် **အရောင်ဝင်းဝင်း တေ က်စေသောဝ်။**

မေတ္တာဆောင်သည် အောင်စေမည်တည့် မြန်ပြည်အဝှမ်း ကျော်သံလွှမ်းသည် ငြိမ်းချမ်းကုံလုံ မြို့ဖျာပုံဟု လွှမ်းခြုံသတင်း ခရိုင် တွင်းဝယ် ကြိုင်သင်းသညာ ကနိရွာဝယ်၊ စာရိတ္တမြင့် တန်ခွန်လွှင့်သို့ ဂုဏ်မြင့်ထင်ပေါ် အယင်းကျော်လျှင် ဘုန်းမော်မြတ်စွာ ဒေသနာက အကြံကွင်ဟန် ဤသုတ္တန်ကို၊ ထက်သန်ကြည်ညို ရွတ်ဆိုးအားခဲ စာပြန်ပွဲဟု ဆင်နှဲကျင်းပ ပူဇော်ကြ၏ လောဘ ပုန်ကန် ဒေါ့သထန်၍ ဖေါက်ပြန်ယွင်းချတ် မည်ညွှတ်သား သတ်ဖြတ်လုယက် စည်းစိမ်မက်သည် ဆူပွက်ကြိုက်ကြိုက် စစ်ကြီးတိုက်သို့ အမိုင်အားကိုး အခုါမျိုးတွင် ကောင်းကျိုးချမ်းသာ လမ်းမှန်ရာကို သူငါစိတ်တွင် မဆန့်ကျင်အောင် ကြည်လင်ညွှန်ပြ ငြိမ်းချမ်းလှသား ဗုဒ္ဓမြတ်စွာ သာသနာလျှင် ကမ္ဘာတိုက်ဘောင် ရန်မျိုးအောင်သည် **အမှောင် ရှင်းရှင်း ပျောက်စေသောဝ်။**

နှစ်ကြာနောင်ရှည် မော်ကွန်းတည်လိမ့် အပြည်ပြည်သာ ဤကမ္ဘာတွင် သမ္မာဒေဝ နတ်တို့မရှိမျှတကောင်းမှန် တရားမှန်ကို လမ်းညွှန်ပေတတ်ဝါဒမြတ်ဖြင့် လူဇာတ်ချင်းမှာ ချစ်ကြင်နာ၍ ကောင်းရာရွယ်ရည် ကိုယ်ကျင့်တည်လျက် ပြည်ထောင်ချင်းချင်း ဓာတ်မတင်းလဲ ထုတ်သွင်းရောင်းဝယ်ကုန်ဖလှယ်၍ အကယ်ငြိမ်းချမ်း လုစည်းကမ်းဖြင့် ဘေးဘုံ့မ်းမခ နေနိုင်ကြလျက် လောက ရိပ်ငြိမ် လူစည်းစိမ်လည်း ရှုပ်လိမ်ထွေးရဝ် မျှားအဖြစ်နှင့် အနှစ်ကင်းကွာ မမြဲပါသည် ချမ်းသာမမည် အဆိတ်ရည်သို့ ပို့သည့်ဘေးဒဏ် မကောင်းမှန်ဟု သိဉာဏ်ဖြစ်ပွား ကြံစဉ်းစား၍ ရှစ်ပါးမဂ္ဂင် တရားယာဉ်ကို တွင်တွင်စီးကြ အာသီသဖြင့် ဓမ္မစကြာ အောင်ပွဲခါတွင် မဟာပုညဂုဏ်တေဇကြောင့် လောကတိုက်ဘောင် တပြောင်ပြောင်သည် အမဆောင်ချင်းချင်း ပေါက်စေသောဝ်။

× ရုဏ်တော်ကွန်ချာ၊ ပွားမျှားပါ

အယာလွတ်ကင်း၊ ယိစေမင်း။

× အ-သေ+ဘ+သေ = ၊ နည်းတကွေ

ရွက်လေချက်ခြင်း၊ ဘေးလွတ်ကင်း။

× သမထနည်းအရ၊ အားကုတ်ကြ

အနှမြည်ခြင်း၊ သောကကင်း။။

# အန္တရာယ်ကင်း ဂါထာတော်များ

## ဓါရဏပရိတ် ပါဠိတော်

### အဂေဏိက ဂုဏ်တော်မြတ်

ဗုဒ္ဓါနံဇိဝိတဿ-နသက္ကာ ကေနစိ
အန္တရာ ယောကာတုံ တထာမေဟောတု

ဗုဒ္ဓါနံ သဗ္ဗညုတ-ဉာဏဿ-နသက္ကာ
ကေနစိအန္တရာယော-ကာတုံ

ဗုဒ္ဓါနံအဘိဟဋာနံစတုန္နံ ပစ္စယာနံ
နသက္ကာ-ကေနစိ-အန္တရာယော-ကာတုံ

ဗုဒ္ဓံ အသိတိယာအနုဗိဉ္ဇနာနံ-ဗျာမပ္ပတာယဝါ
နသက္ကာ ကေနစိ အန္တရာယော ကာတုံ

ဣမေသံစတုနံ-နသက္ကာ-ကေနစိ-အန္တရာယော ကာတုံ
တထာမေဟောတု

၁ အတိတံသေ·ဗုဒ္ဓဿ်·ဘဂဝတော·အပ္ပဋိဟတံ·ဥာဏံ
၂ အနာဂတံသေ·ဗုဒ္ဓဿ်·ဘဂဝတော·အပ္ပဋိဟတ·ဥာဏံ
၃ ပစ္စပ္ပံနှံသေ·ဗုဒ္ဓဿ·ဘဂဝတော·အပ္ပဋိဟတ·ဥာဏံ
ဣမေဟိ·တိဟိ·ဓမ္မေဟိ
သမ္ပန္နာဂတဿ်·ဗုဒ္ဓဿ်ဘဝတော
၄ သဗ္ဗံ ကာယကမ္မံ ဥာဏပုဗ္ဗင်္ဂမံ ဥာဏပရိဝတ္တံ
၅ သဗ္ဗံ ဝစီကမ္မံ ဥာဏပုဗ္ဗင်္ဂမံ ဥာဏပရိဝတ္တံ
၆ သဗ္ဗံ မနောကမ္မံ ဥာဏပုဗ္ဗင်္ဂပံ ဥာဏပရိဝတ္တံ
ဣမေဟိ·ဆဟိဓမ္မေဟိ
သမ္ပန္နာဂတဿ ဗုဒ္ဓဿ်ဘဂဝတော
၇ နတ္ထိ ဆန္ဒဿ် ဟာနိ
၈ နတ္ထိ ဓမ္မ ဒေသနာယ ဟာနိ
၉ နတ္ထိ ဝိရိယဿ် ဟာနိ
၁၀ နတ္ထိ သမာဓိဿ် ဟာနိ
၁၁ နတ္ထိ ပညာယ ဟာနိ
၁၂ နတ္ထိ ဝိမုတ္တိယာ ဟာနိ

ဤ မေဟိ ဒ္ဒါဒဿဟိ ဓမ္မေဟိ
သမ္ပန္နာဂတဿ် ဗုဒ္ဓဿ ဘဂဝတော

၁၃ နတ္ထိ ဒဝါ
၁၄ နတ္ထိ ရဝါ
၁၅ နတ္ထိ အမ္မုဋ္ဌံ
၁၆ နတ္ထိ ဝေဂါယိတတ္တံ
၁၇ နတ္ထိ အဗျာဝဋ္ဌမနော
၁၈ နတ္ထိ အဋိပ္ပသခ်ါနုပေက္ခာ

ဣမေဟိ အင္ဌရဿဟိ ဓမ္မေဟိ သမ္ပန္နာဂတဿ၊
ဗုဒ္ဓဿ ဘဂဝ တော နမော သတ္တာနံ သမ္မာ သမ္ဗုဒ္ဓါနံ
သ သဒ္ဓမ္မ ဂဏုတ္တံမော သမ္မ သမ္ဗုဒ္ဓေါ
သပရိဝါရံ သညာတိ ဂဏံ ရက္ခတု
မံ စီမံ သဒါ သဗ္ဗကာမ ဒဒေါ ဟောတု
မယှ မေဝ စီရံသဒ္ဒါ။

ဤဓာရဏ ပရိတ်သုတ်တော်ကို နေ့ညဉ့် မှန်မှန်ရွတ်ပါ။

တရဏ ပရိတ်တော်မြတ်သည် မြတ်စွာဘုရားရှင်၏ သီးခြားကိုယ်ပိုင် ဂုဏ်တော်များဖြစ်သော '၁၈' တဆယ့်ရှစ်ပါးသော အဝေဏိက ဂုဏ်တော်မြတ် ဖြစ်ပါသည်။

သီးခြားမည်သူ တဦးတယောက်မျှ ဤဂုဏ်တော်သတ္တိများ မရရှိပါ၊ မရှိကြပါ၊ ထို့ကြောင့် မြတ်စွာဘုရားရှင်၏ အဝေဏိက ဂုဏ်တော်'၁၈' ပါးတို့ကို ချီးကျူးပူဇော်ခြင်းများဖြစ်ပါသည်။

ဓာရဏပရိတ်တော်ကို ရွတ်ဘတ်ပွားများကြသော ပုဂ္ဂိုလ်များသည် 'အကာလ မရဏ' အခါမဟုတ် အသေဆိုးဖြင့် သေရခြင်း စသော'ဥပစ္ဆေဒက' ကံကြောင့် သေရခြင်းမျိုးမှ လွတ်မြောက်နိုင်သည် ဖြစ်ကြောင်း....

**ဓာရဏ ပရိတ်တော်၏ အကျိုးကျေးဇူး**

အဆိပ်ရှိသော သတ္တဝါအားလုံး
ဦးချိုရှိသော သတ္တဝါအားလုံး
နတ်ဘီလူး၊ နတ်ဆိုး၊ နက်ယုတ်မာ၊
တစ္ဆေ၊ သူရဲ၊ သဘက်၊ ဖုတ်၊ပြိတ္တာ၊

မသူတော်၊ လူယုတ်မာ စသော အယုတ်တမာ ရန်မျိုးငါးပါးနှင့်တကွ ကြမ္မာဂြိုဟ်ဆိုး အတိတ်နိမိတ်ဆိုး စသော မင်္ဂလာအပေါင်းတို့မှ ကင်းစေပါသည်။

မင်္ဂလာရှိသောစကား သူတပါးတို့က ချီးကျူးပူဇော်ခံရသည်။ အထက်လူကြီးများ . မ,စခြင်းကိုခံရသည်။ ဥစ္စာရှေးငွေ ရတနာ ဟိုးတက်ကြီးပွားသည်။

ရောဂါဘယကင်းရှိ ကျန်းမာခြင်း ဣဌာနှင့် ပြည့်စုံစွာ ဘုန်းကြီးသည်ရေ တိုးတက်သည်ဖြစ်၏။

ဤကား ဓာရဏပရိတ် အကျိုးတော်ဖြစ်၏။

# ပရိမိတ္တဇာလ သုတ် ပါဠိတော်

ဝေံ မေ သုတံ ဧကံ သမသယံ ဘဂဝါ ရာဇာဂဟေ ဝိဟာရတိ။

ဂိဇ္ဈကုဋ္ဌေ ပဗ္ဗတေ တေန ခေါပန သမယေန

ကုမ္ဘဏ္ဍေန ယက္ခေန ဒေဝေန ယက္ခေန
ဣန္ဒေန ယက္ခေန ဗြဟ္မေန ယက္ခေန
သုပဏ္ဏေန ယက္ခေန နာဂေန ယက္ခေန
ဂန္ဓဗ္ဗေန ယက္ခေန ပုဗ္ဗ ဒိသေန ယက္ခေန
အဂ္ဂိဒိသေန ယက္ခေန ဒက္ခိဏာဒိသေန ယက္ခေန
နရဒိသေန ယက္ခေန ပစ္ဆိပဒိသေန ယက္ခေန
ပါရပ္ပဒိသေန ယက္ခေန ဥတ္တရဒိသေန ယက္ခေန
သေန္ဒဒိသေန ယက္ခေန သမုဒ္ဒဒိသေန ယက္ခေန
အာကာသ ဒိသေန ယက္ခေန ဘူမဒိသေန ယက္ခေန
အပ္ပမေယ္ပျော ဗုဒ္ဓေါ အပ္ပမေယ္ပျော ဓမ္မော
အပ္ပမေယ္ပျော သံဃော။

ဘယ သန္တံ မဟာ ပောဂ္ဂလာနံ
ယတ္တ ယတ္တ စတုပ္ပါဒါ
ယတ္တ ယတ္တ ဗဟုပ္ပါဒ
ပါဒအန္ဓံ ဥရုအန္ဓံ စက္ခုအန္ဓံ မုခအန္ဓံ ဇိဝှာအန္ဓံ။

နမောဗုဒ္ဓဿ နမောဓမ္မဿ နမောသံဃဿ
သကလ လောက ဓာတု မာတာပိတု ဗုဒ္ဓရက္ခာနံ ကတံ။

သကလ လောက ဓာတု မာတာပိတု ဓံမ္မရက္ခာနံ ကဟံ
သကလလောကဓာတု ပာတာပိတု သံဃရက္ခာနံ ကတံ
ရတ္တိံဝါ ဒိဝံဝါ သဒါမံ ရက္ခန္တု
သဗ္ဗ ဒေဝတာယ ဣမဿ ပရိမိတ္တဇာလဿ တေဇေန
ဣမသ္မိံ အပါကဋ္ဌံ သရီရေ ယေကေစိ ဥပ္ပဒ္ဒဝါ
အာနုဘာဝေန တေဇေန
ဣမသ္မိံ လောကေ ဣမသ္မိံ ဇမ္ဗူဒီပေ ဣမသ္မိံ ပဗ္ဗတေ
ဣမသ္မိံ နဂရေ ဣမသ္မိံ ဂေဟေ သဗ္ဗသတ္တရ
ဝိနာသန္တု သဗ္ဗေ ဥပ္ပဒ္ဒဝါ ဝိနာသန္တုတိ။

ပရိမိတ္တဇာလသုတ် ပါဠိတော် ပြီး၏။

**ပရိမိတ္တဇာလသုတ် အကျိုးကျေးဇူး**

(၁) ဘုရားရှင်ပေါင်း ထောင်သောင်းများစွာ ကုဋ္ဌေကုဋ္ဌာ
တကြိမ်စီမျှ ဟောပြတခါ ပရိမိတ္တာ
သက်တော်ထင်ရှား မြတ်ဘုရား မိန့်မှာ သုတ်တော်လာ
အကျိုးများ သိထားစေဘိုရာ နတ်လူဗြဟ္မာ။

(၂) အခါတပါး ကြွသွားသောခါ မြတ်ဗုဒ္ဓါ
မဥ္ဇူသက ကြောင်းပြဟောရှာ ဒေသနာ
ပရိမိတ္တ ဇာလသုတ်လာ ထူးမြတ်ပါ
ရွှတ်ဘတ်ပွား ရှည်ငြားသက်ခန္ဓာ ချမ်းသာစွာ။

(၃) ပရိမိတ္တ ရွတ်ဘတ်နေ့စဉ် ဘေးကုန်စင်
ရေမီးမင်းဆိုး သူခိုးရန်ပင် ဘေးကုန်စင်
မချစ်သူများ လှည့်စားမာန်ဝင် ဘေးကုန်စင်
ကြမ္မာညှိုး ဂြိုဟ်ဆိုးရန်စင် သိစေချင်။

(၄) ဘီလူးသားရဲ နွား ကျဲ ကျား ဆင် ဘေးရှောင်ကြဉ်
မိကျောင်းခွေးရူး ဆိပ်လူးမျှားပင် ကွင်းရှောင်ကြဉ်
မြွေဆိုးမြွေဟောက် ဆိပ်တောက်များစင် ရှေ့လျှောကြဉ်
အသေဆိုး ရန်မျိုးများစွာပင် ဝေ့ရှောင်ကြဉ်။

(၅) ဤသုတ်တော်အား ရွတ်ပွားထိုသူ စိတ်ကြည်ဖြူ
ဓမ္မခန္ဓာ ရွတ်ပါကြည်ဖြူ ပေးအလှူ
ဇမ္ဗူဒီတ်ထား ဘုရားဆူဆူ ပူဇော်တူ
လေးကျွန်းမြတ် မပြတ်မဆက္ခူ နတ်ချစ်သူ။

၁-၁-၇၇ ရေး။

ကြေးငံအမြဲမြဲ ငါးထုန်း ယငေး

ယးငံ့ငွတဒါ ငေးထ ×

ကြေးငံအမြဲ ငါးထုန် ထငေ

ယးငံ့ငွတဒါ့ဝေး ×

ကြေးရုံးငံ့ ငွတဒါ့ငေးထ ×

ကြေးမားငံ့ ငွတဒါ့ဝေး ×

# ဆဒိသာပါလသုတ် ပါဋိတော်

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္မုဒ္ဓဿ

ဝေံ မေသုတံ ဧကံသမယံ ဘဂဂါ ရာဇဂဟေ ဝိဟရတိ ဂိဇ္ဈကုဋ္ဌေ ပဗ္ဗတေ။

တေန ခေါ ပန သမယေန ဘဂဝါ ဘိက္ခူ တေ ဒဝေါစ။

**အရှေ့မျက်နှာ အရပ်**

ပုရတ္ထိမသ္မိံ ခေါ ပန ဘိက္ခဝေ ဒိသာဘာဂေ စတ္တာရော ယက္ခာ မဟာယက္ခာ အာဓိပတေယျာစ ဟောန္တိ။

သေယျထိဒံ သာတာဂိရောစ ဟေမဝတောစ ပုဏ္ဏကောစ ဂုတ္တိယောစ ဧတေ စတ္တာရော ယက္ခာ မဟာယက္ခာ။

ဗုဒ္ဓေပသန္နာ ဓမ္မေပသန္နာ သံဃေပသန္နာ ဗုဒ္ဓေသဂါရဝါ ဓမ္မေသဂါရဝါ သံဃေသဂါရဝါ တမဟံ ဝဒါမိ။

သာတာဂိရဉ္ဇ ဟေမဝတဉ္ဇ ပုဏ္ဏကဉ္ဇ ဂုတ္တိယဉ္ဇ ဣမံ ရက္ခံသံ ဝိဒဟန္တု။

မာမံ ကောစိ ကိဉ္ဇိ ဝေိဟဒ္ဒေသိ မနုဿောဝ အမနုဿောဝါ ဂစ္ဆန္တံဝါဌိတံဝါ နိသိန္နံဝါ နိပ္ပန္နဝါ သုတ္တံဝါ ဇာဂရန္တံဝါ မတ္တံဝါ ရတ္တိံဝါ ဒိဝါဝါ သဒါ တံတံ ရက္ခန္တုဒေဝတာ။

## ဘောင်ပျက်နှာအရပ်

ဒက္ခိဏသ္မိံ ခေါပန ဘိက္ခံဝေ ဒိသာဘာဂေ စတ္တာရောယက္ခာ မဟာယက္ခာ အာဓိပတေယျာစ ဟောန္တိ။

သေယျထိဒံ ကာလောစ ဥပကာလောစ ဗိမ္ဗောစ ဗိမ္ဗသေနောစ ဧတေ စတ္တာရောယက္ခာ မဟာယက္ခာ။

ဗုဒ္ဓေပသန္နာ ဓမ္မေပသန္နာ သံဃေပသန္နာ ဗုဒ္ဓေသဂါရဝါ ဓမ္မေသဂါရဝါ သံဃေသဂါရဝါ တမဟံဝဒါမိ။

ကာလဉ္ဇ ဥပကာလဉ္ဇ ဗိမ္ဗဉ္ဇ ဗိမ္ဗသေနဉ္ဇ ဣမံ ရက္ခံ သံဝဒဟန္တု။

မာမံ ကောစိ ကိဉ္ဇိဝိဟေဒ္ဒေသိ မနုဿောဝါ အမနုဿောဝါ ဂစ္ဆန္တံဝါဌိတံဝါ နိသိန္နံဝါ နိပ္ပန္နံဝါ သုတ္တံဝါ ဇာဂရန္တံဝါ ပမတ္တံဝါ ရတ္တိံဝါ ဒိဝါဝါ သဒါတံတံ ရက္ခန္တုဒေဝတာ။

## အနောက်မျက်နှာအရပ်

ပစ္ဆိမသ္မိံ ခေါပနဘိက္ခံဝေ ဒိသာဘာဂေ စတ္တာရောယက္ခာ မဟာယက္ခာ အဓိပတေယျာစ ဟောန္တိ၊

သေယျထိဒံ ဟရိရောစ ဟရဟရိရောစ ပါပေါစ ပိဂ်လောစ ဧတေ စတ္တာ ရောယက္ခာ မဟာယက္ခာ။

ဗုဒ္ဓေပသန္နာ ဓမ္မေပသန္နာ သံဃေပသန္နာ ဗုဒ္ဓေသဂါရဝါ ဓမ္မေသဂါရဝါ သံဃေသဂါရဝါ တမဟံဝဒါမိ။

ဟရိရဉ္ဇ ဟရဟရိရဉ္ဇ ပါပဉ္ဇ ပိဂ်လဉ္ဇ ဣမံ ရက္ခံ သံဝိဒဟန္တု။

မာမ ံကောစိ ကိဉ္ဇ ိဝိဟေဒ္ဓေသိ။ ပနုသော်ာဝါ အမနုသောဝါ ဂစ္ဆာန္တ ံဝါဍ ိတံဝါ နိသိန္တ ံဝါ နိပ္ပန္တ ံဝါသုတ္တ ံဝါ ဇာဂရန္တ ံဝါ ပမတ္တ ံဝါ ရတ္တ ံဝါ ဒိဝါဝါ သဒါတံတံ ရက္ခန္တု ဒေဝတာ။

**ဧကောင်မျက်နှာအရပ်**

ဥဋ္ဌရသို့ ခေါ်ပနဘိက္ခဝေ ဒိသာဘာဂေ စတ္တာရောယက္ခာ ပ ဟာ ယက္ခာ အာဓိပတေယျာစ ဟောန္တိ။ သေယျထိဒ ံ သံဃောစ သံသုလိ မောစ သုသုဂေါစ ဥဋ္ဌတေဇောစ ဇေတစ္ဆာရောယက္ခာ ပဟာယက္ခာ

ဗုဒ္ဓေပသ ုဒခမ္မေသပန္ဒာ သံဃေပသန္ဒာ ဗုဒ္ဓေ သဂါရဝါ စမ္မေ သဂါရဝါ သံဃေသဂါရာ ါ တပဟာ ံဝဒါမိ။

သံဃဉ္စ သံသုလိမဉ္စ သုသုဂဉ္စ ဥဋ္ဌတေဇဉ္စ ဣပ ံရက္ခ ံသံဝိဒဟန္တု။

မာမ ံကောစိ ကိဉ္ဇ ိဝိဟေဒ္ဓေသိ ပနုဿောဝါ အမနုဿောဝါ ဂစ္ဆန္တ ံဝါ ဍ ိတံဝါ နိသိန္တ ံဝါ နိပ္ပန္တ ံဝါ သုတ္တ ံဝါ ဇာဂရန္တ ံဝါ ပမတ္တ ံဝါ ရတ္တိ ံဝါ ဒိဝါဝါ သဒါတံတံ ရက္ခန္တု ဒေဝတာ၊

**အောက်မျက်နှာအရပ်**

ဟေဌ ိပသ့ိ ံခေါ် ပန ဘိက္ခဝေ ဗိသာဘာဂေ စတ္တာရော ယက္ခာ မဟာ ယက္ခာ အာဓိပတေယျာစ ဟောန္တိ။

သေယျထိဒ ံ ပဂ္ဂဏ္ဍောစ ကုမ္ဘဏ္ဍောစ သေဋ္ဌောစ ကမ္မ ံလသေ ဋ္ဌောစ ဇေတစ္ဆာရောယက္ခာ ပဟာ ယက္ခာ ဗုဒ္ဓေပသ ုဒခမ္မေ ပသန္ဒာ သံဃေပသ ုဒ ုဗုဒ္ဓသ ုဂါရဝါ ဓမ္မသ ုဂါရဝါ သံဃေ သ ုဂါရဝါ တပဟာ ံဝဒါမိ။

ဓရဋ္ဌဉ္စ ဝိရူဠှဉ္စ သေဋ္ဌဉ္စ ကမ္မ ံလသေ ဋ္ဌဉ္စ ဣပ ံ ရက္ခ ံသံဝိဒဟန္တု။

မာမံကောစီ ကိဉ္ဇိဝိဟေဌေသိ မနုဿောဝါ အမနုဿောဝါ ဂစ္ဆန္တံဝါဌိတံဝါ နိသိန္နံဝါ နိပ္ပန္နံဝါ သုတ္တံဝါ ဇာဂရန္တံဝါ ပမတ္တံဝါ ရတ္တံဝါ ဒိဝါဝါ သဒါတံတံ ရက္ခန္တုဒေဝတာ။

**အထက်မျက်နှာအရပ်**

ဥပရိမသ္မိံ ခေါပန ဘိက္ခဝေ ဒိသာဘာဂေ စတ္တာရော ယက္ခာ မဟာ ယက္ခာ အာဓိပတေယျာစ ဟောန္တိ။ သေယျထိဒံ စန္ဒောစ သူရိယောစ ဣန္ဒောစ ဗြဟ္မာစ ဧတေ စတ္တာရော ယက္ခာ မဟာယက္ခာ။

ဗုဒ္ဓေ ပသန္နာ ဓမ္မေ ပသန္နာ သံဃေ ပသန္နာ ဗုဒ္ဓေ သဂါရဝါ ဓမ္မေ သဂါရဝါ သံဃေ သဂါရဝါ တမဟံ ဝဒါမိ။

စန္ဒဉ္ဇ သူရိယဉ္ဇ ဣန္ဒဉ္ဇ ဗြဟ္မဉ္ဇဣမံ ရက္ခံ သံဝိဒဟန္တု။

မာမံကောစိ ကိဉ္ဇိ ဝိဟေဌေသိ ပနုဿောဝါ အမနုဿောဝါ ဂစ္ဆန္တံဝါ ဌိတံဝါ နိသိန္နံဝါ နိပ္ပန္နံဝါသုတ္တံဝါ ဇာဂရန္တံဝါ ပမတ္တံဝါ ရတ္တံဝါ ဒိဝါဝါ သဒါတံတံ ရက္ခန္တု ဒေဝတာ။

(ဆဒိသာပါလသုတ္တံ နိဋ္ဌိတံ။)

**ဆဒိသာပါလသုတ် တန်ခိုးသတ္တိ**

ဆဒိသာ ပရိတ်သုတ်တော် တန်ခိုးအာနိသင် ကြီးမားလှသည်။ နတ်အပေါင်းတို့ နှစ်လိုကြသည်။ လောက ခရီးသွားသော ပုဂ္ဂိုလ်များ နေ့စဉ်မှန်မှန် ရွတ်ဘတ်ရမည်။ ရွတ် ဘတ် သော ပုဂ္ဂိုလ်များကို ဂျီးမြှင့်မစမည့် ချီးမြောက်မည့်သူများ ပေါ်ပေါက်လာမည်။ မစမည်ဖြစ်ပါသည်။

ရှေးဆရာတော်ကြီးများ နည်း နှလုံးသွင်း၍ မေတ္တာပို့သပါသည်။ ပို့သရမည်။

ရပ် ထိုင် သွား လျှောက် လေးပါးသော အရိယာအပေါင်းတို့ကို ထိုင်းမှိုင်း တွေဝေမှုမှ ကင်းလွှတ်နိုင်ကြခြင်း ကိုယ်စိတ်နှစ်ပါး လန်းဆန်းကြခြင်းများ အကျိုးခံစားရပါသည်။

**ဆောင်ပုဒ်**

ခရီးသွားလာ ဆဒိသာ သုံးခါရွတ်ကြပါ။
သုတ်တော်အကျိုး ဘုန်းကံတိုး တမျိုးပတည်သာ။
သွားလာထိုင်လျှောင်း တွေဝေပေါင်း လွတ်ကြောင်းအမှန်ပါ။
လူပုံအလယ် ချီးမြှောက်ဘွယ် တင့်တယ်လှမည်သာ။
မိမိအိမ်တွင်း ဘေးရန်ရှင်း အောင်ခြင်းရမည်သာ။
ဤကား ဆဒ်သာပါလသုတ် အကျိုးများတည်း။

## သမ္မုဒ္ဓေကပ်ကျော်မန္တာန်တော်

(က) သမ္မုဒ္ဓေ အဌဝီသဉ္ဇ
ဒ္ဓါဒ သဉ္ဇ သဟဿကေ။
ပဉ္ဇ ဿတ သဟဿာနဝ
နမာမိ သိရသာ မဟံ။

(ခ) အပ္ပကာ ဝါဌုကာ ဂင်္ဂါ
အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ မေ္ပဉ္ဇ သံဃဉ္ဇ
အာဒရေန နပာ ပဟံ။

(၇) နမက္ကာရ နုဘာဝေန
ဟိဘ္ဘာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေက အန္တရာယာပိ
ဝိနသန္တု အသေ သတောၜ

(က) အဌဝိသံ၊ သုံးပါးဘဝ သုံးလောကတွင် ဥာဏရောင်ဖိတ် အောင်ဘိသိက်ယူ နှစ်ကျေပ်ရှစ်ဆူကုန်သော သမ္မုဒ္ဓေစ၊ ကန်းဆောင်ပမာ ဥာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း။

ဒွါဒသဥာဏသဿကေ၊နိဗ္ဗာန်ကိန်းအောင်း စက်မှေ့လျောင်းသည့်တသောင်း နှစ်ထောင်ကုန်သော။ သမ္မုဒ္ဓေစ၊ လရောင်ပမာ ဥာဏ်ရောင်ဝါဖြင့် သစ္စာဝင်းပြောင် မြတ် ဘုန်း ခေါင် တို့ ကို လည်းကောင်း။

ပဋ္ဌာနဟေတု သဟဇာနိ၊ သောင်းတိုက် စကြဝဠာ ဂုဏ်ဝါကျော်ဟိန်း ငါးသိန်းကုန်သော သမ္မုဒ္ဓေစ၊ နေရောင်ပမာ ဥာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ် မုနိန် တို့ ကို လည်း ကောင်း။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ ဘေးရန်ကင်းပ လိုတိုင်းရအောင်။ ဦးချဝန္ဒနာ၊ ရှိခိုးပါ၏ အရှင်ဘုရား။

(ခ) ဝါဋ္ဋကာဂင်္ဂါ၊ မြစ်ကြီးရော ဂင်္ဂါပတ်ကုန်း ရှိရှိသမျှသော သဲလုံးတို့သည်။ အပ္ပကာ၊ ရေ တွက် သိမ်း ဆည်း နည်းလှ ပေ ကုန်၏။ နိဗ္ဗုတာ၊ ဒုက္ခ ၁ပ်သိမ်း ပြတ်ငြိမ်းလွတ်စင် ပြည်ခွင်နိဗ္ဗာန် ဝင်စံဘော်မူကြကုန်သော။ ဇနာ၊ ငါး ပါး မာရ် အောင် မြတ်ဘုန်းခေါင်တို့သည်။ အနန္တာ၊ အပိုင်းအခြားမရှိ များပြားလှကုန်၏။

တေသံ၊ထိုင်ငါးသိန်း တသောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူ ကုန်သော ဘုရားရှင်တို့၏။ ဓမ္မဥ၊ တရား တော် မြတ် ကိုလည်း ကောင်း။ သံဃဥ၊ တပည့်သား သံဃာတော်မြတ်ကိုလည်းကောင်း။ အာဒရေန၊ ရိုသေလေးမြတ်စွာ။ အဟံ၊ အကျွန်ုပ်သည်။ နမာမိ၊ ဘေးရန်ကင်းပ လိုတိုင်းရအောင် ဦးချဝန္ဒနာ ရှိခိုးပါ၏အရှင်ဘုရား။

(၇) နမက္ကာရာနုဘာဝေန၊ ဤသို့ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ရသောကုသိုလ်ကံစေတနာတို့၏ တန်ခိုးတေဇော် အာနုဘော် တော်ကြောင့်။ သဗ္ဗေ၊ ကြင်းမဲ့ဆုံ လုံးစုံ ကုန်သော။ ဥပဒ္ဒဝေ၊ တဆယ့်ခြောက်ဝ ဘေးရန်ဟူသမျှတို့ကို။ ဟိတ္ဝာ၊ မြူမှုန် မကပ် ချိုးနှိမ်သတ်၍။ အ နေ က အ န္တရာ ယာပိ၊ တပါးမက မျှားလှ သောင်းသောင်း အန္တရာယ်အပေါင်းတို့သည်လည်း။အသေသတော၊ ကြင်း ကျန် တစိ ပဋ္ဌိသော အားဖြင့်။ ဝိနသန္တု၊ ကင်းစင်လွင့်ပ ပျောက်ပျက်ကြပါစေကုန်သတည်း။

## သမ္ပုဒ္ဓေမြတ် တန်ခိုးတော်

သမ္ပုဒ္ဓေဂါထာမြတ် ရွတ်ဘတ်ကြ နေ့စဉ်

သံခြေတတ် သွင်းလှောင်လျှင် တထောင်ပင် ရွတ်မြဲ။

ထမင်းစား သုံးကြိမ်ပင် အိပ်ယာဝင် ကိုးဝါက်မျှကဲ့။

ဆီလိမ်းစ ငါးကြိမ်နော် ပန်းနံ့သော် ထပ်ကဲ့။

ဘေးတွေ့သော် ဆယ့်တစ်နှဲ့ပါလို့ ထွက်စစ်ပွဲ ကိုးခေါ်။
ကွမ်းစားသော်ခွန်သတ္တဆယ်ကြိမ်မျှရွတ်ဘတ်ခေါင်းလျှော်။
မြေသွားလို့ လှေစီးသော် ရှစ်ကြိမ်နော် ရွတ်ဘတ်သွားလို့
မိးမဖွား ကိုးခေါက်သာ မန်းရေသောက်ပါ။

သမ္မုဒ္ဓ တန်ခိုးဖြာသည် ကျိုးမဟာ ကြီးလွန်ဘိလေး။

သမ္မုဒ္ဓေဘုရားသွား ရေးသားခဲ့၊
၁၃၁၄ခု၊ တပို့တွဲ။

## သိရသို့ ဂါထာတော် ဘုရားရှိခိုး

(က) သိရသို့ မေ ဗုဒ္ဓ သေဋ္ဌော
သာရိ ပုတ္တော စ ဒကို့ဏေ
ဝါမအံသေ မေဂ္ဂလာနော
ပုရတော ပိဋ္ဌကတ္တယံ။

(ခ) ပစ္ဆိမေ မမ အာနန္ဒော
စတုဒ္ဒိသာ ခိဏာသဝါ
သမန္တာ လောက ပါလာစ
ဣန္ဒာဒေဝါ ဗြဟ္မဏာ။

(ဂ) ဧတေ သံ အာနုဘာဝေန
သဗ္ဗေ ဘယာ ဥပဒ္ဒဝါ
အနေက အန္တရာယာပိ
ဝိနာဿန္တု အသေ သတော။

(က) မေ၊ အကျွန်ုပ်၏။ သိရသို့ ဆံရေ ရစ်ဖုံး ထိပ် အလုံးဌ။ ဗုဒ္ဓ သေဋ္ဌာ၊ ချီးမွမ်းအပ်သော သူတို့ထက် ဆထက်ကူးသည့် ချီးမွမ်း အပ်တော်မူသော မြတ်စွာဘုရား သ ဂင် သည်။ တိဋ္ဌတုတည်ပါ၊ စေ သတည်း။

မေ၊ အကျွန်ုပ်၏။ ဒကွ ိ ဏေ၊ လက္ခါဝပုခုံး ကဏ္ဍလုံးဌ။ သာရိပုတ္တော၊ လက္ခါရ ံသီ သားကြီးရတနာ ရှင်သာရိပုတ္တရာ မထေရ်မြတ်သည်။ တိဋ္ဌတု၊ တည်ပါ စေသတည်း။

မေ၊ အကျွန်ုပ်၏။ ဝ ါမအံသေ၊ လက်ဝဲ ပုခုံး ကဏ္ဍလုံးဌ။ မောဂ္ဂလာနော၊ တန်ခိုးပြင်းထန် ရှင်မဟာမောဂ္ဂလာန် မထေရ် မြတ်သည်။ တိဋ္ဌတု၊ တည်ပါ စေသတည်း။

မေ၊ အကျွန်ုပ်၏။ ပူရတော နဖူးမုခ လည် ရင် ဝ ံ တွင် ရှေ့ တခွင်ဌ။ ပိဋ္ဌကတ္တယံ၊ ပ ိဋ္ဌကတ်သုံးပုံသည်။ တိဋ္ဌတု၊ တည်ပါ စေသတည်း။

(ခ) မမ၊ အကျွန်ုပ်၏။ ပ ဋ္ဌိ မေ၊နောက်အဘို့ဟု ဆိုအပ်သော လည်ကုပ် လက်ပြင် ကျောတခွင်ဌ။အာနန္ဒော၊ တေဒဂ်ငါ်ပြော ရှင်အာနန္ဒာ မထေရ်မြတ်သည်။ တိဋ္ဌတု၊ တည်ပါ၊စေသတည်း။

မမ၊ အကျွန်ုပ်၏။ စဒ္ဒ ိ စယ စဘုဒ္ဓ ိ သာသု၊ ငယ်ရပ်ပျက် နှာ ကိုယ်အင်္ဂါတို့ဌ။ခ ိ ဏ ၃ ဝ ါ၊ကိ ိ လေသာစင် ရဟန္တာ အရှင်မြတ် တို့သည် တိဋ္ဌတု၊ တည်ကြပါ၊စေသတည်း။

မမ၊ အကျွန်ုပ်၏။ သမ ံ ဏ္ဍာ၊ ထက်ဝန်းကျင်ဒ ိ သာ အရပ် ဆယ်မျက်နှာမှ။ သတ္တပ ဏ္ဍကာ၊ ဗြဟ္မာပင်းနှင့် တကွ ် ကုန်သော။ ဣန္ဒာဒေ ဝ ါစ၊ သိကြား နတ်ပင်းတို့သည်ရင်း။ လောကပ ါလာ၊ လောကကို စောင့် ရှောက်ကြ ကုန် သော နတ်ကောင်း နတ်မြတ် တို့သည်ရင်း။ တိဋ္ဌတု၊ တည်ကြပါ၊စေကုန်သတည်း။

(ဂ) ဖေတော်၊ ဤသို့ဆိုအပ်ပြီးသော ဘုရား တရား သံဃာ သိကြား ကြီးတို့ပင်ဝတ်ကုန်။ အာနုဘာဝေန၊ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်ကြောင့်။ သဗ္ဗေ၊ ခပ်သိမ်း ကုန် သော ဘုယဥပဒ္ဒဝါတို့ သည်ရင်း။ အနေကအန္တရာယာပိ၊ တပါးမက မျိုး လှစ်သော အန္တရာယ်ဟူသမျှ အပေါင်းတို့သည်ရင်း။ အသေသတော အသေ သေန၊ အကြွင်းအကျန် မရှိသောအားဖြင့်။ ဝိနသန္တု၊ ကင်းစင် လွင့်ပျောက် မရောက်ဝေးစွာ ကွာသည်သာဖြစ်စေပါကုန်သတည်း

ပဲခူးမြို့ ကမ္မဋ္ဌာန်း ဆရာတော်ဘုရားကြီး
အနက် မြန်မာ မြန်ဆိုတော်ပူအပ်သော
ဇလွန်မြို့ ပြည်တော်မြန်ဘုရားမှ ရရှိသော

"ဥဏ္ဏလုံ ပေဋ္ဌင်တော် အဖုံးဂါထာပါဠိ အနက်"

၁။ ချောင်း-ဟေ....ဟေ၊ တိသ္ဘတ္တာ၊ တိသ္ဘတ္တာ၊ ဗန္ဓတ္တာ၊ ဗန္ဓတ္တာ မာရေယျ၊ စာရေပယျ၊ ဝါရေယျ၊ ဝါ ရေယျ၊ နိဝါရေယျ နိဝါရေပယျ၊ နိရုန္ဓေရေယျ နိရုန္ဓေယျ၊ ဗြဟ္မဒတ္တော်၊ ဗြဟ္မဒတ္တော်၊ ဒေဝဒတ္တော်၊ ဒေဝဒတ္တော် ဥဏ္ဏာ လောမာ သွား ဟုံ-ဟုံ။

ဟေ ဟေ-အို အချင်းဆိုးဝါး မကောင်းသားတို့။ ဇာတိမှေ၊ သင်တို့ အမျိုး မကောင်းသူမကောင်းသားတို့သည်။ ချောင်း-အာဝဂစ္ဆန္တု ရှောင် လေ ရှားလေ သွားကြလေကုန်လော့။ မုနိ၊ သက်တော်ထင်ရှား မြတ်စွာ ဘုရား ရှင် တော် မြတ်ကြီး၏။ ဥဏ္ဏလောမာနိ ဥဏ္ဏာလုံ မွေးညှင်းတော်တို့ကို ဗြဟ္မဒတ္တော် ဗြဟ္မဒတ္တော် ကြောတိုင်း ဗြဟ္မာတိုင်း။ ဒေဝဒတ္တော် ဒေဝဒတ္တော် နတ်ကောင်း နတ်မြတ်တိုင်း။ နတ်မြတ်တိုင်း မာနဲ့သံ၊ မြတ်နိုးကော်ရော် ပူဇော်ကြကုန်၏။

ဝန္ဒိတံ၊ ရိုသေမြတ်နိုး ရှိခိုးကြကုန်၏။

တိသျှတ္တ တိသျှတ္တ တန်ခိုးထက်လှ၊ အာဏာပြလျက် ရှောင်ရှားကြလေစေကုန်လော။

ဗန္ဓတ္တ၊ ဗန္ဓတ္တ ဖွဲ့စည်းချည်နှောင်မြဲမြောင်ချုပ်တည်း၊ သိမ်းဆည်းကြကုန်လော။

ဓါရေယျ၊ ဓါရေယျ၊ ခေါ်ဆောင်တပါး ရပ်တခြားသို့ သွားကြစေကုန်လော့။

နိဝါရေယျ နိဝါရေယျ ဒုတ်လှံ လေး မြှား၊ ကိုင်ထားစွဲကာ တားမြစ်ကြပါလေကုန်လော့။

နိရုဒ္ဓေယျ နိရုဒ္ဓေယျ၊ ပိတ်ပင်ဆည်းတား ဟန့်ထားကြပါလေကုန်လော့။

ဟုံ ဟုံ တရပ်တခြား နယ်တပါးသို့ သွားကြပါစေကုန်လော့။

သွား-သု-အား ဩအာဂစ္ဆေ မြန်စွာမနှေး ထွက်ပြေးကြစေကုန်လော့။

## ဥဏ္ဏလုံ မွေရှင်တော် အထဲ-ဂါထာ

ဩောင် ဟတ္ထိ အဿ သီဟ ဗျဂ္ဃ ဒီပိ သံသု မာရ ဣတ္ထိ ပုရိသ ဓနုခဂ္ဂ သတ္တိအသနိ သဗ္ဗနာဂ ယဟ္ဓ ဇော်ဂနီ။

ဝေဒနာသည် ပြည်ရှင်မင်းနှင့်တူ၏
အခြားသော စေတသိက်များသည် စား‌တော်ကဲ့နှင့် တူ၏။
ပြည်ရှင်မင်းပေးမှ စားတော်ကဲ့ စားရသည်။

## ၁၂။ သညာ သိ

နီ ဝါ ဖြူ သား ခေါ်ငြား ရှည်တို
လက်သမား‌များ မှတ်သား‌သလို
ပညာသိနှင့် ဝိညာဏ်သိဆို
ပညာသိ မှတ်ဘိများ‌ထိုထို။

သညာသည် ပသာဒနှင့် အာရုံပေါင်းဆုံသောခါ အဝါ အနီ အဖြူ တိုရှည် စသည် မမေ့ရန်မှတ်သားသော အသိ ဖြစ်၏။

အသိ သုံးမျိုး

| | |
|---|---|
| သညာသိ | သိခါမျှသာ |
| ဝိဉာဏ်သိ | လက္ခဏအားဖြင့် မကွဲမပြား သိခြင်း |
| ပညာသိ | ကွဲ ကွဲပြား ပြား ခွဲခြား၍ သိခြင်း |

၁၉။ စေတနာ

| | |
|---|---|
| သမ္မယုတ်အား | တဆုးလှုံ့ဆော် |
| အာရုံမလပ် | ဝေ့စပ်ပေးသော် |
| တပည့်ကြီးက | ကိစ္စနှီးဆော် |
| အာရုံဝွဲ | သိခြဲစေတနာခေါ်။ |

သမ္မယုတ်တဆုးလှိုကိုအာရုံနှင့် စေ့ဆော် ပေးတတ်သည်။ တပည့်ငယ်သားများ ကိစ္စကြီးစီးအောင် လှုံ့ဆော်သကဲ့သို့ လှုံ့ဆော်ပေးခြင်း သဘောလက္ခဏာ စေတနာကို (ကုံဟု) ခေါ်သည်။

၁၄။ ကေဂ္ဂတာ

| | |
|---|---|
| သမ္မယုတ်များ | ပေါင်းထားလုံးစုံ |
| တခုတည် ဘဲ | တည်မြဲအာရုံ |
| လေးငြိမ်းရာများ | ထွန်းထားမီးပုံ |
| ကေဂ္ဂ | မှတ်ကြသဘောဂုဏ်။ |

သမ္မယုတ် တရားများကို တအာရုံတည်း တစုတပေါင်း တည်းဖြစ်စေရန် ပြုလုပ်ခြင်း သဘောကို ဧကဂ္ဂတာခေါ်ပါသည်။ လေမလာ လေငြိမ်ရာထွန်းညီထားသော မီးတောက်တု။

## ၁၅။ ဇီဝိတိန္ဒြေ

သမ္မယုတ်မျိုး အစိုးရပေ
ပျက်သည်အထိ စောင့်ဘိမသွေ
ရေနှင့်ကြာများ ပုံထားသလဲ
သဘဇာတ် မှတ်ကြဇီဝိတ္ထတိန္ဒြေ။

သမ္မယုတ်တရားကိုအစိုးရသောအားဖြင့် စောင့် ရှောက် ပုံ သဘောဖြစ်သည်။

ကြာရိုးအတွင်းရှိ ရေသည် ကြာပန်းအောင် စောင့်ရှောက်အားပေးသကဲ့သို့ ဇီဝိတိန္ဒြေ သဟဇာတ နာမ်တရားကို စောင့်ရှောက်ခြင်းရှိ၏။

## မနသိကာယ

ယှဉ်ဘက်တရား များလှထိုထို
အာရုံဖြောင့်ခြင်း တင်သွင်းသည်ဆို
ရထားထိန်းက လမ်းပြဆောင်လို
ပမာပြ မှတ်ကြမနသိဆို။

မနသိကာရသည် ယှဉ်ဘက်သမ္မယုတ်တရားတို့ကို အာရုံဖြောင့်မတ်စွာ တင်ပေးသည်။ နှလုံးသွင်းစေသည်။ ရထားထိန်းသည် မြင်းကို လမ်းမှန်စေရန် မောင်းသကဲ့သို့ဖြစ်၏။

**ဝိတက်ဝိစာရအထူး**

ဝိတက်စိတ်က ဆောင်ထိအာရုံ
ဝိစာရက ဖွဲ့ရတဖုံ
ကြေးသံတီးတော့ ဟီးပေါ့သံတုန်
ဝိနှစ်ပါး ထူးခြားပမာပုံ။

ဝိတက်က စိတ်ကိုအာရုံသို့ရောက်အောင် တင်ပို့သည်။ ဝိစာရက အာရုံရောက်လာသော စိတ်ကို ဖွဲ့နှောင် ထားသည်။ ဝိတက်က ခေါင်းလောင်းထိုးသံ၊ ဝိစာရက ထိုခေါင်းလောင်းသံ၏ ဟီးသံ ညည်းသံ နှင့်တူ၏။

**အဓိမောက္ခ**

အဓိမောက္ခ တည်ထ အာရုံ
ဆုံးဖြတ်ခြင်းလဲ့ ပေးမြဲ ဥဿုံ
လေလာရှင် တိမ်း မယိမ်းနိုင်ပုံ
တည်တန့်ခြင်း မယွင်းသဘောဂုဏ်။

အာရုံ တည်ကြည်ဖြောင့်မတ် ဆုံးဖြတ်ခြင်းသဘော၊ လေလာလျှင် မယိမ်းယိုင်သော တံတိုင်းပမာ အဓိမောက္ခသည် မတုန်မလှုပ် တည်တန့်ခြင်းသဘောဖြစ်၏။

---

**၁၃၀၈ခုနှစ် ဗဟုသုတ အထွေထွေ မှတ်စု အရှင်စံ**

**လူပျင်းလက္ခဏာ(၄)ပါး**

အိစ်မြဲပက်လက် ဟောက်ဟက်အသံ
အသက်ရှူကြမ်း ရောင်ရမ်း အော်ပြန်
လူပျင်းလုလ္လံ ပျင်းပအမှန်
လေးမျိုးပြား ခွဲခြားမှတ်ယူရန်။

အိပ်ရာတွင် ပက်လက်လှန် အိပ် တတ် ခြင်း၊ တခူးခူးတခေါခေါ ဟောက်လေ့ရှိခြင်း၊ အသက်ရှူပြင်းထန်ခြင်း၊ ရောင်ရမ်း ဟစ်အော်လေ့ ရှိခြင်း ဤလေးပါးသည် လူပျင်းလက္ခဏာရှိသည်။

ရှောင်ကြဉ်ရန်

ခိုက်ရန်ဖြစ်ခြင်း ရှောင်ကွင်းပါလေ
ဥစ္စာချေးငှား ကင်းငြားတထွေ
သူ့မယားအား ကြာထားသူခိုနေ
ရှောင်ကြဉ်ကြ ကင်းရဤသုံးထွေ။

ခိုက်ရန်ဖြစ်ခြင်းကို ရှောင်ပါ။ ဥစ္စာ ချေးငှါး ခြင်းကို ရှောင်ပါ။ သူ့သားမယား ကြာခိုခြင်းကို ရှောင်ပါ။

မဆည်းကပ်ရသောသူ

ကြမ်းတမ်းဒေါသ ရှိထသူထံ
ဝန်တိုစိတ်ထား ရှိငြားတဖန်
ချီးမြှင့်ပေးငြား မြောက်စားကင်းပြန်
နှိပ်စက်ညှဉ်း ကွေကွင်းရှောင်ကြဉ်ရန်။

ဒေါသ ကြမ်းတမ်းသောသူကို မဆည်းကပ်နှင့်။ သဝန်တို သဝန် ကြောင်သူကို မဆည်းကပ်နှင့်။ ချီးမြောက်ခြင်းမရှိသူကို မဆည်းကပ်နှင့်။ နှိပ်စက်ညှဉ်းပန်းရက်စက်သောသူကို မဆည်းကပ်နှင့်။

လူမိုက်လက္ခဏာ

အင်အားမဖြိုး ရန်ငြိုးဖွဲ့ကာ
ဥစ္စာမရှိ ကြီးဘိတဏှာ
ပညာ မြင်ကြား ကင်းငြားသူမှာ
လူမိုက်ဟု ခေါ်ပြုမည်သညာ။

အင်အားမရှိဘဲ ရန်ပြိုဖ္ဍသူ၊ ဥစ္စာမရှိဘဲ တဏှာ လောဘကြီးသူ ပညာဥာဏ် အမြင်အကြားမရှိသူ ဤသုံးပါးပြည့်စုံလျှင် လူမိုက်ဟုခေါ်။

ပညာရှိ

မြင့်သောစိတ်ထား ကြံအားသူမှာ ရှိပေတာ
ကောင်းမှုနှစ်ကား ဆိုပြားမှုနှစ်စာ ရှိပေတာ
အောင်သောအမှု ပြုတိုးကြာ ရှိပေတာ
ပညာရှိ ကဝိမှတ်ပဟူပါ ရှိပေတာ။

ဌ်မြတ်သော စိတ်ထား ရှိ၊ ပ ကန်သောဟား ဆိုလေ ရှိသူ၊ ကောင်းမြတ်သောအမှု ပြုလေ ရှိသူ ပညာရှိလက္ခဏာပြည်ပါသည်။

ပိတ်ဖွဲ့ သည် လေးပါး

မာနထန်လို အောင်ကြို့ လိုသာ မိတ်ဖွဲ့ရာ
လိုချင်အားကြီး ပေးပြီးဥစ္စာ မိတ်ဖွဲ့ရာ
ဘေးဝကိုးကိုက် ကိုးကိုးရှိသာ မိတ်ဖွဲ့ရာ
ပညာရှိ ပြောင့်ဘိုးပြောဆုံးကာ ပိတ်ဖွဲ့ရာ။

မာန်မာန မရှိသူကို အောက်ကြို့ မိတ်ဖွဲ့ရ၏။ လောဘရပက်ကြီးသူ ဥစ္စာပေးမိတ်ဖွဲ့ရာ၏။ ဆိုးမိုက်သောသူကို အလိုလိုက် မိတ်ဖွဲ့ရာ၏။ ပညာရှိ သူတော်ကောင်းကို မှန်သောစကား ပြောဆိုမိတ်ဖွဲ့ရာ၏။

သာဓုတရား ၄ လေး ပါး

ကရုဏာချစ်မင်း ကျေးပြုခြင်း ကောင်းခြင်းသာဓုခေါ်
ပညာရှိပေါင်း ကျိုးအကောင်း မြတ်ကြောင်းသာဓုခေါ်
ဆွေခင်မှန်းကို အချစ်ပို မှတ်ဘို သာဓုခေါ်
မကောင်းမှုမျိုး ပယ်စွန့်ချိုး မြတ်နိုးသာဓုခေါ်
ဥမှာဒန္တီ စာတ်တော်ညီ ဟောပြီသာဓုခေါ်
သာဓုတရား ဤလေးပါး မှတ်သားထင်ပေါ် သာမုခေါ်။

**နသာဓုတရားလေးပါး**

ကာမဂုဏ်ခံစား လူဖျင်းများ ဤကားပျက်မှု နသာဓု
ရဟန်းဖြစ်ငြား ကိုယ်စကား ယွင်းမှားပျက်မှု နသာဓု
မင်းဖြစ်ပါလျက် စုံစမ်းခက် ယွင်းချက်ပေါ့မှု နသာဓု
ပညာရှိလျက် အမျက်ထွက် ပြောချက်လွယ်မှု နသာဓု
ရဋ္ဌလဋ္ဌ မာတ်တော်ပြ လေးဝမကောင်းမှု နသာဓု။

**မရှက်ရသည်လေးပါး**

ရောင်းဝယ်ဖောက်ကား သင်ကြားပညာ
ခဲဘွယ်ဟာရ စားထတဖြာ
ချစ်သူဓလေ့ ပျော်မွေ့သည်ခါ
မရှက်ရ လေးဝနီတိမှာ။

ရောင်းဝယ်ရာ မရှက်ရ
စားသောက်ရာ မရှက်ရ
ပညာသင်ကြားရာ မရှက်ရ
ချစ်သူအပေါ် မရှက်ရ။

**မနေအပ်သောအိမ်**

ဇွဲကြိုးချပြီးသောအိမ် ထုတ်တန်းအောက်
မိုးကြိုးလောင်မီး ကျပြီးသောအိမ်အောက်
ကျောင်းဇရပ်ဘုရားတွင် လင်နေသွားမွေးပနေအပ်။
ပျက်စီးပြုပြင်နေလျှင် အပ်၏။
စိတ် သံသယ ဝင်လျှင်မကောင်း။

**မလွှားအပ်သည့်သုံးပါး**

အိမ်မိုးခေါင် တံခွန်မလွှားအပ်
ပုဆိုး ထမီတံခွန် မထူအပ်
အိမ်ဦးဝရံတာ ထမီမလွှားအပ်။

**မဆောင်းရာသုံးပါး**

ထီးမြူကို မိုး၍ မဆောင်းနှင့်
ဖိုခနောက်ကို မိုး၍မဆောင်းနှင့်
အလောင်းစင်ကပန်းစည်းကို ယူ၍မဆောင်းနှင့်။

**မဆေးမသောက်အပ်သည့်သုံးပါး**

သောက်ရေအိုးကရေ ခြေမဆေးကောင်း
ခြေဆေးအိုးကရေ မသောက်ကောင်း
ညောင်ရေအိုးကရေ မဆေးမသောက်ကောင်း။

**မမြောက်အပ်သည့်သုံးပါး**

သားငယ်ကိုချီမြောက်၍ မကစားအပ်
မိမိစွဲကိုင်သောလက်နက်ကို မြောက်ပစကားအပ်
အဝတ်ပုဆိုးထမီကို မမြောက်အပ်။

**မတည်းခိုအပ်သည့်သုံးပါး**

ဇရပ်ပျက်မှာ မတည်းခိုအပ်
ပဥင်းခံသိမ် မတည်းခိုအပ်
ဈေးလယ်၌ မတည်းအပ်။

**မုန်းသည်မထိုအပ်သုံးပါး**

ဆရာမိဖ ကျေးငူးရှင်ကို မုန်းသည်ဟု မထိုအပ်
အဆွေမိတ်ကောင်းတို့အား မုန်းသည်ဟု မထိုအပ်
မိုး မြေ နေ လတို့တို့ မုန်းသည်ဟုမထိုအပ်။

**မပို့ဝိုးပ်သည်သုံးပါး**

စေတိ လိုဏ်အရိပ် ပုဂ္ဂိုလ်အပ်
ပာဒုံကြီးသော မင်းအရှင် ။
သယတ် လ်မိုက် ။

**ကြက်သရေမတိုးရန်ရှောင်**

ပစ်လုပ်ကျင်းရေနှင့် ပျုပ်ခွေပတ်ရ
ဒိပ်ဂုဝင် ဝင်ကြီ်ဘောင်ခွဲ့ယ်ပ်ရ
လုံ.ကွင်ထဒ် ဘေ ါင်းမှတ်ပ ဝတ်ရ။

**ငြိုကွယ်ပြင်းဝါးပါး**

ဒဿန သံသဂ္ဂ မြင်၍ငြိုတွယ်ခြင်း
သာဝန သံသဂ္ဂ အသံကြား၍ ငြိုတွယ်ခြင်း
ကာယ သံသဂ္ဂ ကိုယ်ကြင်ပ်ငြိုတွယ်ခြင်း
သဝုတ္ထပန သံသဂ္ဂ ပေ.ပ.ပ.ကြာ့ ငြိုတွယ်ခြင်း
သမ္ဘောဂ သံသဂ္ဂ ပေးယူခြင်းဖြင့် ငြိုတွယ်ခြင်း
ဤကား သံသဂ္ဂ ငြိုတွယ်ခြင်း ဝါးပါးတည်း။

**ပရိသတ်ပျက်ပ်းခြင်.လေးပါး**

အဒါနေန ပေးကမ်းစွန်ကြဲခြင်း မရှိသဖြင့် ပျက်စီးခြင်း
အ ်ယဝစနေန ပချက်ဖွယ်သောစကားကိုဆိုသဖြင့်ပျက်စီးခြင်း
အနုဿ စရိယာယ အကျိုးမဲ့သဖြင့် ပျက်ပ်ီးခြင်း
အသမာနတ္တတာယ ကိုယ်နှင့် မျှတတန်းတူမပြုသဖြင့် ပျက်စီးခြင်း

စွန်ကြဲမရှိ ကင်းဘီ ွေ့ရ ပျက်စီးပြန်
ကြမ်းတမ် စကား ဆိုပြေားတဖန် ပျက်စီးပြန်
အကျိုးမဲ့ကျင့် မချင့်ပူ.န် ပျက်စီးပြန်

တန်းတူထား ပါယ်ရှင်းကျင့်မမှန် ပျက်စီးပြန်
(မိလိန္ဒပညာမှ)

## ပရိတ်ဆယ်တစ်သုတ် အညွှန်း

မဟာမင်္ဂလာ ရတနာနှင့် မေတ္တာသုတ်မှာ ခုဒ္ဒကပါဋ္ဌ ကျမ်းမြတ်ဟောထုတ်ခန့်သုတ်လျှင်၊ အင်္ဂုတ္တရ၊ စာတုကဋ္ဌ၊ မိန့်ဟန်ကြီးဟော၊ ဝေဒရဝတ္ထု၊ ဌာနကဲ့လပ်သုတ်နှစ်ရပ်မှာ၊ ဇာတ်တော်ကထုတ်၊ ဓမ္ဓပဒ သုတ်မှာ၊ အာဠာဝကဋ္ဌယသုတ် အစဉ်၊ ပထဝီပဗ ခြောက်ဂါထာ၊ ပါဌေရကျမ်း မိန့်ရှုတ် မြက်ဟ ဒုတိယဝယ်နှစ်ဆယ်တစ်ဂါထာ၊ ဆုံးမစကား၊ ဂုဟဋ္ဌာ တို့ လျှော်စွာစီကုံး အကြောင်းရုံးသည် အသုံးဌမှာ တဂါထာမှ ငယ်ပါဒ ကျမ်းညွှန်ပြပိမ့်၊ အင်္ဂုလိကား မဇ္ဈိမပဏ္ဏာသ ကျမ်းမှလာပင် ဗောဇ္ဈင်သုတ်မှာ မဟာသံယုတ် ဖော်ပြထုတ်သည် ဆယ်တစ်သုတ် ပရိတ် တော်၏ သံယုတ်တည်း။

## အားဗလငါးတန်

ဗာဟုဗလ ဆင်ပြောင် ခြေသေ့ရင်ဘုံ၊ ဝတ္ထုလည်း ပသုတ်မနစ်လက်ရုန်းအားကိုးသော 'အား'

ဘောဂဗလ ဥစ္စာဘဏ္ဍာအမှုအပုံလိုက် လုံလောက် ပြည့်စုံသော 'အား'

အာမစ္စဗလ ရဲရင့်တည်ကြည်သောရာထမ်းမှုထမ်းဟူသော 'အား'

အဘိဇစ္စဗလ အပျိုးအနွယ် ကောင်းမြတ်တော်မှန်၍ အသမ္ဘိန္ဒ ဖြစ်သော 'အား'

ပညာဗလ အရာခပ်သိမ်း၌ ခဲခြမ်းစိတ်ဖြာ ဝေဘန်နိုင်သော ပညာ 'အား'

ဤကား ဗလငါးတန်နှင့် ပြည့်စုံမှု 'ယောဂျားပီသ မောင်ဗလ'

ဆောင်ပုဒ်

ခွန်အားပြည့်ရန် စွမ်းတမန် မှတ်ရန်ငါးတန်အား
ဆင်ပြောင်ခြသေ့်ရင်ဆိုင်တွေ့ မမေ့လက်ရုန်းအား
ဥစ္စာဘဏ္ဍာ စုပုံကာ လုံစွာပြည့်သည့်အား
ရဲရင့်တည်ကြည်မှုထမ်းပြီ တိုင်းပြည်လူထုအား
ဓမ္မကျင့်ဘွယ် သန့်စင်ကြယ် မျိုးနွယ်မြတ်သည်အား
အရာရာတွင် ပညာလျှင် နှိုင်းယှဉ်ဝေဘန်အား။

မရောင့်ရဲနိုင်သော တရားသုံးပါး

အိမ်ကျူးခြင်း၌ တင်းတိမ်ရောင့်ရဲခြင်းမရှိ
သေရက်သောက်ကျူးခြင်း၌ တင်းတိမ်ရောင့်ရဲခြင်းမရှိ
မေတုံမှိုဝဲခြင်း၌ တင်းတိမ်ရောင့်ရဲခြင်းမရှိ

ဆောင်ပုဒ်

အိပ်ခြင်း သေရက် မေထုန်စွက် သုံးချက်စွမ်းပြ အားမရ။
အစုံတွရနိုကာရ ဟောကြားညွှန်ပြ မြတ်ဓမ္မ။

ဆော်ပြောရခြင်းခြောက်ပါး

| | |
|---|---|
| ကတညုတ | သူ့ကျးဇူးကိုသိခြင်း |
| ကတဝေဒီ | သူတ်ကျေးဇူးကို ဖော်ပြခြင်း |
| ဒဋ္ဌအကို | စကားမြဲမြဲစွာရှိခြင်း |
| ဒုက္ခ | သူများဆင်းရဲသည်ကို ကိုယ်ဆင်းရဲကဲ့သို့မှတ်ခြင်း |
| ကလျာနပိတ္တိ | အဆွေကင်ပွန်းကောင်းပွဲခြင်း |
| မိတ္တသံသဂ္ဂ | အဆွေခင်ပွန်းကို မပြစ်မှားခြင်း |

**မင်းကျင့်တရားဆယ်ပါး**

လူကျင့်စွန့်ကြဲ မညှဉ်းဆဲနှင့် ဖြောင့်စွဲနူးညံ့ မဆန့်ကင်းပ
ဲ့မြမျှသည်းခံ ခြိုးခြံအသင့် ဤ ဆယ်ဆင့်ကား မင်းကျင့်တရား
မှတ်ယူသာ။

(မဟာဝံသဇာတ်)

**သင်္ဂဟတရား(၄)ပါး**

အခွန်ဆယ်ဖို့ တဖို့ခွဲယူ မှုထမ်းသူကို ကြည်ဖြူပေးကမ်း ငြိမ်းချမ်းသာယာ ပြောပါစကား တိုးပွား ကင်းပ ချေးငှါးက လေးဝ ချီးမြှောက်နည်း။

**ရှောင်ကြဉ်ရမည့်(၄)ပါး**

လုံးစုံဣဘို့ ဆိပ်ရှိအကောင် ဝေးဝေးရှောင်၊ ဦးချိုရှိတဲ့ ယုတ်တဲ့အကောင် ဘေးလွတ်အောင်၊ စစ်မျှားစစ်ဦး အထူးတိမ်း ရှောင် ဘေးပအောင်၊ ဆက်ဆံရေး ကင်းဝေးမည်ကိုရှောင် မှတ် လေ မောင်။

**အပရိဟာနိယ မင်းကျင့်တရား(၇)ပါး**

တနေ့သုံးခါ စည်းဝေးပါ ညီလာခံ၍တိုင်ပင်ကြ။
အမှုရေးရာ ရှိသောခါ့ ညီညာဖြဖြ စည်းလုံးရ။
ဂုဏ်ကြီးမြတ်သူ ဆုံးမမူ နာယူခါမျှ ရှိသေရ။
ရှေးထုံးပညာ ဆင်းသက်လာ စဉ်လာမပျောက် စောင့်ရှောက်ရ။
သူ့သားသမီး သူ့ဇနီး ပိုင်စိုးပိုင်စီးမပြုရ။
မြို့စောင့်ပြည်ပ နတ်ဒေဝ ပူဇော်ပသ ပြုအပ်ရ။
တိုင်းသူပြည်ခွင် ရဟန်းရှင် ချစ်ခင်မစ စောင့်ရှောက်ရ။
အပရိဟာနိ တရားရှိ မြတ်သိဂုဏ်ပ ကျင့်သုံးရ၊

### ရာဇပြကတေ (၇)ပါး

ဘုန်းတန်ခိုးအာဏာ သတိပါ ထင်စွာရှိသော် မင်းမြောက်နော်။
ရာထမ်းမှုထမ်း ကျင်လည်စွမ်း ဝန်ထမ်းရှိသော် မူးမတ်ခေါ်။
တော်ဖြောင့်မှန်ပေ ခင်ပွန်းဆွေ ပေါင်းလေပါသော် မြတ်သူတော်။
စပါးဆန်ရေ ပြည့်လျှံဝေ ကျီတွေပြည့်သော် များကြောင်းပေါ်။
စည်ပင်သာယာ တိုင်းပြည်မှာ မင်္ဂလာပြည့်သော် ရှိဘို့နော်။
စစ်အင်လေးဖြာ ပြည့်စုံရာ ဗိုလ်ပါရှိသော် အင်အားခေါ်။
မြို့ပြ တန်ဆာ အင်ရှစ်ဖြာ စုံစွာထွန်းပေါ် သင့်မြတ်လျော်။
ရာဇပြကတေ လက်တွေ့ညီညာ ခွန်နစ်ဖြာ ပြည်စုံပါသော်
သာယာခေါ်။

### ရဟန်းတို့ကိုဖောသည့် ဂါရဝတရား(၇)ပါး

ဘုရားဝတ်ပြု ရိုသေမှု သတ္တုဆိုရ ဂါရဝ။
တရားကျင့်ပြ ရိုသေက ဓမ္မကိုပြ ဂါရဝ။
အရိယာသာဝက ရိုသေကြ သံဃဂုဏ်ပြ ဂါရဝ။
အကျင့်ပြည့်စွာ ရိုသေပါ သိက္ခာဖေါ်ပြ ဂါရဝ။
ကိုယ်စိတ်တည်ရှိ ရိုသေဘိ သမာဓိ ခေါ်ရ ဂါဝ။
မိတ်ဆွေချစ်လှ ရိုသေလှ ကလျာဏမိတ္တ ဂါရဝ။
ဆုံးမဆိုလစ် နာယူကျစ် သောဝစ္စဿ ဂါရဝ။
သာကီနွယ်ရီ ဟောပြပြီ။ အပရိဟာနိယ ဖေါ်ကာပြ။

### အကြွင်းသုံးပါးမထားရ

ကြွေးကြွင်း ကြွေးစ ကင်းပါလေ။
မီးကြွင်း မီးစ ငြိမ်းပါလေ။
ရန်ကြွင်း ရန်စ ကင်းပါလေ။

အဘျိ့
ငွေယူချေး
သူ့ကြွေးကိုတဲ့ ကင်းပါစေ
ရန်စတွေ
ဖျောက်ခါသိမ်း
တိမ်းမေတ္တာဝေ။
မီးကြွင်းတွေ ငြိမ်းလေကွယ့်အနာများ။
ရှောင်ပယ်ကာ ကျန် အကြွင်းကိုကွယ်
ကင်းနိုင်စေသား။ ။

**အစား ဆင်ခြင်ရန် မြန်ပာ ယဉ်ကျေးမှု**

စားသောက်ရေးမှာ ဆင်ခြင်နည်းလို့
ပါးစပ်ပြဲနှင့် ပျပ်ပျပ်မြည်။
ဟင်းသောက်ပြန်သော် တဂျုတ်ဂျုတ်
ပလုပ်ကြီးက ဖောင်းကြွသည်။
နှုတ်သံပြင်းစွာ တပြွတ်ပြွတ်
တကွတ်ကွတ်နဲ့ မျိုလေပြီ။
ဘေးကလူပါ အားနာကင်းလို့
တပွဲစားချင်း မသဒီ။
လေပုပ်ချဉ်နံ မပြတ်သီး
ပါစပ်အီးလဲ ပေါက်သံဟီ။
နွားငတ်ရေသီး စားသောက်နည်း
အပြီးရှောင်ရမည်။
အဲ့ဒါမှ စာရိတ္တဗလ ပြည့်ဝ စုံညိသည်။

မှတ်ချက်။ ။အသံတူ အထက်နှစ်ပိုဒ် အောက်နှစ်ပိုဒ် ယူ၍ ကျန်အတွင်း 'အီ'ကာရန် ယူထားပါသည်။

**အအိပ်ဆိုးခြင်း ဆင်ခြင်ရန် မြန်မာယဉ်ကျေးမှု**

ပက်လက်အိပ်ခါ သက်ရှူပြင်းလို့
ရောင်ယမ်းခြင်းက မညင်သာ။

ဟောက်ဟက်အော်သံ တခူးခူးနဲ့
ကိုယ်ပါလူးလို့ မငြိမ်ပါ။

ဒူးလက်ပေါ်မှာ ခေါင်းကိုထိုးလို့
ခွေးလေးမျိုးပ ပုံပမာ။

သွားလမ်းဆုံရာ တံခါးဝ
ကားယားကြီးမှ အိပ်တတ်ရှာ။

မျက်နှာကြီးမှာ သုံးခေါက်ချိုးနဲ့
သူသေပုံမျိုး ကြောက်လှပါ။

ဥာဏ်တုံးသူအား မှုမထား
ကပ်ပါး သူယုတ်မာ (ရှောင်ရပါ)။

အဲဒါမှ စာရိတ္တဗလ ပြည့်ငစုံညီညာ။

၁၃၀၂၊ မန္တလေးမြို့ မိုးကောင်းအလယ်တိုက်ကြီး
ဝါဆိုစဉ် ရေးသားခဲ့သည်။

# စန္ဒောဘာသာ နိုတ်

(၁) သူ့ကိုနှိပ်စက်ကိုယ့်ဘက်မှာ ဒဏ် တွေ့ရပြန်၏။

(၂) စကားပေါမျှား အမှားတမှု သူရှားတူ၏။

(၃) လောဘလိုလိုက် အမိုက်သူမှာ ကျွန်ဖြစ်ရာ၏။

(၄) စိတ်မိုက်စိတ်ရိုင်း ဒုံးစိုင်းပါသော် အမှားပေါ်၏။

(၅) သူတော်စကား သူမိုက်မျှား တမိုက်တက်လွှား၊ အခါးသာပင် သူတို့ထင်၏။

(၆) ဥာဏ်လျှင်မပေါ် ထင်ရာချော် မှားသော်ဘဝ အရှုံးထ၏။

(၇) လောဘချည်မျှင် ဆွဲဆန့်လျှင်လည်း အလျှင်မဆုံး၊ ကမ္ဘာ ပုံးအောင် အနန္တဆောင်၏။

ကောင်းလိုလျှင်

လူကောင်း-သူကောင်း-ဖြစ်လိုလျှင်
သူတော်တရား၊ကို လိုက်နာကျင့်။

**အလှ**

စာရိတ္တ-မှန်ကိုကြည့်၍ပြင်
အချင်းလှမည်-အဆင်းလှမည်။

**လူရာ မဝင်**

စိတ်ကောင်းမရှိသောသူ ဥစ္စာရှိသော်လည်း၊
လူရာမဝင် အသုံးမကျ အဆုံးကျတော့ အရှုံးဘဝနှင့်
ဇာတ်သိမ်း၏။

**မခံစားရ**

ပညာရှိသော်လည်း စိတ်ယုတ်မာရှိပါက
ရှိသေလေးစားမှု မခံစားရ သူကောင်းမပည်။

**ကိုယ်ပိုင် ဥာဏ်သုံး**

သူမျှားပြောလျှင်ယုံ ကိုယ်ပိုင်ဥာဏ် မသုံးလိုမှားတတ်သည်။

**လူ့စိတ်သဘော**

မနာလိုအတင်းပြော အတွင်းသဘော ပုပ်ထာ လူသိမည်၊
လောကမှာရုံး သံသရာတုံး လူလုံးမလှ ရှိတတ်ကြ။
ဥာဏ်နှင့်မယှဉ် မြော်မမြင် မဆင်ခြင်က လွဲတတ်သည်။
စိတ်ယုတ်မာမှေး အသက်ဘေး မအေးဒုက္ခ တွေ့တတ်လှ။
ထင်ပေါ်လျှင် စင်တော်က မကောက် အရင်တော်မှာ
ကြောက်ရှိသည်။

**တူသလား**

အပျင်း နှင့်အဖွင်း ဝိရိယမရှိသူပျင်း၊ ဥာဏ်မရှိသူဖျင်း။
ချစ်သောအခါ ပျားသကာ မုန့်းသောအခါ ခါးတပာ။

လာလိုလျှင် အနီးလေး မလာလိုလျှင် ခရီးဝေး။
မပေးလိုလျှင် မရှိ၊ဝေးသွားလို လျှင် မသိ။
စိတ်ရှိက ကန့်ပလူ စိတ်မရှိက ကြက်သွန်ဖြူ။

မမြင်နှင့်

နံက်မှန်ကင်း ညချမ်းထင်း ကျွန်းသားစိတ်နေ မပြင်းသာ။
မင်းမြောက်စားလင့် ရာထူးမြင့် ကြော့ကြော့ ကြော့ကြော့
မဝင့်နှင့်။

အသုံးမကျ

စာမတတ်သူ အခေါက်ထူ လူထဲရှင်ထဲ မဝင်ရဲ။

အော့ချင်ကြ

စာတတ်ပြန်လျှင် စိတ်ကြီးဝင် လူပြင်တိုင်းက အော့အန်ကြ။

မမြင်အပြစ်

မသူတော်တရားသံပါလျှင်လူလယ်ဘွင်သူတကာအပြစ်မမြင်။

တူသည်

ဂါရဝကင်းသူ ဂုဏ်သတင်းမဖြူ နွားစာငုတ်တိုနှင့်တူသည်။
ရန်မရှိမှ ရန်ပြိုသည်၊ ရန်လိုမှ ရန်ပိုတတ်သည်။

ကြောက်ရွံပါ

မီးခဲသည်ပူသောအခါလက်လောင်၏၊ဆောအခါလက်မဲ၏။
မသူတော်-ဒေါသအခါကြောက်စရာ၊လောဘအခါ ရွံစရာ။

မတူအောင်ကျင့်

တုပခြင်းသည် ဘယ်အခါမျှ အစစ်မဖြစ်နိုင်၊
အတုသည် ထင်ရှား ကျော်ကြားခြင်း မဖြစ်နိုင်။
မတူလျှင် မတုနှင့်၊

မတူအောင်ပြုခြင်းသည်၊ ကျော်ကြားနိုင်သည်။
ရိုးသားစွာ-ပြောဆိုခြင်းသည် ချစ်ခင်အားကိုးရာ ဖြစ်၏။
လူရိုးသည် သုသာန်မှာရှိသည်ဆိုသော်လည်း၊ ရိုးသားစွာ ပြောဆိုမှု၊
လူယုံကြည်လွယ်၏။

ရှုံးစမြဲ

လိုအပ်သောအင်အား ပြည့်စုံလင့်ကစား ကျွမ်းကျင်လိမ်မာခြင်း
မရှိက ပြိုင်ဆိုင်မှုတွင် ရှုံးတတ်သည်။
ကြီးပွားရေးတွင် မြင်တွေ့ရုံနှင့်မပြီး လုပ်မှုသာလျှင်
တိုးတက်ပြည့်ဝ အကျိုးမျှမည်။
အပြောကောင်းလည်း အကျင့်ယုတ် ညစ်စုတ်သည်နှင့်တူ၏။
ဗုဒ္ဓနှင့်သုခကို အမြဲရှုလေ့ရှိသောသူသည်၊ သံသရာကိုငြီးငွေ့၏။
ကိုယ့်အပြစ်ကို ရှုလေ့ရှိသောသူသည် အသိဉာဏ်တိုးတက်၍၊
အမြင်မှန်ကိုရရန် အကြောင်းရင်းမူလ ဇစ်မြစ်ကိုသိရမည်။
ကံနည်းသော်လည်း ဉာဏ်ဝရိယကြီးပေ.က သင့်သောအကျိုးကို
ခံစားရမည်။
ကံဉာဏ်ဝရိယစုံလျှင် လူဘုံတွင် ကျော်ကြားမည်။
ကံသေး၍ ဉာဏ်မေ့ပြီး ဝရိယအေးပါက သင့်သောအကျိုးကို
ခံစားရ၏။
ဟုတ်ထာဆို နာလိုခံခက် အမျက်ထွက်သည်။

လိုက်စားက ပိုက်မှားမည်

ဓနရာတိုင်းမှာ၊ မိန်းသြဇာ၊ အာဏာမပြုနှင့်။
ဆင်ခြင်းခွဲခြမ်း မစုံစမ်း အရမ်းမလုပ်နှင့်
သူတရားပျက် ကိုယ်မပျက် ဖက်စွက်ဝင်ကာ မနှောနှင့်

မိန်းမလိုက်စား သောကပွား .မတရားမှုများ မပြုနှင့်
ကာမအား သွန်လိုက်စားလွန် သူကျန် အနစ်မခံနှင့်
ကာမအကြိုက် အလိုလိုက် နှစ်နှစ် ချိုက်ချိုက် မရှိနှင့်
ရုပ်ရေလှပ ဂုဏ်မာန်ကြွ တောက်ဆ တောက်ဆ မလုပ်နှင့်။

အလုပ်တာဝုလုပ်လျှင် စဉ်းစဉ်း စားစားလုပ် မမှားနိုင်။မိမိအပေါ် အပြစ်ဖို့လျှင် အပြစ်မမြင်နှင့် အချစ်ဝင်။ အပြစ်ပြောသူသည် တသက်လုံး မပြောနိုင်။ တာဝဏသာဖြစ်သည်။

+ မေတ္တာတရားကို မကွက်နဲ့။

+ သဂ္ဂာဇကားကို မဖျက်နဲ့။

+ မေတ္တာတရားကို ကွက်က

ပြုတ္ဖိုရ်ဝမ္မ ကွယ်ကာပျောက်ချေသည်။

+ သဂ္ဂာဇကားကို ဖျက်က

အပိုးကျ ပါယ်ရွာရောက်ချေမည်။

# ပရဟိတ အကျိုး သည်ပိုးဆောက်ရွက် ရှေ့ရှုလျက်

နန်းစည်းစိမ်များ စွန့်သွားတောထွက်၊

သိဒ္ဓမင်းသားသည် ကာမဝည်းစိမ် အဖြာဖြာတို့ကို စွန့်လွှတ်တော်မူ၍ လောကီဝတ်ကြောင် လူတို့ဘောင်မှာ မနေလိုတော့ဘဲတောထွက်တော်မူ၍ မိမိ၏ဘဝ ပါရမီ သမ္ဘာရတို့ကြောင့် ဘုရားအဖြစ် ရရှိရန် ခြောက်နှစ်တိုင်တိုင် ဒုက္ကရစရိယာ ကျင့်တော်မူရသည်။

ယင်းသို့ ကျင့်တော်မူရခြင်းသည် ပရကျိုး ဆောင်ရွက်ရန် အတွက် ခန္ဓာကိုယ် ဆင်းရဲပင်ပန်းစွာ ကျင့်ကြံတော်မူရသည်။

အလောင်းတော်သည်....

၁။ ကာမသုခလ္လိကာနုယောဂ လက်ျာလမ်း

၂။ အတ္တကိလမထာနုယောဂ လက်ဝဲလမ်း

၃။ မဇ္ဈိမပဋိပဒါ အလယ်အလတ်ဖြစ်သောလမ်း

## လမ်းမသုံးသွယ်အစွန်းပယ်

သုံးသွယ်သောလမ်းတို့တွင် အယုတ်တရားဖြစ်သော လက်ဝဲလက္ခာ အစွန်းနှစ်သွယ်တို့ကို ပယ်တော်မူ၍ အလယ်အလတ်ဖြစ်သော မဇ္ဈိမာဒိပဒါ လမ်းကို ကျင့်ကြံအားထုတ်တော်မူသဖြင့် ဘုရားအဖြစ်သို့ ရရှိတော်မူ၏။

## ဘုရားဖြစ်စဉ် စိတ်မျှအကြံ

ဗုဒ္ဓအဖြစ်သို့ ရောက်ရှိတော်မူသဖြင့် ဗောဓိပင်ရင်းမှာပင် သတ္တာ သတ္တာဟ လေးဆယ် ကိုးရက် နေတော်မူပြီးလျှင် ဤသို့ အကြံတော်များ ဖြစ်တော်မူ၏။ သတ္တဝါဝေနေယျတို့၏ စရိုက်ကြမ်းသဖြင့် နှုးညံ့တော်မူသော တရားများ ဟောခြင်းငှာ မသင့်တော်စွတကား။

## သဟံပတိ သိရှိအကြံ

ဗုဒ္ဓ၏အကြံတော်ကို သဟံပတိ ပြဟ္မာကြီး သိရှိတော် မူသဖြင့် သတ္တဝါတို့အား သနားကရုဏာ မေတ္တာတော်ဖြင့် တရားရေအေး တိုက်ကျွေးတော်မူရန် သုံးကြိမ်တိုင်တိုင် လျှောက်ထား တောင်းပန်သောကြောင့် ရသေ့ငါးဦးရှိရာ 'သဗ္ဗညုတ ဉာဏ် ရတော်မူသော ဗောဓိပလ္လင်တော် ဗောဓိမဏ္ဍိုင်'မှ ဆယ်ရှစ်ယူဇနာ ဝေးကွာသော ဗာရာဏသီပြည် မိဂဒါဝုန်တောသို့ ကြွတော်မူသည်။

## ကတိဝတ်များ သူတို့ထား

အလောင်းတော် သိဒ္ဓမင်းလာလျှင် ခရီးဦးမကြိုရ ကတိထားကြသော ရသေ့ငါးဦးတို့သည် ဗုဒ္ဓ၏ မေတ္တာ အာနုဘော်တော် ကြောင့် အနားသို့ ရောက်လာသောအခါ ခရီးဦး ကြိုဆိုနေရာပေးကြသည်။

## ဓမ္မစကြာဟောပြခြင်း

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့ မိဂဒါဒေါ်ဦးနှောတောဝယ် ပဉ္စဝဂ္ဂီ ၅ ဦးတို့အား မိမိရရှိပြီးသော သစ္စာလေးပါး တရားတော်မြတ်ကို ဟောကြားတော်မူသဖြင့် သောတာပန်ဘဝတည်၍ အနတ္တသုတ် ဆက်လက် ဟောကြားပြန်ရာ အာဇီဝရဟန္တာအဖြစ်သို့ ရောက်ရှိလေသည်။

ယင်းသို့အကျိုးပြုဟောရခြင်းသည် ဗုဒ္ဓ၏ ဘဝမြင့်တင်ရေး ပရဟိတ လုပ်ငန်းဖြစ်ပေသည်။

## ခြောက်ကျပ်သာဝက ဆိုဆုံးမ

မိဂဒါဝုန်တောမှာပင် ယသသူဌေးသားနှင့် အပေါင်း မိတ်ဆွေ ၅၄ ယောက်တို့သည် ဗုဒ္ဓ အဆုံးအမ နာယူကြရသဖြင့် ရဟန္တာအဖြစ်သို့ ရောက်ကြကုန်၏။ ပေါင်းခြောက်ကျပ်သော သာဝကတို့အား မိမိကဲ့သို့ သတ္တဝါတို့အား ဘဝမြင့်တင်နိုင်ရန် 'ပရဟိတ' သာသနာပြု စေလွှတ်တော်မူ၏။

## ပရဟိတပြင်းပြသည့်ပုံ

ဗုဒ္ဓသည် တာဝတိံသာနတ်ပြည်၌ မယ်တော်ဖြစ်ခဲ့ဘူးသော နတ်သားကိုအမှီးပြု၍ နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရား ဟောတော်မူစဉ် ပြောက်ကျွန်းသို့ ဆုမ်းခံကြွတော်မူ၍ စန္ဒကူးတောမှာ သိတင်းသုံးတော်မူသော ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်တို့အား နတ်ပြည်၌ ဟောသော အဘိဓမ္မာဒေသနာကို သင်ပေးပန်ကြားဖြင့်ထပ်မံ၍ ဟောတော်မူ၏။

## တကိုယ်တည်းပ နှစ်ကိုယ်ခွဲကာ

ယင်းသို့ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်အား ဟောကြား နေစဉ် တာဝတိံသာနတ်ပြည်၌ နတ်ဗြဟ္မာတို့အား နိမ္မိတကိုယ်စား ရုပ်ပွားတော်မြတ်က ဆက်လက်၍ အဘိဓမ္မာတရား ဟောကြားတော်မူခြင်းသည် လူနတ် ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားအတွက် ဗုဒ္ဓ၏ မဟာကရုဏာ မယှဉ်သာသော 'ပရဟိတ' စိတ်ထားတော်မြတ်ပေတည်း။

သံသရာဝဋ်မှ လွတ်မြောက်ရေး
လောက ဆင်းရဲတွင်းမှ လွတ်မြောက်ရေး။

**ကမ္ဘာ့အလယ် လွန်တင့်တယ်**

ဤသို့သော အကြောင်းများကြောင့် ယနေ့သာသနာ နှစ်ပေါင်းနှစ်ထောင်ကျော်သည့်တိုင်အောင် တည်ရှိနေသော ဓမ္မဒေသနာ ကျင့်ဝတ်စုံစွာ အဖြာဖြာတို့သည် သံသရာကောင်းစားရေး၊ လောကကောင်းစားရေးတို့ကို ပေးစွမ်းနိုင်သောကြောင့်—

**ကမ္ဘာ့ ဘာသာပေါင်းစုံတို့၏အလယ်**

တင့်တယ်စွာ အပူဇော်ခံ၍ နေရခြင်းသည် မှန်ကန်သော ဗုဒ္ဓ၏ ဘဝမြှင့်ရေး လမ်းစဉ်ကြောင့် ဖြစ်ပေ၏။

ဥ ပဒေသ ညွှန်ပြထိုထို
ပ ရ ကျိုးတွက် နှုတ်ပြုက်မိန့်ထို
ဒေ သ ပိုင်းခြာမှုများပြုလို
သ ဘောထား ဟောကြားဝိ ည်းကို။

**အပြုဒေသနာနည်းနှစ်ပြာ**

မှန်ကန်သောလမ်းစဉ်ကို လိုက်နာကျင့်သုံးကြသော ပုဂ္ဂိုလ်များ၏ စိတ်ကို နူးညံ့သိမ်မွေ့ရအောင် ပြုပြင်နိုင်သော ကျင့်ဝတ်များသည် ရဟန်းဝိနည်းဥပဒေသနှင့် လူ့ဝိနည်းဥပဒေသတို့ ဖြစ်ပေသည်။

**ရဟန်းဝိနည်း**

နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်သော သိက္ခာပုဒ်နှင့် တကွ အကျယ်အားဖြင့် များပြားလှပေ၏။

## လူ့ဝိနည်း

လူတို့ စီးပွား တိုးတက်အကြောင်းနှင့် ပတ်သက်သော မဂ်လာသုံးဆယ့်ရှစ်ပါး ကျင့်ဝတ်များနှင့် ဆုတ်ယုတ်ပျက်စီးကြောင်း ဖြစ်သော ပရဘဝသုတ်နှင့် ဝသလသုတ်လာကျင့်ဝတ်များဖြစ်ပါသည်။ အခြားသော ကောင်းကျိုးချမ်းသာ ပေးစွမ်းနိုင်သော သုတ်များစွာရှိပါ၏။

## လူတို့၏ စီးပွားချမ်းသာကိုပေးစွမ်းနိုင်သောကျင့်ဝတ်

ကျန်းမာရေးကို ဖြည့်စွက်သောကျင့်ဝတ်
လုပ်ငန်းကိုအကျိုးပြုသော ကျင့်ဝတ်
နေရေးထိုင်ရေးကို သွန်သင်သောကျင့်ဝတ်
အထက်ပါအချင်းအရာကို အကြောင်းပြု၍ ဗုဒ္ဓသည် လူအပေါင်းတို့အား ချမ်းသာသုခအတွက် ပြည့်စုံအောင် ဟောတော်မူသည်။

## လောကကြီးပွားကြောင်း သမ္ပဒါတရားလေးပါး

### ဥပဋ္ဌာနသမ္ပဒါ

မိမိဆိုင်ရာအလုပ်ကိစ္စ ကျွမ်းကျင်သော အသိဉာဏ်ဖြင့် ထထကြွကြွ လုံ့လ ဝိရိယရှိခြင်း။ အလုပ်အကိုင် ဆိုသည်မှာ လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ လက်မှုစက်မှု လုပ်ကိုင်ရာတွင် အချိန်ကာလကို နားလည် စွာဖြင့် အသိဉာဏ်ပေး အဖြစ်တည်း။

### အာရက္ခ သမ္ပဒါ

ဥပဋ္ဌာနအဖြစ် ရအောင် ရှာပြီးသော ဥစ္စာပစ္စည်းများကို ရေ မီးစသော ရန်မျိုးငါးပါး မဖျက်ဆီးအောင် စောင့်ရှောက်ခြင်း။

### ကလျာဏသမ္ပဒါ

ပညာရှိ ကဝိသူတော်ကောင်းများနှင့် ပေါင်းသင်းဆက်ဆံခြင်း။

## သမင်ဝိတသမ္ဘဒါ

မိမိ၏ ဥစ္စာဝင်ငွေ အကုန်အကျ အဝင်အထွက် မျှတအောင် ကြံ ဆောင်၍ စားသောက်နေထိုင်ခြင်း။

## သမ္ဘဒါရှိမှ ကြီးပွားကြ

ယင်းအထက်ပါတရားလေးပါးသည် လောကလူသား လူအများ၏ လောကရေးရာ စီးပွားရှာမှု အသက်မွေးမှုအဘွက် ညွှန်ပြသော ဗုဒ္ဓ ပရဟိတ လမ်းစဉ်ဖြစ်သည်။

## ကုန်သွယ်မှုရေး လမ်းပြပေး၏

သမ္ဘဒါတရားလေးပါးဖြင့် ရှာဖွေ ရရှိသော ပစ္စည်းဥစ္စာ ရတနာ အဖြာဖြာတို့ကို မယိုမဖိတ် မဘ်မ်း မ စောင်း အောင် ပိတ်ဆို့တတ်သော သုခတရားလေးပါး ကို အနာထပိဏ်သူဌေးကြီးအား ဆက်လက် ဟောကြားသည်မှာ လူတို့၏ လော က စီး ပွား များ အဘွက် ဆောင်ရွက်ချက် ဖြစ်ပေ၏။

## အသက်ရှင်မှု ကာကွယ်ပြု

အာယုဝဏ္ဏ သတို့ သား ၏ မိခင် ဖခင်များသည် သားကလေး ၇ ရက်ကြာလျှင် နတ်ဘီလူးဖမ်းစားမည်ဟုသိရှိရသဖြင့် ဗုဒ္ဓအား အားကိုး အားထားပြု၍ လျှောက်ထားရာ ဗုဒ္ဓရှင်သည် ထိုသေဘေးမှ ကယ်တင်ရန် သတို့သားကို သံဃာတော်တို့၏ အလယ်မှာထား၍ ပရိတ်ကမ္မဋ္ဌာန်း ဘာဝနာကိုပွားများရှတ်ဖတ်လျှင် နတ်ဘီလူးသည် ဖမ်းစားခြင်းငှာမတတ်နိုင်ရှာပေ။

**ဝမ်းသာအားရ ဂါရဝ**

မိခင် ဖခင်များသည် အာယုဝစုနသတို့သားလေးအား ချီပွေ့ကာ ဗုံဒ္ဓရှင်အား ပူဇော်ကန်တော့ပြုစေ၏။ ဘုရားရှင်သည် "အသက်ရှည်ပါစေ" ဟု ဆုတောင်းပတ္ထနာပြု၍ သတို့သာ သည် အသက် ၁၂ဝရှည် မြင့်စွာနေရခြင်းသည် ဗုံဒ္ဓဘဝမြင့်တင်ရေး "ပရဟိတ" အကျိုးမြတ်ပေတည်း။

ချစ်သားတို့- များစွာသောလူအပေါင်း၏ အကျိုးစီးပွားဖြစ်ထွန်းစေရန် ခရီးတကြောင်းတည်း နှစ်ပါး ကြွ တော်မမူ ဘဲ ဒေသစာရီကို လှည့်လည်ကြကုန်လော့။

ချစ်သားတို့- မြတ်သော ကျင့်ဝတ္တရားများကို သိလွယ်သောနည်း ဖြင့် ထင်ရှားစွာ ဟောကြ ပြောကြပါလော့။

ဤကဲ့သို့ မိန့်တော်မူသည်မှာ တပည့် သာ ဝ က တို့အား မိမိကဲ့သို့ ထပ်တူ ထပ်မျှ ပရဟိတ သူတပါ ကောင်းကျိုးချမ်းသာ ဆောင်ရွက်စေ လိုခြင်းကြောင့် ညွှန်ကြားခြင်း ဖြစ်ပေသည်။

**လူငယ်များရှေ့ရေး ဦးဆောင်ပေး**

ဖျာပုံနယ်တွင်း သမင်းဝေဖြာ
ကျေးရွာကနိ သိရှိသူပါ
ပရဟိတ ဌာနဖွင့်ကာ
များအကျိုး သည်ပိုး ဆောင်ရွက်ပါ။
မိဖမဲ့သား သနားညှာတာ
သူတို့ဘဝ မြင့်ကြဘို့ရာ
စားဝတ်နေရေး သိပေးပညာ
စာရိတ္တ ပြည့်ဝစေဘို့ပါ။

## စိတ်ထားကိုမြင့် ပြုပြင်သင့်

ဆိုရှယ်လစ်မြန်မာနိုင်ငံတော်တွင် တော ရော မြို့ပါ ကျေးငှား ပိုင်အနေဖြင့် ကျေးထိုင်နေကြသော မြန်မာ ဘုန်းတော် ကြီး များသည် အနာဂတ်ရေး စိတ်မအေးနှင့်။ ဘုဒ္ဓ၏ယဉ်ကျေးသိမ်မွေ့လှသော ဒေသနာ နည်းစုံစွာ လေ့လာဆည်းပူး၍ လူငယ်ရိုစာတွေ့ ဘဝမြင့်ရေး 'ပရဟိတ' လုပ်ငန်းကို စိတ်ဝင်စားစွာ ဆောင်ရွက်ရန် တိုက်တွန်းအပ်ပါ၏။

နိုင်ငံတော်အစိုးရသည် ဘုန်းတော်ကြီးကျောင်းများတွင် မူလတန်း ကျောင်းနှင့် အလယ်တန်းပညာသင်ကြားရေ.အတွက် ကျောင်းသစ်များ ဖွင့်လှစ်ပညာသင်ပေးပါသည်။ ယခင်ကလည်း တချို့ကျောင်းများဖွင့်လှစ် ပေးခဲ့သည်။

ယင်း ကျောင်းများတွင် အုပ်ချုပ်သော ဘုန်းတော်ကြီးများသည် ဆရာ ဆရာမများနှင့် လဲ့၍ မိမိတာဝန်ပေါ်လျှော့စွာ လစ်လျူရှုနေပါက လက်တွင်းရှိ ကိုရင်ကျောင်းသားများ သင်ရိုးသင်စာ လူကျင့်ဝတ် ရှင်ကျင့် ဝတ်များ ညံ့ပါလိမ့်မည်။

ထို့ကြောင့် အားလပ်သောအချိန်ပိုင်းမှာ သင်ရိုးသင်ခန်းစာ ဗုဒ္ဓ အခြေခံကျင့်ဝတ်စာပေများကို ကူညီပြသနိုင်မှ ဘုန်းကြီးနှင့်ကလေးရင်းနှီး၍ ယဉ်ကျေးမှုရပေမည်။ မဂ်လာတရား ပြန့်ပွားပေမည်။

နိုင်ငံတော် ဗုဒ္ဓဘာသာ သင် ခန်း စာ ကို ပြသနိုင်ခွင့် ရအောင် ကြိုးစားအားထုတ်၍ ဆောင်ရွက်ရန်ဖြစ်ပါသည်။

စံ နှာ လမင်း အလင်းဆောင်သည်
ဒေါ သ ပ ကင်း စိတ်ရင်းတည်ကြည်
ဘာ သာ တရား ပြန့်ပွားရန်ရည်
သ နား ဘက် ဆောင်ရွက်နိုဗွာန်ပြည်။

ဖျာပုံမြို့နယ် ကနိကျေးရွာတွင် ဘုန်းကြီးအနေနှင့် စံပြကျေးရွာအဖြစ် ရောက်ရှိရန် "ပရဟိတ" အကျိုးသက်သက်ဖြင့် ဆောင်ရွက် ပြုပြင်ခဲ့သည်မှာ နှစ်၃၀အတွင်း အကောင်အထည်ပေါ်၍ အောင်သင့်သလောက် အောင်မြင်ခဲ့ပါသည်။ ပရဟိတ လူငယ်ဂေဟာသည် မိမိတို့ ဘဝရပ်တည်နိုင်ခဲ့ပါသည်။ ကျောင်းနှင့်ကျေးရွာလယ်ယာမြေ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲခဲ့ပါသည်။

စာရိတ္တအတွက် ဗလငါးတန်ပြည့်စေရန်ရည်ရွယ်၍ သစ်လွင်လူငယ်များအသင်းဖွဲ့စည်းကာ လူမှုဝန်ထမ်း ပရဟိတ လုပ်ငန်းတိစ္စများ ကျေးရွာ ပြုပြင်ရေးများဆောင်ရွက်ခြင်း။

တရားတော်မြတ် ပြန့်ပွားစေရန် ရည်ရွယ်၍ အကျိုးသမီးများကို ဓမ္မစကြာဝတ်အသင်းဖွဲ့စည်းကာ နေ့စဉ်ဝတ်တက်၍ သာမှု နာမှုတိစ္စများကို ဆောင်ရွက်ကြခြင်း။ ယခု ၁၃၃၉ ခုနှစ် ၂၅နှစ်မြောက် မွေစကြာငွေရတုသဘင် ကျင်းပနိုင်ခဲ့ပါသည်။

ဗုဒ္ဓ ဓမ္မ သံဃကိစ္စများကိုဆောင်ရွက်ရန် ပရိတ်ဝတ်အသင်းများဖွဲ့စည်းကာလူကြီးများသည် ကျေးရွာသင်္ဂကျေးမှုပျာ ရရှိရန် ဆောင်ရွက်ခြင်း။

မိဖမဲ့ကလေးများ၏ လူငယ်ဘဝမြှင့်တင်နိုင်ရန် ပရဟိတ ကျောင်းများဖွင့်လှစ်ခဲ့သည်။ မိဖမဲ့ကလေးများနှင့် ဆင်းရဲသောကလေးများ စားဝတ်နေရေး ပညာပေး၍ စာရိတ္တပြုပြင်ပေးသည်။လျှပ်စစ်ဓာတ်မီးပညာကို နောင်ရေးအတွက် မြေဝ်ကိုး၍ လက်တွေ့ ပညာသင်ပေးခြင်း။

မြို့နယ် ကျေးရွာလူထု ချမ်းသာသုခ ပြည်ကြစေရန် မနားမနေကြိုးစားအားထုတ်၍ ကျေးရွာဆေးပေးခန်းပွင့်၍ ပရဟိတအကျိုးဆောင်ရွက်ခြင်းမှာ ဗုဒ္ဓ၏အလိုတော်ကျ ဘဝမြှင့်တင်ရေးအောင်မြင်ရန် သာသနာတော်ကြီးစည်ပင်ပျံ့ပွားရန်များဖြစ်ပါသည်။

ဘုန်းတော်ကြီး
ကျောင်းဆရာကြီး
ကျေးရွာလူကြီး
ကျေးရွာ ကောင်စီလူကြီး

နိုင်ငံတော် ကျေးလက်တောရွာ ပြုပြင်ရာတွင် ကြီးလေးကြီးသည် အရေးကြီးပါ၏။ မြို့ဆိုလျှင် ရပ်ကွက် ကောင်စီ လူကြီး ညီညွှတ် ပါက သာယာမှု အေးချမ်းမှု စည်ပင်ဝပြောမှုသုခချမ်းသာ အကျိုးစီးပွားခံစား ရမည်။ မညီညွှတ်ပါက ဒုက္ခနှင့် ရင်ဆိုင်ရမည်မှာမလွဲပေတည်း။

ပရဟိတကျိုး ဆောင်ရွက်ကြသော လူမှုဝန် ထမ်း အရာရှိများနှင့် ဘုန်းတော်ကြီးများသည် သူတပါးအကျိုးဆောင်ရွက်သည့်နေရာမှာ သည်းခံမှု အမြော်မြင်ဥာဏ်ပညာရှိမှု လုလ္လရှိမှု နိုးကြားမှု ပရိသတ်၏အကဲ သိရှိ နားလည်မှုရရှိမှု ပရဟိတ လုပ်ငန်းအောင်မြင်သည်။

ကာလည။ ခေတ်ကာလကိုသိရှိမှု
ဒေသည။ ဒေသအလိုက်သိရှိမှု
ပရိသည။ ပရိသတ် အလိုက်သိရှိမှု

ယင်းသို့သော အချက်များကို သိရှိနားလည်မှုရရှိသော ပုဂ္ဂိုလ်သည် ပရဟိတ ဆောင်ရွက်ရာအမြန်ဆုံးအောင်မြင်နိုင်ပါသည်။ ဆောင်ရွက်ရာတွင်

**အပြစ်ပြာသူကို—**

ကျေးဇူးတင်ပါ၊ အမှားကိုပြင်မှ အမှန်ရမည်။

**ဗမာပြည်အနာဂတ်အရေး ပြုပြင်ပေး**

ယနေ့ကြုံတွေ့နေရသော လူမှုကိစ္စများသည် သဒ္ဓါတရားခေါင် ပါး ခြင်း၊ အချင်းချင်း ပေတ္တာကင်းမဲ့ခြင်း တို့ကြောင့် အသေဆိုး အနေဆိုး များနှင့် ကြုံတွေ့ကြရပါသည်။

## မသာအသုဘ ပြုပြင်ကြ

နာမှုကိစ္စများဖြစ်ပေါ်လာလျှင် ဆိုင်း-အငြိမ့်-ပါမှ အသုဘချရမည်လိုလို ဖြစ်နေပါသည်။ ဖဲဝိုင်း ကစားဝိုင်း ထည့် အကောက်ယူ အမြတ်ငွေများဖြင့် သင်္ဂြိုဟ်ကြသည်။ အလွန်မကောင်းသော အလုပ်ဖြစ်ပါသည်။ အမေ အဖေ အမ အကိုသေမှ ပျော်ရရှင်ရမည်မှာ အမြင်မတော် ဆင်တော်နှင့် ခလောက် ဖြစ်နေသဖြင့် ဝမ်းနည်းမိပါ၏။

အသုဘအိမ်မှာ တရားဆွေးနွေး တရားသံဝေဂသံ ပျောက်ကင်းနေသည်မှာ ပြုပြင်မှုခေါင်းပါးခြင်းတို့ကြောင့် ဖြစ်၏။ ယင်းကိစ္စကို ဓမ္မသံဝေဂရရှိအောင် ဝတ်အသင်းများက ရှေ့ဆောင်၍ မသာပို့ မသာချရာတွင် ဓမ္မသံဝေဂ ဂါထာများ ရွတ်ဆို၍ ပို့ချနိုင်ရန် ပြုပြင်ကြပါ၊ ကနိရွာမှာတော့ ယနေ့တိုင်အားထုတ်ကြပါသည်။

## အလှူပင်္ဂလာပြုပြင်ကြပါ

ဗုဒ္ဓ ဘာသာ ထုံးစံအရ ဝတ်ကြေ တန်းကုန် ဘဝရောက်နေကြသည်။ ရှင်ပြုရမှ ဗုဒ္ဓဘာသာ ဖြစ်မည် ဆိုတဲ့ အယူစွဲလမ်းမှု ရှိကြသည်။ သား ကျောင်းပို့တ်ရက် ကမန်းကတန်း ရှင်ပြုရာ သရဏဂုံ သီလ ရှင်ကျင့်ဝတ်မသိ ရှင်ပြုကာ ကတုံးတုံး သင်္ကန်းဝတ်ရုံဘဲလို့ စိတ် ထား ဝင်သွားလျှင် ပေါ့သွားပါသည်။မကောင်းလှပါ။

## လှူပြန်တော့လဲ့ဒုကွဘဲ

လာဘ်မျှော်၍ စဉ်းစားလိုက်သေး၏။ ဟင်းလျာ အတွက် ဝက်-ကြက်-ဘဲ ကြို့တင်စရံငွေ ပေးလိုက်ရသေး၏။

ငါ့ဘုန်းကြီးပါမှ လူမည်ဟု ရွေးချယ် လိုက်ရ သေး၏။ မျက်နှာကြီးအလူကျပြန်တော့ စိန် ရွှေ ဆင်သ ညှော်ခံရသည် မှာ အမော၊ ရေစက်ချထော့ အိပ်ပျော်၊ ပကာ သနန့်ခ် မော်ကြသည်ကို ပြုပြင်သင့်ပါ၏။

## ပြောင်းလဲပါပှ အမှန်ရ

နိုင်ငံတော် အစိုးရသည် ဘုန်း ကြီး ကျောင်း ၌ မူလတန်းကျောင်းဖွင့်လှ ၊ ကျောင်းပိတ်မှ ရှင်ပြုမည်ဆိုတဲ့ ပြဿနာရှင်းလင်း သွားပါသည်။ သရဏဂုံ သီလကျင့်ဝတ် သင်ခွင့်ရသဖြင့် ဗုဒ္ဓ သာသနာရေးအတွက် အကောင်းဆုံး သော လမ်းစဉ်ဖြစ်သည်။

## မင်္ဂလာဆောင်ပြုပြင်ပါ

လူတို့၏ လောကဓမ္မတာ အိမ်ထောင်ရေး မင်္ဂလာ ကိစ္စ ဆောင်ရွက်ကြရာတွင် ပျော်ရွှင်ရေး အတွက် မိုက် ကြေးခွဲကာ သောက်ကြ စားကြ မူးကြ ရူးကြ သည်မှာ ပကောင်းပါ။ အမင်္ဂလာဖြစ်ပါသည်။ ဗမာ့ယဉ်ကျေးမှု ဆန့်ကျင်ရာ ရောက်ပါသည်။

## တချို.

မင်္ဂလာဆောင်ညဉ့်ဦး အရက်မူး၍ ဖဲ ဒိုင် ခံကြ သေး၏။ ဤမကောင်းသော အပြုအမူတို့ကြောင့် ရန်ခိုက် ဒေါ်သဖြစ်၍ မကြာမကြာ စကားများ၍ ဇနီး မောင်နှ ကွဲကြရသည်။ တဦးနှင့်တဦး မခံချင်စိတ်ကြောင့် ရိုက်ကြ သည်။ ပုတ်ကြသည်။ သတ်ဖြတ်ခဲ့ကြသည်မှာ ဝမ်းနည်း စရာ ဖြစ်ပါသည်။

လောကီကိစ္စ ပြုကြသည်ခါ
အကျင့်ဆိုးများ ရှောင်ရှားဖယ်ခွာ
အမင်္ဂလ ကင်းကြဲစေဌာ
အပြုဘက် နှစ်သက်သာယာပါ။

## ထူးထောင်ကြပါ

မင်္ဂလာကြေးကို ကြီးသုံးကြီးမှကောင်းခံ၍ ကျေးရွာ ဘုံပစ္စည်းအတွက် ပန်းကန်ခွက်ယောက် ထူးထောင်ကြပါ။ သားစဉ်မြေးဆက်နှစ်သက် သုံးစွဲနိုင်ပါသည်။မင်္ဂလာဆောင် ကာယကံရှင်နှစ်ဦးကို ကျေးရွာရပ်ကွက်မှ ထာဝရပစ္စည်း များအဖြစ် အမှတ်တရ လက်ဆွဲပါ၊ အကောင်းဆုံးသော ပြုပြင်နည်း ဖြစ်ပေသည်။

## ပြုပြင်မှ သာ သနာတော်ကြီးပွားပေမည်

ကျောင်းထိုင်ဘုန်းတော်ကြီးများသည် မိမိကို ကျင့် ရမည့်ကျင့်ဝတ်များကျင့်၍နေရုံနှင့်မပြီး၊ ဗုဒ္ဓ၏ဘဝမြင့်တင် ရေး ပရဟိတ အကျိုးဆောင်မှသာ ရဟန်းရှင် လူတို့၏ အကျိုးစီးပွားများ ပြည့်စုံကြပေမည်။ ပြည့်စုံကြမှ သာသ နာတော် သုံးရပ် ဖြည့်စွက်ထောက်ပံ့ ကူညီ နိုင်မည် ဖြစ် ကြောင်း....

ယင်းသို့သော .အကြောင်း များကြောင့် လက်ရှိ သာသနာရေးကို ခေတ်မှီစွာ တိုင်းတပါးတို့နှင့် ယှဉ်ပြိုင်၍ ပြုစုနိုင်ကြပါစေသောဝ်။

## အိမ်ထောင်ပြုစု လိုက်နာကြ

ကျွန်ုပ် ကျောင်းသိုင် ဘုန်းကြီး ဖြစ်သည့်နေ့မှ စ၍ လူများ၏ ယဉ် ကျေးမှု များကို ဆွဲဆောင်ပြုပြင်ခဲ့ပါ၏။ တချို့လဲ ရပါသည်။ မရတာ နည်းလှပ်၏။

## လူတိုင်းတွေ့ကြုံကြရမည့်ကိစ္စ

မင်္ဂလာဆောင်မှာဆိုလျှင် ကျေးရွာသစ်လွင်လူငယ် အဖွဲ့ အမျိုးသားအမျိုးသမီးများကို ဖွဲ့ပေးထားပါသည်။ လူငယ်များသည် အလှမင်္ဂလာ သာမှုနာမှု အားလုံးတာဝန် ယူ ဆောင်ရွက်ကြရပါသည်။

## လူငယ်ပွဲ အိမ်ထောင်ဦး

မင်္ဂလာဆောင်သည့်နေ့ သံယောတော်များ ဆွမ်းကပ်သည်။ မိမိတို့အားလာကန်တော့သည်။ ထိုအခါ ကျွန်ုပ် မှာလိုက်ပါသည်။ ဆုံးမပါသည်။ သတို့သား သတို့သမီး နှစ်ဦးစလုံး ကတိ တောင်း လိုက်ပါ သည်။ ဤအချက်က အလွန်ကောင်းပါသည်။ သူတို့တသက်တာအိမ်ထောင်ရေး ခိုင်မြဲရန်ဖြစ်ပါသည်။

## ဇာပည်နှစ်ဦး လိုက်နာရန်

(၁) လင်စိတ်ဆိုးလျှင် မယားက ကြားဝင်၍ စကားဝင်စွက် မပြောဆိုရန်၊မယားစိတ်ဆိုးလျှင် လင်က ကြားဝင်၍ စကားဝင်စွက် မပြောဆိုရန် ဆိတ်ဆိတ်နေကြရန် ဖြစ်ပါသည်။ အငြင်းအခုံဖြစ်လျှင် ချစ်လို့ယူတာ မုန်းလျှင်ကွဲတတ်သည်။ ဆင်ခြင်ပါ။ အေးဆေးမှ စကားပြော ဖြေရှင်းရမည်။

(၂) လင်၏ မိဘဆွေမျိုးများကို ကိုယ့်ရဲ့မိဘဆွေမျိုးကဲ့သို့ ချစ်ခင်ရမည်။ ပေးကမ်းရမည်။ ရိုသေရမည်။ မယား၏ မိဘဆွေမျိုးများ·ကို ကိုယ့်ရဲ့မိဘဆွေမျိုးကဲ့သို့ ကြင်နာရမည်။ ပေးကမ်းရမည်။ သဝန်တိုလျှင် ကဲ့တတ်သည်။ ဆင်းရဲဒုက္ခ ဖြစ်မည်။

(၃) လင်ကျင့်ဝတ်ငါးပါး မယား ကျင့်ဝတ်ငါးပါးကို လိုက်နာရမည်။ မလိုက်နာလျှင် စီးပွားဥစ္စာ ပျက်စီးမည်။ စိတ်ဆင်းရဲမည်။ ကိုယ်လည်း ဆင်းရဲမည်။

(၄) လူမျိုတုန်းကလို မနေပါနှင့်။ အပျိုတုန်းကလို မနေပါနှင့်၊ လူပျို အပျိုတုန်းကလို လွတ်လွတ်လပ်လပ် ဟိုလယ်ဒီသွား မလုပ်ရပါ။ အထင်မှားစရာမျိုးများ ရှောင်ရမည်။ မိန်းမ လိုက်စား သေစာအရက်များနှင့် ဂစားခုန်စားကို ရှောင်ရမည်။ ကိုယ့်အိမ်နှင့်ကိုယ်နေနိုင်အောင်ကြိုးစားရမည်။

(၅) ဝေယျာဝစ္စ'ပရဟိတ'လုပ်ငန်းများ၊ ကျေးရွာ အလှူမင်္ဂလာ သာမှုနာမှုတို့ကို ကိုယ်တိုင်ဆောင်ရွက်ရမည်။ကူညီကြရမည်။ မကူညီပါက ကိုယ့်ကိစ္စကြီးငယ် ပြန်ကူကြမည်မဟုတ်ပါ။ ဂိုဏ်းပယ်ခံရမည်ဖြစ်ကြောင်း။

အဲဒီလို အချက် ငါးချက် သေချာစွာ လိုက်နာကျင့်သုံးရန် ဆုံးမပါသည်။ တဦးက ပျက်ပြားလျှင် လျှို့ဝှက်စွာ မိမိဆရာအား စာဖြင့်ဖြစ်စေ၊ ကိုယ်တိုင်ဖြစ်စေ၊ လာရှောက်ပါက ပြုပြင်ပေးမည်ဟုဆုံးမလိုက်ပါသည်။

## ချစ်ခင်ကိဝ္ဝ လိုက်နာကြ

ချစ်လို့အိမ်ထောင်ပြုတာ၊ မုန်းလျှင် မကောင်းပါ၊ ကွဲတတ်သည်။စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမည်၊ အိမ်ထောင်ရှင်များ အရေးကြီးလှပါသည်။ တမိသားနှင့် တမိသား စိတ်ဝမ်းကွဲလျှင် မိမိတို့မှမွေးသည့် သားသမီးတို့ ဒုက္ခဖြစ်ကြရမည်မှာ သေချာလှပါသည်။ လူပမယ် ကလေးများအားကိုယ့်မိဘများကြောင့် ဒုက္ခဆင်းရဲကြရပါမည်။

တချို့သော အိမ်ထောင်သည်တပည့်များက လာလျှောက်ကြပါသည်။ ပြုပြင်ပေးသဖြင့် နှစ်ဦးစလုံးဝမ်းသာကြသည်။ ချစ်ခင်ကြင်နာ ယုယကြသည်။ မကြာခဏ လင်စိတ်ဆိုးရာ မယားဝင်ပြောသဖြင့် ဓားတပြက် ဒုတ်တပြက်ဖြစ် ရိုက်ပုတ်ကြသည်။ မယားစိတ်ဆိုးရင် ဝင်ပြောသဖြင့် ရိုက်ကြ နှက်ကြသည်မှာ လူ့လောက၌ များပြားလှ၏။

"လင်ဆိုး မယား တဖားဖား မ ယား ဆိုး လင်တငှင်ငှင်"ဖြစ်၏။တဦးနှင့်တဦး မိဘဆေ့မျိုးများ မရှိသေပလေးစားကြလျှင် အပြစ်တင်ကာအချင်းချင်းကဲကြကွာကြသည်မှာလဲ မနည်းပါ။

လင်ရှာရတဲ့ပစ္စည်း သိမ်းဆည်းခြင်းမရှိ၊ မယား ရှာရတဲ့ပစ္စည်း သုံးဖြုန်းကြ ဆူကြ ပူကြ ကွဲကြ၊ဆွဲကြသည်မှာ များလှ၏။ လင့်ကျင့်ဝတ် ပယားကျင့်ဝတ် နားမလည်ကြသဖြင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဒုက္ခနှင့် ရင်ဆိုင်ကြရမည်။ အိမ်ထောင်သည်အပေါင်း များလှပါ၏။

ကျေးရွာ သာမှု နာမှုများမရှိသဖြင့် ကိုယ်ရေးကြုံလျှင် ကူမဲ့သူမရှိ ကိုယ့်သားမယား သားသမီး ကူညီဘက်မရသဖြင့် ရွာသူတိုင်း ငိုင်းပယ်ကို ခံကြရမည် မှာလည်းများပါသည်။ ဤကဲ့သို့ မင်္ဂလာဦးသတို့သား သတို့သမီးများကို ဆုံးမပါသည်။ လိုက်နာကြသဖြင့် တပည့်တို့ အိမ်ဆောင်ရေး ချမ်းသာစွာ နေကြသည်ကို မြင်ရသဖြင့် ဝမ်းသာမိပါ၏။

ဤကဲ့သို့ လူမှုရေးများသည် ကျေးရွာတိုင်း

တွေ့ရသော ဓမ္မတာသသော ဖြစ်ပါသည်။

၁၃၂၁၊ နတ်တော်လ။

## ထပ်ဆင့်သစ္စာ ဆိုရပါ

ဂုဏ်တော်ပွားသူ လိုက်နာယူ
စင်ဖြူသီလ စောင့်ရမည်။
သီလစောင့်ခါ ဓိဋ္ဌာန်ကာ
ကွန်ချားမည်မျှ စိပ်ပါမည်။
ရှစ်ဆယ့်တရက် ကဏ္ဍတွက်
မပျက်မကွက် ပွားရမည်။
ဓိဋ္ဌာန်ရက်စေ့ ပြည့်သည့်နေ့
မမေ့သေချာ မှတ်ရမည်။
လက်တွင်းတဆုပ် သဲမှန့်ထုတ်
ကတော့ပြူလုပ် ထည့်ရမည်။
ထည့်ပြီးသောခါ မှောက်လိုက်ပါ
စေတီပမာ တူလိမ့်မည်။
စေတီပုံတူ ထီးဖြူဖြူ
စိုက်ထူဦးချ လှူရမည်။
သဲဆူအမျှ ပင့်ဗုဒ္ဓ
မှန်းဆပူဇော် ပြုရမည်။
တဆင့်သစ္စာ ထပ်ဆိုပါ
လိုရာဆုများ တောင်းရမည်။

ထို့အတူ

အန္တရာယ်ကင်းရှင်သောသူသည် နေ့စဉ်မှန်မှန် အဓိဋ္ဌာန်ပြု၍ သစ္စာဆိုကာ ပွားများအားထုတ်ရမည်။

## ဘာမဆို အောင်ရမည်

ဆန္ဒဝတောကိုံ နာမကမ္မံ နသိဇ္ဇဟိ
ဝိရိယဝတော ကိုံ နာမကမ္မံ နသိဇ္ဇတိ
စိတ္တဝတော ကိုံ နာမကမ္မံ နသိဇ္ဇတိ
ပညဝတော ကိုံ နာမကမ္မံ နသိဇ္ဇတိ။

ဆန္ဒဝတော၊ ပြင်းပြသော အလိုဆန္ဒရှိသူအား။ ကိုံ နာမ၊ အဘယ်မည်သော။ ကမ္မံ၊ အမှုကိစ္စဟူသမျှသည်။ နသိဇ္ဇတိ၊ မပြီးစီးဘဲ ရှိနိုင်ပါအံ့နည်း။ သိဇ္ဇတိဝေ၊ မုချအမှန် ပြီးစီးအောင်မြင်ရမည်သာတည်း။

ဝိရိယဝတော၊ လွန်ကဲသောလုံ့လဝိရိယရှိသူအား။ ကိုံ နာမ၊ အဘယ်မည်သော။ ကမ္မံ၊ အမှုကိစ္စဟူသမျှသည်။ နသိဇ္ဇတိ၊ မပြီးစီးနိုင်ဘဲရှိနိုင်ပါအံ့နည်း။ သိဇ္ဇတိ-ဝေ၊ မုချအမှန်ကေန်ပြီးစီးအောင်မြင်ရမည်သာတည်း။

စိတ္တဝတော၊ ထက်သန် သော စိတ် ရှိသူအား။ ကိုံ နာမ၊ အဘယ်မည်သော။ ကမ္မံ၊ အမှုကိစ္စဟူသမျှသည်။ နသိဇ္ဇတိ၊ မပြီးစီးဘဲ ရှိနိုင်ပါအံ့နည်း။ သိဇ္ဇတိဝေ၊ မုချအမှန် ကေန်ပြီးစီးအောင်မြင်ရမည်သာတည်း။

ပညဝတော၊ ထက်မြက်သော ပညာရှိသူအား။ ကိုံ နာမ၊ အဘယ်မည်သော။ ကမ္မံ၊ အမှုကိစ္စဟူသမျှသည်။ နသိဇ္ဇတိ၊ မပြီးစီးဘဲ ရှိနိုင်ပါအံ့နည်း။ သိဇ္ဇတိဝေ၊ မုချအမှန် ကေန်ပြီးစီးအောင်မြင်ရမည်သာတည်း။

ကိုယ်.ကိုယ်ကိုသာ အားကိုးရမည်

အတ္တာဟိ အတ္တနော နာထော

ကောဟိနာထော ပရောသိယာ

အတ္တနာဟိ သုဒန္တေန

နာထံ လဘတိဒုလ္လဘံ။

အတ္တာဟိ၊ မိမိသည်သာလျှင်။

အတ္တနော၊ မိမိ၏။ နာထော၊ ကိုးကွယ် အားထားရာပေတည်း။

ပရော၊ မိမိမှတပါးသော။

ကော၊ အဘယ်သူသည်။ နာထော၊ ကိုးကွယ်ရာသည်။

သိယာ၊ ဖြစ်နိုင်ပါအံ့နည်း။

အတ္တဲနာဟိ၊ မိမိသည်သာလျှင်။

သုဒန္တေန၊ ကောင်းစွာယဉ်ကျေးသဖြင့်။

ဒုလ္လဘံ၊ ရနိုင်ခဲသော။ နာထံ၊ကိုးကွယ်ရာကို။

လဘတိ၊ ရနိုင်ပေ၏။

## ဂရုဝမ္ဘ အမေးအဖြေ

[မြန်မာကဗျာ]

မေး ဂရုဝမ္ဘ သိလိုကြလျှင်
သူ့သက် သတ်ပွား လွန်ငြား ဖြစ်အင်
လောကလူမျှား ပျက်ပြားပါလျှင်
ဖြစ်ပျက်ဘေး သိရေးဘယ်ပုံရှင်။

ဖြေ ရောဂါထွေးလို့ မီးဘေးသင့်ပြန်
မီးတောင် ပြိုလဲ ပေါက်ကဲ့ တန်တန်
စစ်ပွဲဖြစ်သေး မနှေးကြမ်ဖန်
ဆင်းရဲမျိုး ကပ်ဆိုးဘေးတွေ့ဒဏ်။

မေး တိုက်မှုခိုက်မှု နိုးလုယူတယ်
အကျင့်ဖေါက်ပြား မှောက်မှားသွယ်သွယ်
ရှင်လူအမျှား ပြိုငြားခါဝယ်
ကျိုးအကြောင်း ဆိုးကောင်းတယ်ပုံနှယ်။

ဖြေ မိုးလေဖျက်မှု ဥတုဖေါက်ပြန်
ပိုးမွှားဖျက်ဆီး အသီးအနှံ
အစာပဝ တောင့်တ ငတ်ပြန်
ကြောင့်ကြစိုး ရေပိုး ခေါင်ပမှန်။

မေး ကာမပိုင်ဘွင်း သက်ဆင်းမြူးကာ
မိစ္ဆာ စာရ လွန်ကြ သူငါ
ဆင်ခြင်တရား ကင်းငြားခါခါ
ဘယ်အကျိုး ဖြစ်ရိုးစဉ်အလာ။

ဖြေ ။ မိန်းမ ပေါ၍ ထူပြောနူနာ
ရက်ရော သတ်ဖြတ် မျိုးဇာတ် ပျက်ခါ
ငြင်းခုံသတ်၍ ဖြစ်တတ်လေ တာ
ဤတရား ပျက်ပြားလူတို့မှာ။

မေး ။ နှုတ်ဘလျှကြမ်းထမ်း စိတ်ကြမ်း ကိုယ်ပင်
မဆင်ခြင်ဘဲ အလွဲ ပြုပြင်
သစ္စာကင်း၍ မုသား လိမ်လျှင်
ဖေါက်ပြန်ယွင်း ကြောက်ခြင်း ဘယ်သို့ရှင်။

ဖြေ ။ တရားတွေ့ငြင်း ချင်းချင်း ငြိုငြင်
မကြည် ညိုဘဲ အလွဲဖြစ်အင်
ရိုသေ ကင်းလို့ စိတ်ရင်း မယှဉ်
ယုံကြည်ကင်း ပျက်ယွင်းသိစေချင်။

မေး ။ ။မူးယစ်ဖောက်ပြား သောက်စားပျော်ရှင်
ပေ့လျော့နေငြား တရားမဝင်
သေစာအရက် နှစ်သက်ပါလျှင်
အလွဲလမ်း ခွဲခြမ်းသိစေချင်။

ဖြေ ။ ။ပြည်ရွာပျက်စီး ချည်းနှီးဖြစ်အင်
ရေ မီး ပင်း ဆိုး တမျိုးရန်ပင်
ခိုးသူများလျက် ချောက်ချားပြည်တွင်
တရားမဲ့ အားနွဲ့ တိုင်းပြည်ဝင်။

မေး ။ ။မင်းကိုအစ သိကြ လူရှင်
ငါးပါးသိလ ပျက်ကြပါလျှင်
ရောဂါဝိုင်း၍ တိုင်းနိုင်ငံတွင်
သရောခိုင်း ပြည်တိုင်း ပျက်ဘို့ပင်။

။ ။ပြည်သူ့ဆင်းရဲ ငတ်မွဲဥစ္စာ
ဥတုအအေး ပူထွေးပျက်ခါ
အစာဆေးနှင့် ကျောက်ရေးသြဇာ
တိုင်းပြည်မှဲ့ ကျပ်တဲ့ဖြစ်ဘိုရာ။

ခင်ပွန်းကြီးဆယ်ပါးကို ပြစ်မှားလျှင် ခံရမည့်
ငြဟွေဒဏ်ဆယ်ပါးအမည်များ။

၁။ သိုက္ခာသီလ ကျင့်ကြပြုစင်
ခင်ပွန်းဆယ်ပါး လေးစားစေချင်
ထိုပုဂ္ဂိုလ်များ ပြစ်မှားလေလျှင်

၂။ ဒဏ်ဆယ်ပါး ရောက်ငြားကိုယ်မှာပင်။

မပြစ်မှားထိုက် ပြစ်မှားမိသော်
ကိုယ်တွင်းဥက္ကောင်း ရှဲစောင်းပြက်ချော်
ကိုက်ခဲနှိပ်စက် သေးထွက်မူးမော်
ဦးနှောက်ပျက် ဒဏ်ချက်ကိုယ်မှာပေါ်။

၃။ **ပစ္စည်းပျက်စီးခြင်း**

လုပ်ကိုင်များပြား ရုထားဥစ္စာ
လဆုတ်ပုံထား ဘုံးပါးပျက်ရှာ
ကိုယ်စိတ်နှလုံး ပိန်ခြုံးပျက်သာ
ပစ္စည်းရေး ဒဏ်ဘေးသင့်လေပါ။

၄။ **ခြေလက်ပြတ်ခြင်း**

အင်္ဂါခြေလက် သွေးထွက်သံယို
လက်နက်ကပ်ဘေး ရောင်ထွေးပိုမို
ခြေပြတ်လက်ပြတ် ဖြစ်တတ်ကိုယ်ကို
ချို့ယွင်းပျက် ဒဏ်ချက်သင့်မည်ဆို။

၅။ ဂရုက်ဆွံ့အ နှုနာဖြစ်ခြင်း

မျက်စိကန်းခြင်း နှာပင်းကိုယ်မှာ
မပီဆွံ့အ တွန်ကွန်နှာ
သားရေခြောက်ထပ် ရုပ်ခါတ်ပျက်ခါ
ဆင်ခြင်ချင့် ဒဏ်သင့်ဖြစ်ကြောင်းပါ။

၆။ ရှားသွပ်ခြင်း

မတည် မတံ့ စိတ်ပြန့်တဖုံ
ရူးသွပ်ဖေါက်ပြား လွှင့်ပါး အာရုံ
ရှက်ကြောက်မဲ့ကင်း ဖြစ်ခြင်းမလုံ
ကိုယ်မစောင့် ဒဏ်ကြောင့်ဖြစ် ပျက်ကြုံ။

၇။ ရာထူးယုတ်ခြင်း

ဌာန ဌာန ရကြဂုဏ်ရှိန်
ရွှေ့လျော့ကျသွား ပျက်ပြားသေးသိမ်
ရာထူးကင်းပ နိမ့်ကျကြင်ကြိမ်
ဆုတ်ယုတ်ပျက်ဒဏ် မျက်ရှုပ်ပွေလိမ်။

၈။ စွပ်စွဲခံရခြင်း

တိုင်းပြည်သနင်း လူမင်းရှင်ပါ
ပုန်ကန်သောင်းကျန်း ဟောရမ်းတဖြာ
အထင်လွဲ၍ အပြုသူမှာ
ခိုးသူဘဲ စွမ်စွဲဒဏ်ခံရာ။

၉။ ဆေးမျိုး ပျက်စီးခြင်း

ဆေးမျိုးညာတိ ဂုဏ်ရှိအနွယ်
ဓနဂုဏ်လဲ ရှိမြဲတသွယ်
ယုတ်လျော့ပျက်ပြား မှောက်မှားလေဘယ်
ဂုဏ်ပျက်ခြင်း ဒဏ်ပြင်းပါဘိကုယ်။

၁၀။ ဥစ္စာကွယ်ခြင်း

ကိုယ်ပိုင်စုမိ မျိုးဘိရှေငွေ
ရရှိပြီးသား ဆုံးပါးကုန်ချေ
အချည်းနှီးဘဲ ပလွဲပုံသေ
ကွယ်ပျောက်သေး ဒဏ်ဘေးပျက်စီးပေ။

၁၁၊ အကြိမ်ကြိမ်မီးလောင်ခြင်း

ကျီဘဏ္ဍာများ ပျက်ပြားမီးလောင်
အိမ်လဲပါသေး ပငပြေးနိုင်အောင်
တကြိမ်မက သုံးဆစ္ဆဲလောင်
မီးဒဏ်ဘေး ပျက်ရေးအကုန်ပြောင်။

၁၂။ နိဂုံးစကား

ဓမ္မပဒ ဟောထဗုဒ္ဓေ
ပထီလေ စား ပြစ်မှားပလေ
ဂိုဏ်းဒဏ်ဆယ်ပါး သင့်ငြားသူတွေ
ပါယ်ငရဲ ရောက်မြဲမှန်မသွေ။

၁၃။ စာရိတ္တမဏ္ဍိုင်

ပြည်ရှင်မင်းနှင့် ခပင်းလူရှင်
စရိတ္တမြင့် ပြုကျင့်ပါလျှင်
ငြိမ်းချမ်းခွင့်ရေး မဝေးဘို့မြင်
အမှန်ကျင့် တန်းမြင့်သေချာပင်။
ကိုယ်ကျင့်စာရိတ္တ ပြည့်ဝစုံညီကြပါစေသား။

၁၃၁၃- ဝါခေါင်လ။

## ဆုတောင်းပတ္ထနာ

ကျွန်ုပ်သည် ဤ ဂုဏ်တော်ကွန်ချာ အမြတ်တေပုတီးစိပ်နည်း ကိုယ်တွေ့ပွားများ အားထုတ်ရရှိသော နည်းမှန်လမ်းမှန်ကို ရဟန်းရှင်လူ ကြည်ဖြူစွာ ဂုဏ်တော်ကွန်ချာ ပုတီးစိပ်ပွားများ အားထုတ်ကြရန် ပညာပါရမီဖြည့်ကာ ကုသိုလ်ပြုပါသည်။

ကုသိုလ်ပုည ဤကဲ့သို့ မိမိအားထုတ်ရရှိသမျှ ကုသိုလ်များနှင့် ဥာဏ်စွမ်းမှီသမျှ ရေးသားဖြန့်ဝေရသော ဂုဏ်တော်ကွန်ချာ အမြတ်တေ ပုတီးစိပ်နည်း ကျမ်းစာ ပြုစုရသော ဓမ္မဒါနကုသိုလ် စေတနာတို့ကြောင့် မြတ်သော နိဗ္ဗာန် မဂ်ဖိုလ်ကို ရပါလို၏။ ရောက်ရပါလို၏။

ဘဝသံသာ နိဗ္ဗာန်မရခင် ကျင်လည်ရသော ဘဝတိုင်း ဘဝတိုင်းတို့၌ ပညာထက်မြက်၍ အနာရောဂါကင်းခြင်း ကျန်းမာခြင်းတို့နှင့် ပြည့်စုံစွာ ပရဟိတ သူတပါးတို့၏ အကျိုးစီးပွားတို့ကို ကူညီ ဆောင်ရွက်နိုင် ရပါလို၏။ အပါယ်ငရဲ စသော မကောင်းသော ဒုဂ္ဂတိဘုံဘဝတို့၌ တရံတဆစ်မျှ မလားမရောက်ရလိုပါ၏။

ပေးဝေဌပါ၏ ကျွန်ုပ်ပြုသမျှသော ကုသိုလ်အဘိုဘာဂတို့ကို ဆရာသခင် ကျေးဇူးရှင် မိခင် ဖခင်တို့အား အစထား၍ လူနတ်ဗြဟ္မာ သတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာစွာ သာဓုခေါ်ကြပါစေသောဝ်။

## မြန်မာကဗျာ [၁၁] လုံးဘွဲ့
## ပညာရတူး ပန်ဆွတ်ခူး

၁။ ရနာသုံး သီကုံးဆင်သူ ဆုပန်ယူ
အမြုတေဓာတ် အမြတ်နိဗ္ဗူ ဆုပန်ယူ
ပညာရည်စူး ဆုထူးရွယ်ချူ ဆုပန်ယူ
ဂုဏ်တော်များ ကြိုးစားအားထုတ်မှ ဆုပန်ယူ။

**လိုရာဆန္ဒ၊ ပြည့်စုံကြ**

၂။ ကိုယ်တိုင်အားထုတ် ကြိုးကုတ်စီစဉ် သိစေချင်
ကွန်ချာနည်းပြ စိတ်ကျလူရှင် သိစေချင်
ဓိဋ္ဌာန်ရက်မြဲတ် သတ်မှတ်ခါဝင် သိစေချင်
သစ္စာပြု အောင်မှုဆန္ဒပင် သိစေချင်။

**ကုသိုလ်ပုည ပေးဝေဌ**

၃။ ဓမ္မဒါန ရကြပါစေ အမျှဝေ
ရှင်လူရဟန်း ပင်နှန်းပန်ချေ အမျှဝေ
ကြွင်းကျန်မလပ် ထင်ထပ်ဝေနေ အမျှဝေ
ပတ္ထနာပြု သာဓုသာဓုခေါ်ပါစေ အမျှဝေ။

**မွေး** ဖွားသက်စစ် ငါးဆယ့်တစ်မှာ အောင်စေရာ
**နေ့** အင်္ဂါ တွဲဆန်းရှစ်ဖြာ အောင်စေရာ
**လက်** ဆောင် ဓမ္မ ရကြစုံစွာ အောင်စေရာ
**ဆောင်** သမျှ အောင်ကြမင်္ဂလာ အောင်စေရာ။

# စိတ်ထားဖြူစင် ဆုပန်ဆင်

စံ သဒ္ဓါ သွေင်ပြပါလို့
ဆေားစင်ပ လင်းရောင်ပိ
ဒေါ သ ကို ခါခါလှန်လို့
ဘာဝနာဥာဏ် ဂုဏ်တော်များကို
ပွားကြထိုထို။
ဘာ မဆို ကူလိုတဲ့စိတ်ထား။
သ နား ကြင်နာလို့
များတွက်တာ ပါရမီပြည့်တယ်။
ပြည့်ရစေသား။
ရေး သားကာ ပေးလှူမှုပါလို့
နိဗ္ဗူတ တောင်းဆုပန်။
သော က ရန် ခါခါပယ်လို့
ထောင့်သုံးရာ သုံးဆယ့်ရှစ်
ပြီးနှစ်မှတ်ရန်။
ကျမ်း ပြီးပြန် ထုတ်ဝေရန် စိတ်စော။
စာ ရေးသူ မွေး လ ရက်မှာလ
တွဲဘက်ခါ ထမနဲလှူလို့
ကျမ်းစာမူ ကုသိုလ်ပြုတယ်
ရှုကြစေသောဝ်။

အမြုတေကျမ်းစာ ၂။

ဒရှင်စန္ဒေဘာသ

မဟာ ဘုံ စံ ကျောင်းတိုက် နှင့်
ပရဟိတ လူငယ်ဖွံ့ဖြိုးရေးဂေဟာ
ကနိရွာ ဖျာပုံမြို့
၁၃၃၈၊ ဒုတိယါဝဆို။

## ဂုဏ်တော် ကွန်ချာ အမြုတေ ပုတီးစိပ်စာအုပ်
## အမှား အမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၈ | ၂၁ | ထိုမြင်သစ် | ထိုအမြင်သစ် |
| ၃၄ | ၁၅ | ၁၃၃၀ခုနှစ် | ၁၂၃၀ခုနှစ် |
| ၁၁၅ | ၉ | ရှေ့တောင်ကွ | ရှေ့တောင်ကွေ့ |
| ။ | ။ | ဆယ့်စွန်ပ | ဆယ့်ခွန်ပ |
| ၁၆၀ | ၁၃ | မှန်မှန်ထုံကွား | မှန်မှန်ထုံကွ |
| ၁၆၆ | ၉ | နာမထွဋ် | နာမထွဋ်ထား |
| ၁၇၀ | ၇ | သက္ကစ္စ | သတ္ထာစ |
| ၂၈၀ | ၁ | ရှ | ရှပံ |
| ၃၁၅ | ၉ | အာဋ္ဌာဂူဒ | အာဋ္ဌာရှဒက |
| ၃၂၆ | ၆ | သိလျက် ရှိဝပ် | သိလျှင် ရှိဝင် |
| | | ဥာဏ | ဥာဏနု |
| ၃၂၈ | ၃ | မင်္ဂလာ | အမင်္ဂလာ |
| ၃၄၀ | ၁၇ | စဒ္ဒိခယ | စတုဒ္ဒိသာ |
| ၃၆၀ | ၈ | သုဝဏ္ဏဘုမ္မိ ကျ | သထုံပြည်သို့ ကျ |
| ၃၇၆ | ၁၁ | ညာ ဆီမီးတိုင် | တောင်ဝှေး |
| ။ | ။ | ဘယ် တောင်ဝှေး | ဆီမီးတိုင် |

× အမှားဇွေက အမှန်ရ
မှားလျှင်အပဉ် ပြင်ခက
အသိပညာရှင် သိဇေချင်
မှားလျှင်ချို့တဲ့ ပြင်ဆင်ချက်။

## အရှင်စန္ဒောဘုာသာ မကေရေးသားခဲ့သော အမြုတေ စာစဉ်များ

| | | | | |
|---|---|---|---|---|
| ၁ | ချမ်းသာရ ထေရဥ္ဇလီ သုဓမ္မဝတီ | ရန်ကုန် | ၁၃၁၁ | ခုနှစ် |
| ၂ | စာရိတ္တအချိုးသုံးစောင်တွဲ ရွှေမန်းအောင်စည် | မန်း | ၁၃၁၂ | ခုနှစ် |
| ၃ | စာရိတ္တ ကဗျာ ရွှေမန်းအောင်စည် | မန်း | ၁၃၁၂ | ခုနှစ် |
| ၄ | ဓမ္မစကြာ သုံးစောင်တွဲ ပြည်ကြီးမဏ္ဍိုင် | ရန်ကုန် | ၁၃၁၂ | ခုနှစ် |
| ၅ | ဗုဒ္ဓဂါယာ အမှန်းတင်စာ တက်နေလင်း | မန်း | ၁၃၁၂ | ခုနှစ် |
| ၆ | သင်္ချာအမြုတေ သမတ | မန်း | ၁၃၁၃ | ခုနှစ် |
| ၇ | ဣစ္ဆန္တောကိုးဂါတာပါဠိအနက် သမတ | မန်း | ၁၃၁၃ | ခုနှစ် |
| ၈ | ဘဝမြှင့်တင်ရေး ပရဟိတ တက်နေလင်း | မန်း | ၁၃၂၀ | ခုနှစ် |
| ၉ | သူတို့ဘဝချမ်းသာရေး ပရဟိတ တက်နေလင်း | မန်း | ၁၃၂၀ | ခုနှစ် |
| ၁၀ | တေးယဉ်ကဗျာ ပရဟိတ တက်နေလင်း | မန်း | ၁၃၂၀ | ခုနှစ် |
| ၁၁ | ကန်ရွှေစင် မဂ္ဂဇင်း ပရဟိတ ပုသိန်ပုံနှိပ်တိုက် | ရန်ကုန် | ၁၃၃၇ | ခုနှစ် |
| ၁၂ | ဂုဏ်တော်ကွန်ချာ အမြုတေ ပုတီးစိပ်နည်း | ရန်ကုန် | ၁၃၃၉ | ခုနှစ် |

## ဆက်လက် ထုတ်ဝေရန်ရှိသော အမြုတေစာစဉ်များ

၁ ချမ်းသာရ သိဒ္ဓိအန္တရာယ်ကင်း
၂ မြန်မာ့ဆေးပညာ ကုထုံးကျမ်း
၃ မြန်မာယဉ်ကျေးမှု သျှုံးလိုက်ရတု
၄ မေမေ့သား ကလေးကဗျာ
၅ တေးအမြုတေ




ဂုဏ်တော် ကိုးပါးစလုံးပွားများက ရထိုက်သော အကျိုးကျေ

၁။ ဂုဏ်တော်ကွန်ချာ ပွားများပါ တယာဟူသမျှ

၂။ လက်နက်မြေမျိုး အသေဆိုး ရန်မျိုးဟူသမျှ

၃။ ကြီးနိုင်ငယ်ညှဉ်း ပြုမှုခြင်း ပျက်ယွင်းဟူသမျှ

၄။ ရာထူးဂုဏ်များ ပိန်ပိထား မတရားဟူသမျှ

၅။ ချည်နှောင်ထောင်သွင်း နှိပ်စက်ညှဉ်း ချုပ်ခြင်းဟူသမျှ

၆။ ရေမီးမင်းဆိုး မုန်းသူငြိုး သူခိုးဟူသမျှ

၇။ စီးပွားပျက်ပြုန်း လူလည်းဆုံး ပျက်သုဉ်းဟူသမျှ

၈။ ကြမ္မာဂြိုဟ်ဆိုး ဝင်လာတိုး အဆိုးဟူသမျှ